တောင်တန်းနယ်ခြားသာသနာပြုဆရာတော်ကြီး

အရှင်ဦးဥတ္တမသာရ ၏

သာမဏေသုခ

(၁၅)

# ရဟန်းဘဝချမ်းသာ



ဟံသာဝတီ စာအုပ်တိုက်

အမှတ် ၁၅၇၊ ဗိုလ်အောင်ကျော်လမ်း

ရန်ကုန်မြို့၊ ဖုန်း - ၈၁၁၇၄

# ရဟန်းဘဝချမ်းသာပုံနှိပ်ခြင်း

ပထမအကြိမ် — ၁၉၅၃ ခုနှစ်

ဒုတိယအကြိမ် — ၁၉၉၂-ခုနှစ်၊ နိုဝင်ဘာလ

**စာမူခွင့်ပြုချက်အမှတ်(၈၀၃/၉၂)(၈)**

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်(၁၂၅/၉၂)(၈)**

အုပ်ရေ—၁၀၀၀
တန်ဖိုး—၂၅—ကျပ်
အဖုံးပန်းချီ—စံတိုး
အဖုံးကာလာခွဲ—လှိုင်

**ထုတ်ဝေသူ၊ ပုံနှိပ်သူ**

ဦးဇော်ဝင်း(၀၁၄၈၅/၀၀၀၄)ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်နှင့် ဟံသာဝတီစာအုပ်တိုက်၊ ၃၄၉၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်ထုတ်ဝေပါသည်။

**မျက်နှာဖုံးရိုက်**

ဦးအေးခင်လှိုင်(၀၃၈၄၂၄)၊ လှိုင် အော့ဖ်ဆက်ပုံနှိပ်တိုက်၊ ၃၇၂/၃၇၆၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့က မျက်နှာဖုံး ပုံနှိပ်ပါသည်။

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက
ဘွဲ့တံဆိပ်တော်ရ
ဘောင်တန်းနယ်ခြားသာသနာပြုဆရာတော်

## ဒအရှင်ဦးဥတ္တမသာရ

ရေးသားစီရင်အပ်သော

သပဏ္ဏသု ဝေါ

# ရဟန်းဘဝချမ်းသာ

(ကိုယ်စိတ်နှစ်ပါးချမ်းသာအောင်နေနည်းကို ညွှန်ပြထားသည်။)

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၃၄၉၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

# အစီရင်ခံလွှာ

ကျွန်ုပ်တို့ ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်နှင့် စာအုပ်တိုက်မှ လွန်ခဲ့သော ၁၉၅၃ ခုနှစ်တွင် တောင်တန်း နယ်ခြား သာသနာပြု ဆရာတော်ကြီး အရှင်ဦးဥတ္တမသာရ၏သမဏသုခ(ခေါ်)ရဟန်းဘဝ ချမ်းသာ စာအုပ်ကို ပထမ အကြိမ် အဖြစ် ရိုက်နှိပ် ထုတ်ဝေခဲ့ပါသည်။

ယခုအခါတွင် ဤစာအုပ်သည် ရှားပါး တိမ်မြုပ် နေပါသဖြင့် ဒုတိယ အကြိမ် အဖြစ် ထပ်မံ၍ ပုံနှိပ် အပ်ပါသည်။ ဆရာတော် ဘုရားကြီး အထံတော်သို့ လည်း ဤကျမ်းစာအား ရိုက်နှိပ်ရန် ခွင့်တောင်းခံပြီး ခေတ်နှင့်အညီ မွမ်းမံ ပြင်ဆင်၍ ရိုက်နှိပ် ထုတ်ဝေ အပ်ပါသတည်း။

ဟံသာဝတီစာတည်းအဖွဲ့
ဟံသာဝတီစာအုပ်တိုက်နှင့်ပုံနှိပ်တိုက်
(၁၉၉၂ ခုနှစ်)

# နိဒါန်း

## ဇိနေ့ဲ့မယုံဇယံဒေတုသမ္ဗဒါ

## ရဟန်းဘဲ့ဝချမ်းသာ

မျက်စိအမြင်မှာ စိတ်ကြည်နူး၍ နှလုံး မွေ့လျော်ဖွယ်ကောင်းသော တောကြီး မြိုင်ကြီး တောင်တန်းကြီးများကို ကြိမ်ဖန်များစွာ ဖြတ်သန်း သွားလာနေရစဉ် ရှေးအခါက ပါရမီရှင် သူတော်ကောင်း အလောင်းတော်တို့ ရသေ့ရဟန်း ပြု၍ နေကြသော တောကြီး တောင်ကြီးတို့မှာ ဤသို့သော ဒေသမျိုး ဖြစ်ပေလိမ့်မည်ဟု ကြံစည်နိုင်းဆမိသည်။

## ချောက်ကမ်းပါး စသည်လျှင် ကျောင်းအမှတ်ပင်

တောတောင်ကန္တာရ၌ ခရီးသွားရသည့်မှာ ခြေဖြင့်သာ သွားနိုင်သောကြောင့် ခက်ခဲမှုအမျိုးမျိုးနှင့် ပင်ပန်းဆင်းရဲ ခြင်းများစွာ ကြုံရ၏။ ဗုဒ္ဓဘာသာ ရဟန်းဖြစ်သဖြင့် မြင်း မစီးနိုင်ခြင်း၊ အာဟာရပြတ်ခြင်း၊ နွမ်းနယ်လွန်းအားကြီး၍ လမ်းမလျှောက်နိုင်လျှင် ရောက်ရာဒေသတွင် ဖြစ်သလိုရပ်ဆိုင်း

အိမ်ရခြင်းတို့မှာ ချောက်ကမ်းပါး၊ မြက်ချုံတော၊ သစ်ပင်အောက်၊ ကျောက်တုံးပေါ်၊ ဂူလိုဏ်၊ တောင်ယာတဲပျက်ဟူသမျှတို့သည် မိမိ၏တဲကျောင်းစခန်းများ ဖြစ်ကြပေ၏။

**စိတ်ချမ်းမွေ့စရာ-တောင်တန်းသေလာ....** သို့ရာတွင် ကိုယ့်စိတ်ကူးနှင့် အလုပ်မှာ ပျော်နေသောကြောင့် စိတ်ချမ်းမြေ့လှသည်။ ရွှေကျောင်းကြီးနှင့် နေရသော်လည်း ဤမျှစိတ်ချမ်းသာမှုဖြစ်မည် မထင်ပါ။ (အကြောင်းမှာ) သနားဖွယ်ကောင်းသော တောင်တန်းသားတို့အား ဘုရားမဖြစ်သေးသော်လည်း ဘုရားကြီးများကဲ့သို့နေ့စဉ်လှည့်ပတ် သွားလာကယ်ချွတ်ပေးရခြင်းအလုပ်နှင့် စိမ်းစိမ်းစိုစိုညို့မှိုင်းနေသော တောကြီးမြိုင်ကြီးများအတွင်း တစ်ပါးတည်း ဖြတ်သန်းသွားလာရသော အရသာထူးကို ခံစားရခြင်းတို့သည် မိမိဘဝမှာ အလွန်ပျော်မွေ့နှစ်ခြိုက်လှသောကြောင့်တည်း။

## တောတောင် အရသာ

တောတောင်အရသာကို ရဟန်း ပုဂ္ဂိုလ်တိုင်း ခံစားကြဖူးမည် မဟုတ်ပေ။ ရာသီအလိုက် ပွင့်ဖူးနေကြသော တောပန်းတောင်ပန်းများကိုလည်းကောင်း၊ တသွင်သွင် စီးဆင်းနေကြသော စမ်းချောင်း အသွယ်သွယ်တို့ကို လည်းကောင်း၊ တရှဲရှဲကျဆင်းနေကြသော ကျောက်စစ် ရေတံခွန်များကို လည်းကောင်း၊ ညို့ညို့ဆိုင်းဆိုင်း ရှုလိုက်တိုင်း မှိုင်းနေသော တောအုပ်ကြီးများကို လည်းကောင်း၊ မြင့်မားသော တောင်

ထူဝကြီးတို့နှင့် နက်ရှိုင်းသော ချောက်ကမ်းပါကြီးတို့ကို လည်းကောင်း သွားလာရင်း ကြည့်ရှုရသည်မှာ ငြိမ့်နိုဗ်သော အရသာများ ဖြစ်ပေသည်။

## ဆောင်းရာသီကုန် နွေရာသီကူး ပန်းများအထူး

အထူးသဖြင့် ဆောင်းရာသီအကုန် နွေရာသီ အကူးတွင် ရင်းဖျားမလွတ် ပင်လုံးကျွတ်ပွင့်နေသော ပန်းပေါက်ကြီးများ အနီမှိုင့်အမြင့်စီရရီကို ရှုကြည့်လို့ ကောင်းလှပေရာ ဂျာသာဘာဝ မာဂဓဖြင့် မြည်ကြွေးတွန်ကျူးနေကြသော ကျေးငှက်သံတို့ကလည်း နန်းတော်ကြီးအလယ် သဘာဝ ကြည်နူးဖွယ်ကို ခြယ်လှယ်ဘိအလား တောဘောင်အရသာကို ခံစားရင်း တစ်ပါးတည်းကေစာပျော်မွေ့နေသူအားတစ်မျိုးနှစ်သိမ့်ခြင်းကို ဖြစ်စေကြပေသည်။

သယံဇာတ ဖြစ်ထွန်း ပေါပေါက်နေကြသော သစ်ကြီးဝါးကြီးတို့ကလည်း ကြည့်လို့ ကောင်းလှပေရာ ဂမ္ဘာတည်စကပင် ပေါက်ခဲ့ကြရော့လားမသိ၊ လွတ်လွတ်လင်လင်ကြီးချင်တိုင်း ကြီးနေကြ၏၊ သန်မာထွားကျိုင်းလှသော တောငှက်ပျောပင်၊ တောင်ပိန္နဲပင်၊ တောသရက်ပင်ကြီးတို့သည် စမ်းချောင်းနံဘေး ချောက်ကမ်းပါးတို့၌ ပေါက်နေတတ်ကြရာ စိုစိုရွှန်းရွှန်းနှင့် တင့်တယ်လှဘိသည်၊ သူတို့သည် ၁၂ ရာသီ အသီးအပွင့်ကို မပြတ်ဘဲ ရှိတတ်၏၊ ထို့ပြင်သခွတ်ပင်၊မြိုင်ကြီး

သဖန်း၊ သစ္စပြုပင်၊ သပြေပင်၊ အမည်မသိ ပင်မျိုးစုံတို့ကလည်း သူ့ရာသီနှင့် သူ့အလိုက် ၁၂ ရာသီကိုက်အောင် သွီးပွင့်နေကြလေသည်။

## လူဝတ်ကြောင် ပယ်ဗ္ဗာ ရသေ့ရဟန်း အစာ့က်သာ

လူဝတ်ကြောင်ခွာရှောင်၍ တောတောင်ကိုလှမ်း လျှော်တေသက်န်းဝတ်ဆင်မြန်းကာ ပါရမီစခန်းဖြင့် ဘဝကူးလိုကြသော ဗုဒ္ဓဘုန်းလောင်း သူတော်ကောင်း ရသေ့ ရဟန်းတို့အတွက် အာဟာရဆက်ရန် အသင့်စောင့်လင့် နေကြသကဲ့သို့ရှိပေ၏။ (ဤစာရေးသူ အရှင်သည် ချိုချဉ်ရသာ ထိုသစ်သီးတို့ဖြင့် မပင်မပန်း သွားလာခဲ့ပေါင်း များလေပြီ။)

## ဈာန်ရနိဗ္ဗာန် ပျော်စံဟန်သို့

"ထိုထိုတောတောင် ကျွေ့မြောင်ရစ်သန်း တောင်ခါးပန်းချောက် ပြန်ပြန်လျှောက်၍ ရှေ့နောက်ဝဲယာ လမ်းကန္တာရမှာ စုံမြာစိမ့်စမ်း ရှင်လန်းဖွယ်အတိ ဟိမဝါစပ် တောင်ရပ်မြေကို ခြေတင်သွားလာရခြင်းသည် လည်းကောင်း၊ မြင့်မားသော တောင်ကြီးထိပ်မှာဘစ်ပါးတည်းထိုင်၍ နိမ့်၊ ရှိုင်းသော တောင်စဉ် တောင်စွမ်းတို့ကို ကြည့်ရှုရခြင်းသည် သည်းကောင်း အဘယ်မျှ ကြည်နူးဖွယ်ရှိ၍ အဘယ်မျှ နှစ်သိမ့်ခဲ့ရသည်ကိုမူ ပြောမပြသာချေ၊ လောကဘုံပြည်၌ နေထိုင်ရခြင်း ဟူသမျှတို့

တွင် ထိုထိုတောတောင်၌ နေရခြင်းကား စျာန်ဝင်စားရခြင်းကဲ့သို့ လည်းကောင်း၊ ယာယီနိဗ္ဗာန် ပျော်စံရခြင်းကဲ့သို့ လည်းကောင်း ထူးမြတ်သောအရသာပေတည်း" ဟု အောက်မေ့မိ၏။

သို့ကြောင့် ရှေးအခါက ပါရမီရှင်ကြီးတို့သည် ရှုပ်ယှက်သော သံယောဇဉ်ကိုခွာ အေးရှုန့်များသော လူစည်းစိမ်ကို စွန့်ပယ်၍ တစ်ကိုယ်တည်း ရှောင်ထွက်ကာ ကိုယ်စိတ် အေးချမ်းသာယာ တောကြီး မြိုင်ကြီး ရိပ်သာသို့ ခိုဝင်ကြခြင်း ဖြစ်ပေမည်ကို လက်ရှိ တွေ့မြင်ရခြင်းတို့အရ ဆင်ခြင် သဘောပေါက်မိပေသည်။

## သုမေဓာဗောဓိလောင်း ငါးအရှင်တွေးမိကြောင်း

ဤသို့ တောတောင်ကြီး တို့၌ စိတ်ဝင်စား ကြည့်မိစဉ် သုမေဓာလုလင်၏ တောထွက်ခြင်းကို သတိရမိပေသည်။ ။ "သေရာ မပါနိုင်သော မိဘ ဘိုးဘွားပိုင် ပစ္စည်းဥစ္စာ များစွာတို့ကို စွန့်ကြဲ မေးကမ်း လှူဒါန်းခဲ့ပြီး၍ တစ်ကိုယ်တည်း တောထွက်လာစဉ် ပဏ္ဏကုမ္မသာတင်း၍ သိကြားမင်း အမိန့်ဖြင့် ဝိသကြုံ ဖန်ဆင်းထားသော ကျောင်းသင်္ခမ်းသို့ ဝင်ကာ ငမ်းသာရှင်ပြုလျက် သာမဏေ ပရိက္ခရာ ကိုယ်မှာဆင်မြန်းပြီးလျှင် မရလျှင် မနေ အရိုးကြေကြေ အရေပြတ်ပြတ် မြတ်သောလုံ့လဖြင့် ကမ္မဋ္ဌာန်းကို ကြိုးပမ်းလေရာ မကြာမြင့်မီပင် စျာန်လှမ်းပျော်မွေ့နိုင်သည့် ရသေ့မြတ် အဖြစ်၌ တည်သွားလေ၏။

ထိုအခါ မြတ်သော သမ္ဗာသုခတရား (၈)ပါးကို ဆဝီ ခြင်မိကာ "ငါ၏ အဖြစ်ကား အရ တော်လေစွ၊ လက်ဝယ် ရောက်ပြီးသော တရားကား ချမ်းသာပေစွ"ဟု သမ္ဗာတို့၏ ယေက်တွေ့ဖြစ်သော ချမ်းသာတရားကို နှစ်သိမ့်လျက် အထူး ဝမ်းမြောက်ခြင်း ဖြစ်ခဲ့ဖူးလေသည်၊

**သီတင်းသုံးဖော်တို့ ကြိုးစားဖို့....** ထို ဃမေခ ရသေ့ကဲ့သို့ ပင် "မိမိသည်လည်း မွန်မြတ်သော သမ္ဗာသုခကို ရနိုင်ပေ၏။ ရဟန်းဘဝတွင် စင်စစ် ချမ်းသာသော အဖြစ်ကား လက်ဝယ် ရောက်ရှိ နေပြီ မဟုတ်လော"ဟု ဝမ်းမြောက်လှသောကြောင့် မိမိကဲ့သို့ ဘာတူ ဇာတ်ဘူ ပါရမီ ကူညီ ဖြည့်ကြပေသော သာသနာပြု ပရိသတ် သီတင်းသုံးဖော် ရဟန်း သံဃာတော် များကိုလည်း ကိုယ်ချင်းစာနာကာ သမ္ဗာ ဆည်ာ မလစ် ဟင်းစေတဲ မိမိ၏ မြတ်သောဘဝ၌ ရောက်နေပုံနှင့် မြတ်သော ချမ်းသာ တရားကို ခံစားနိုင်ပုံမှာ ချမ်းသာကြောင်း အစစ်ကို ဝမ်းမြောက်စွာ ပါရမီဖြည့်ရန်အတွက် သတိပေးသော **အား** ဖြင့် ဤစာအုပ်ကို ရေးသားရခြင်း ဖြစ်ပါ၏။

ဘဝတည်းဟူသော ရေယာဉ်ကြော၌ စုန်မျောကာ နေကြ ရသော သတ္တဝါ အများတို့တွင် "ငါကား အထက်တန်းမှ မြတ်သောအဖြစ်၌ တည်သူတည်း၊ မြတ်သော ပါရမီရှင် တည်း၊ သူတော်စင် လမ်းကြောင်းဝယ် ကိုယ်စိတ် နှစ်ပါး ချမ်းသာအောင်ထား၍ ဖြောင့်ဖြောင့် သွားနေသူတည်း၊ ဤ ဘဝမှ နောက်၌လည်း တစ်ဘဝထက် တစ်ဘဝ၊ တစ်ဆင့်

ထက် တစ်ဆင့် မြင့်ထက် မြင့်ရန်သာ ရည်သန်၍ ရဟန်းပြု ခဲ့သော သူတည်း၊ ရဟန်းချမ်းသာ ဟူသော သမဏသုခတို့ကို ခိုလှုံအားထုတ်နေသူတည်း''ဟူ၍ မိမိကိုယ်တိုင်လည်းကောင်း၊ တစ်ပါးသူကို လည်းကောင်း နှိုင်းချိန်လျက် အားတက် ဝမ်း မြောက်ခြင်း ဖြစ်စေလိုသောကြောင့်လည်း ဖြစ်၏။

## ခဲလေးဖြာ လွန်မြောက်နိုင်ရန်

လူ့ဘဝကားရခဲ၏၊ ရခဲသောလူ့ဘဝကို ရောက်နေသည့် အခါ အလွန်ကြုံကြိုက်ခဲသော ရဟန်းအဖြစ်ကို တတ်စွမ်း နိုင်သမျှ ပါရမီဖြည့်ရာ၏ ရဟန်းဘဝ ရပြန်သော်လည်း သာသနာပြု ပုဂ္ဂိုလ်၏အဖြစ်ကို အလွန်ရခဲ၏၊ သာသနာပြု ပုဂ္ဂိုလ်၏အဖြစ်ကို ရပြန်သော်လည်း ထက်မြက်သော စွန့်စား ခြင်းနှင့် သတ္တဝါအများ၏ ချမ်းသာမှုကို ရှေးရှုဆောင်စွမ်း နိုင်သည့် ပုဂ္ဂိုလ်ထူးအဖြစ်ကို ရောက်နိုင်ခဲလေသည်။

မိမိ၊ သူတစ်ပါး အများသော သူတို့၏ ချမ်းသာရေးကို တကယ်ဆောင်သော ပုဂ္ဂိုလ်ကား ကမ္ဘာကျော်သော ပုဂ္ဂိုလ် ထူးကြီးများ ဖြစ်ကြ၏၊ ထိုသို့သော ပါရမီ၌ တည်သော ရဟန်းဖြစ်လျက်လည်း ထူးမြတ်သည့် သမဏသုခ တရားကို ရအောင်ယူနိုင်ရန် အရေးကြီး၏။

ထို့ကြောင့် အကြင်အကြဝ် ချမ်းသာမှုကို လိုလားသော ရဟန်းသည်လည်းကောင်း၊ ရှင်သည်လည်းကောင်း၊ သူတော်

ရသော သည်လည်းကောင်း၊ လူဝတ်ကြောင်သည်လည်းကောင်း အင်္ဂုတ္တိုရ်လာ သမဏသုခ (ငါးပါး) နှင့် အဋ္ဌသာလိနီ အဋ္ဌကထာလာ သမဏသုခ (ရှစ်ပါး) တို့ဖြင့် နေကြရာ၏။

တွေ့မြင်ရသော သတ္တဝါမှန်သမျှတို့သည် ချမ်းသာမှုကို လိုလားကြသည်ချည်းဖြစ်ရာ အကယ် ချမ်းသာမှုကို လိုလားသော သမ္ဗုရိသတို့သည် ဖော်ပြလတ္တံ့သော ကဏ္ဍတို့ကို ဆက်၍ ဖတ်ရန် တိုက်တွန်းပါ၏။ စင်စစ်ချမ်းသာမှုကို ရလတ္တံ့ ဟု ယူဆပါသတည်း။


သတ္တဝါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

**ဆရာတော် အရှင်ဦးဥတ္တမသာရ**

တောင်တန်းနယ်ခြား သာသနာပြု

ဖလမ်းမြို့-ချင်းတောင်၊

၁၃၁၃-ခု၊ ဝါခေါင်လပြည့်နေ့။



# ရဟန်းဘဝချမ်းသာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## (၁) ပထမပိုင်း

### ရဟန်းဟူသည် ချမ်းသာမှုရှာနေသူဖြစ်၏။

ချမ်းသာမှုသည် ကိုယ်ချမ်းသာ စိတ်ချမ်းသာဟူ၍ နှစ်မျိုးရှိလေရာ နှစ်မျိုးလုံးကိုပင် ရှာနေကြ၏၊ ကိုယ်ချမ်းသာထက် စိတ်ချမ်းသာခြင်းကို အထူးလိုလားတော်မူကြ၏၊ ထို့ကြောင့် "သမဏ-ငြိမ်းအေးချမ်းသာခြင်းရှိသော ရဟန်း"ဟူ၍ ဟောတော်မူလေသည်။

(၁) ချမ်းသာမှုကိုရှာသူသည် 'ဆင်းရဲ' ကို မကြောက်သော ကြောင့်ဖြစ်ရာ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းနှစ်မျိုး လုံးပင် ကြောက်လန့်တော်မူကြ၏၊ အထူးသဖြင့် ကိုယ်ဆင်းရဲ ခြင်းထက် စိတ်ဆင်းရဲမှုကို ပို၍ ကြောက်တော်မူကြလေသည်၊ ကိုယ်စိတ် ဆင်းရဲရမည်ကို ကြောက်ရွံ့သောကြောင့် ကိုယ်စိတ် ဆင်းရဲခြင်းနှင့် တွေ့ကြုံရတတ်သော "လူ့ဝတ်ကြောင်နှင့် အိမ်ထောင်သားမွေးခြင်း" ကို မပြုကြဘဲ ကိုယ်စိတ်ဆင်းရဲမှု လွတ်ရာကို ရှာကြံသောအခါ ဘေးရန်ကင်း၍ အေးချမ်းသည့် ဘုရားသာသနာတော် တည်းဟူသော အရိပ်စခန်းကြီးကို မြင် တွေ့ကြရလေသည်။

## ၂။ ချမ်းသာဟူသည် မည်သည့်အရာမျိုးနည်း

လူ့ဘဝ၌ ချမ်းသာမှုကို ရှာကြံကြည့်လျှင် သာမန်သော လူတို့စိတ်၌ အစာ၊ အဝတ်၊ နေအိမ်၊ ရာထူး၊ ဂုဏ်ထူးစသော လောကစည်းစိမ် ကလေးများကို ချမ်းသာမှုဟူ၍ ထင်နေ တတ်ကြ၏၊ ထိုအရာတို့ကား "စိတ်ကိုဖြားယောင်းမှု ချမ်းသာ တု" အမျိုးအစားတို့သာ ဖြစ်ချေသည်။ မှန်သော ချမ်းသာ မှုကား အပေါ်ယံရှာ၍ တွေ့ရန်မလွယ်ချေ။

**ရှာကြည့်ကြစို့...** "စားရခြင်းကို ချမ်းသာမှုလော၊ ဝတ်ရ ခြင်းကို ချမ်းသာမှုလော၊ အိပ်ရခြင်းကို ချမ်းသာမှုလော၊ ထိုင်နေရခြင်းကို ချမ်းသာမှုလော၊ သွားရခြင်းကို ချမ်းသာမှု လော၊ ရပ်နေရခြင်းကို ချမ်းသာမှုလော၊ စကားပြောနေ

ရခြင်းကို ချမ်းသာမှုလော၊ အလုပ် လုပ်နေရခြင်းကို ချမ်းသာမှုလော" မိမိစိတ်ဖြင့် နှိုင်းချိန်၍ စိစစ်ကြည့်ရာ၏။

**အမျှားမလို တစ်ပါးပါးသာရှာဖို့လို....** ဤဆိုခဲ့ပြီးအတိုင်း တစ်ခုစီတစ်ခုစီကို ချမ်းသာမှုဖြစ်နိုင်လျှင် များပြားသောအာရုံကို လေ့လာရှာမှီးရန် မလိုရာ၊ စားမှုချမ်းသာကြောင်းဖြစ်လျှင် စားမှုတစ်ခုသာ ရှာမှီးကြပေမည်၊ အိပ်မှုချမ်းသာကြောင်း ဖြစ်လျှင် အိပ်မှုလောက်သာ ကြိုးစားကြပေမည်၊ ထို့အတူ ဝတ်မှု၊ နေမှု ထိုင်မှု စသည်တို့၌လည်း ချမ်းသာကြောင်းဖြစ်ခဲ့လျှင် တစ်ခုစီ အပြင် အခြားရှာမှီးရန်မလိုဘဲ တစ်ခုကျစီသော အာရုံခံစားမှုဖြင့် ချမ်းသာအောင် နေကြပေလိမ့်မည်။

**တစ်ခုခုနှင့်မပြီး အချည်းနှီး....**ယခုမူကား တစ်ခုစီနှင့် မပြီးကြချေ၊ မနေနိုင်ကြသောကြောင့် များစွာ ရှာမှီးနေရ၏၊ "အဘယ့်ကြောင့်နည်း၊ တစ်ခုကျစီနှင့် ချမ်းသာမှု မလုံလောက်သောကြောင့် ဖြစ်၏" တစ်ခုစီသာ တာရှည်ခံစားနေရလျှင် ချမ်းသာမှုမရဘဲ ပင်ပန်းဆင်းရဲခြင်းကိုသာ တွေ့ရှိလာပေလိမ့်မည်။ စင်စစ်ကား ချမ်းသာကြောင်း အစစ်အမှန်မဟုတ်သောကြောင့် ဖြစ်လေသည်၊ အကယ်၍ စားမှု၊ အိပ်မှု စသည်သည် ချမ်းသာမှုစစ်ခဲ့လျှင် ကြာရှည်ခံစားလေ ချမ်းသာမှုအရသာ တွေ့လေလေ ဖြစ်ခဲ့ရာ၏၊ အိပ်မှုသာ ချမ်းသာခြင်းဖြစ်ခဲ့လျှင် ကြာရှည်အိပ်လေ ချမ်းသာမှု တွေ့လေလေ ဖြစ်ရာ၏၊ ယခုမူ ထိုသို့ကား 'မဟုတ်ချေ၊ တာရှည်အိပ်ရလျှင် ကျောပူလာ၏၊ ခါးဘောင့်လာ၏၊ မကျန်းမာ၍ အိပ်ရာ၌ ရက်သတ္တ

ပတ်ခန့် အိပ်နေရလျှင် အိပ်ရာ၌ ငြိုးငွေ့လာတော့သည်။

စိတ်မှုစသည်ကို ရှာကြဦးဖို့....ထို့အတူ ဝတ်မှု စသည်၌လည်း ချမ်းသာမှုမှန်ခဲ့လျှင် ကြာရှည်ဝတ်ရလေ ချမ်းသာလေ၊ များများဝတ်ရလေ ချမ်းသာမှုအရသာ တွေ့လေလေ ဖြစ်ပေရာ၏၊ ယခုမူ ယင်းသို့ကား မတွေ့ရတဲ့ ဆင်းရဲမှုသာ တွေ့နေရလေသည်။

ဇင်းပြင် ထိုသို့စားမှု ဝတ်မှု အိပ်မှုတို့ကို ရရန်အတွက် အပင်ပန်း ရှာမှီးကြရသည်လည်း များသောဒုက္ခ ရှိ၏၊ နေ့စဉ်နှင့်အမျှ တွေ့ကြုံနေကြရသည်ကို လူတိုင်းအသိပင် ဖြစ်ရာ မိမိကိုယ်တိုင် နှိုင်းစာကြည့်ရာ၏။

ထို့ကြောင့် ဤဒုက္ခဟူသမျှတို့ကား ချမ်းသာမှု မဟုတ်ကြောင်းတွေးမိပြီးသောအခါ ပလိုလားနိုင်တော့ပေ၊ ကြာကြာစဉ်းစားလျှင် ဆင်းရဲမှု အတိသာ ဖြစ်နေကြောင်း ထင်ရှားသိသာလာပေလိမ့်မည်၊ ရဟန်းပုဂ္ဂိုလ်တို့သည် ယင်းသို့ဆင်ခြင်မိသောအခါ ဆင်းရဲမှုကိုတော့ ငါမရှာမှီးလိုတော့ပါဟု လူ၌ ဆင်းရဲကိုကြောက်သောကြောင့် လောကလူ့ဘောင်မှ ရှောင်ကွင်းနေထိုင်ကြခြင်း ဖြစ်လေသည်။

"လောကစည်းစိမ် လိုက်စားမှုသည် ချမ်းသာကြောင်းဟုတ်, မဟုတ်ပုံ အောက်ပါသာဓကများဖြင့် ကြည့်ပါဦး"

လူ့ပြည်၌သာချမ်းသာကြောင်း မဟုတ်ဖြစ်တန်ရာ၏၊ နတ်ပြည်လောက၌မူ ချမ်းသာကြောင်း ဖြစ်ပေမည်ဟု အချို့က တွေးထင်ဖွယ် ရှိသေး၏၊ စစ်သော တရားသဘောသည် မည်သည့်ဘုံပြည် ပုဂ္ဂိုလ်သန္တာန်၌ တည်စေကာမူ ဆင်းရဲကြောင်းသည် ဆင်းရဲရမည်သာတည်း။

## ၁။ မြူးထူးပျော်ပါးခြင်းလွန်၍ စုတေရသောနတ်များ

အထက်နတ်ဘုံ၌ လူ့ပြည်မှ ရသွားသော ကုသိုလ်အဟုန်ကြောင့် သေလွန်ပြီးနောက် အထက်နတ်ပြည်သို့ သွားရောက်၍ နတ်ဘဝ နတ်ခန္ဓာကိုယ်ဖြင့် နတ်တို့၏ စည်းစိမ်ကို ခံစားကြရသော နတ်သား၊ နတ်သမီး များစွာရှိကြကုန်၏၊ ထိုနတ်အများတို့တွင် အချို့သော နတ်သား နတ်သမီးတို့သည် အာရုံခံစားမှု၌ လွန်ကြကုန်၏၊ မြူးထူးပျော်ပါးနေရခြင်းကို အရသာဟု ထင်မှတ်ကာ မြူးထူးပျော်ပါးခြင်း၌ မေ့လျော့ဖန်များသတ်သော် နတ်အဖြစ်၌မတည်နိုင်ဘဲ စုတေကြရသော နတ်တို့ရှိကုန်၏၊ ထိုနတ်တို့ကို ''ခိဍ္ဍာပဒေါသိက နတ်'' ဟူ၍ အမည်ရကုန်၏။

## အမြူးလွန်က သေပြန်ရ

ထိုနတ်တို့သည် စိတ်အလိုသို့ လိုက်လွန်းကြလျက် ရွှင်မြူးပျော်ပါးခြင်းအာရုံကို မဖြတ်နိုင်ဘဲ အချိန်ကြာမြင့်စွာ မြူးထူး၍ နေလေ့ရှိသောကြောင့် သတိမေ့လျော့ တတ်ကြကုန်၏၊

သတိမေ့လျော့ခြင်းတို့ကြောင့် ထိုနတ်၏ကိုယ်အဖြစ်၌ ကြာရှည်စွာ တည်တံ့ခြင်းငှာ မတတ်နိုင်ကြဘဲ စုတေကြရကုန်၏၊ လူတို့ထက် သက်တမ်း ရှည်ကြသော နတ်များပင်လျှင် စုတေကြရပုံကိုထောက်ရှုသော် မြူးထူးပျော်ပါးနေရခြင်းလည်း ချမ်းသာခြင်းမဟုတ်ကြောင်း ထင်ရှားလေသည်။ အပျော်ကြူးလျှင် သေလွယ် တတ်ကြောင်း၊ ထို့ကြောင့် ''ဘဝ၏အဆိပ်ဆေး'' ဟူ၍သာ မှတ်သားရာသည်။

## ၂။ စိတ်ကူးလွန်၍ စုတေရသောနတ်များ

**စိတ်ကူးလွန်က သေတတ်စွ**....ကာယကံ၊ ဝစီကံတို့ဖြင့်သာ အပျော်လွန်သောကြောင့် အကျိုးမဲ့ဖြစ်ကြသည် မဟုတ်သေး၊ စိတ်ကူးလွန်သောကြောင့်လည်း ဆင်းရဲနေကြရသည်ကို လူပြည်၌လည်း ထင်ရှားစွာ ရှိ၏၊ စိတ်ကူးလွန်သောအခါ နတ်များပင် မခံနိုင်ကြချေ၊ ထို့ကြောင့် အထက်နတ်ဘုံ၌ စိတ်ကူးယဉ်၍ နေလေ့ရှိသော ''မနောပဒေါသိက'' မည်သော နတ်တစ်မျိုးရှိလေသည်။

ထိုနတ်တို့သည် အလွန် ကြာမြင့်စွာပင် တစ်ယောက်၏ အဆင်းသဏ္ဌာန် တစ်ယောက်သော နတ်ကကြည့်၍ ပျော်နေတတ်ကြကုန်၏၊ အချိန်အဘိုင်းအရှည်ကို မကန့်သတ်နိုင်ကြဘဲ ကြာမြင့်စွာ ကြည့်ရှုနေကြကုန်သည် ရှိသော် အချင်းချင်း ပြစ်မှားသော စိတ်များ ဖြစ်ပေါ်လာကြကုန်၏၊ ထိုအခါ ပင်ပန်းသောကိုယ်၊ ပင်ပန်းသောစိတ် ဖြစ်ကြရသောကြောင့်

ထိုထိုနတ်ဘုံ၌ တာရှည်စွာ မတည်နိုင်တော့ဘဲ စုတေခြင်းသို့ ရောက်ကြရလေကုန်၏။

ထိုနတ်တို့အဖြစ်ကို ထောက်ဆ၍ အာရုံ တစ်ပါးပါး၌ တပ်မက်လွန်ခြင်း၊ စိတ်ကူးလွန်ခြင်း မြူးထူးခြင်း၌ စွဲလမ်းကြီးခြင်းတို့သည် ချမ်းသာကြောင်းမဟုတ်၊ ခန္ဓာပျက်ပြုန်း၍ ဘုံနှင့်ဘဝပင် ဆုံးရှုံးရခြင်းအထိ ဆင်းရဲကြီးစွာ ရခြင်းသာ ဖြစ်ကြောင်း သံဝေဂ ဖြစ်ဖွယ်တည်း၊ မိမိတွေ့ကြုံခဲ့ရဖူးသော ဒုက္ခများနှင့် နှိုင်းဆဆင်ခြင်ယူရမည် ဖြစ်လေသည်။

## ၃။ စိတ်အလိုမလိုက်၍ အသက်ရှည်ရသောနတ်များ

**စိတ်အလိုမလိုက်သင့်**....စိတ်အလိုလိုက်လွန်းသူသည် အရူးဖြစ်တတ်ကြောင်း၊ သို့မဟုတ်လျှင် ရာဇဝတ်မှု လွန်ကျူးခြင်း၊ အခြံအရံ အကျော်စောမဲ့ဖြစ်ခြင်း စသောဆင်းရဲတို့ဖြင့်သာ မရှုမလှခံကြရမြဲမှာ ဓမ္မတာ ဖြစ်လေသည်၊ လူဖြစ်စေ၊ နတ်ဖြစ်စေ မကောင်းသောစိတ်ကိုဆုံးမ၍ ကောင်းရာကိုဆွဲယူပြုပြင်ပေးသူတို့မှာ ချမ်းသာစွာနေကြရကုန်၏။

ထို့ကြောင့် နတ်တစ်မျိုးကိုကြည့်ပါဦး၊ နတ်ဘုံ၌ စိတ်ကူးလွန်ခြင်း၊ လောကီအာရုံခံစားမှု၌ စိတ်သွားလွန်ခြင်းကို အလိုမလိုက်သော နတ်တို့လည်းရှိကုန်၏၊ ထိုနတ်တို့သည် မိမိတို့၏ မကောင်းသောစိတ်ကို ကောင်းသော စိတ်ဖြင့် ဆုံးမလျက် စောင့်စည်းတတ်ကြကုန်၏၊ ဆောက်တည်သော ဣန္ဒြေရှိကြ

-ကုန်၏၊ တည်ငြိမ်သောစိတ်ထားရှိကြသောကြောင့် အချင်းချင်း၌လည်း အလွန်ကြာမြင့်စွာ တစိမ့်စိမ့် မကြည့်ရှုကြကုန်၊

ကြာမြင့်စွာ ကြည့်ရှုခြင်းမပြုကြသောကြောင့် တစ်ယောက်သည် တစ်ယောက် အားလည်း ဖောက်ပြန် ပြစ်မှားသော စိတ်ထားသို့ မရောက်ကြကုန်၊ မပြစ်မှားသောကြောင့်ပင်ပန်းသောကိုယ်၊ ပင်ပန်းသော စိတ်လည်း မရှိကြရဘဲ ကြည်လင်တည်ငြိမ်သော ကိုယ်စိတ်ဖြင့် နေကြရကုန်၏၊ ထို့ကြောင့် ထိုခန္ဓာကိုယ်အဖြစ်မှ စုတေခြင်းမရှိကုန်ဘဲ မိမိတို့ ရရှိထားသော ဘုံဘဝ စည်းစိမ်ချမ်းသာ၌ အသက် အပိုင်းအခြား ရှည်သမျှကာလပတ်လုံး ချမ်းသာစွာ နေကြရကုန်၏၊ ဘဝပြောင်းကူးခြင်း မပြုရတော့ပြီ ကဲ့သို့ပင် အလွန်ရှည်သော ကာလတိုင်အောင် တည်မြဲစွာ နေကြရကုန်၏၊ ထိုနတ်တို့ကို ယောက်ဆ၍ ''ချမ်းသာစွာဖြစ်ရာဘဝ၌နေလိုလျှင် စိတ်အလိုကို မလိုက်လွန်းနှင့်'' ဟူ၍ မိမိကိုယ်က ဆုံးမရသတည်း၊

## သမဏသုခ

တစ်ဦးသော သတ္တဝါသည် ထိုထို ဘုံဘဝမှ စုတေ၍ ဤလူ့ဘုံသို့ လာရောက်သည် ရှိသော် အိမ်ရာထောင်သော လူ့ဘောင်မှ အိမ်ရာမထောင်သော ရဟန်းဘောင်၌ ရသော့ ရဟန်းပြု၍ ကိလေသာကို ပူပန်စေတတ်သော အာတာပလုံ့လ၊ ကိလေသာကို ပယ်တတ်သော ပဓာန လုံ့လတို့ဖြင့် အပန်တလဲလဲ အားထုတ်ခြင်း၊ မမေ့မလျော့ခြင်း၊ ကောင်းစွာ နှလုံးသွင်းခြင်း ရှိ၏၊

ထိုသို့ သဘောရှိသော စိတ်၏ တည်ကြည်မှု သမာဓိကို ရသည်ရှိသော် ရှေး၌ နေဖူးသော ခန္ဓာအစဉ် ချမ်းသာဆင်းရဲ၊ အကောင်း အဆိုး၊ အယုတ် အမြတ်၊ အမှန် အမှားကို ကောင်းစွာ အောက်မေ့ဆင်ခြင်နိုင်၍ မြတ်သော သမဏ သုခ ချမ်းသာဖြင့် ပျော်မွေ့စွာ နေရလေ၏။

## ၄။ ရှေးသူတော်ကောင်းတို့ ကျင့်စဉ်

ဆင်းရဲဒုက္ခကို ကြောက်လေ့ရှိကြသော ရှေးအခါ ပညာရှိ သူတော်ကောင်းတို့သည် မြားမြောင်သော ပစ္စည်းဥစ္စာတို့ကို စွန့်ပယ်၍ လူ့ဘောင်မှ ခွာရှောင်လျက် မြတ်သော ရသေ့ ရဟန်းပြုကာ ဘေးကင်းရာ၌ ချမ်းသာအောင် နေလေ့ရှိကြ ကုန်၏။ ထိုသို့သော နေထိုင်ပုံ နည်းကောင်းကို အောက်ပါ ဝတ္ထုဖြင့် အတုယူဆိုက်လှပေသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းကြီးစိုးစံ၍နေစဉ်အခါ ထိုပြည်တွင် ကုဋေရှစ်ဆယ်ကြွယ်ဝ သော ဗြဟ္မဏမဟာသာလ သေဌေးကြီးတစ်ဦး၌ မဟာကဥ္စန အမည်ရှိသော ညီအစ်ကို ခုနစ်ယောက်နှင့် နှမငယ်တစ်ယောက် ပေါင်း ရှစ်ယောက်သော မောင်နှမ တစ်စုတို့သည် ဖြစ်ထွန်း ပေါ်ပေါက်လာကြကုန်၏။ ထိုမောင်နှမတို့သည် မိဘတို့အား ပြုအပ်သော ဝတ်ကြီးဝတ်ငယ်တို့ကို ကောင်းစွာမပြတ် ပြုကြ သောကြောင့် မိဘတို့ကလည်း အထူး ချစ်ခင် အားကိုးကြ ကုန်၏။

မိဘတို့သည် မျိုးရိုးထုံးစံအတိုင်း အချယ်သို့ ရောက်သော သားသမီးတို့ကို အမျိုးတူ သားသမီးများနှင့် နေရာချထား အိမ်ထောင်ပေးမြားလိုကြောင်း တိုက်တွန်း ပြောဆိုကြရာ 'အလိုမရှိကြောင်း' ပယ်ကြကုန်၏၊ နောင်တော်အကြီးဆုံးက ပယ်သည့်အတိုင်း ညီတော် ဥပကာဠနမှစ၍ နှမငယ် ကာဠန ဒေဝီအထိ ပယ်ကြပြီးလျှင် မိဘနှစ်ပါးတို့ကိုသာ ကောင်းစွာ လုပ်ကျွေး မွေးမြူနေကြကုန်၏။

ဤသို့လျှင် ကာလရှည်မြင့်၍ မိဘတို့ ကွယ်လွန်ကြသည် ရှိသော် နောင်တော်အကြီး မဟာကာဠနက ညီငယ်နှမငယ်တို့ကို ဤသို့ တရားစကားဖြင့် ပြောဆို တိုင်ပင်လေ၏၊ "ငါတို့၏ မိဘနှစ်ပါးတို့သည် လွန်ခဲ့ နှစ်၍မရ ပြန်လမ်းမရှိသောသေခြင်း တရားဖြင့် နှိပ်စက်၍ ဘဝပြောင်းသွားကြလေကုန်ပြီ၊ ငါတို့ လဲ ထိုလမ်းကိုပင်သား ဘယ်သူမှ လွှဲဖယ်နိုင်ကြမည် မဟုတ် ပေရာ မသေမီကာလ အတွင်းက ဆင်းရဲကင်းအောင် နေကြ ရလျှင် ကောင်းလိမ့်မည်ဖြစ်ကြောင်း" စသည်ဖြင့် ဆုံးမလေရာ အားလုံးပင် ၁ ဘောတူကြလေ၏၊

ထိုအခါ နောင်တော်ကြီး၏ အစီအမံ အတိုင်း ကုဋေ ရှစ်ဆယ်သော မိဘအမွေဥစ္စာတို့ကို စွန့်ကြဲလှူဒါန်းပေးကမ်း ကြပြီးလျှင် မောင်နှမသားချင်း ရှင်ယောက်၊ ကျွန်အမှုလုပ် ယောကျ်ားတစ်ယောက် နှင့် မိန်းမတစ်ယောက်၊ အဆွေခင်ပွန်း တစ်ယောက် ပေါင်း တစ်ကျိပ် တစ်ယောက်သော လူရှယ် တို့သည် အညီအညွတ်တိုင်ပင်ကာ လူတို့နေရာမြို့ရွာနှင့်ဝေးကွာ သော ဟိမဝန္တာတောသို့ ထွက်သွားကြလေကုန်၏။

တောထွက်ကြပြီး မြတ်သော ရသေ့ ရဟန်းပြုကြ၍ အလုံးစုံသော သူတော်ကောင်းတို့သည် အကြီးဆုံးသော မဟာကဍ္ဍန၏ အဆုံးအမကိုခံယူကာ အသီးသီးသော ကျောင်းသင်္ခမ်းကလေးများကို ဖန်ဆင်းနေထိုင်ကြကုန်၏။ စားသောက်ရေးအတွက် သစ်သီး ကြီးငယ် ကြာစွယ် ကြာရင်းတို့ကို တောမှ တစ်ယောက်စီ အလှည့်ကျ ရှာဖွေယူဆောင်လျက် တစ်ခုသော ကျောက်ဖျာထက်တွင် တစ်ဦးလျှင် တစ်ပုံကျစီ ရရသမျှဖြင့် ဝေခွဲ၍ ကိုယ့်အတွက် ကျကိုသာ ဆိတ်ငြိမ်ချမ်းမြေ့စွာ ယူငင်စားသုံးကြလေ၏။

နောင်တော် ရသေ့ကြီးကား ရသေ့ ဆရာကြီး အဖြစ်နှင့် အလုံးစုံသော ရသေ့ တစ်ကျိပ်တို့အား ကျန်းမာရေး၊ စားသောက်ရေး၊ နေထိုင်ရေးမှစ၍ ကမ္မဋ္ဌာန်းတရားအားထုတ်ရေးတို့ပါ ဆိုဆုံးမ၍ ချမ်းသာစွာ နေစေလေ၏။

တစ်ရံရောအခါ သိကြားမင်းသည် ထိုရသေ့မြတ်တို့၏ အကျင့်သီလကို စုံစမ်းလိုသောကြောင့် နတ်ပြည်မှ သက်ခဲ့ပြီးလျှင် ရသေ့တို့ကျောင်းသင်္ခမ်းသို့ချဉ်းကပ်၍ ကျောက်ဖျာထက်တွင်ဝေပုံကျထားသော ရသေ့ဆရာကြီးအတွက်ကြာစွယ်ကို ရသေ့ကြီး မယူမီ ကွယ်ဝှက်ထားလေ၏။ ရသေ့ကြီးသည် အချိန်ကိုမှတ်၍ ကျောက်ဖျာထက်မှ မိမိအတွက် ဝေပုံကျကို ယူရန် ကြည့်ရှုရာ မမြင်သည်ရှိသော် "ယနေ့ မေ့လျော့နေသောကြောင့် ငါ့အတွက် မထားမိသည် ဖြစ်ရာ၏"ဟု နှလုံးသွင်း၍ ဆိတ်ဆိတ်ပင် ပြန်သွားလေ၏။

ကျောင်းသင်္ခမ်းတွင်း ပြန်ရောက်လျှင် ''ကြာမြင့်စွာသော နေ့ရက်တို့က မရပ်မနား ပြည့်သွင်းနေခဲ့ရသော ဤခန္ဓာကိုယ်ကြီးကို တစ်ရက်မျှ မကျွေးမသွင်းခြင်းဖြင့် ဘယ်အတွက် ရှိအံ့နည်း''ဟူ၍ မိမိကိုယ်ကို ဆုံးမ၍ ထိုနေ့အဖို့ မစားတော့ဘဲ မေတ္တာ ကမ္မဋ္ဌာန်းဖြင့် ချမ်းသာအောင် ဆိတ်ဆိတ် နေမြဲ နေလေ၏။

ဒုတိယရက်၌လည်း သိကြားမင်းသည် ရသေ့ကြီးအတွက် ဝေပုံကျကို ဝှက်ထားပြန်ရာ ယခင်နေ့ အတိုင်းပင် လာရောက်ကြည့်ရှု၍ မိမိအဖို့ မမြင်သည်ရှိသော် ''တစ်စုံတစ်ခု ငါ့ကို ပြောဆိုရန် ရှိယောင်တကား''ဟု နှလုံးပိုက်၍ ဆိတ်ဆိတ် ပြန်သွားပြီးလျှင် ယခင်နည်းအတိုင်း မိမိကိုယ်ကို ဆုံးမလျက် တရားဖြင့် ချမ်းသာအောင် နေလိုက်၏။

တတိယနေ့လည်း သိကြားမင်းသည် ဝှက်ပြန်လေရာ ရသေ့ဆရာကြီးသည် လာမြဲလာ၍ မမြင်ပြန်သော် ''ယနေ့တော့ စိစစ်မေးတော်မူမည်''ဟု မိမိနေရာကျောင်းသင်္ခမ်းသို့ ဝင်၍ တပည့်အားလုံး စုဝေးလာရောက်ကြရန် ကျောက်စည်တီးခေါက်ခေါ်လိုက်၏၊ အားလုံး စုဝေးမိကြသော အခါ ''ယနေ့မှသုံးရက်မြောက်နေ့က ကျောက်ဖျာထက်ဝေပုံကျကို မည်သူယူပုံသနည်း၊ နှစ်ရက်မြောက်နေ့က မည်သူယူပုံသနည်း၊ ယနေ့ မည်သူယူပုံသနည်း''ဟူ၍ စစ်မေးလေ၏။

ထိုအခါ ''အရှင်ဘုရားတို့ အဖို့ အစုနှင့်တကွ အကျွန်ုပ်တို့ ဝေငှပါကြောင်း''ကို ကိုယ်စီကိုယ်င ချစ်ကြောက်ရိုသေသော အတိုင်း အသီးသီး ပြေဆို လျှောက်ထားကြလေ၏။

"အသင်တို့ ထား‌သော်လည်း ကြာစွယ်သစ်သီးကို မမှီ‌ဲ့ ရသည်မှာ ငါ၌ သုံးရက်ရှိပြီ၊ ဤပရိသတ်တွင် သူခိုးရှိယောဗီ တကား"ဟု ဆို၏။ ယင်းသို့ စည်းဝေး စစ်ဆေးနေစဉ် ထိုကျောင်းသခ်မ်း အနီး ဘောစိုး သစ်ပင်ကြီး၌ နေသော ရှက္ခစိုးနတ်တစ်ဦး၊ အခန့်ောင်အဖွဲ့ကို ဖြတ်၍ ပြေးလာသော ဆင်တစ်ကောင်၊ အလမ္ဘာယ်လက်မှ လွတ်ထွက်ပြေးလာသော မျောက်ငယ်တစ်ကောင်တို့လည်း အနီး၌ရပ်လျက်ရှိကြ၏။

ညီအကြီးဆုံးဖြစ်သော ဥပကာဠန ရသေ့သည် နောင်တော် စကားကို ကြားလျှင် "မိမိအဖို့ အစုမဟုတ်သော ကြာစွယ် ကြာရင်းတို့ကို အကျွန်ုပ် မစားသည် မှန်ပါ၏၊ အကယ်၍ ယူစားမိချေသော် ရွှေငွေ ရတနာ ဥစ္စာ စပါး သားမယား ကျေးကျွန်တို့နှင့် ပြည့်စုံစေသဘည်း" ဟူ၍ ကျိန်စာ ရွတ်ဆို လေ၏။ ထိုအခါ နောင်တော်ရသေ့ကြီးမှစ၍ အားလုံးသော ရသေ့ အပေါင်းတို့သည် မဆိုခတောင်းသော စကားကို ကျိန်ဆို ဘိသည်ဟု မကြားဝံ့ကြသောကြောင့် နားနှစ်ဖက် တို့ကို ပိတ်ကြကုန်၏။

ဤသို့လျှင် မဆိုခတောင်းမဆိုရာတို့ဖြင့် အစဉ်အတိုင်း အသီး သီး ကျိန်ဆိုကြသည်ကိုလည်း မကြားဝံ့သောကြောင့် နားပိတ် နေကြကုန်၏။ နောက်ဆုံးတွင် ဆရာရသေ့ကြီးက ကျိန်ဆို သည်မှာ "ငါ၏ အတွက် ရလျက်နှင့် မရဟု ဆိုမိချေသော် အိမ်ရာထောင်သော လူ၏ဘောင်၌ ကာမဂုဏ်တို့ကို ခံစား လျက် အသက်စွန့်ရလိုသော...."ဟူ၍ ကျိန်ဆိုတော်မူလေ၏။

တပည့် ရသေ့ ပရိသတ်တို့သည်း ဆရာကြီး၏ ကျိန်သံကို ကြား လျှင် ကြက်သီး ဖြန်းဖြန်းထလျက် နားတို့ကို ပိတ်ကြရလေကုန်၏။

ထိုအခါ သိကြားမင်းသည် အလွန် ထိတ်လန့်သည် ဖြစ်၍ ကိုယ်ကိုထင်ရှားပြပြီးလျှင် "အရှင်ဘုရားတို့၏ အကျင့်မြတ်နှင့် ကျေးဇူးဂုဏ်ကို သိလိုသောကြောင့် အတွက်ကျ ဝေပုံဘာစ်စုကို အကျွန်ုပ် ဝှက်ထားမိပါသည်ကို သည်းခံတော်မူပါ" ဟူ၍ အကြိမ်ကြိမ် တောင်းပန်လျှောက်ထားလေ၏။

"အရှင်ကောင်းတို့၏ အကျင့်မြတ်ကို ကောင်းစွာသိရပါပြီ၊ မယုတ်သော အားထုတ်ခြင်းဖြင့်သာ နေတော်မူကြပါ" ဟု တိုက်တွန်းခဲ့ပြီးလျှင် တာဝတိံသာသို့ ဝမ်းမြောက် အားရလျက် ပြန်သွားလေ၏။

ရသေ့ သူတော်ကောင်းတို့လည်း မယုတ်သော တရားဖြင့် ကိုယ်စိတ်နှစ်ပါး အားထုတ်ကြလျက် ဘာဝနာမချွတ်စေဘဲ ဆရာ ရသေ့ကြီး ဆိုဆုံးမတိုင်းဟည်ခြင်း၊ အချင်းချင်းရိုသေလေးစားခြင်း၊ အကျိုးကျေးဇူးနှင့် မစပ်သော စကားကို မပြောဆိုခြင်း၊ ကမ္မဋ္ဌာန်းတရားဖြင့် ဆိတ်ငြိမ်စွာနေထိုင်ခြင်း စသော မြတ်သော နေထိုင်ခြင်းတို့ဖြင့် ချမ်းသာစွာ နေကြပြီးလျှင် ဘဝ၏ အဆုံး၌ ကံအားလျော်စွာ အထက် သုဂတိဘုံသို့ လားရောက်ကြလေကုန်၏။

ဤသူတော် သူမြတ်တို့၏ ကျိန်စာကို ထောက်ရှုသော် လောကစည်းစိမ်ဂုဏ်သိမ်မြားခြောင်နှင့် နေရခြင်း၊ ကာမဂုဏ်

ရှိတား သားမယားဖွဲ့နှောင် လူတို့ဘောင်၌ နေရခြင်းသည် နှောင်အိမ်သွင်း၍ အကျဉ်းခံနေရသည်နှင့် တူပုံကို ထိတ်လန့်ဖွယ်သော ဘေးဆိုးအဖြစ် ကျိန်ဆိုပြခြင်းဖြင့် ထင်ရှားလေ၏။ "ချမ်းသာမှုမဖက် သက်သက်သောဆင်းရဲအစု၌ ကျခံရပါစေသား"ဟူ၍ ကျိန်ဆိုခြင်း ဖြစ်လေသည်။

## ဥပဒေသ

သီတင်းသုံးဖော် အပေါင်း အိုသူတော်ကောင်းတို့ လူ့လောကမှထွက်ခွာ၍ ရဟန်းပြုနေကြသော အကျွန်ုပ်တို့သည် နှောင်ကြိုးတန်းလန်းရှိသော လောကဘောင် ထောင်ကြီးအတွင်းမှ လွတ်ကင်း၍ ချမ်းသာသောဘဝကို ကောင်းစွာရကြလေပြီ၊ ရှေ့ကိုလည်း မယုတ်သောသမဏသုခချမ်းသာဖြင့်နေ၍ ဤဘဝကုန်ဆုံးသောအခါ အထက်ဖြစ်သော သုဂတိဘုံဘဝသို့သာ သွားကြကုန်အံ့။

## ၅။ တောမီးကို ကမ္မဋ္ဌာန်းရှု၍ ချမ်းသာရသွားသော ရဟန်းတစ်ပါး

မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်က သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါ ရဟန်းတစ်ပါးသည် ဘုရားရှင်၏အထံတော်သို့ချဉ်းကပ်လျက် အရဟတ္တဖိုလ်ကိုရအံ့သည်တိုင်အောင်သော ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူစေ၍ တောအုပ်သို့ ဝင်ပြီးလျှဗိ

ကိုယ်စိတ်ကို အဖန်ဖန် စေ့ဆော်၍ လုံ့လပြုလေ၏။ ထိုသို့ အားထုတ်သော်လည်း အရဟတ္တဖိုလ်သို့ရောက်ခြင်းငှာ မတတ်နိုင်သေးရကား 'အထူးပြု၍ ကမ္မဋ္ဌာန်းကို တစ်ဖန် ဟောစေဦးအံ့''ဟု ထိုတောအုပ်မှ ထွက်ခဲ့ပြီးလျှင် ဘုရားအထံတော်သို့ ပြန်လာသည် ရှိသော် လမ်းခရီး အကြား၌ ကြီးစွာသော တောမီးလောင်နေသည်ကို မြင်ရလေ၏။

ထိုအခါ လျင်စွာသောအဟုန်ဖြင့် မြက် သစ်ပင် မပေါက်ခြောက်သွေ့သောမြေအပြင်ရှိသောတောင်ထိပ်သို့တက်ရောက်ထိုင်နေပြီးလျှင် တောင်ကို လောင်သော တောမီးကို ရှု၍ ''မီးတောက်'' ဟူသော အာရုံကိုယူလေ၏။

''ဤမီးသည်ကား ကြီးကြီးငယ်ငယ် ဖြစ်ကုန်သော မီးစာတို့ကို အကြွင်းမဲ့ တောက်လောင်၍ သွားသကဲ့သို့ အရိယာမဂ်ဉာဏ် ဟူသော မီးသည်လဲ ကြီးကြီးငယ်ငယ် အသွယ်သွယ်သော သံယောဇဉ်တို့ကို တောက်လောင်ကျွမ်းခြင်းပငီ ဖြစ်လတ္တံ့''ဟူ၍ အာရုံကို ယူလေ၏။

## သံယောဇဉ်ပြတ်လျှင် သမဏသုခရ၏

မြတ်စွာဘုရားသည်လည်း ဂန္ဓကုဋိတိုက်၌ နေတော်မူလျက်ပင်လျှင် ထိုရဟန်း၏စိတ်၌ မြတ်သောမြင်ခြင်းကိုသိ၍ ''ချစ်သားရဟန်း ဤကဲ့သို့အောက်မေ့ခြင်းသည် ဟုတ်မှန်လှပေ၏၊ ကြီးကြီးငယ်ငယ် ဖြစ်ကုန်သော လောင်စာ မြက်မှိုက်၊

ထင်း၊ သစ်ရွက်၊ သစ်သား၊ ဝါးတို့ကဲ့သို့ ဤသတ္တဝါတို့၏ ကိုယ်တွင်း၌ ဖြစ်ကုန်သော အကြီးအငယ် ဖြစ်ကုန်သော သံယောဇဉ်တို့သည် ရှိကုန်၏။

''ထိုသံယောဇဉ်တို့ကို အရိယာမဂ်ဉာဏ် တည်းဟူသော မီးဖြင့် အကြွင်းမဲ့ လောင်စေလျက် တစ်ဖန်ပြန်၍ ဖြစ်ခြင်းငှာ မထိုက်အောင် ပြုသင့်ပေ၏'' ဟု မိန့်တော်မူပြီးလျှင် ရောင်ခြည်တော်ကို လွှတ်တော်မူ၍ ထိုရဟန်း၏ ရှေးရှုမျက်မှောက်၌ ကိုယ်တိုင်ထင်ရှားပြတော်မူဘိသကဲ့သို့ အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေလျှင် ထိုရဟန်းသည် ထိုင်၍ နေမြဲတိုင်းပင် အလုံးစုံသော သံယောဇဉ်တို့ကို မဂ်ဉာဏ်မီးဖြင့် မြိုက်ရှို့ဖြတ်တောက်လောင်စေ၍ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန်းချမ်းသာစစ် အပြီးအဆုံးဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုအခါ ဝမ်းမြောက်စွာ ကောင်းကင်ခရီးဖြင့် ဘုရားရှင် အထံတော်သို့လာခဲ့၍ သိင်္ဂနိက်ဇမ္ဗူရာဇ်ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးဖူးမြော်လျက် ချီးမွမ်းအံ့သြကာ ရဟန်းချမ်းသာကို ခံယူနေလေ၏။

အပ္ပမာဒ ရတော ဘိက္ခု၊
ပမာဒေ-ဘယဒဿိ ဝါ။
သံယောဇနံ-အဏုံ ထူလံ၊
ဒဟံ အဂ္ဂီဝ ဂစ္ဆတိ။ ။

အပ္ပမာဒရတော၊ အပ္ပမာဒတရားဖြင့် အလွန်မွေ့လျော်ခြင်းရှိသော။ ပမာဒေ၊ မေ့လျော့ခြင်း၌။ ဘယဒဿိဝါ၊ ဘေးရန်ဟူ၍ ရှုလေ့ရှိသော၊ ဘိက္ခု၊ ရဟန်းသည်၊ အဏုံထူလံ၊ အငယ်အကြီးဖြစ်သော မီးစာကို။ ဒဟံ ဒဟန္တော၊ လောင်ကျွမ်းချ၍သွားသော။ အဂ္ဂိဝ၊ တောမီးကဲ့သို့။ အဏုံ ငယ်သည်လည်းဖြစ်သော၊ ထူလံ ကြီးသည်လည်းဖြစ်သော။ သံယောဇနံ၊ သံယောဇဉ်ကို။ ဒဟံ-ဒဟန္တော၊ အကြွင်းမရှိ တိုတိုကုန်အောင်မီးလောင်စေသည်ဖြစ်၍။ ဂစ္ဆတိ၊ သွား၏။

"မီးသည်လောင်စာရှိနေသမျှ လောင်ကျွမ်းနိုင်၏"

"သတ္တဝါတို့သည် သံယောဇဉ် ရှိသေးသမျှ ကိလေသာမီးက အစဉ်လိုက်လျက် ပူလောင် မြိုက်ရှို့ နိုင်လေကုန်၏"

ထို့ကြောင့် လူ့ဘောင်မှ ခွာရှောင်၍ ရဟန်းပြုကြသော သူတော်ကောင်းတို့သည် မရေတွက်နိုင်သော ဘဝပေါင်းများစွာတို့က တွယ်တာမှု သံယောဇဉ်တို့ကြောင့် ပူလောင်မြိုက်ရှို့ခံရပေါင်းများလှပြီဖြစ်သော မီးတို့ကို ပြန်လှန်ရှု၍ ထိတ်လန့်သင့်လှလေပြီ၊ ယခုဘဝကိုဖြင့် ထိုမီးတို့မှငြိမ်းရန် တွယ်တာမှု သံယောဇဉ်ဟူသမျှကို ဘာ သံယောဇဉ်မှ မထားတော့ဘဲ လွှတ်လပ်စွာ သမဏသုခ တရားဖြင့် ကိုယ်စိတ် ချမ်းသာအောင် နေကြကုန်အံ့၊ သံယောဇဉ်ဟောက် ကြီးသောလောင်စာသည်မရှိ၊ လောင်စာမရှိသော ကျောက်ဖျာအပြင်၌ မီးဘယ်ရှို့ရှို့သော်လည်း မလောင်နိုင်သကဲ့သို့ သံယောဇဉ်မထားသော ရဟန်းအပေါ်၌ ပူပန်ကြောင့်ကြဗျာပါရမီးသည် မလောင်နိုင်ချေ။

# (၂) ဒုတိယပိုင်း

## ၂။ ရဟန်း ဟူသည့် သေဘေးကို ကြောက်နေသူဖြစ်၏

**သေခြင်းမကင်း မသေဘဲ မနေရခြင်း...** (၁) ယနေ့ အသက်ရှင်လျက် ရှိနေကြသော လူအပေါင်းတို့သည် နောင်တစ်ခုသော နေ့အဖို့တွင် အမှန်သေဆုံး ကွယ်ပျောက်ကြရဦးမည်သာဖြစ်၏၊ မျက်စိရှေ့တွင် မြင်နေကြရသော သွားလာ လှုပ်ရှားနေသူမှန်သမျှတို့သည် သေခြင်းသာလျှင် အဆုံးရှိကုန်၏၊ ဘယ်သူတစ်ဦးတစ်ယောက်မျှ ထွင်းဖောက်ကျန်နေရစ်မည့်သူ မရှိချေ။ ထိုကြောင့် ရှေးအခါက သူငါအားလုံးတို့၏ဘိုးဘွား

များကို ယခုမတွေ့မြင်နိုင်ကြတော့ပေ၊ အကယ်၍ အသက်ရှင်နေနိုင်သူရှိပါမူ တစ်ဦးတစ်ယောက်ကို ဖြစ်စေ တွေ့မြင်ကြပေရာ၏၊ နောက်နောက်မွေးဖွားသော လူတို့သည် ရှေးရှေးသော လူကြီးတို့အား အမည်မျှသာတစ်ဆင့်စကား ကြားကြရကုန်၏၊ ဤကား ''မသေဘဲ မဓနကြရသောကြောင့်'' ဖြစ်လေသည်။

**ပုဂ္ဂိုလ်ဒြပ်မကြွင်းကျန် ဂုဏ်နှင့်အမည်သာကျန်**—(၂)သေရခြင်းဘေးကား လူတို့သာမဟုတ်ချေ၊ မြတ်သော တရားကိုရှာမှီး ကျင့်ကြံတော်မူနေကြသည့် ရသေ့ရဟန်း သူတော်ကောင်းတို့လည်းမလွတ်ကင်းနိုင်ချေ၊ တစ်နေ့နေ့တွင် ပျံလွန်ကွယ်ပျောက်တော်မူကြရဦးမည်သာဖြစ်၏၊ ထို့ကြောင့်ရှေးရှေးသောအခါက သီလ သမာဓိနှင့်ပြည့်စုံသော ဆရာတော်ကြီးတို့သည်လည်းကောင်း၊ ကျမ်းဂန် တတ်အကျော် ပညာရှိမထေရ်မြတ်ကြီးတို့သည်လည်းကောင်း ယခုအချိန်မှာ ဂုဏ်ထူးနှင့်အမည်မျှသာ ကြွင်းရစ်ပေတော့၏။

ထိုတွင်မက အာသဝေါကင်းကွာ၍ ရဟန္တာဖြစ်တော်မူကြပြီးသော အရှင်သာရိပုတြာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပစသော မထေရ်ကြီးတို့လည်း ရုပ်နာမ် ချုပ်ငြိမ်းတော်မူကြလေကုန်၏၊ ဘုရားငယ်တစ်ဆူ ခေါ်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးတို့လည်း ပရိနိဗ္ဗာန် စံဝင်တော်မူကြရရှာလေပြီ၊ ထို့ထက် လောကသုံးပါး၌ အတုမရှိ တရားကိုအစိုးရ

တော်မူသည့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့ပင် တည်မြဲ၍ မနေနိုင်ရှာသောကြောင့် ပရိနိဗ္ဗာန် စံယူတော်မူရ ခြင်းအဖြစ်သို့ ရောက်ရကုန်သေး၏။

ထို့ကြောင့် ယခု အသက်ထင်ရှား ရှိနေကြသေးသော ရသေ့ရဟန်းတို့သည်လည်းကောင်း၊ နောက်နောက် ဖြစ်ပေါ်မည့် ရဟန်းသံဃာတော်တို့သည်လည်းကောင်း ထိုရှေးဆရာတော်ကြီးတို့ကဲ့သို့ပင် တစ်ခုသော နေ့ညဉ့်အဖို့၌ အမှန်ပျံလွန်ကွယ်ပျောက်တော်မူကြရဦးမည်သာ ဖြစ်ချေသည်။

**ဘဝဟောင်းစွန့် ဘဝသစ်ညွှတ်....**(၃) လူနှင့် ရဟန်းတို့သာ လော မဟုတ်ချေ၊ ကြွင်းသော သတ္တဝါအားလုံးတို့လည်း ထို့အတူ သေခြင်းသာ အဆုံးရှိလေသည်။ လူတို့သည်လည်း ကောင်း၊ နတ်တို့သည်လည်းကောင်း၊ ဗြဟ္မာတို့သည် လည်း ကောင်း၊ မြတ်သော ရသေ့ ရဟန်းတို့သည် လည်းကောင်း၊ ကြွင်းသောတိရစ္ဆာန်ကြီးငယ်တို့သည်လည်းကောင်း ကိုယ်ခန္ဓာဟောင်းကို စွန့်၍စွန့်၍ ဘဝသစ်သို့ ပြောင်းကာ ပြောင်းကာ သွားကြရကုန်၏၊ အသင်သည်လည်း ခန္ဓာဟောင်းကို စွန့်ကာ သွားရမည်သာတည်း၊ ငါသည်လည်း ထိုနယ်အတွင်းဝင် သတ္တဝါတစ်ဦးပင်ဖြစ်သောကြောင့် ဘယ်မှာလျှင် မသေဘဲ နေရချိမ့်မည်နည်း၊ အမှန်မုချသေရဦးမည်သာဖြစ်၏၊ ယင်းသို့ တပြီးကား သေလက်မှတ်ရပြီးသော ကျုပ်တို့သည် ဘယ်မှာ လျှင် မေ့လျော့ပျော်ပါး၍ နေနိုင်ပါမည်နည်း။

**တဘာယ်တမ်းသိလျှင်** ကြောက်ရစမြဲ...(၄) အခါတစ်ပါးက ဘုရင်မင်းမြတ်ကြီးတစ်ပါးထံ ချဉ်းကပ်ခစားလေ့ ရှိသော အမတ်ကြီးတစ်ဦးက စကားကျူးလွန်မှုတစ်ခုကြောင့် "ကောင်းပြီ အသင်အမတ်ကြီး၊ နက်ဖြန်နံနက်နေထွက်စမှစ၍ မောင်းမမိဿံ ခြွေရံတို့နှင့်တကွ ငါကဲ့သို့သောဘုရင်စည်းစိမ်ကိုတစ်နေ့နှင့်တစ်ညခံစံစေ၊ တစ်နေ့ တစ်ညကုန်လွန်၍ နောက်နေ့နံနက် နေထွက်သည်နှင့် တစ်ပြိုင်နက် ငါ၏ လက်စွဲတော်သန်လျက်ဓားနှင့် လည်တင်ဖြတ်၍သတ်စေမည်" ဟူ၍ အမိန့်တော်မှတ်ပြီးစည်းစိမ်အပ်နှင်းလေရာ ထိုအမတ်ကြီးသည်အစာလည်း မစားနိုင်၊ မောင်းမမိဿံ နန်းပါး စည်းစိမ်ကိုလည်း မခံစံနိုင်ဘဲ မှိုင်တွေ၍သာ နေလေ၏၊ ထိုအခြင်းအရာကိုမြင်ရသော ဘုရင်မင်းမြတ်ကြီးက "အဘယ်ကြောင့် ပျော်ပါးစွာနန်းစည်းစိမ်ကိုမခံစံနိုင်ဘဲတွေမှိုင်ကြောက်ရွံ့နေပါသနည်း" မှုမေးတော်မူရာ "မှန်လှပါ နောက်တစ်နေ့တွင်သေရတော့မည်ဖြစ်သောကြောင့် စံစားပျော်မွေ့၍ မရကြောင်းပါဘုရား" ဟူ၍လျှောက်ထားသော ဟူသတတ်။

**သေရမည်အမှန် ကာမဂုဏ်တိတ်လန့်ပြန်....** (၅) ရဟန်းတို့သည်လည်း ထို့အတူပင် "အမှတ်မရှိ တစ်ခုသောနေ့တွင် အမှန်သေရတော့မည်" ဟူ၍ သိထားသောကြောင့် သေရဦးမည့် ဘေးကိုသာ တွေး၍ ကြောက်လန့်တော်မူကြသဖြင့် မသေမီအတွင်း ကာမဂုဏ်ဖြင့် ဆင်းရဲမခံလိုတော့ဘဲ မြတ်သော တရားဖြင့် ချမ်းသာစွာ နေကြကုန်၏။ လူ့ပြည်လသာ

ရောက် လူဖြစ်နေရခြင်းကို ဟွေး၍ ကြည့်သော် "သင်သည် လူ့ပြည်သွား၍ ခဏ လူဖြစ်ခဲ့လေ၊ သို့သော် အချိန် ကန့်သတ် မပေးနိုင်ပါ။ နောင်တစ်ခုသောနေ့တွင် လူခန္ဓာထားခဲ့ပြီး သေခဲ့ရမည်" ဟူ၍ စစ်သည်ဗိုလ်ပါများသော အခြံအရံရှိသော မရဏမင်းက အမိန့်မှတ်လွှတ်လိုက်ခြင်း ခံရသည်နှင့် တူလေသည်။

**တန်ခိုးကြီးသောဘုရင့်မက....** (၆) သတ္တဝါ မှန်သမျှတို့သည် "ဇာတိ" ခေါ် ပဋိသန္ဓေတရား စ၍ တည်လိုက်လျှင်ပင် "မရဏ" ခေါ်သော စုတိကို သဘောအားဖြင့် ရှေးရှုပြီး ဖြစ်လေသည်။ "အထက်သို့ပစ်လွှင့်အပ်သောခဲသည် အောက်သို့ အမှန် ပြန်ကြရသကဲ့သို့ မွေးဖွားလာခဲ့သော သတ္တဝါ မှန်သမျှတို့သည် သေကြရမည့်ချည်းသာ ဖြစ်၏။ ထိုသဘောတရားကို "မရဏမင်းကြီးက ချမှတ်သောအမိန့်" ဟူ၍ ပြောလေ့ရှိကြ၏၊ စင်စစ်ကား "လွန်မရနိုင်သော နိယာမတရား" ဖြစ်လေရာ လူ့ပြည်က တန်ခိုးအာဏာကြီးသော ဘုရင်ကြီး အမိန့်တော်ထက် တည်မြဲသေး၏၊ ဘုရင်ကြီး၏တစ်ချက်လွှတ် သေမိန့်သည် အကြောင်း တစ်ခုခုကြောင့် လွတ်ခွင့်ရနိုင်၏။ မရဏမင်းအမိန့်ကား မည်သူ အယူခံ၍မှ ရရိုး ထုံးစံမရှိချေ၊ ထို့ကြောင့် "သာသနာထမ်း ရဟန်းတော်သည် သေရမည့် ဘေးကိုသာ တရေးရေး တွေး၍ ကြောက်လန့်နေသူ" ဖြစ်လေသည်။

## (၁) အင်ကြင်းရွက်လျှော် မြင်၍ ထိတ်လန့်သော သူတော်ကောင်းတစ်ဦး ဝတ္ထု

ရှေးသူတော်ထုံး အားကျဦးစို့.... ရှေးအခါက ပညာရှိ သူတော်ကောင်းတို့သည် ဖက်ရွက်လျှော် မြင်သည်နှင့် မိမိကိုယ်၏မမြဲသော အနိစ္စသဘောကို သံဝေဂ ကာ ကမ္မဋ္ဌာန်း ဆင်ခြင်တော်မူသဖြင့် အာသဝေါ ကင်းကွာ၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးဖြစ်သွားခဲ့ဖူးသည်ကို ရဟန်းပုဂ္ဂိုလ်တို့ သိမြင်ပြီး ဖြစ်ကြ၏။ ထိုကြောင့်လည်း ရံခါ အားကျ တတ်ကြလေသည်။

ထိုအကြောင်းကား ရှေးလွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည်၌ မဂဓမင်းကြီး မင်းပြုနေစဉ်အခါ ထိုမင်းကြီး၏သား တော် "အရိန္ဒမ" မည်သော သတို့သားနှင့် ရွယ်တူဖြစ်သော ပုရောဟိတ်ကြီး၏ "သောဏ" ဟူသောသားတစ်ယောက် လည်း ရှိလေ၏၊ ထိုသတို့သားနှစ်ယောက်တို့သည် အရွယ်တူ ဖွားဖက်တော် ဖြစ်ကြသဖြင့် အလွန် ရင်းနှီးစွာ ချစ်ကျွမ်း ဝင်ကြလေ၏။ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးအထံသို့ အတူတကွပညာသင်ကြား၍ တတ်မြောက်ကြပြီးလျှင် အတူတကွ ပြန်လာခဲ့ကြရာ လမ်းခရီး အကြား ဗာရာဏသီပြည်မင်း၏ ဥယျာဉ်တွင်း ဝင်၍ အရိန္ဒမ သတို့သားသည် မင်္ဂလာကျောက်ဖျာထက်၌ တက်၍ အိပ်လေ ၏။ ထိုအချိန်တွင်ဗာရာဏသီမင်းကြီးမှာ နတ်ရွာလားပြီးနောက်

၇-ရက်မြောက်နေ့ ဖြစ်သောကြောင့် ပုရောဟိတ်စသော မှူးမတ်တို့သည်း ဖုတ်သွင်း ရထား လွှတ်၍ မင်း လောင်း ရှာခိုက်နှင့် ကြုံလေ၏။ ရထားလည်း မင်းသားအိပ်နေသော ကျောက်ဖျာခြေရင်း၌ ဆိုက်လေရာ ပုရောဟိတ်စသည်တို့က ကျောက်ဖျာထက်က လုလင်ကိုကြည့်လတ်သော် ကောင်းမြတ်သော ကြန်အင် လက္ခဏာနှင့် ပြည့်စုံသော မင်းသား ဖြစ်ကြောင်း သိရ၍ အရိန္ဒမ သတို့သားကို မင်္ဂလာ ကျောက်ဖျာထက်၌ပင် အဘိသိက်သွန်းလျက် ရွှေရထားဖြင့် ဆောင်ယူကာ မင်းမြောက်ကြလေ၏။

ထိုအခါ သောဏသတို့သားသည် အနီး၌ ရှိလေရာ ဖုတ်သွင်း ရထားလာစဉ်ကပင် "ငါ့အချင်းသား မင်းအဖြစ်သို့ ရောက်တော့မည်၊ ငါ့အချင် မင်းဖြစ်က ငါလဲ စစ်သူကြီး ဌာနန္တရကို မချရတော့မှာပဲ" ဟု၍ မိမိ၏ စွမ်းရည်နှင့်တကွ သိပြီးဖြစ်လေသည်။ သို့သော် "အပြစ်နှင့်တကွသော လောကီ ဘုံသားတို့၏ ဘဝ သက်တမ်းကို မခံမကျော်နိုင်၊ စစ်သူကြီး ရာထူး စည်းစိမ်ဖြင့် အဘယ် အကျိုးရှိအံ့နည်း" ဟု တင့်အပ်သော အရပ်တစ်ခု၌ ကွယ်ဝှက် ပုန်းအောင်းနေရစ်လေသည်။

လူပနို့သတ် ရှင်းသောအခါမှ ထွက်လာပြီးလျှင် ယခင် ဖွားဖက်တော် မင်းသား လျောင်းစက်သွားသော ကျောက်ဖျာကို အရှိအသေ လက်ယာရစ်လှည့်ပတ်၍နေစဉ် အင်ကြင်း ရွက်လျော် တစ်ခုသည် ရှေ့ဝယ်၌ ကျရောက်လာလေ၏။

ထိုအခါ လျော်၍ အညှာမှ ကြွေကျလာသော ဖက်ရွက်ကို ကြည့်၍ "ငါ၏ ခန္ဓာကိုယ်သည်လဲ ဖက်ရွက်ဝါလျော်ကဲ့သို့ ကြွေရဦးမည်တကား"ဟု ထိတ်လန့် တုန်လှုပ်လျက် များစွာ သံဝေဂ ဖြစ်ပွားလေ၏။

"ဤဖက်ရွက်ကား နုရာမှရင့်ခဲ့၏၊ ရင့်ရာမှ လျော်ခဲ့၏၊ လျော်ရာမှကြွေခဲ့၏၊ ငါသည်လည်း ငယ်ရာမှကြီးခဲ့ပြီ၊ ကြီးရာမှ အိုရဦးမည်၊ အိုရာမှ နာရဦးမည်၊ နာရာမှ သေရဦးမည်"ဟု ရှေ့သို့မျှော်တွေးသော် ကြောက်ဖွယ်ပါတကား စိုးရိမ်ဖွယ် ပါတကား"ဟူသော သံဝေဂကို ထင်မြင်သောလေ၏၊ သို့ဖြင့် ဤသို့ အကြံဖြစ်လေ၏။

"ငါသည် ငယ်ရွယ်သော အရွယ်ရှိ၏၊ သွားလိုရာသွားနိုင်သေး၏၊ မြတ်သောတရားကို အားထုတ်ခြင်းဖြင့် စွမ်းစွမ်းတမံ ကြိုးစားကျင့်နိုင်၏။ စိတ်သွားရာ ကိုယ်ပါနိုင်၏။ ဤသို့သော အချိန်ကောင်းရဆဲကာလမှာ တရားမရှာဘဲလျက် အပြစ်များသော ကာမဂုဏ်တွင်း သက်ဆင်း မိုက်မဲနေခဲ့သော် ထိုသို့ တရားမရှိမီအတွင်း သေသွားပါက မခက်ပါလော၊ သေပြီးနောက်မှ အပါယ် ဆင်းရဲတွင်း နစ်ခဲ့သော် ငါသာလျှင် ပင်ပန်းညည်းညူခံရချေမည်။ စိမ်းရာမှ ဝါလျော်၍ ကြွေကျခဲ့သော အင်ကြင်းရွက်သည် ငါ့ကို သတိပေးခြင်း မဟုတ်ပါလော"ဟူ၍ "သင်္ခါရသဘောတရားတို့၏ မမြဲသောဖြစ်ခြင်း၊ ပျက်ခြင်းသည် မုချသာ တကား"ဟူသော အပြစ်ကို နှလုံးသွင်းလေ၏။

ငါ၏ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် အနိစ္စသဘော တရားသာတည်း၊ ပြုပြင်သမျှတို့သည် ဒုက္ခသဘော တရားသာ တည်း၊ မြင်ရကြားရသော အရာခပ်သိမ်းတို့သည် အနတ္တ သဘော တရားသာတည်း”ဟု သံဝေဂကင်လျက် ဝိပဿနာရှု ဆင်ခြင်လေ၏၊ ထိုအခါ ခရေးငါးမီ ခေတ်ခံကလည်း ရင့်သန် ပြီးဖြစ်သောကြောင့် ထိုနေ့ရာ၌ပင်လျှင် ကာသဝေါ ကင်းကွာ လျက် ပစ္စေကဗုဒ္ဓာဟူသော ဖြစ်တော်မူသွားလေ၏။ ထိုနောက် အရှင်သော ပစ္စေကဗုဒ္ဓာ အရှင်မြတ်သည် ပစ္စေကဗုဒ္ဓာတို့ ပျော်စံရာဖြစ်သော ဟိမဝန္တာနန္ဒမူလိုက်ဂူသို့ ကောင်းကင်ခရီး ဖြင့်ပုံကြွတော်မူလေသတည်း။

## ၂။ ဆံဖြူတစ်ပင်မြင်၍သေဘေးကို ထိတ်လန့်ကာ တောထွက်သော မင်းကြီး ဝတ္ထု

သူတော်ကောင်းတို့ မည်သည် ရံခါ၌ မေ့လျော့တတ်ကြ သော်လည်း သံဝေဂရဖွယ်ကို မြင်သောအခါ လျင်စွာ သတိ သံဝေဂကို ဖြစ်ကြလျက် တရား ကျင့်သုံး သွားတတ်ကြလေ သည်။ ထိုကြောင့် ရှေးအခါက ပညာရှိ သူတော်ကောင်းတို့ မှာ မိမိဦးခေါင်းမှ ဆံပင်ဖြူကို မြင်၍ ‘သေမင်းလာတော့မည်’ဟု ထိတ်လန့်ပြီးလျှင် လူ့ဘဝ၏မမြဲသော စည်းစိမ်ကို ‘ပစ္စည်းက မစွန့်မီ ငါက အလျင်စွန့်မည်’ဟူ၍စွန့်ပစ်ပြီးကာ တောထွက် ၍ ရသေ့ ရဟန်းပြုလေ့ ရှိကြကုန်၏။ ယခုအခါ သူတော် သူမြတ်ဖြစ်တော်မူကြသော ရသေ့၊ ရဟန်းတို့လည်း ထို ရှေး

သူတော်ကောင်းတို့ ထုံးကို မြဲစွာ နှလုံးသွင်းကြလျက် ကပ်ရောက်လာမည့် သေဘေးကို သတိဖြင့်ရှုကာ နေတော်မူကြကုန်၏။ ရှေးနည်းဟောင်းတစ်ခုကား ဤသို့တည်း။

ရှေးလွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ မဃဒေဝမင်းကြီးသည် မင်းကျင့်တရားနှင့်အညီ မင်းပြု၍ နေလေ၏။ ထိုမင်းကြီးသည် ရှည်စွာသော နှစ်ကာလတို့ကို လွန်စေသည်ရှိသော် တစ်နေ့သ၌ သတိတရားတစ်ခုဖြစ်သောကြောင့် ဆတ္တာသည်ကို ခေါ်၍ "ငါ၏ဦးခေါင်း၌ ဆံဖြူကို မြင်လျှင် ခဏမဆိုင်း ငါ့အား လျှောက်ကြားလော့"ဟု မှာထားလေ၏။

ထိုနောက် တရားသဖြင့် မင်းမှုမြဲ ပြု၍ ရှည်စွာသော နှစ်ကာလကိုလွန်ခဲ့သည်ရှိသော် တစ်နေ့သ၌ ဆတ္တာသည်လည်း မျက်စဉ်းညို အဆင်းနှင့် တူကုန်သောအရှင်မင်းကြီး၏ ဆံတော်တို့အကြား၌ "ဆံဖြူတစ်ပင်သည်ထင်ပါကြောင်း" ဟူ၍ ကြားလျှောက်လေ၏။

"ထိုသို့ဖြစ်လျှင် ထိုဆံဖြူကို ငါ၏ လက်၌ နုတ်၍တင်ပြလော့"ဟု မင်းကြီးကမိန့်ဆိုလေရာ ဆတ္တာသည်လည်း ရွှေမွေးညှပ်ဖြင့်ရိုသေစွာနုတ်၍မင်းကြီး၏သက်တမ်းသည်(၈၄၀၀၀) ရှစ်သောင်းလေးထောင် ကြွင်းသေး၏၊ သို့သော် တရားပြည့်ဝသော မဃဒေဝမင်းကြီးမှာမူ သေမင်းလာလတ်၍ မိမိအနီး၌ ရပ်တည်နေဘိသကဲ့သို့ လည်းကောင်း၊ မီးလျှံတို့ဖြင့် ပြောင်

ပြောင်တောက်လောင်၍နေသော သစ်ရွက်မိုး အိမ်အတွင်း၌ မိမိ တစ်ကိုယ်တည်း ဝင်ရောက်နေရသကဲ့သို့ လည်းကောင်း ထင်မှတ်လျက် ထိတ်လန့်ခြင်း ပြင်းစွာဖြစ်တော်မူလေ၏။

"အိုမိုက်စွာသော မဂ္ဂဒေဝမင်း၊ သင်သည် ဆံဖြူသည့် တိုင်အောင် ကျည်စ်ညမ်းသော ကိလေသာတို့ကို စွန့်ပယ်ခြင်းငှာ မတတ်နိုင်တကား၊ သင်သည် စက်ဆုပ် ရွံရှာဖွယ်ကိုမျှ မသိတတ်ယောင်တကား" ဟူ၍ မိမိ၏ ကိုယ်ကို ကြံတွေးဆုံးမလေ၏။

မဂ္ဂဒေဝမင်းကြီးသည် မိမိဦးခေါင်း၌ ဆံဖြူပေါက်သည်၏ အဖြစ်ကို ဆင်ခြင်မိစဉ် အတွင်း၌ပင်လျှင် ကိုယ်အသုံးမှာ ပူလောင်ခြင်းပြင်းစွာဖြစ်လျက် ချွေးတို့သည် ယိုထွက်ကုန်၏။ ကိုယ်၌ ဝတ်ရုံသောပုဆိုးတို့သည် ညှစ်မစ်ရလောက်အောင် ဖြစ်ကုန်၏။ ထိုအခါ မဂ္ဂဒေဝမင်းကြီးသည် ဤသို့ကြံ၏။

"ငါသည် ယနေ့ပင် တောထွက်မှတော်မည်၊ ကြာနေလျှင် သေမင်းက လက်ချက်ဦးချေတော့မည်၊ နက်ဖြန်အထိ ဆိုင်းခဲ့သော် ညဉ့်အဖို့၌ပင် စိတ်ချနိုင်ဖွယ်မရှိပြီ" ဟု ကြံစည်ဆုံးဖြတ်ပြီးလျှင် ဆတ္တာသည်အား အခွန်ဘစ်သိန်းထွက်သော ရွာကြီး တစ်ခုကို ဆုချပေးသနားတော်မူလိုက်၏။

ထို့နောက် သားကြီးကို ခေါ်စေ၍ "ချစ်သား ငါ၏ ဦးခေါင်း၌ သေမင်းတမန်ဆံဖြူသည် ထင်ရှားဖြစ်ခဲ့ပြီ၊ ငါသည် အိုမင်းခြင်းသို့ရောက်ပြီ၊ ငါသည် လူ၌ဖြစ်သော ကာမဂုဏ်

တို့ကို ခံစားဖြီးလဲ ဖြစ်ပြီ၊ ယခုအခါ အထက်နတ်ရွာ သုဂတိဘုံသွား၍ နတ်ဦးဖြစ်သော ချမ်းသာကိုသာ ရှာကြံတော့ အံ့ ငါ့အား တောထွက်ရန် အခါတန်လေပြီ၊ ထို့ကြောင့် သင်သည် ဤမင်းအဖြစ်ကို ယူရစ်လော့၊ ငါမူကား ရသေ့ ရဟန်းပြု၍ မဃဒေဝဥယျာဉ်၌ နေလျက် ရဟန်းတရားကိုသာ ကျင့်ကြံအားထုတ်ပါတော့အံ့" ဟူ၍ မိန့်ကြားလေ၏။

ရဟန်းပြုတော့မည် ဟူသော မဃဒေဝမင်းကြီး၏ မိန့်ဆို သံကို ကြားကြရသော မင်း၏ အမတ်တို့သည် ရှေ့တော်သို့ ဝင်ကြပြီး "အရှင်မင်းကြီး အဘယ်သို့သော အကြောင်း ကြောင့် ရဟန်းပြုလိုပါသနည်း" ဟု လျှောက်ထားကြကုန်၏၊ ထိုအခါ မင်းကြီးသည် ဆံဖြူပင်ကို လက်တော်ဖြင့် ယူကာ အမတ်တို့အား ပြလျက်....

"အို အမတ်အပေါင်းတို့ နတ်တမန်နှင့်တူသော သေမင်း၏ တမန်ဖြစ်သော ဆံဖြူပင်တို့သည် ငါ့အား ထင်ရှား ဖြစ်ပေါ် ပြလာလေကုန်ပြီ၊ အရွယ်သုံးပါးတို့တွင် ပထမအရွယ်၊ ဒုတိယ အရွယ်တို့ကို လွန်၍ တတိယအရွယ်ဟု ဆိုအပ်သော အိုမင်း ယိုယွင်းခြင်းသို့ ရောက်ခဲ့လေပြီ" ဟူ၍ ဖြေကြား မိန့်တော် မူပြီးလျှင် ထိုနေ့ချင်းပင် မင်းအဖြစ်ကို စွန့်၍ ဆံမုတ်ဆိတ်ကို ရိတ်ဖြတ်လျက် ရသေ့ ရဟန်းပြုတော်မူလေ၏။

ရသေ့ ရဟန်းပြုပြီးလျှင် မဃဒေဝ သရက်ဥယျာဉ် အတွင်း ၌ ရသေ့နှင့် လျော်သော ကျောင်းသင်္ခမ်းကလေး ဖန်ဆင်း၍

အနှစ်ဒေပါင်း (ရှစ်သောင်းလေးထောင်) သော ကာလပတ်လုံး ဖြဟ္မဝိဟာရ တရားလေးပါးကို ပွားများလျက် ဈာန်အဘိညာဉ်ကို ဖြစ်စေပြီးလျှင် အသက်ရှည်သမျှ ကာလပတ်လုံး ကိုယ်စိတ် ချမ်းသာစွာ ရဟန်းတရားဖြင့် နေသေး၏၊ ထိုဘဝ ကုန်ဆုံးသောအခါ အထက်ဗြဟ္မာပြည်သို့ လားလေ၏။

ယခုအခါ ထင်ရှားရှိကြသော ရဟန်းတော်တို့လည်း မဃဒေဝ မင်းကြီးကဲ့သို့ တစ်နေ့သောအခါ သေမင်းတမန် ရောက်လာမည်ကို သိမြင်တော်မူကြပြီး ဖြစ်သောကြောင့် နတ်တမန်နှင့်တူသော သေမင်း၏ စစ်သည်များ မဝင်သေးမီ အချိန်ကာလ အတွင်းဝယ် ကိုယ်ဆောက်ပါမည့် တရားကို ထိတ်လန့်စွာ ကြိုးစားရှာမှီးနေကြသော ပုဂ္ဂိုလ်များ ဖြစ်ကြလေရာ မိမိလိုလားသော ပါရမီကို နေ့တွက်မယုတ်စေဘဲ အားထုတ်ကြရသတည်း။

## ၃။ သေခြင်း၏အနီးသို့ရောက်၍ စိုးရိမ်သော မင်းကြီး ဝတ္ထု

ရဟန်းတို့သည် မိမိကိုယ်တိုင်လည်း သေဘေးကိုကြောက်၍ တရားနှင့်အညီ နေကြကုန်၏၊ သူတစ်ပါးတို့အား သေဘေး ကြောက်လန့်သည်ကို မြင်လျှင်လည်း တရားသဖြင့် နှစ်သိမ့်စေကြကုန်၏၊ ထိုအကြောင်းကို အောက်ပါ ဥဒါဟရုဏ်ဖြင့် ရှုပါလော့။

သီဟိုဠ်သာသနာဝင်တွင် ထင်ရှားခဲ့သော ဒုဋ္ဌဂါမဏိမင်းတရားကြီးသည် မဟာစေတီတော်တည်နေစဉ် အုတ်ရိုးသာပြီး၍ သီးတော်တင်ခြင်း၊ အင်္ဂတေလိမ်းကျံခြင်းကိစ္စတို့ မပြီးမီပင် သေခြင်း၏အနီးသို့ ရောက်သောရောဂါသည် ပြင်းစွာကပ်ငြိနှိပ်စက်တော်မူလေ၏၊ ထိုအခါ ဒီဃဝါပီ အရပ်၌နေသော ညီတော် တိဿမင်းသားကို လွဲအပ်ရာ လျင်မြန်သောညာဏ်ဖြင့် နောင်တော်မင်းကြီး စိတ်ချမ်းသာစေရန် အတွက် စေတီတော်ပြီးရန် အမြန်စီမံစေ၏၊ ပြီးလျှင် တမ်းစင်ဖြင့်ဆောင်၍ မဟာစေတီတော်ကို ဖူးမြော်လေစေရာ စေတီတော်ကို လက်ယာရစ် လှည့်ပြီးမှ မြေပြင်၌ချ၍ လက်ယာနံပါးဖြင့်လျောင်းလျက် မဟာစေတီတော်ကို ဖူးမြော်ရှိခိုးလေ၏၊ လက်ဝဲနံပါးဖြင့် လောဟပါသာဒ ပြာသာဒ်ကို ရှုမျှော်ပူဇော်၏။

ထိုအခိုက် မင်းကြီးနာသည်ကို ကြည့်ရှု မေးမြန်းခြင်းငှာ ရောက်ကြကုန်သော ရဟန်းသံဃာတော်တို့သည် တဆယ့်ခြောက်ကုဋေခန့်မျှ စုဝေးမိကြကုန်၏၊ ထိုထိုအရပ်မှ ကြွလာကြကုန်သော သံဃာတော်တို့သည် မိစ္ဆာဒိဋ္ဌိတို့ကို ပယ်ရှင်း၍ ဗုဒ္ဓသာသနာတော် ထွန်းလင်းစေခဲ့သော သာသနဒါယကာမင်းမြတ်ကြီးဖြစ်သောကြောင့် အခရိုးယူ ကြွရောက်ကြခြင်းဖြစ်လေသည်။

ထိုသံဃာတော်တို့သည် အညီအညွတ် စုဝေးကြလျက်နာသောမင်းကြီးအား ကြားနာစေရန် တရားတော်များကို

ရွှတ်ဖဘ်သရဇ္ဈာယ်ကြကုန်၏၊ မင်းကြီးသည် သံဃာတော်များကို ဖူးမြော်ကြည်ညိုလေရာ ထိုသံဃာထု အစည်းအဝေး၌ ရှေးအခါက အားကိုးရဖူးသော 'ထေရပုတ္တာဘယမထေရ်' ကို မမြင်သည်ဖြစ်၍ ဤသို့ ကြံမိလေ၏။

အကြင်အဘယမည်သော သူရဲကြီးသည် ကျေးမင်းတို့နှင့် ၂၈ ကြိမ် တိုင်အောင် ကြီးစွာသော စစ်ထိုးခြင်းကိုပြုရာ၌ ငါ မရှုံးအံ့သည်ဖြစ်၍ ငါ၏ အထံ၌ ဝန်းရံကာ အဖော်ပြုလုပ်ခဲ့ပေသည်၊ ယခုအခါလည်း သေမင်းနှင့် စစ်ထိုးနေရရာ ငါရှုံးလတ္တံ့သည်ကို မြင်ခသာကြောင့် မကြွလာဟန်ရှိသည် ဟူ၍ ကြံခတွေး ဝမ်းနည်းလေ၏။

မင်းကြီး၏ စိုးရိမ် ပူပန်ခသာအကြံကို အဘယမထေရ် မြတ်ကြီးသည် အရိန္ဒမမြစ်၏အမွန် ပဥ္စလီတောင်၌ သီတင်းသုံးနေတော်မူရာမှ 'ဒိဗ္ဗသောတ' နားဖြင့် သိ၍ ရဟန္တာငါးရာနှင့် တကွ ကောင်းကင် ခရီးဖြင့် ပျံကြွခဲ့ပြီးလျှင် မင်းကြီးအနီး၌ ဝန်းရံကာ တည်ကြကုန်၏၊ မင်းကြီးသည် တောင့်တနေစဉ် အားကိုးအားထားပြုခသာ မထေရ်မြတ်ကြီးကို ဖူးမြင်ရ၍ များစွာ ခင်မင်ကြည်ညိုခသာစိတ်ဖြင့် ရှင်လန်းအားတက်လျက် အတိုင်းမသိ ဝမ်းမြောက်သောကြောင့် ရှေ့အနီးသို့ ကြွတော်မူရန် ပင့်လေ၏။

"အရှင်ဘုရား တပည့်တော်တို့သည် ရှေးအခါကသူရဲကြီး တစ်ကျိပ်ဖြစ်ကုန်သော အရှင်ဘုရားတို့နှင့်တကွ စစ်ထိုးကြရပါ

ကုန်ပြီ၊ ယခုမူကား တကာတော် တစ်ယောက်တည်းသာလျှင် သေမင်းနှင့် စစ်ထိုးခြင်းငှာ အားထုတ်ရပါ၏၊ သေခြင်းတည်း ဟူသော ရန်သူစစ်ကိုကား ရှုံးစိမ့်သောငှာ မဘာစ်နိုင်ချေတော့ ပါဘုရား'' ဟူ၍ ဝမ်းနည်းစွာ လျှောက်ထားလေ၏။

ထိုအခါ မထေရ်မြတ်ကြီးက မင်းကြီးနှစ်သိမ့်စိမ့်သောငှာ မှန်ကန်သော တရားသဘောဖြင့် ဤသို့ ဟောပြဆုံးမတော် မူလေ၏။

လူတို့ကို အစိုးရသော မြတ်သောမင်းကြီး ကြောက်ရွံ့တော် မမူပါလင့်၊ ကိလေသာ တည်းဟူသော အတွင်းရန်သူကို မအောင်မြင်နိုင်သေးသမျှ ကာလပတ်လုံး သေမင်းတည်း ဟူ သော ရန်သူကိုမအောင်နိုင်ချေပါ၊အလုံးစုံသော ရုပ်၊နာမ်၊ခန္ဓာ သင်္ခါရတရားတို့သည်အမြဲမရှိကြကုန်ဟူ၍အတုမရှိသောဘုရား ရှင်သည် ဟောကြားတော်မူပါ၏၊ထို့ကြောင့်အလုံးစုံ ဖြစ်ပေါ် လာသမျှ သဘောတရားတို့သည် ပျက်ရမည်သာတည်း၊ ဇရာ၊ မရဏ၊ အနိစ္စတို့သည် ရှက်ကြောက်ခြင်းမှ ကင်းကြကုန်သည် ဖြစ်၍ လူသုံးဦးတို့ထက် မြတ်သော ဘုရားရှင် ကိုယ်တော် မြတ်ကြီးသော်မှလည်း ဝင်၍ နှိပ်စက်ချေသေး၏၊ ငါကဲ့သို့ သောသူ၏ ရုပ်၊ နာမ်၊ ခန္ဓာတို့သည်လည်း အမြဲ မရှိနိုင်ချေ၊ ဆင်းရဲသာတည်း၊ ငါအစိုးမရချေ တကားဟု နှလုံးထားတော် မူလော့။

မြတ်သော မင်းကြီး သဒ္ဒါမင်းကြီးသည် နှစ်ခုမြောက်သော ရှေးအတိတ်ဘဝ သာမဏေ ဖြစ်စဉ်ကလည်း ကြီးစွာသော

သမ္မာဆန္ဒ ကုသိုလ်သမ္ဘာရကြောင့် နတ်ပြည်ရောက်ကြောင်း နိမိတ်သည် ထင်လာလျက် နတ်၏ချမ်းသာကို ပယ်၍ ဤသို့ လူမင်းအဖြစ်ကိုရယူပြီးလျှင် များစွာသော ကုသိုလ်ကောင်းမှု တို့ကို ပြုရပြီး၊ တကာတော်၏ ကျေးဇူးမင်းအဖြစ်ကို ပြုတော် မူခြင်းသည်လည်း သာသနာတော် ထွန်းလင်း တောက်ပစိမ့် သောငှာသာလျှင် ပြုလုပ်ဆောင်ရွက်ခဲ့ပေသည်၊ အလွန်များ လှသော ကောင်းမှုရှိသော မင်းကြီး သင်ကဲ့သို့ ရင့်ကျက် သော စိတ်ထားရှိသော မင်းမြတ်သည် ပါရမီဒါနနှင့် နေ့ည မပြတ် ဆည်းပူးတော်မူပြီး၍ ယနေ့ထက်တိုင်အောင် ပြုသော ကုသိုလ်တို့ကို ဆင်ခြင် အောက်မေ့တော်မူပါလော့၊ ဤသို့ အောက်မေ့လိုက်လျှင် နတ်၏ချမ်းသာသည် လျင်စွာရောက် လာလတ္တံ့ဟူ၍ မိန့်တော်မူလေ၏။

မထေရ်မြတ်ကြီး၏သတိပေးစကား၊ဆုံးမဟောကြားသော တရားသံ အမိန့်ကို ကြားနာရသောအခါ မင်းကြီးသည် ဝမ်းမြောက်နှစ်သက်တော်မူလှ၍ "အရှင်ဘုရား အရှင်မြတ် သည် ကျွန်ုပ်၏ နှစ်ကြိမ်သော စစ်ပွဲ၌လည်း အဖော်သဟဲ ဖြစ်ပါပေသည်" ဟု လျှောက်ဆိုကာ ရိုသေအား၊ရစွာ ရှိခိုး လေ၏။

ထို့နောက် ကောင်းမှုစာရင်း ပုရပိုက်ကို ဆောင်ယူစေ၍ စာရေးအား ဖတ်ကြားစေပြီးလျှင် ဆိတ်ငြိမ်စူးစိုက်စွာ နား ထောင်တော်မူလေ၏၊ များစွာသော မိမိ၏ အလှူစာရင်း

တို့ကို ကြားပြီးလျှင် ဤသို့ မင်းဖြစ်သော ယခုအခါ၌ ငါလှူခဲ့သော ဒါနသည်များပြားစွာရှိသော်လည်းစိတ်၌အားရနှစ်သိမ့်ခြင်းမရှိချေ၊ ဆင်းရဲဘေးတွေ့လျက် နေ့စဉ်အသက်ကိုမငဲ့မူ၍ လှူခဲ့ရသော ဆပ်ဆွမ်းနှင့် တစ်ယောက်စာသော ထမင်းအလှူကိုသာလျှင် မှတ်မှတ်ရရ ငါအလွန် နှစ်သက်တော်မူသည်ဟု မိန့်ဆိုလေ၏။

ထိုစကားကို မဟေရီမြတ်ကြီးကြားလျှင် အာသန္နကံဖြစ်စေခြင်းငှာ ကြည်ညိုနှစ်သိမ့်သည်ထက် သဒ္ဒါတရား ဖြစ်အောင် ထိုဒါနကိုပင် ထပ်မံဟောပြတော်မူလေ၏၊ ထိုသို့ ကြည်ညိုဖွယ်ရာကို ထပ်မံ ကြားနာရလေလျှင် ဝမ်းမြောက်လှသဖြင့် ဤသို့ လျှောက်ကြားလေ၏။

"အရှင်ဘုရား အကျွန်ုပ်သည် ၂၄ နှစ် တို့ပတ်လုံး သံဃာတော်တို့အား များစွာသော ကျေးဇူးကိုပြုပါသည်၊ ဤသို့ သံဃာတော်တို့၏ ကျွန်ဖြစ်သော အကျွန်ုပ်၏ ရုပ်အစုသည် သံဃာတော်အား ကျေးဇူးများခြင်းငှာ ဖြစ်ပါစေသတည်း" ဟူ၍ မိဋ္ဌာန်ပြီးလျှင်ညီတော်တိဿမင်းကိုခေါ်၍ "ငါ့ညီတိဿ သင်သည် ဤမဟာစေတီတော်၌ မပြီးသမျှ အလုံးစုံသော ကိစ္စကို ရိုသေကောင်းမွန်စွာ ပြီးစေပါလော့၊ နံနက်အခါ ညအခါတို့၌ ဤမဟာစေတီဝယ် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး တို့ဖြင့် ကပ်လှူခြင်း၊ ပဉ္စင်တူရိယာဖြင့် ပူဇော်ခြင်းကိုပြုရစ်ပါ၊ ငါသည် မြတ်စွာဘုရားရှင် သာသနာတော်၌ အလှူဝတ်တို့ကို


စီရင်၏၊ ထိုအလှူဝတ်ဟူသမျှကိုလည်း မပျက် မယုတ်အောင် အားထုတ်ရစ်ပါလော့၊ သံဃာတော်တို့ ကိစ္စ၌လည်း မမေ့ မလျော့ရစ်ပါလင့်''ဟူ၍ မှာကြားဖွယ်ရာ ဟူသမျှကို အရပ်တစ်ပါးသို့ ခရီးသွားသောသူကဲ့သို့ အေးဆေးစွာ ပြည့်ပြည့်စုံစုံ မှာကြားခဲ့ပြီးမှ ဆိတ်ဆိတ်နေတော်မူလေ၏။

ထိုအခါတွင် ရဟန်းသံဃာတော်တို့သည် မင်းကြီးအတွက် ပရိတ်တရားတော်ကို ရွတ်ဖတ်ကြကုန်၏။ သံဃာတော်တို့၏ သရဇ္ဈာယ်သံကိုကြားနာနေစဉ် နတ်ပြည်ခြောက်ထပ်မှ ရထားခြောက်စင်း ဆိုက်ရောက်လာသဖြင့် ''အိပ်သော မယောကျ်ား နိုးသောအလားကဲ့သို့'' ဘုရားအလောင်းတော်တို့ စံပျော်ရာ တုသိတာနတ်ပြည်မှလာသော ရထားထက်၌ ဘုန်းခိုးကြီးသော နတ်သားဖြစ်၍ နတ်ရထားမှူးသည် ဝမ်း မြောက် စွာ လျှင် တုသိတာ နတ်ပြည်သို့ ဆောင်ယူသွားလေသတည်း။ ယနေ့တိုင်အောင် နတ်တို့၏ ချမ်းသာကိုခံစံပျော်ပါးလျက်ရှိလေ၏။

''သေရမည့် ဘေးကို မကြောက်သောသူ မရှိ'' ပုထုဇဉ်မှန်သမျှ ကြောက်ကြကုန်၏။ သို့ရာတွင် သေရမည်ကို သိ၍ စောစီးစွာ ကြိုတင်ပြင်ဆင်ပြီး ရှိသောသူတို့မှာမူ တစ်ခုသော ဒေသမှ အရပ်တစ်ပါးသို့ ခေတ္တခရီးသွားခြင်းကဲ့သို့ စိုးရိမ်ပူဆွေး ဝန်လေးခြင်း ကင်းကြကုန်၏။ သေဘေးကို မပြတ်ရှုလေ့ရှိကြသော သူတော် သူမြတ်တို့လည်း တစ်နေ့တွင် ခရီးထွက်ရမည်ကိုသိသော ခရီးသွား၏ ကြိုတင်ပြင်ဆင်ခြင်းကဲ့သို့

ခန္ဓာဟောင်းစွန့်၍ ခန္ဓာသစ်ပြောင်းရန် ဝန်မလေးဖို့အတွက် ကြိုတင်ပြင်ဆင်၍ နေကြကုန်၏။

သတိယွင်းပါး ကာမဂုဏ်ကျွန်သားသဖွယ် တရားသံဝေဂ စိတ်မသွင်းမူ၍ ကမ္ဘာပတ်လုံး မိမိခန္ဓာတည်နေမည့်သူကဲ့သို့ နောင်ဘဝအတွက် ကြိုတင်ပြင်ဆင်မှုနည်းစွာ နေတတ်ကြသူတို့ကား အရေးတကြီး ညဉ့်သန်းခေါင်ယံ ခေါ်လာသူ၏ အုံသြစွာနှင့် လိုက်ပါရသူကဲ့သို့ သေခြင်းအနီးသို့ ရောက်လာသောအခါ၌ စိုးရိမ်ပူပန်ခြင်း များကြရကုန်၏။ ထိုသို့သော သနားဖွယ်ကို တွေ့မြင်ကလည်း သူတော်ကောင်းဖြစ်ကြသော ရဟန်း ပုဂ္ဂိုလ်တို့သည် စိုးရိမ်ပူပန်မှုကို ပျောက်စေလျက် ချမ်းသာရာသို့ရောက်ရန် ပို့ဆောင်ပေးတတ်ကြကုန်၏။ သို့ရာတွင် အသင်ပြုသော အမှုသာလျှင် အသင်သွားရာ ပါမည်ဖြစ်သောကြောင့် သေခြင်း အနီးသို့မရောက်မီကာလက တစ်စတစ်စ ကြိုတင်၍ ကောင်းမှုပါရမီတရားတို့ကို ကြိုးစား၍ ဖြည့်ကျင့်ပါလော့။



# (၃) တတိယပိုင်း

## ၃။ ရဟန်းဟူသည် ပူမှုကိုကြောက်လန့်သူဖြစ်၏

ပူပင်သောက ကြောက်လန့်ကြ၏—(၈)ရသေ့ ရဟန်းတို့၏ နှလုံးသွင်းမှာ မသေခင်နေရသော လူ့ဘဝကလေးတွင် အေးချမ်းစွာ နေလိုကြ၏၊ ပူပူဆာဆာမနေလိုပေ၊ နေ့သေရမည်လည်းမသိ၊ ညသေရမည်လည်း မသိနိုင်သော လူ့ဘဝ၏ တိုတောင်းလှသည့် အချိန်တွင် နောက်ကျော ဘေးပန်းကာ ပူဆာနေမည့်သံယောဇဉ်ကို လွတ်ကင်းအောင် နေတတ်ကြကုန်၏၊ နောင်တစ်နေ့တွင် သေရမည့်အရေးကို တွေးမိသော

ကြောင့် စိတ်မအေးဘဲရှိနေရစဉ် အိမ်ထောင်သားမွေး မြူနေခဲ့သော် တိုတောင်းလှသော ခဏတာဝယ် အေးအေးသာသာ နေရချိန်မရှိတော့ချေ။ သူတို့အတွက် စားသောက်ရေး၊ နေထိုင်ရေး၊ တင့်တယ်ဖွယ်ရာရေး၊ ရပ်ရေး ရွာရေး၊ မင်းရေး၊ စိုးရေး၊ သားရေး သမီးရေး၊ သာရေး နာရေး စသည်ဖြင့် အဆုံးမသတ်နိုင်သော အရေးအကြောင်းတို့ နောက်သို့သာ ဖတ်ဖတ်မောအောင် လိုက်နေရပေမည်။

**လူ့ပြည်လောက ဆင်းရဲရ....** (၂) လူ့ပြည်လောကမှာ 'ပလိဗောဓ' ရှာမှီးခြင်းမျှပင် များသော ဒုက္ခရှိ၏၊ ''ကားရှိသော ဘုန်းကြီးမှာ ကားဒုက္ခခံရ၏၊ နွားရှိသောလူမှာ နွားဒုက္ခခံရ၏၊ လှေရှိသော ဘုန်းကြီးမှာ လှေဒုက္ခခံရ၏၊ ကာမဂုဏ်နောက် လိုက်လိုလျှင် ကာမဂုဏ်ဒဏ်ကို ခံနိုင်ရမည် ဖြစ်၏၊ အသင်ကား ပူဆာမှုကို ကြောက်သောသူ မဟုတ်လော၊ ပူဆာမှုကို ကြောက်လျှင် ထိုရှုပ်သော လမ်းကို မလိုက်မှားလေလင့်၊ ပူဆာမှုကင်းရာ ဤမှာဘက်ရှိ ရှင်းသောသူတော်စင် လမ်းသို့သာ တစ်ယောက်ထီးတည်း စိုက်စိုက် သွားလေလော့''ဟူ၍ မိမိကိုယ်ကို ဉာဏ်ဖြင့်ဆုံးမနေကြသော ပုဂ္ဂိုလ်သူမြတ်တို့လည်း ဖြစ်၏။

**သင်တုန်းသွားမမြင် ပျားရည်မက် ယင်ကောင်အသွင်....** (၃) ကာမဂုဏ်နောက် လိုက်ခြင်းသည် မကောင်းကျိုးမြန်မြန် ရလိမ့်မည်သာတည်း၊ ပျားရည်စက်ကိုမက်သော ယင်ကောင်သည်သင်တုန်းသွား၌ရှိသောပျားရည်စက်ကိုအာသာရမ္မက်ဖြင့်

သင်တုန်းသွားကို မမြင်နိုင်မှုကြောင့် ကိုယ်ခန္ဓာ နှစ်ဖြတ်ပိုင်း၍ မရှုမလှပျက်စီးရသကဲ့သို့ အနည်းငယ်သော သာယာမှုအာရုံ၌ တွယ်တာမှု ရမ္မက်ကြောင့်ဖြင့် သင်၏ ခန္ဓာကိုယ်ကိုပျက်စီးခြင်း ဆင်းရဲသို့ မရောက်ပါစေလင့်၊ တိုတောင်းသောလူ့သက်တမ်း ကလေးတွင် ချမ်းသာအောင် နေတတ်စွမ်းရမည်'' အစာမင်သော ငါးသည် ပိုက်ကွန်ကို မမြင်သကဲ့သို့လည်းကောင်း၊ သားတစ်ကို မက်သော လင်းတအိုသည်ကျော့ကွင်းကို မမြင်နိုင်သကဲ့သို့လည်းကောင်း ဖြားယောင်းမှုများသော လောကအာရုံကြောင့် ကြီးစွာသောဆင်းရဲဘေးကိုမမြင်ဘဲ မနေပါလင့်၊

အစာကိုမင်သော်လည်း ဉာဏ်ယှဉ်မှုကောင်းမည်.... အစာကိုမင်သော်လည်း ပိုက်ကွန်ကို ကြောက်ပါ၏။ သားတစ်ကိုမက်သော်လည်း ကျော့ကွင်းကို ရှုပါ၏၊ ပျားရည်စက်ကိုလျက်ချင်သော်လည်း သင်တုန်းသွားကို လန့်ပါ၏ မှူးသောမြော်မြင်မှုဖြင့် ဘဝနှင့်ဒုက္ခကို ကြိုတင်သုံးသပ်လျက် လောကအိမ်ထောင်မှု သံယောဇဉ်ကို ရှောင်ကွင်းနိုင်သမျှ ရှောင်ဖယ်နေကြသော ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ လောကီအာရုံကို ရှုံမုန်းလှသောကြောင့် ပုဂ္ဂိုလ်တိုင်း မဟုတ်သေးသော်လည်း ရဟန်းသော ဘေးအပေါင်းကိုမြင်၍ ထိတ်လန့် နေကြသူများကားဖြစ်ပေသည်၊

## ၁။ လောကီအာရုံကြောင့် ဒုက္ခကြုံရသောမင်းကြီး

**ဒုက္ခရောက်မှု ကုသမင်းနှလုံးပြု....** လောကီ အာရုံ စရိုက် ကာမဂုဏ်အလိုကိုလိုက်မိသောကြောင့် ဘုရားအလောင်းတော် ကုသမင်းကြီးတို့ပင် များစွာသော ဒုက္ခတို့ဖြင့် အကြိမ်ကြိမ် ကြုံတွေ့ရပုံကို ရှုစမ်းပါဦးလော့။

"ကုသမင်းကြီးသည်" ထိပိုင် နန်းပိုင် ရေမြေပိုင် ဘုရင် ကြီးတစ်ဆူ ဖြစ်လျက်နှင့် "ပဘာဝတီ မင်းသမီး"၏ အဆင်း တည်းဟူသော ရူပါရုံကို ခုံမင်မိသောကြောင့် ထီးမြူဆောင်း မင်းပီပီ ကိုယ့်ထီး ကိုယ့်နန်းနှင့် ကူခြေရ မနေနိုင်ဘဲ မိမိ၏ ကုသာဝတီပြည်ကြီးကို စွန့်၍ ပဘာဝတီ စံရာ သာဂလပြည်သို့ ယူဇနာတစ်ရာ ဝေးကွာသော ခရီးကြမ်းကြီးကို ခေါမှန်း ပန်းမှန်း မသိနိုင်ရှာ၊ ရှေ့ချင်းပေါက် ရောက်အောင် သွားခဲ့ရ ပုံး၏၊ ရောက်ပြန်တော့လည်း ဘုရင်တစ်ပါးပီပီ တည်ကြည် ထင်ရှားစွာ မနေရဲဘဲ မထင်ရှားသော အသွင်ဖြင့် မထင်ရှား သော တဲအိမ်ငယ်ကလေးတစ်ခုတွင် ညအချိန်ဝင်၍ အိပ်စက် ရ၏။ တစ်ဖန်မိုးသောက်ပြန်သော်လည်း ရာဇခြေ့မရှိ အရှက် မျှ မငဲ့ နိုင်ရှာဘဲ ဆင်တင်းကုပ်၌ လည်းကောင်း၊ မြင်းတင်း ကုပ်၌ လည်းကောင်း ဝင်၍ ဆင်းထိန်းယောင်ယောင်၊ မြင်း ထိန်းယောင်ယောင် ဆင်းရဲသား အသွင် ဆောင်ကာ မလျော် ကန်သောအလုပ်ကို လုပ်ရရှာသေး၏။

**အိုးလုပ် ဖျာရက် ပဘာဝတီအတွက်....** ထိုမျှနှင့် မပြီးသေး ချေ။ ရာဂ၏အလိုကား သနားခြင်းကင်းစွာ ဆိုးရွားလှ၏၊

ပဘာဝတီထံ မိမိရောက်နေကြောင်း သိစေရန် အိုးထိန်းသည်ထံ ဝင်၍ တပည့်ခံကာ အိုးလုပ်ဆက်ခြင်း၊ ကျူထရံသည်ထံဝင်၍ တပည့်ခံကာ ကျူထရံရက်၍ ဆက်ခြင်းကိုလည်း လူလောကကြီးတစ်ခုလုံး ဥဒါန်းတွင်ရစ်သည်အထိ ရက်ဖွယ် လိလိတို့ဖြင့် မချိဖွယ်သော ဒုက္ခတို့ကို ခံ မျှော်တော်ဇောကြီးနှင့် အမောခံယူရလေ၏။

ဤမျှပင် ချူချာ သေးနုပ်စွာ ကြွခံ၍ ပြုသော်လည်း မျှော်လင့်ချက်ပြီးရှာဘဲ ဘယ်နှယ် မဖွယ်မရာ ပြည့်ရှင်မင်းကြီး စင်လျက် ကုန်အမှုကိုပြုလေဘိဇာ်တာ ဘားဟု ပဘာဝတီကဲ့သို့သော မိန်းမသား တစ်ဦး၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံလိုက်ရသေး၏။

နှင်ထုတ်ပြန့်လျက် မခွာရက်.... အဝေါင်ကုသမင်း ရာဂတည်းဟူသော ကောက်ကျစ်သောစိတ် ရှိသည်ဖြစ်၍ ကြီးစွာသော ထမ်းပိုးနှင့် ထမင်းအိုးခွက်တို့ကို ထမ်းပိုးယူဆောင်ဆက်ရသဖြင့် နေ့ညတော်လုံး ဆင်းရဲခြင်းသို့ ရောက်ရှာ ရပေသည်။ ငါတို့နေရာ သာဂလမြို့မှာ နေပါလင့်၊ သင်၏ ကုသဝတီပြည်ကြီးသို့သာ မြန်မြန်ပြန်သွားလိုက်ပါ။ သင်၏မျက်နှာနှင့် သင့်ရုပ်ဆင်းကို မမြင်ချင်ပါဘူး ဟူ၍ ရင့်သီးစွာ ဆိုမြည်ဆဲရေးလျက် နောက်ဆုံး နှင်ထုတ်ခံရလေ၏။

ရာဇဝင်ရှိင်း လူ့တိုင်းတွင်ပုံ.... 'သူ့အလို လိုက်က ငါ ဇကြိုက်ပါရမည်' ဟူသော ဇွဲဖြင့် အားခဲ၍ စားတော်ခဲထံ

တပည့်ခံ၍ စားတော်ဆက်ရာမှ အရှက်တကွဲ အကျိုးနည်းအောင် ရှင်ဘုရင်ကြီး အဆဲခံရခြင်းမှာ လူ့ပြည်တွင် နေချိမ်ရာမရှိလောက်အောင် ရာဇဝင်ရိုင်း ကျန်ရစ်ခဲ့လေသည်။

စင်စစ်ကား အဆင်း၌ရှာပ်သော ရာဂသည် ပူးဝင်နှိပ်စက်သောကြောင့် စိတ်အလိုကို လိုက်မှားမိခြင်းဖြစ်လေရာ ရင့်မာသော ယောကျာ်းမြတ်ကြီးဖြစ်လျက် တဏှာကျွန် ခံနေရပုံကို သူအများ မြင်ကြကုန်၏။ အကယ်၍ စိတ်အလို မလိုက်ဘဲ အမြင်မှန်တရားဖြင့် ပဘာဝတီကော ဘာလဲ၊ သာမန် မိန်းမတစ်ဦးပင်ဖြစ်သည်။ သူ့အပြင် လူ့ပြည်၌ များစွာသော မိန်းမတွေ့ရှိကြ၏။ သင်လိုလျှင် အခြားလိုသော မိန်းမကို ရှာကြံ တော်ကောက်၍ တောင်ညာတင်ထား မိဖုရားမြှောက်လိုက်မယ်၊ ကုတ္တိဇာတ်ချင်းအတူတူပဲ မဟုတ်လော၊ သင်၏ လှသော အသွင်သည် အပုပ်ကောင်ကြီး ရုပ်ဆောင်နေခြင်းသာဖြစ်သည်။ ငါကဲ့သို့သော ဘုရင်ကြီးကစ်ပါးက ငါ့အောက်ယုတ်သော မိန်းမအတွက်နှင့် ရာဇဝင်ထိုး အမျိုး လူ့ကဲ့ရဲ့အောင် အသရေယ်ပြုရမည်နည်း ဟူ၍ ဆင်ခြင်မိခဲ့သော် ရာဇိန္ဒြေလည်းမပျက်၊ အရှက်လည်းမရ၊ ယောကျာ်းဂုဏ်လည်းမယုတ်၊ ဒုက္ခကြီးစွာလည်းမဖြစ်၊ စိတ်ပင်ပန်းဖွယ်လည်း မရှိနိုင်ချေ။

**တဏှာကျွန် ခွာရှောင် ရဟန်းတို့အောင်....** ရဟန်းတို့သည် ထိုသည့်ဖြစ်အင်ကို သိမြင်ကြသောကြောင့် ငါ့ဘဝ ငါ့ခန္ဓာကိုယ်၌ တဏှာကျွန်အဖြစ် မရောက်စေလို၊ ချမ်းသာစင်ကြယ်သောတရားကိုသာ ဖြစ်စေဟု နှလုံးပိုက်တော်မူကာ တရားနှင့် ပျော်မွေ့နေတော်မူကြခြင်း ဖြစ်ပေ၏။

## ၂။ သီဝိမင်းကြီး၏ အရှုံးဖြစ်ရပုံ

ဤဝတ္ထုကြောင်းကို ရှုစမ်းပါဦးလော့၊ မြင်ရုံနှင့် စွဲ၍ စိတ်မထိန်းနိုင် ကိုယ်မထိန်းနိုင်နှင့် လူထဲတွင် အရှက်ရသော ရာဂမွတ္တက မင်းရူးကြီးဟူ၍ဥဒါန်းတွင် ကျန်ရစ်၏ စိတ်သည် လျင်မြန်သော ဖောက်ပြန်ခြင်းရှိလေရာ၊ ထိုစိတ်ကိုသတိထား၍ အရာရာ စောင့်စည်းမှုရှိသောသူကို လောကအလယ်၌ ချီးမွမ်းဖွယ် ထိုက်သော သူတော်ကောင်း ဟူ၍ ခေါ်ဝေါ် သမုတ်ကြ၏၊ ရဟန်းတို့ ယည်ထိုမင်းကြီးအကြောင်းကို သုံးသပ်၍ စိတ်ဖြင့် ရှက်နိုးကတ်ကြကုန်၏၊ ထိုဖြစ်စဉ်ကား ဤသို့တည်း။

**မြင်ရုံနှင့်ပဲရှုပါရုံအသည်းစွဲ**....ရှေးအခါကအရိဋ္ဌပူရပြည်ကြီးကို စိုးစံတော်မူသော သီဝိမင်းကြီးသည် တောင်ညာမြောက်နန်း အခန်းခန်းအဆောင်ဆောင် မြားမြောင်သော မောင်းမမိဿံခြွေရံသင်းပင်းတို့နှင့်တကွ မင်းပြု၍ နေတော်မူ၏၊ တစ်ခါသော် တန်ဆောင်မုန်းလ၌ နှစ်စဉ်ပြုမြဲသော နက္ခတ်ပွဲသဘင်ကြီးကို မြို့တော်အလုံး တန်ဆာဆင်၍ ကျင်းပခိုက် အချိန်ဝယ် မင်းကြီးသည် ဆင်တော်ကိုစီးလျက် မြို့အလုံးလှည့်လည်၍ နက္ခတ်ပွဲ ရှုစားတော်မူလေ၏၊ တစ်နေရာသို့ရောက်သောအခါ လှပစွာဝတ်စားဆင်ယင်၍ ပွဲသဘင်အလယ် ထူးခြားသော ရုပ်ဆင်းအင်္ဂါရှိသော အဓိပါရကစစ်သူကြီး၏ဇနီး 'ဥမ္မာဒန္တီ' ကို မြင်လေလျှင် မင်းကြီး၏စိတ်သည် 'ထိန်းမနိုင် သိမ်းမရ'

လောက်အောင် ရူပါရုံ၌ တပ်သော ဒဿနတဏှာဖြင့် လွန်စွာ လွှမ်းမိုးသောကြောင့် ခဏချင်းပင် ဣန္ဒြေ မဆည်နိုင်ဘဲ ရာဂုမ္မတ္တကခေါ်သော ရာဂအရူးကြီး ဖြစ်သွားရလေသည်။

ထိုအခါ မြို့တော်ကိုပင် နှံ့စပ်အောင် ကြည့်ရှုခြင်းငှာ မစွမ်းနိုင်တော့ဘဲ ချက်ချင်း နန်းတော်သို့ ပြန်ဝင်ပြီးလျှင် ကျက်သရေရှိသော တိုက်ခန်းအတွင်းဝယ် ခါးဝတ်ကိုမျှ မသိမ်းနိုင်အောင် လူးလဲလျက် မင်းဣန္ဒြေမဲ့စွာ ရှက်ရမည်ကိုပင် မသိ ဥမ္မာဒန္တီကိုသာ တမ်းတတာ ယောင်ယမ်း နေလေတော့သည်။

## ဥမ္မာဒန္တီ အဆင်းထူးကြောင့် သိဝိမင်းကြီးရူးပုံ

မြပေးခတ္တာ မာလာစိပယ် နုနယ်ယောပန်းရုံကို မာလာနွယ်သည် ရစ်ပတ်လွှမ်းခြုံသကဲ့သို့ သိဝိမင်းကြီး၏စိတ်၌ တဏှာတည်းဟူသော မာလာနွယ်သည် ဖိစီးရစ်ပတ် လွှမ်းမိုးရကား ပြကတေ့သော စိတ်ပျောက်၍ ဖောက်ပြန် နေပုံမှာ ပြင်းထန်စွာ ငှက်ဖျားတက်သူကဲ့သို့ မမြင်ဝံ့ မကြားကောင်းအောင် ယောင်ယမ်းဆိုမြည်လျက် လူးလှိမ့်နေရသော အဖြစ်သို့ ရောက်ခဲ့ရှာပေလေ၏။

ဤသည်လည်း ရာဂဘီလူး ပူးဝင်ဖမ်းစားခြင်း ဖြစ်လေရော ရာဂစိတ်မိုက် အလိုကိုသာလိုက်၍ သတိတရားဖြင့် မချုပ်တည်းမိသောကြောင့် ဖြစ်ရသော သိဝိမင်းကြီး၏ ခန္ဓာကိုယ်မှာ မကောင်းသတင်း အဖြစ်နှင့် ကျော်ကြားသွားပြီးလျှင်

ရာဂရှူးမင်းကြီး ဟူသော သာကေတစ်ရပ်အနေဖြင့် ထင်ရှား ကျန်ရစ်လေတော့သည်။

ဒေါသသည် လူနှင့်စိတ်ကို မြိုက်ရှို့တတ်သော ရန်သူ ဖြစ်၏၊ ရာဂသည် လူကိုလည်းကောင်း၊ စိတ်ကိုလည်းကောင်း ပူလောင်ညစ်နွမ်းစေတတ်သော ရန်သူကြီးဖြစ်၏၊ အဆိုပါ ကုသမင်းနှင့် သီဝိမင်းကြီးတို့အား ရာဂ ရန်သူဆိုးကြီးက ပူလောင်စေခြင်းကြောင့် ထိုစိတ်၏ တည်ရာ မင်း၏ခန္ဓာမှာ ယုတ်ညံ့သောအဖြစ်သို့ ရောက်ကြရလေ၏၊

တစ်ကြိမ်သာမှား အကြိမ်ကြိမ်မမှားကြ... ထို အတူပင် ယခု ကာလ၌လည်း ပူလောင်စေတတ်သော ရန်သူကို မြင်စေ ကောင် ကြည့်၍ သတိနှင့် မနေမိသော လူတို့သည် ကုသမင်းကဲ့သို့ လည်းကောင်း၊ သီဝိမင်းကြီးကဲ့သို့ လည်းကောင်း၊ ထိုထက် ဆိုးသောအဖြစ်ကို သော်လည်းကောင်း ကြုံကြိုက်ကြရပုံကို မြင်ရ၊ ကြားကြရပေလိမ့်မည်၊ သို့ရာတွင် ပညာအဆင်ခြင် နှင့် ပြည့်စုံသော ရသေ့ရဟန်းတို့နှင့် ပါရမီခတ်ခံ ရင့်သန် သော စိတ်နိုင် ပုဂ္ဂိုလ်မျိုးတို့မှာမူကား ပူပူလောင်လောင် ဖောက်ပြန်ခဲ့၏၊ အဝိဇ္ဇာဖုံးလွှမ်းမှုကြောင့် တစ်ကြိမ်တစ်ခါ မှားမိစေကာမူ နှစ်ကြိမ်ထပ်၍ မမှားကြချေ၊ ဒုက္ခသို့ရောက် လျှင် စိတ်အမြင် လျင်မြန်စွာသံဝေဂကို ဖြစ်စေလျက် သူတော် ကောင်းတရားဘက်သို့ ညွှတ်သောစိတ်ဓာတ်က ဆွဲဆောင် သွားတတ်ကြလေသည်။

ယခုကာလတွင်သာ၊ မယားသေဆုံး၍ သော်လည်းကောင်း၊ တစ်စုံတစ်ခုသော ဒုက္ခကြုံ၍ သော်လည်းကောင်း အေးချမ်းရာ သူတော်သူမြတ် ပြုလိုသူတို့သည် ထိုထို ဘ၀တို့က သူတော်ကောင်းပါရမီဓာတ်ခံ ရှိဖူးသောကြောင့် စိတ်ကောင်း၀င်လာခြင်း ဖြစ်ခဲ့လေသည်၊ နိဗ္ဗာန ပါရမီအဆက်တည်း ချီးမွမ်းရပေသည်။

## ၃။ တိရစ္ဆာန်တို့ပင် သံဝေဂဉာဏ်ရှိသော ဝတ္ထု

သတ္တ၀ါမှန်သမျှ ပူပန်မှုသောကဖြင့် ဒုက္ခမျိုးစုံ ကြုံကြရသည်ချည်းဖြစ်လေရာ ရံခါ၌ရှောင်ကွင်း၍မရသကဲ့သို့ ဖြစ်တတ်၏၊ သို့ရာတွင် လိုရင်းကား တွေ့ကြုံလာသော ဒုက္ခ၊ ပူပန်ရသော သောက၊ ငိုကြွေးရသော ပရိဒေဝ၊ နှလုံးမသာယာသော ဒေါမနဿ၊ ပြင်းစွာပူပန်ရသော ဥပါယာသ ဆင်းရဲတို့ကို ကြာရှည်လက်မခံဘဲ လျင်စွာ ရှောင်ကွင်း နေတတ်ရမည်ဖြစ်၏၊ ထိုသို့လျင်စွာ ရှောင်တတ်ရန်အတွက် မဆုကအလေ့အလာပြုထားဖို့လို၏၊ နည်းမှာ စိတ်ကို တရားဘက်ဆွဲ၍ ဖြေတတ်ရန် လေ့လာထားရမည်။

## စိတ်ချမ်းသာမှုရအောင် စိတ်ဆင်းရဲဖို့ရှောင်

စိတ်၌ဖြစ်သော ဒုက္ခနှင့် သောကကို ရှောင်ကွင်းနိုင်သမျှ ရှောင်တတ်ရမည်၊ ရှောင်ကွင်းစရှိမှုလည်း ရှောင်ကွင်းနေရ

ကောင်းမှန်းသိ၏၊ ထိုသို့ ရှောင်ကွင်းနေဖူးမှလည်း စိတ်ချမ်းသာမှုအရသာကို လက်တွေ့ခံစားသိရှိရပေမည်၊ တစ်ခါနှစ်ခါ ရှောင်ကွင်းဖူးလျှင် နောင်အကြိမ်များစွာ ရှောင်တတ်သည်၊ ထိုသို့ တွေ့ကြုံရသော လက်တွေ့ စိတ်ဒုက္ခကို ဖျောက်ဖြေ၍ နေတတ်လာသောအခါ ပါရမီဓာတ်ခံ ရင့်သန်သောသူအဖြစ်သို့ ရောက်လေတော့၏။ ဤနည်းကား ရှေးပညာရှိ သူတော်ယူမြတ်တို့ လမ်းစဉ်တည်း။

**လေ့လာရန်မှာ မခက်ပါ**— မည်သည့်အရာမဆို စိတ်သာ ပဓာနဖြစ်၏၊ ဥပမာ မိဘသေဆုံး၍ ယူကျုံးမရဖြစ်နေသော သားသမီးတို့ဖြစ်မူ စိုးရိမ်ပူဆွေး ငိုကြွေးနေခြင်းဖြင့် ပြန်ရှင်လာကြမည်လည်း မဟုတ်၊ ဤသို့ သေဆုံးရခြင်းမှာ သူတို့၏ ကံတရား အတိုင်းသာ ဖြစ်ကြသည်၊ သေခြင်း တရားကား တား၍ရသော ထုံးစံမဟုတ်ပေ၊ ငါတို့၏ မိဘသာ သေဆုံးရသည်မဟုတ်၊ လူတကာ၏ မိဘတိုင်း သေကြရသည်ချည်း ဖြစ်သည်၊ ရှေးနှင့်နောက်သာ ခြားနားခြင်း ရှိသည်၊ သည်သာမက ငါတို့ပင်လျှင် တစ်နေ့ကျ သေကြရဦးမှာပဲ၊ ယခုမှ တော့ မထူးတော့ပါဘူး၊ တတ်နိုင်သမျှ ဈာပနကို သင်္ဂြိုဟ်၍ ငါတို့မှာမူ ခြေလက်နှင့်လူဖြစ်ပြီးမှပဲ ဖြစ်နိုင်သမျှ လုပ်ကိုင်စားတော့မည် ဟူသော စိတ်ကို ပြုပြင်လိုက်လျှင် ငိုကြွေး ပူဆွေးစရာမရှိတော့ချေ။

ထိုနည်းတူစွာ ပူပန်မှု တွေ့ကြုံနေရသူတို့အဖို့ ထွက်မြောက်နည်းနှင့် ချမ်းသာစွာနေသွားကြသော ထုံးတစ်ခုမှာ နည်းယူ

ဖွယ် ကောင်းသောကြောင့် အောက်တွင် ဖော်ပြထား၏။ သင်၏ စိတ်နှင့်စာ၍ ရှုပါလော့။

## ပဥ္စုပေါသထဇာတ်

ရှေးအခါက ငါတို့ ဘုရား အလောင်းတော်သည် မဂဓ တိုင်းဝယ် ဗြာဟ္မဏမဟာသာလ အမျိုး၌ ဖြစ်သော ဘဝက မိမိကိုယ်ကို မိမိ ခြေလက်ဖြင့် လုပ်ကိုင်ရှာကြံ၍ မွေးမြူနိုင်သော အရွယ်သို့ ရောက်လတ်သော် ကာမဂုဏ်၌ အပြစ်တို့ကို မြင်၍ လူ့ဘဝဇာတ်ခုံ၌ အိမ်ထောင် သားမွေးခြင်း သိုက်မြုံကို ပယ်ဖြိုးလျှင် တောထွက်လျက် ရသေ့ရဟန်းပြုလေ၏။

ထိုသတို့သား တောထွက်လာသော အခါ ကာသိတိုင်း၊ မဂဓတိုင်းနှင့် အင်္ဂတိုင်းတို့၏ အကြား သုံးနယ်စပ်၌ မွေ့ လျော်ဖွယ်ကောင်းသော တောအုပ်တစ်ခု ရှိလေ၏။ ထိုတော အုပ်သို့ဝင်၍ တစ်ခုသော ကျောင်းသင်္ခမ်းကို ဖန်ဆင်းကာ ဗြဟ္မဝိဟာရ’ တရားဖြင့် ကြိုးစားအားထုတ်နေလေ၏။

**ဇာတိမာန်အတွက် ချွတ်ယွင်းချက်**....ချွတ်ယွင်းချက် တစ်ခု ရှိသည်ကား ထိုဘဝ၌ ဘုရားလောင်းသည် အမျိုးဂုဏ်ကို မှီ၍ ကြီးသောမာနရှိ၏၊ ရိုသေထိုက်သောသူဟူ၍မထား၊ မည်သည့် ပုဂ္ဂိုလ်မဆို တစ်ပါးသောသူတို့၌ ရိုသေကျိုးနွံခြင်း မပြုလို၊ ငါသာမြတ်သည် ငါသာမြင့်သည် ဟူသောစိတ်ကိုအမြဲထား လျက် ထူးမြတ်သောပုဂ္ဂိုလ်၌ပင် အလေးမမှု နေတတ်သော အလေ့ရှိ၏။

တစ်ရံရောအခါ ပစ္စေကဗုဒ္ဓာအရှင်မြတ်ကြီးတစ်ပါးသည် ကြွရောက် လာပြီးလျှင် ထိုရသေ့၏ ကျောင်းသင်္ခမ်းဦးရှိ ကျောက်ဖျာထက်၌ သီတင်းသုံးနေတော်မူလာ၏၊ ရသေ့သည် ကျောင်းမှထွက်၍ ကြည့်ရှုသောအခါ ဇာတိမာန် တက်ကြွသဖြင့် အမျက်ထွက်ပြီးလျှင် ဦးပြည်းရဟန်း ငါ၏နေရာ၌ မနေပါလင့် ဟူ၍ မဖွယ်မရာပြောဆိုလျက် လက်ဖျစ်တီးကာ နှင်မိလေ၏။

ပစ္စေကဗုဒ္ဓာ အရှင်မြတ်သည် နောင်ဖြစ်လတ္တံ့သော ကောင်းကျိုးချမ်းသာ အကြောင်းအရာတို့ကို ဉာဏ်တော်ဖြင့် ဆောက်ရှု ဆိုဆုံးမသော်လည်း နားမထောင်ခြင်း၊ နာယူခြင်းမရှိ၊ အရှင်မြတ်၏ ခြေတော်ကိုလည်း ဦးတိုက်ရှိခိုးခြင်း မပြုမိချေ၊ ထိုအခါ ရသေ့၏ မာနကို နှိမ်ခြင်းငှာ [illegible] ရသေ့၏ ဆံကျစ်ကြား၌ ဖဝါးမြူမှုန့်ကို ကျစေလျက် ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ ကြွသွားတော်မူလေ၏။

**ဇာတိမာန်ပယ်လျှင် စျာန်အဘိညာဉ်ရခြင်း** .... ထိုအခါမှ ကြီးစွာသော သံဝေဂကိုရပြီးလျှင် အရှင်မြတ်ကြီးတစ်ပါးနှင့် ကြုံရခဲဘိ အရတော်စွာ ကြုံတွေ့ရပါလျက် တရားစကားတော် မနာကြားမိလေခြင်း၊ ရှိခိုးခြင်းမျှပင် မပြုလိုက်မိလေခြင်းဟူ၍ လွန်သွားပြီးမှ များစွာဝမ်းနည်းလျက် နောင်တရလေ၏၊ ထိုအချိန်မှစ၍ အမျိုးဇာတ်ကို စွဲကာ မာန်တက်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု မာနစိတ်ကို နှိမ်ပြီးလျှင် ကျောင်းသင်္ခမ်းသို့ဝင်၍ ကမ္မဋ္ဌာန်းကို ကြိုးစားအားထုတ်လေရာ များ

မကြာမီအတွင်း ဈာန်အဘိညာဉ်ကို ရလေ၏၊ ယင်းသည့် အခါ အလှန်ဝမ်းမြောက်လျက် ကျောင်းသင်္ခမ်း၏ အပသို့ ထွက်ပြီးလျှင် အာဟာရကို စောင့်ချုပ်လျက် ဥပုသ်သုံး၍ နေလေ၏။

**အံ့သြဖွယ်အထူး သတ္တဝါလေးဦး**....ထိုအခိုက်တွင် ရသေ့၏ ကျောင်းသင်္ခမ်းတစ်ဝိုက်၌နေကုန်သော**သတ္တ**ဝါလေးဦးတို့သည် လည်း ရသေ့အနီးသို့ အသီးသီးလာ၍ ဥပုသ်စောင့်သုံးနေကြ သည်ကို တွေ့မြင်ရလေ၏။

ရသေ့သည် အံ့သြစွာကြည့်လျက် ဆိတ်ငြိမ်စွာနေကြ သော သတ္တဝါတို့ကို ဝမ်းမြောက်ခြင်း ရှိလှသောကြောင့် အဘယ်အရာကို မျှော်မှန်း၍ အဘယ်သို့သော အကြောင်း ကြောင့် ဤသို့ ဆိတ်ငြိမ်စွာနေ၍ ဥပုသ်ကျင့်သုံးခြင်း ပြုကြ သည်ကိုမေးရန် ကြံစည်လေ၏၊ (သတ္တဝါ လေးဦးကား ခိုငှက် တစ်ကောင်၊ မြွေတစ်ကောင်၊ မြေခွေးတစ်ကောင်၊ ဝံတစ်ကောင် တို့ ဖြစ်လေသည်။)

ရှေးဦးစွာ ဥပုသ်သည် ခိုငှက်ထံသို့ ချဉ်းကပ်၍ "အသင် ခိုငှက် သင်သည် အာဟာရအလို့ငှာ အစာရေကိုမျှ မရှာဘဲ အဘယ်ကြောင့် ဥပုသ်စောင့်သုံး၍ နေပါသနည်း"

**မယားသေမှ တရားရ**...."ကျွန်ုပ်သည် မယားခိုမနှင့် အတူ အစာရှာရာမှ ပျံသန်းသွားလာနေကြစဉ် မယားခိုမကို သိမ်း ငှက်တစ်ကောင်သည် အဟုန်ပြင်းစွာဖြင့်လာ၍ ထိုးသုတ်ချီယူ

ခြင်း ခံရသောကြောင့် မချိပူဆာ ပြင်းစွာသော ပရိဒေဝမီး တောက်လောင်၍နေရပါ၏၊ ကျွန်ုပ်၌ မကြုံဖူးသော ဒုက္ခမှာ ချစ်ခင်လှသော မယားကို ခဏချင်းကွယ်ပျောက် ဆုံးရှုံးရသောကြောင့် ဖြစ်ပေါ်လာသော နှလုံးမသာယာခြင်း၊ စိုးရိမ်ပူဆွေးခြင်းတို့ဖြင့် ပြင်းပြစွာ လောင်ကျွမ်းခြင်းဒဏ် ခံရပြီးနောက် ဤသို့အကြံ ဖြစ်ပါသည်။

"ငါ့အား ဤသို့သော ပူပန်ခြင်းသည် မကြုံဖူးအောင်ခံရလေသည်၊ စင်စစ်ကား မယား၌ တွယ်တာသော ရာဂသည် လွန်စွာနှိပ်စက်သောကြောင့် ဖြစ်ရသည်၊ ဤရာဂကိုစွဲ၍ ရေမတွက်နိုင်သော ဆင်းရဲခြင်းသို့ ရောက်ခဲ့ရလေပြီ၊ ယခုအခါ ထိုရာဂကို နှိမ်မှ သင့်တော့မည်ဟု စိတ်ကို ဆုံးမပြီးလျှင် ရာဂနှိမ်အံ့သောငှာ အရှင်၏ ကျောင်းသင်္ခမ်းအနီး ချဉ်းကပ်၍ ဥပုသ်စောင့်သုံးရပါသည်"ဟု ဖြေကြားလျှောက်ထားလေ၏။

ခိုဖို၏ စကားကိုကြားလျှင် ဝမ်းမြောက်စွာ သာဓုခေါ်၍ ကောင်းစွာ ဆောက်တည်ရန် တိုက်တွန်းခဲ့ပြီးကာ ရခဲသော သူမြတ်သည် တစ်ဖန် တစ်နေရာ၌ ကိုးကွဲသို့ခွေ၍မလှုပ်မရှား ဥပုသ်စောင့်သုံးနေသော မြွေသတ္တဝါထံ ချဉ်းကပ်လျက် "အို မြွေဖို အသင်သည် အဘယ်အရာသို့ မျှော်မှန်း၍ အဘယ်အကြောင်းကြောင့် အာဟာရကိုမျှ မရှာဘဲ စောင့်ချုပ်လျက် ဥပုသ်စောင့်သုံး၍ နေသနည်း"ဟု မေးလေ၏။

"အို...အရှင်ကောင်း၊ အကျွန်ုပ်သည် ဒေါသကြီးသူ ဖြစ်ပါ၏၊ ဒေါသ၏ အစွမ်းကြောင့် လူတို့၏နွားလားဥသဘကြီး

တစ်ခေါင်ကို မပေါက်သတ်မိ၍ သေသွားပါသည်၊ ရွာသူရွာသားတို့သည်ကျွန်ုပ်ကြောင့်သေရသော နွားလားဥသဘကြီးဆီ လာလတ်၍ "ငါတို့၏ နွားအဖိုးတန်ကြီး ဆုံးရှာလေပြီ" ဟု မချိတင်ကဲ ဝမ်းနည်းလိုက်ဖို့ ဗိုယိုမြည်တမ်း ပရမ်းပတာ လူးလဲကာ ပူဆွေးကြရသော အခြင်းအရာကို မြင်ရပါသည်၊ ထိုအခါ ကျွန်ုပ်၏ စိတ်နှလုံးလဲ မချမ်းသာဘဲ ငါကြောင့်လူသူအများတို့ အကျိုးနည်းကာ နှလုံးမသာ ဖြစ်ရလေခြင်းဟု နောင်တရသောကြောင့် ဤသို့သော စိတ်အကြံ ဖြစ်ပါသည်။

**ပြစ်မှားပြီးမှနောင်တရ....** "ငါ၌ ဒေါသရှေ့ထားခြင်းသည် မှားခဲ့လေပြီ၊ ဒေါသဖြင့် သူတစ်ပါးကို မျှားတွာ နှိပ်စက်ခဲ့လေပြီ၊ ဒေါသဖြင့် ကောင်ကျိုးမရ၊ မရေမတွက်နိုင်သော ဘဝတို့၌ မီးဟုန်းဟုန်းတအောင် မြိုက်ရှို့ခဲ့ပြီး ဖြစ်လိမ့်မည်၊ ဤဒေါသ၏အလိုလိုက်၍ဖြင့် မသင့်လျော်တော့ပြီ၊ ယခုအခါ ငါ၏ဒေါသကိုနှိမ်မှသင့်လေမည်ဟု နှလုံးပိုက်ကာ ထိုဒေါသကို နှိမ်အံ့သောငှာ အစာရှာ မစားတော့ဘဲ အရှင်မြတ်၏ မြင်လောက်ရာ အရပ်သို့လာ၍ ဥပုသ်စောင့်သုံးနေခြင်းဖြစ်ပါကြောင်း"ကို ဖြေကြား လျှောက်ထားလေ၏။

ရသေ့မြတ်လည်း ဝမ်းမြောက်စွာဖြင့် သာဓုခေါ်၍ စားရာနှင့်နေရန် တိုက်တွန်း ခဲ့ပြီးလျှင် အခြား တစ်နေရာ၌ ဥပုသ်စောင့်သုံး၍နေသော မြွေဆိုးတစ်ကောင်ထံသို့ ချဉ်းကပ်လျက် အစာရေစာမှ မရှာဘဲ ဆိတ်ငြိမ်စွာနေ၍ အဘယ်

ကြောင့် ဥပုသ်စောင့်သုံးရကြောင်းကို ရှေးနည်းအတူ မေးလေ၏။ ထိုအခါ မြေခွေးက…

## ဆင်သေဝမ်းအိမ်ပြု လောဘဇောဖြစ်မှု

'အို-အရှင်ကောင်း' အကျွန်ုပ်သည် လောဘအလိုလိုက်တတ်သော မိုက်သူပါတည်း၊ ဆင်သေကြီး တစ်ကောင်ကို တွေ့သောအခါ လောဘ၏အစွမ်းအားဖြင့် အလိုကို မဖြတ်နိုင်သောကြောင့် ဆင်သေ တစ်ကောင်၏ စအိုဝမှ ဝင်၍ နေ့ညဥ့်ပတ်လုံး မထွက်ဘဲ စားနေပါသည်၊ ငါ၏ တစ်သက်တာဖြင့် ဖူလုံနေပြီဟု လောဘဇော ဖြစ်ပြီးလျှင် ဝမ်းဗိုက်တွင်း၌ ကာလရှည်စွာ အိပ်၍စားမိပါသည်၊ နေ့ရက်ကြာသောအခါ နေပူဒဏ်ကြောင့် ဆင်ရေသည် ကျုံ့၍ ဝင်ပေါက် ပိတ်သွားလေရာ ကျွန်ုပ်မှာ သေရတော့မလောက် ကြီးစွာသော ဒုက္ခကို ခံရပါသည်၊ တစ်နေ့သောအခါ မိုးရွာသောကြောင့် ဆင်ရေကို စိုစွတ်၍ အပေါက်အနည်းငယ်ပွင့်လာသည်ကို မြင်ရမှ အလွန်ပင်ပန်း ကြီးစွာနှင့် ခက်ခက်ခဲခဲ ထွက်ခဲ့ ရသောကြောင့် ကိုယ်ရေအလုံး စုတ်ပြတ်လျက် မခံမရပ်နိုင်ရှိနေပါသည်။

**ကိုယ်နာကျင်မှ နောင်တရ…** 'ထိုသို့သော ဝေဒနာခံစားရကြောင့် စဉ်းစားမိသည်မှာ ဆင်းရဲလှစွာ ငါခံရသောဝေဒနာသည် ဘယ်သူကမှ ပေးခြင်းမဟုတ်၊ ငါ၏ကြီးသော လောဘအလိုလိုက်မိသောကြောင့်သာဖြစ်ရသည်၊ ဤသို့သောလောဘ

ကြောင့် မရေမတွက်နိုင်သော ဒုက္ခတို့ကို ကြိမ်ဖန်များစွာခံခဲ့ရ လှပေပြီ၊ ယနေ့မှစ၍ ထိုလောဘကို နှိမ်မှတော်လျော်မည်ဟူ နောင်တ တရားဖြင့် စိတ်ကိုဆုံးမလျက် ဒုက္ခပေးသော လောဘ ကို နှိမ်အံ့သောငှာ သုဘောဘ်ကောင်း ဖြစ်သော အရှင်မြတ်၏ အနီးသို့ ချဉ်းကပ်၍ ဥပုသ် စောင့်သုံးနေပါသည်’’ဟု ဖြေ ကြား လျှောက်ထားလေ၏။

ရသော့လည်း ဝမ်းမြောက်စွာ သာဓု ခေါ်၍ သင်၏ အမိဋ္ဌာန်အတိုင်း ဆောက်တည်လော့ဟု တိုက်တွန်းခဲ့ပြီးလျှင် နောက်တစ်နေ့ရာတွင် ဥပုသ် စောင့်သုံးနေသော ဝံဖို၏ထံသို့ ချဉ်းကပ်၍ ရှေးနည်းအတူ မေးပြန်လေသော် ဝံဖိုက ဤသို့ လျှောက်လေ၏။

**စားကျက်လွန်မိ ဘေးဒဏ်ထိ....**‘‘အိုအရှင်ကောင်း အကျွန်ုပ် သည် တင်းတိမ် ရောင့်ရဲခြင်း မပြုတတ်၊ လောဘ၏ အလိုကို မိုက်စိတ်နှင့် လိုက်တတ်သူပါတည်း၊ လောဘ၏အလို နိုင်ငံသို့ အဆုံးအဆမရှိ လိုက်၍ ကျက်စားနေကျ တောအုပ်ကို လွန်ပြီး လျှင် လူတို့နေရာရွာ အနီးတိုင်အောင် ကျက်စားမိသောကြောင့် လူတို့၏ ဖမ်းဆီးပုတ်ခတ်ခြင်း ဘေးဒဏ်ကို အလွန်ကျင်နာစွာ ခံရပါသည်၊ အသက်ဘေး လွတ်ရန်ပင် ခက်ခဲစွာ ထွက်ပြေး ခဲ့ရသောကြောင့် နောင်တရကာ ဤသို့ကြံမိပါသည်။

**နယ်လွန်လောဘ ဖိနှိမ်မှ....**ငါသည် ဤတစ်ကြိမ်သာမှားပါ စေတော့၊နောက်ထပ် တစ်ကြိမ်မမှားတော့ပါ၊‘‘နယ်လွန်သော

လောဘသည် ကြီးသော ဒုက္ခသာလျှင် ခံရသည်” ဟူသော သံဝေဂကို ဖြစ်စေပြီးလျှင် ပိုလွန်သော လောဘကိုနှိမ်မှ တော်သင့်မည်ဟု မိမိစိတ်ကို ဆုံးမ၍ ထို လောဘကို နှိမ်အံ့သောငှာ အစာကိုပင် ရှာမစားတော့ဘဲ အရှင်သူမြတ်၏ သင်္ခမ်းအနီးသို့ ချဉ်းကပ်ပြီး ဥပုသ် စောင့်သုံးခြင်း ပြုနေပါကြောင်း”ဟူ၍လျှောက်လေ၏၊ ရသေ့မြတ်လည်းဝမ်းမြောက်စွာ သာဓုခေါ်၍ ဥပုသ်စောင့်သုံးရန် တိုက်တွန်း ခဲ့ပြီးလျှင် မိမိနေရာ ကျောင်းသင်္ခမ်းတွင်းသို့ ဝင်၍ သတ္တဝါလေးဦး၏ အသီးသီး ဖြေကြားလိုက်သော စကားစုံကို ကြားရပြီးသော် ဤသို့ ဝေဖန် နှိုင်းစာမိလေ၏။

## မလိမ္မာတစ်ခါမိုက် ပုထုဇဉ်စရိုက်

**အမိုက်ကိုပယ် ဝမ်းမြောက်ဖွယ်...** ငါသာ မှားဖူးသည် မဟုတ် သူတို့လည်း မှားခဲ့ကြလေသည်၊ ငါသာလျှင် သံဝေဂကို ဖြစ်စေသည်မဟုတ် သူတို့လည်း သံဝေဂကို ဖြစ်စေကြပေသည်၊ ငါသည် တစ်ကြိမ်မှားမိသော အပြစ်ကို ဝန်ခံ၍ နောက်တစ်ကြိမ် ထပ်မမှားမိစေရန် ပယ်သကဲ့သို့ အဟိတ်တိရစ္ဆာန်မျိုးဖြစ်သော ထိုလေးဦးတို့သည်လည်း ၎င်းတို့မှားဖူးသော အပြစ်ကို ဝန်ခံ၍ နောက်ထပ် မမှားကြရန် အသီးသီးပယ်ကြလေပြီ ဟူ၍ စိတ်တူကိုယ်မျှ တွေ့ကြုံရသော အကြောင်းခြင်းရာကို ဆင်ခြင်ပြီးလျှင် ဖြစ်သမျှ အကြောင်း အကောင်းချည်းပင်၊ ဤသို့သော သံဝေဂနှင့် နေနိုင်ခြင်းသည် ပါရမီရှင် တစ်စုတို့သာ ဖြစ်ရပေမည်ဟု ကြည့်ရှုကာ ဝမ်းမြောက်နေလေ၏။

"မလိမ္မာ တစ်ခါမိုက်စမြဲ" ဟူသော ပြောစဉ်ကဲ့သို့ ထိုနေ့မှစ၍ ရသေ့မြတ်လည်း မာနကိုနှိမ်ကာ သမဏာသုခတရားနှင့် အညီ ချမ်းသာစွာ နေလေ၏၊ သတ္တဝါ လေးဦးတို့လည်း မိမိတို့သံဝေဂရသည် အားလျော်စွာ ရာဂ၊ ဒေါသ၊ လောဘ တို့ကို ချုပ်တည်း သိမ်းဆည်း၍ ချမ်းသာစွာ မိမိကိုယ်ကို ကောင်းစွာ မွေးမြူနေတတ်ကြရန် တရားစကားဖြင့် ဟောပြဆုံးမလျက် ချစ်ခင် ရင်းနှီးစွာ နေကြလေကုန်၏၊ ထိုဘဝကုန်ဆုံးသောအခါ ကံအားလျော်စွာ သုဂတိဘုံသို့ လားရောက်ကြလေသတည်း။

ရဟန်းတို့သည် ဤသို့သောဘုရားဟော နိပါတ်တော်တို့ကို လေ့လာကြည့်ရှုပြီးလျှင် မိမိကိုယ်၌ကဲ့သို့ သံဝေဂတင်၍ ချမ်းသာအောင် ဆောက်တည်နေကြကုန်၏။

## ၄။ စိတ်ကို မိမိလိုရာသို့ဆွဲယူနိုင်သော မဃဒေဝမထေရ်ဝတ္ထု

"ပူပန်မှုကိုကြောက်သော ရဟန်းသည် စိတ်အလိုသို့မလိုက်ရာ၊ စိတ်အလိုသို့လိုက်သောသူသည်ပူပန်မှုမှမလွတ်နိုင်ရာ၊ စိတ်သည်သာ မိမိအလိုသို့ လိုက်စေရာ၏" အောက်ပါ မဃဒေဝမထေရ် ဝတ္ထုကိုကြည့်ပါ။

မြတ်စွာဘုရားရှင်သည် 'စာလိကတောင်၌ သီတင်းသုံး

နေတော်မူစဉ် စိတ်အလိုကို လိုက်၍ တောင်ကြံမြောက်ကြံ နေတတ်သော မေဃိယ မထေရ်ကို ဆုံးမရဖူးလေသည်။

ထိုရဟန်းသည် ကာမဂုဏ်၌ကြံစည်တွေးတောခြင်း ကာမဝိတက်ကိုလည်းကောင်း၊ ရှေ့ကြောင်း နောက်ကြောင်းတို့ကို စိုးရိမ်ကြောင့်ကြခြင်း ဗျာပါဒဝိတက်ကို လည်းကောင်း၊ ချုပ်ချယ်နှိပ်စက်လိုစိတ်၊ ပျံ့လွင့်ခြင်း ဝိဟိံသ ဝိတက်ကို လည်းကောင်း စိတ်၌လက်ခံထားမိသောကြောင့် ထိုသုံးပါးသော ဝိတက်တို့သည် အစဉ်မပြတ် နှိပ်စက်လျက် နေလေ၏၊ ကမ္မဋ္ဌာန်းကို စီးဖြန်းပါသော်လည်း ဝိတက် စိတ်ဖြင့်သာ ပျံ့လွင့်နေသဖြင့် ဘာဝနာ ရားထူးမှု မရချေ။

တစ်နေ့သောအခါ သရက်ဥယျာဉ်၌ ပျံ့လွင့်လွန်းသော စိတ်ကို မထိန်းနိုင်ရကား ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာ မတတ်နိုင်တော့ပြီဟု စိတ်လျှော့ကာ အကြံတစ်မျိုးနှင့် သရက်ဥယျာဉ်မှ ပြန်ထွက်ခဲ့လေ၏၊ ထိုအခါ မြတ်စွာဘုရားရှင်သည် မေဃိယ၏ အကြံကို သိတော်မူသဖြင့် မိမိ၏အနီးသို့ ခေါ်တော်မူ၍ ဤသို့ မိန့်တော်မူ၏။

"မေဃိယရဟန်း၊ သင်ပြုအပ်သောအမှုသည်အလွန်ဝန်လေးလေစွ၊ မေဃိယ ငါဘုရားသည် တစ်ပါးတည်းသာ ဖြစ်ခဲ့၏၊ အကယ်၍ ရပ်တစ်ပါးသို့သင်သွားလိုလျှင် အကြင်မျှလောက် တစ်ပါးဖြစ်စေ တစ်စုံတစ်ယောက်သော အလုပ်အကျွေး ရဟန်းသည် မထင်မြင်သေး၊ ထိုမျှလောက် ရဟန်းတစ်ပါး

မရောက်လာသေးမီကာလအတွင်း ဆိုင်းပါဦး" ဟူ၍ မိန့်ဆိုတော်မူလေ၏။

ထိုအခါကား မြတ်စွာဘုရားနှင့် မေဃိယ မထေရ်တို့ နှစ်ပါးတည်းသာ သရက်ဥယျာဉ်တွင်း၌ ရှိကြလေသည်၊ မထေရ်၏ မဆုံးဖြတ်နိုင်သောအဖြစ်ကို သိတော်မူ၍ ဘုရားရှင်က ဤသို့ မိန့်တော်မူပြန်၏။

"ဤသို့တောင်းပန်သော ငါဘုရားကို တစ်ကိုယ်တော်တည်း ပယ်စွန့်၍ သွားသော ရဟန်းမည်သည် ဤသို့သောစိတ်အလိုသို့ လိုက်သောသူ ဖြစ်ခြင်းငှာမထိုက်၊ စိတ်မည်သည်ကား လျင်သော အပြန်ရှိ၏၊ ထိုစိတ်ကို မိမိအလိုသို့ လိုက်စေခြင်းငှာသာ ထိုက်၏" ဟု မိန့်တော်မူလေ၏။

**စိတ်ကိုနိုင်မှ ချမ်းသာရ**…ယခုကာ၌လည်း ဆိုဆုံးမပေးမည့် ဆရာကြီးများထံပါး၌ခယလုပ်ကျွေးမနေလိုဘဲ ကိုယ်ထင်ရာ သွားလာနေလေ့ရှိသော ရဟန်းတို့ကို တွေ့ရလေသည်၊ အဆိုပါ ဒေသနာတော်၏ ဆိုလိုရင်းမှာ ဆရာလွှတ်ထွက်ခွာသွားလာနေလိုသူသည် ကိုယ်စိတ်ကို နိုင်နင်းသူ ဖြစ်ရမည်၊ စိတ်မနိုင်သူမှာ ကိုယ်ထူးကိုယ်ချွန် မနေသင့်၊ ဆရာသမားထံ၌သာ ဆုံးမဩဝါဒခံ၍ နေရမည်ဟူ၍ ဖြစ်၏၊ စိတ်သည်ကောင်းကျိုးဆိုးကျိုး အမျိုးမျိုးပေးတတ်လေရာ အောက်ပါသံပေါက်ကို ရှုပါလော့။

## မှတ်ဖွယ်သံပေါက်

(၁) လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် ကျင်လည် စိတ်ကြောင့်သာ။
(၂) အပါယ်လေးပါး ကျသူများ မှတ်သားစိတ်ကြောင့်သာ။
(၃) ကောင်းဆိုးယုတ်မြတ် ဖြစ်လာတတ် မှတ်ကြစိတ်ကြောင့်သာ။
(၄) စိတ်ကိုနိုင်က ဘေးဒုက္ခ မုချမရောက်ရာ။
(၅) နိဗ္ဗာန်သာခေါင် ဘေးမဲ့သောင် စိတ်ဆောဇီ ရောက်နိုင်ရာ။

## ၅။ စိတ္တဟတ္ထ မထေရ်ဝတ္ထု

ပူမှုကိုကြောက်သော ရဟန်းသည် ဆင်းရဲရာသို့ဆွဲဆောင်တတ်သော ကိလေသာ ရန်သူကိုကြည့်၍ သတိနှင့်ရှောင်ရာ၏၊ ထိုရန်သူကား စစ်သည်ပိုလ်ပါလည်းများ၏၊ ကြွယ်သော ပရိယာယ်လည်း ရှိ၏။

### အိမ်နှင့်ကျောင်းကူး ပုဂ္ဂိုလ်ထူး

ထို့ကြောင့် မြတ်စွာဘုရား လက်ထက်တော် အခါက သာဝတ္ထိပြည်၌သီတင်းသုံးနေတော်မူစဉ် လူထွက်လိုက် ရဟန်း

ပြုလိုက်နှင့် အိမ်နှင့်ကျောင်း အဖန်ဖန် ပြန်နေသော ရဟန်း တစ်ပါးကို ကိုယ်လေသာ၏ ထုထည်ကြီးမားပုံနှင့် လိုရင်းမှာ စိတ်၏ ဆုံးမကာ နိုင်ပုံအကြောင်းပြကာ ဆုံးမတော်မူရဖူးလေ သည်။ ဖြစ်စဉ်ကား ဤသို့တည်း။

ဆင်းရဲသားတစ်ယောက်သည် အိမ်ထောင်သည် ဖြစ်သော် လည်း နွားကျောင်း၍ အသက်မွေးရ၏၊ တစ်နေ့တွင် နွား ပျောက်၍ရှာရာမှ ထမင်းဆာမွတ်လှ၍ ကျောင်းသို့ ဝင်ခဲ့ရာ ရဟန်းသံဃာတော်တို့က ဆွမ်းကျန်ဟင်းကျန်တို့ကို စွန့်ပေးရာ လူ့အဖို့တွင် တစ်ကြိမ်တစ်ခါမျှ စားရဖူးသော မွန်မြတ်သည့် အာဟာရများဖြစ်၍နေလေ၏၊ စားသောက်ပြီးလျှင် မိမိမှာ နွားရှာရဦးမည့် ဒုက္ခကြီးက စိတ်တွင်ဥပဒ်၍ ပူပန်နေရ သလောက် ရဟန်းသံဃာတော်တို့မှာမူ ဘာမျှပူပန်မှုမရှိကြဘဲ ကျောင်းတော်ကြီးထဲမှာ အေးငြိမ်းချမ်းမြေ့စွာ နေကြရပုံကို ဆက်စပ်၍ ကြည့်မိလေ၏။

ထိုအခါ မိမိ၏ လူအဖြစ်၌ ဆင်းရဲနွမ်းချာလှပုံကို လည်း ကောင်း၊ ရဟန်းတို့၏အဖြစ်၌ လျောက်ပတ် တင့်တယ်ခြင်းကို လည်းကောင်း ချမ်းသာစွာ နေရခြင်းကို လည်းကောင်း ဆင်ခြင်၍ သံဃာတို့ထံ ရဟန်းပြုရန် ခွင့်တောင်းကာ ရဟန်း ပြုလေ၏။

## ရဟန်းအဖြစ်မှ ခုနစ်ခါ လူဖြစ်ရ

ရဟန်းပြု၍ အတန်ကြာလျှင် ကောင်းစွာစား၍ ချမ်းသာ ခြင်းရှိရကား စိတ်ဖောက်ပြန်လာလေ၏၊ စိတ်အလိုလိုက်ကာ

ကိလေသာ ပရိယာယ်နှင့် သံယောဇဉ် လီဆယ်မှုကြောင့် အိမ်ကမယားမျက်နှာမြင်ပြန်လေရာ ရဟန်းဘဝ၌ မနေနိုင်ဘဲ တော့ပါဘူး၍ လူထွက်ကာ အိမ်ပြန်သွားလေ၏။

အိမ်ရောက်၍ သားမယားနှင့်နေမြဲနေကြရာ စားဝတ်နေရေး အနေဆင်းရဲနှင့် အလုပ်နှင့်လက် မပြတ်အောင် လုပ်ကိုင်နိုင်မှ မသေရုံစားရသော အဖြစ်တို့ကို ကြုံရသောအခါ တစ်ဖန် စိတ်ပျက်၍ ရဟန်းပြုလိုပြန်၏၊ကျောင်းသို့သွား၍ သံဃာတော် တို့ထံ ခွင့်တောင်းကာ ရဟန်းပြုလေ၏၊ ထိုနောက်ရဟန်း ပြု၍ ဆူဖြိုးလာလျှင် လူထွက်ပြန်၏ လူ ဘဝ၌ ဆင်းရဲပင်ပန်း လာလျှင် တစ်ဖန်ရဟန်းပြုပြန်၏၊ ဤသို့လျှင် ရဟန်းပြုလိုက် လူထွက်လိုက်နှင့် ဆင်းရဲကို မျက်မှောက် တွေ့သောကြောင့် ရှောင်ကွင်းရာ ထိုဆင်းရဲတွင်းကိုပင် သံယောဇဉ် လီဆယ်မှု ကြောင့် အဖန်တလဲလဲ ဆင်း၍ ခံနေရလေတော့သည်။

သို့ရာတွင် ရုံးဖန်များသော် တစ်ခါခါ၌ ''ဖြတ်ချိုး အောင်နိုင်ရမြဲ'' လမ်းစဉ်အတိုင်း ခုနစ်ကြိမ်မြောက်တွင်အိမ်သူ မယားအပေါ်၌သံဝေဂကိုဖြစ်စေခဲ့ပြီးလျှင် စိတ်ကိုသွတ်လွတ် ဆုံးဖြတ်၍ ရဟန်းပြုလေသောအခါ ကမ္မဋ္ဌာန်း တရားကို ကြိုးစား အားထုတ်လေ၏၊ မကြာမီ ရက်အတွင်း၌ပဋိ ပဋိသမ္ဘိဒါ လေးပါးနှင့် တကွ အရဟတ္တ ဖိုလ်၌ တည် လေ၏။

ထိုအခါ ရဟန်းသံဃာတော်တို့သည် နေ့စဉ်တရားသဘင်

စည်းဝေးကြရာ စိတ္တဟတ္ထမထေရ်၏ ဖြစ်ပုံကို အကြောင်းပြု၍ ရဟန်းအချင်းချင်း ပြောဆိုကြသည်မှာ....

ငါ့ရှင်တို့ ကိလေသာတို့ မည်သည် ဝန်လေးစွတကား။ ယင်းသို့အရဟတ္တဖိုလ်၏ အကြောင်းဥပနိဿယနှင့်ပြည့်စုံသော အမျိုးကောင်းသားကိုပင်လျှင်၊ ကိလေသာသည် လှုပ်ချောက်ချား အပ်သည်ဖြစ်၍ ခုနစ်ကြိမ်လူဖြစ်ရ၏၊ ခုနစ်ကြိမ်ရဟန်းပြုရ၏ဟု စကားကို ဖြစ်စေကြကုန်၏၊ ထိုအခါမြတ်စွာဘုရားရှင်လည်း ကြွလာတော်မူ၍ ထိုရဟန်းတို့ ပြောဆိုနေကြသော စကားစဉ်ကို မေးတော်မူပြီးလျှင်....

“ချစ်သားရဟန်းတို့၊ကိလေသာတို့ မည်သည်ကား ဤသို့သာလျှင် ဝန်လေးကြကုန်၏၊ ထိုကိလေသာတို့သည် အကယ်၍ ရုပ်အစိုင်အခဲဖြစ်၍ တစ်စုံတစ်ခုသော နေရာ၌ စုပုံထားခြင်းငှာ တတ်ကောင်းသည် ဖြစ်ကုန်ငြားအံ့၊ စကြဝဠာသည် အလွန်ကျဉ်းသေး၏၊ ထို့ကြောင့် ကိလေသာတို့၏ တည်ရှိထားသိုရန် အရပ်ပင် မရရှိနိုင်ရာ၊ ဤမျှလောက် ဝန်လေးကုန်၏”ဟူ၍ ဟောတော်မူလေ၏။

**စိတ်သာပဓာန**....သို့ရာတွင် အရင်းလဲလျှင် အဖျား ထင်းဖြစ်ရသကဲ့သို့ မူလရင်း အကြောင်းခံစိတ်ကိုနိုင်လျှင်ကိလေသာမီးလည်း ငြိမ်းရလေတော့သည်၊ ထို့ကြောင့် ချမ်းသာမှုကို လိုလားသော အမျိုးကောင်း သားသည် စိတ်ကို နိုင်အောင် ထိန်းရာ၏။

## ဥပဒေသ ဓမ္မပဒ

ဒူရင်္ဂမံ ဧကစရံ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။

ဒူရင်္ဂမံ၊ ဝေးသောအရပ်၌ တည်သော အာရုံသို့လည်း သွားရောက်တတ်သော၊ ဧကစရံ တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်တတ်သော၊ အသရီရံ၊ ကိုယ်သဏ္ဌာန်မရှိထသော၊ ဂုဟာသယံ၊ ဟဒယဝတ္ထုဟုဆိုအပ်သော လိုဏ်ဂူမင်ကိုမှီ၍ ဖြစ်တတ်သော။ စိတ္တံ၊ စိတ်ကို။ ယေ၊ အကြင်ရဟန်းရှင်လူ ခပ်သိမ်းသူတို့သည်။ သံယမေဿန္တိ၊ လုံခြုံစွာစောင့်စည်းနိုင်ကြကုန်သည်ဖြစ်လတ္တံ့။ တေ၊ ထိုရဟန်းရှင်လူ ခပ်သိမ်းသူတို့သည်။ မာရဗန္ဓနာ၊ ကိလေသာဘေးရန် စစ်သည်မာရ် အနှောင်အဖွဲ့ ဟူသော တေဘူမကဝဋ္ဋဒုက္ခမှ၊ မောက္ခန္တိ၊ ပူမှုမသန်း လွန်အေးချမ်းစွာ လွတ်မြောက်ကြရကုန်လတ္တံ့သတည်း။

## ၆။ ချမ်းသာအောင်နေနည်း

"ချမ်းသာအောင် နေနည်းသည် ခက်ခဲသောအရာမဟုတ်ချေ၊ ဆင်းရဲမှုရှောင်လိုက်လျှင် ချမ်းသာမှုရတော့၏၊ ပူပန်မှုကို ရှောင်လျှင် အေးချမ်းမှုရတော့သည်၊ တွယ်တာမှုသည် ပူပန်စေခြင်းနှင့် ဆင်းရဲစေခြင်း၏ အကြောင်းရင်း ရေသောက်မြစ်ကြီးဖြစ်၏၊ တွယ်တာမှု သံယောဇဉ်ကို ဖြတ်လိုက်လျှင်

ဒုက္ခကင်းရာသို့ရောက်၏၊ ဒုက္ခကင်းလျှင် အေးငြိမ်းချမ်းသာရာသို့ ရောက်လေတော့သည်။ ဆင်းရဲနှင့် ချမ်းသာ အပူနှင့်အအေးတို့ကား ဝေးလံကြသည်မဟုတ်၊ ကန့်လန့်ကာတစ်ချပ်သာ ခြားကွာ၏၊ ရဟန်းတို့ တောင့်တရှာကြံနေကြသော ချမ်းသာမှု အေးချမ်းသာမှုသည် ၎င်းကို ပြောင်းပြန်လှန်လိုက်ခြင်းသာ ထူးကြသည်။

လူ့ပြည်လောကတွင် တွယ်တာမှု မကင်းနိုင်သောကြောင့် ဆင်းရဲခံနေကြရပုံမှာ ထင်ရှား၏၊ တွယ်တာမှုကြောင့်ဆင်းရဲကြီးပုံသည် သာမန်သော လူတို့ကို မဆိုထားဘိ ရံခါပါချမိရှင်ကြီးတို့ပင်ဆင်းရဲကြရသေး၏၊ ထိုအကြောင်းကို အောက်ပါသာဓက တစ်ခုဖြင့် သံဝေဂရမိပေ၏။

## မကောင်းမှုအလုပ်မှန်သမျှ သူတော်ကောင်း စက်ဆုပ်ကြ

ဘုရားအလောင်းတော်သည် ရှေးနှစဉ်အခါက ကုဒါလပဏ္ဍိတ အမည်ဖြင့် ဆင်းရဲသားဘဝ ဖြစ်ခဲ့ရ၏၊ ဖြစ်ရာ ဘဝတွင် သက်မွေး၊ ဝမ်းကျောင်းရမြဲ အတိုင်း ဘုရားလောင်းသည် ထိုအဖြစ်၌ အတော်ဆင်းရဲရှာ၏၊ ကြေးငွေဥစ္စာ ခြွေရံသင်းပင်းမရှိချေ၊ သို့ရာတွင် သူတော်ကောင်းတို့ မည်သည် ဆင်းရဲခြင်းသို့ ရောက်သော်လည်း မကောင်းသောနည်းဖြင့် သက်မွေး ဝမ်းကျောင်းပြုရိုး ထုံးစံမရှိ၊ ဖြစ်နိုင်သမျှဖြင့်သာ ရိုးသားစွာ အပြစ်ကင်းသော အလုပ်ဖြင့် စိတ်ချမ်းသာအောင် နေလေ့ရှိကြ၏။

ဆင်းရဲသားဘဝတွင် တောင်ယာလုပ်၍ စားသောက်ရာ ကိုယ်ပိုင်ပစ္စည်းဟူသည် ပေါက်တူးတုံး တစ်လက်နှင့် ပြောင်းမျိုး တစ်စလယ်သာရှိသောဟူ၏၊ တစ်မိုး တစ်နွေ တစ်ဆောင်း ဥတုသုံးပါး ပြောင်း၍သာ သွားသော်လည်း တိုးတက်လာသည် မရှိ၊ နေမြဲ စားမြဲ လုပ်မြဲ တောင်ယာဖြင့်သာ တလုံးလဲလဲ နေရဖန် များလေသည်၊ မိခိ၏ အဖြစ်ကို ငြီးငွေ့လာသဖြင့် ကိုယ်ပိုင် ပြောင်းမျိုးတစ်စလယ်နှင့် ပေါက်တူးတုံး တစ်ချောင်း ထားခဲ့ပြီးလျှင် သာသနာပ ရသေ့ပြု၍ ဟိမဝန္တာ၌ ဆောင်း နွေ ရှစ်လတို့ပတ်လုံး နေလေ၏။

နွေလကုန်၍ မိုးဦးကျသော ကာလ ရွက်ဟောင်းတွေကြွေ ရွက်သစ်တွေနု၍ ဥတုအခြေ တစ်မျိုးပြောင်းလျက် မိုးသံက တဟီးဟီးနှင့် ဘောင်ကြီးများကို ကြည့်ရတော့ ညို့ကာ ဆိုင်းလို့ ရှုလိုက်တိုင်းလွမ်း စရာ၊ ပန်းမျိုးစုံတို့ကပွင့်၍ ပုရစ်ဖူးလို့ ငှက်မြူးတဲ့အခါ နေရာဟောင်း ဘောင်ယာခင်းနှင့် တဲကလေး ကို မြင်ယောင် လွမ်းမိလေ၏၊ မိုးရွာဖျန်း၍ မြေစိုစွတ်သော အခါမှာ ရှေးနှစ်များက ဤအချိန်ဆိုလျှင် မြေများဆွလို့ တောင်ယာ စခဲ့ပေါ့၊ ယခုသည်းပဲ ငါ၌ ထားခဲ့သော ပြောင်းမျိုးတစ်စလယ်နှင့် ပေါက်တူး တစ်လက်တော့ ရှိသေး၏ ဟု အောက်မေ့လာကာ သူတို့အား မပျက်စီးပါစေလင့်ဟု အကြံဖြစ်ပြီးလျှင် ရသေ့ဘဝကို စွန့်၍ လူထွက် တောင်ယာ လုပ်ပြန်လေ၏။

တစ်ဖန် မိုးလကုန်သောအခါ မိမိ တောင်ယာမှ ရသမျှ ကလေးကို ရိတ်သိမ်းကာ စားသောက်၍ မျိုးတစ်စလယ်နှင့်

ပေါက်တူးတုံးတစ်ချောင်းကို သိုမှီးထားခဲ့ပြီးလျှင် ဤသို့သော လူအဖြစ်၌နေခြင်းဖြင့် ဘာအကျိုးရှိအံ့နည်း ဟူ၍ သံဝေဂ စိတ်ဝင်ပြီးလျှင် ဟိမဝန္တာ တောသို့ ထွက်ခါ ရသေ့ ရဟန်း ပြုပြန်လေ၏။


နွေလကုန်၍ မိုးဦးကျပြန်လျှင် မိမိထားခဲ့သော မျိုးနှင့် ပေါက်တူးကလေးကို သတိရကာ တွယ်တာပြီး ရသေ့ဘဝမှ လူထွက် တောင်ယာလုပ်ပြန်၏။ မိုးလကုန်ပြန်လျှင် လူ့ဘဝ ဆင်းရဲပါသည်ဟု သံဝေဂရကာ တောထွက်ရသေ့ပြုပြန်၏၊ ဤသို့သောနည်းဖြင့် လူထွက် တောင်ယာလုပ်ချီ၊ ရသေ့ပြု တောထွက်ချီနှင့် စုန်-ဆန် နေခဲ့ရာ ခြောက်ကြိမ် တိုင်တိုင် ရှိလေသည်။

နောက်ဆုံးတွင် ဤတကွမ်းစား တစ်စလယ်သောမျိုးနှင့် ပေါက်တူးတုံးတစ်လက်ကြောင့် ဖြစ်ရသည်ဟု သတိ သံဝေဂ ရကာ ပုဆိုးပိုင်းဖြင့် ပြောင်းမျိုးကိုထုပ်၍ ပေါက်တူးသွားကို ပုဆိုးပိုင်းနှင့်ချည်ပြီးလျှင် အရိုးဖျားကကိုင်ဆွဲလျက် မြစ်ထဲသို့ ပစ်ချရန် ဆုံးဖြတ် လိုက်လေ၏၊ ဤပေါက်တူးကလေး တစ်ချောင်းကို တွယ်တာမှုကြောင့် အကြိမ်ကြိမ် ဆင်းရဲစေခဲ့သော အကြောင်းကို အမြစ်ပါဖြတ်မှ တော်ချိမ့်မည်၊ မိမိ၏ စိတ်ကို လည်း စိတ်မချရသေးသောကြောင့် အကယ်၍ ကျရာအရပ်ကို မြင်ပြန်လျှင် "တစ်ဖန်တွယ်တာ၍ ဆင်းယူမိဦးမည်" ဟု ကျရာ အရပ်ကိုပင် မမှတ်မိစေရန် မျက်စိကိုမှိတ်ပြီးမှ ဂင်္ဂါမြစ်ထဲသို့ သုံးကြိမ် မြှောက်ယမ်းကာ အဆုံးပစ်ချလိုက်လေ၏။ ပြန်လှည့် ကြည့်သောအခါမမြင်လေမှ အောင်ပြီ ယခုမှ ငါအောင်တော့

ပြီဟု အာလယပြုတ်ကာ လက်ပမ်းပေါက်ခတ်လျက် အလွန် ဝမ်းမြောက်ရွှင်ပြစွာနှင့် ဟိမဝန္တာသို့ထွက်၍ ရသေ့ ရဟန်း ပြုသွားလေ၏။

ကုဒါလပဏ္ဍိတ ရသေ့သည် ယခုအခါ၌ တွယ်တာမှုမှ လုံးဝ ကင်းပြီး ဖြစ်သောကြောင့် မိုးဥတု ရောက်သော်လည်း စိတ်ကွက်ခြင်း မရှိတော့ဘဲ ကြည်လင် ချမ်းမြေ့သောနေခြင်း ဖြင့် ဗြဟ္မဝိဟာရ တရားကို ပွားများလျက် အသက်ထက်ဆုံး နေ၍ ထိုဘဝဆုံးသောအခါ သုဂတိဘုံသို့ လားရောက်ရလေ သတည်း။

ပူမှုကို ကြောက်လန့် ကြကုန်သော ရဟန်းမြတ်တို့သည် တွယ်တာမှုကို လွှတ်အောင် ရှောင်ရာ၏၊ သူတော်ကောင်းတို့ မည်သည် "ပစ္စည်းလေးပါး လမ်းကဆည်း" ဟူသည်ကို နှလုံး သွင်း၍ အာဝါသကို လည်းကောင်း၊ ပလိဗောဓကို လည်း ကောင်း တွယ်တာမှုမကြီးက ချမ်းသာခြင်း အမှန်ကို ရလိမ့် သတည်း။



# (၄) စတုတ္ထပိုင်း

## ၄။ ရဟန်းဟူသည် အရှုပ်အထွေးကို ဖြေရှင်းသူဖြစ်၏

**ရှုပ်ထွေးသမျှ ရှင်းလိုကြ၏....** (၁) အခိုက် အတန့်မျှ ရောက်လာသော လူ့ဘဝကလေးတွင် ဝတ်ကြောင်ပုဆိုး ဝတ်သော လူလောက၌နေလျှင် များပြားသောအရှုပ်အထွေး တို့အလယ်၌ ကျရောက်ရမည်ကိုသိ၍ ရဟန်း ပုဂ္ဂိုလ်တို့သည် "မိမိကိုယ်ကို ကယ်တင်ပေးသူ" ဖြစ်ကြ၏။

**ကိစ္စထွေထွေ လူတို့ပြည်....** (၂) လူ့ပြည်ကား များသော ရှုပ်ထွေးမှုရှိ၏၊ စကားဖြင့်လည်း ရှုပ်ထွေး၏၊ အလုပ်ဖြင့်လည်း

ရုပ်ထွေး၏ အနေအထိုင်ဖြင့်လည်း ရုပ်ထွေး၏၊ အိမ်ထောင်ကိစ္စဖြင့်လည်း ရုပ်ထွေး၏၊မင်းစိုးကိစ္စ၊ ရပ်ရွာကိစ္စ၊ သားကိစ္စ၊ မယားကိစ္စ၊ သမီးကိစ္စ၊ မြေးကိစ္စ၊ ဆွေကိစ္စ၊ မျိုးကိစ္စ၊ စားသောက်ရေးကိစ္စ၊ နေထိုင်ရေးကိစ္စ စသောအမှုတို့ဖြင့် ရုပ်ထွေးယှက်တင်ရောနှော၍ နေရ၏၊ "ငါသည်၊ ဤရုပ်ထွေးသောနယ်သို့ ပြေးဝင်ခဲ့သော် ထိုရုပ်ထွေးမှု များစွာဖြင့် ဝိုင်းနေကြသူဘိုကဲ့သို့ပင် ရှောင်၍မလွတ်ပေရာ၊ ရုပ်ထွေးမှု တစ်မျိုးမျိုးဖြင့်လည်းကောင်း၊ ဒုက္ခများစွာဖြင့် လည်းကောင်း ဝိုင်းအုံရစ်ပတ်ခံရမည် အမှန်ဖြစ်၏၊ ဤအရှုပ်ထွေးတို့ကို ဖြေရှင်းရန်မှာ သူ့နယ်တွင်းဝင်၍ ဖြေလို့ကား မပြေနိုင်ရာ၊ သူ့နယ်ထဲမဝင်ဘဲနေမှသာ လွတ်နိုင်ရာ၏" ဟူ၍ ကြိုတင် မြော်မြင်သောဉာဏ်ဖြင့် လောကများရှိ ရုပ်ထွေးမှုကို ကြည့်ရှုဖြေရှင်းနေသူဖြစ်လေသည်။

(၃) ရဟန်းဟူသည် ရုပ်ထွေးမှုကို အမှန်ကြောက်၏၊ ထို့ကြောင့် သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် အကျဉ်းချုံးနေလိုကနေရန် ဘုရားရှင်က ခွင့်ပြုတော်မူသည် မဟုတ်လော။

**နှောင်အိမ်ငှက်ပမာ လွတ်လိုစွာ....**(၄) နှောင်အိမ်မှ လွတ်သော ငှက်သည် ချမ်းသာ ပျော်ရွှင်စွာနေရ၏၊ အလမ္ပာယ်၏ပခြုပ်မှ လွတ်လိုက်သောမြွေသည် ဝမ်းမြောက်လှစွာ ပျော်ရွှင်ချမ်းမြေ့လေ၏။ ထို့အတူ လူ့ခွင်ရပ်ဘောင် အိမ်တည်းဟူသော ထောင်အနှောင်အဖွဲ့မှ ကင်းလွတ်သော ရသေ့ရဟန်း

မြတ်သည်ကား အတိုင်းထက် အလွန် များစွာ ချမ်းမြေ့လှချေ၏။

(၅) အရှုပ်အထွေးကိုဖြေရှင်းသူသည် ရှုပ်ထွေးမှုနှောင်ဖွဲ့ခြင်းခံရပြီးမှ ဖြေရှင်းထွက်မြောက်သူ၊ရှုပ်ထွေးမှု မနှောင်ဖွဲ့မီက ရှောင်နေသူ ဟူ၍ နှစ်မျိုးရှိလေရာ ငယ်စဉ်ကပင် ရသေ့ရဟန်းပြုသူတို့ကား ရှုပ်ထွေးမှု မနှောင်ဖွဲ့ခင်က ရှောင်ကွင်းသူများဖြစ်ကြ၏။ အိမ်ထောင် သားမွေးပြုပြီးမှ ဒုက္ခမျိုးစုံ တွေ့ကြုံရသောကြောင့် သံဝေဂရပြီးလျှင် အိမ်ထောင်မှု အားလုံးကို စွန့်ပစ်၍ သံယောဇဉ်အရပ်ရပ်ကို ဖြတ်ချိုးကာ ရသေ့ ရဟန်းပြုကြသူတို့ကား ရှုပ်ထွေးမှုနှောင်ဖွဲ့ခြင်း ခံယူပြီးမှ ဖြေရှင်းလာသူတို့ ဖြစ်လေ၏။ ထိုအဖြစ်မျိုးကား နိက္ခမပါရမီ ဓာတ်ခံရှိသူတို့မှသာ ထွက်မြောက်နိုင်ကြလေသည်၊ ယင်းသို့သော ပါရမီရရန်မှာ ဒုလ္လဘ ဖြစ်စေ သာသနာတောင်ဝင်၍ တစ်စတစ်စဖြည့်ရာ၏။

## ၁။ ထေရပုတ္တာဘယ သူရဲစစ်ဗိုလ်ကြီး၏ ရှောင်ထွက်နည်းကောင်း

**နည်းကောင်းမှန်က ယူသင့်လှ**....အနှောင်အဖွဲ့မှ ရှောင်ထွက်လိုသူသည် သူတစ်ပါးတို့ နည်းကောင်းကို ရှေးဦးစွာရှာရာ၏၊ သာသနာဝင် ကျမ်းတို့၌ ရှောင်ထွက်ပုံ ဝတ္ထု၊ အမျိုးမျိုးတို့တွင် နည်းယူဖွယ် ကောင်းသော အဘယ စစ်သူကြီး၏ နည်းကို အောက်၌ကြည့်ပါဦး။

ဒုဋ္ဌဂါမဏိ မင်းကြီးသည် ရန်သူတို့ကို အောင်ပြီးသော် သီဟိုဠ်ကျွန်းအလုံး၌ မင်းတစ်ပါးသာ ရှိသော အဖြစ်ကိုပြု၍ အဘိသိက် ခံတော်မူပြီးလျှင် ‘သူရဲစစ်ဗိုလ်ကြီးတို့အား မြို့ ကျေးရွာတို့ဖြင့် ပိုင်စားပေး၍၊ ဌာနန္တရ ဝိသေသရာထူးကို ချီးမြှောက်တော်မူလေ၏၊ ထိုအခါ ဆယ်ဦးသော စစ်သူကြီး တို့တွင် ထေရပုတ္တာဘယမည်သောစစ်ဗိုလ်ကြီးသည် ချီးမြှောက် တော်မူသော ရာထူးကို လက်မခံဘဲ နေလေ၏၊ ထိုအခါ မင်းကြီးက....

“အမောင် ပုတ္တာဘယဗိုလ်ကြီး၊သင်သည် အဘယ့်ကြောင့် ငါချီးမြှင့်သော ရာထူးကို အလိုမရှိရသနည်း”

“အရှင်မင်းကြီး ကျွန်ုပ်၌ စစ်ထိုးရန် ရှိပါသေးသည်”ဟု လျှောက်လေ၏။

ဤစကားကို ကြားလျှင် မင်းကြီးလည်း အံ့သြစွာနှင့် “သင်တို့အရှင်ငါလျှင်ဧကရာဇ်မင်းကြီးဖြစ်နေပြီ မဟုတ်လော၊ အဘယ်မည်သော စစ်ထိုးခြင်း၌ ရှိရသေးသနည်း”

“မြတ်သောမင်းကြီး အရှင်မင်းကြီးကား ဧကရာဇ်မင်း ဖြစ်သည်ကား မှန်ပါသည်။ ကျွန်ုပ်အဖို့မှာ အလွန်အောင်နိုင်ခဲ သော ကိလေသာ တည်းဟူသော ဘေးရန်၊ ခိုးသူတို့၏ စစ် အန္တရာယ်သည် ဝန်းရံလျက်ရှိနေပါသေးသည်၊ ထိုကိလေသာ စစ်သည် ရန်သူတို့သည် ကျွန်ုပ်အား အနိုင်အထက် နှိပ်စက် ညှဉ်းရန် အချိန်မလင့် စောင့်၍နေကြပါသည်၊များစွာထွေးရှုပ်၍ မြဲစွာနှောင်ဖွဲ့တတ်သော ထိုရန်သူတို့နှင့် စစ်မှုခြင်းကို ကျွန်ုပ်

ပြုရပါအံ့၊ ထိုရန်သူတို့ကို နိုင်ပါမှ ဘေးလွတ်ရာ ခြေပြးပေါက်ကို ရနိုင်ပါအံ့၊ ထို့ကြောင့် ကျွန်ုပ်အား ခွင့်လွှတ်တော်မူပါဘုရား''ဟူ၍ လျှောက်ထားတောင်းပန်လေ၏၊ မင်းကြီးသည် လောကကျေးဇူးကိုဆပ်လိုသောကြောင့် အကြိမ်ကြိမ်တားမြစ်သော်လည်း စစ်ဗိုလ်ကြီးသည် လက်မခံဘဲ လောကအရှုပ်အထွေးကို ဖြေရှင်းလိုကြောင်းနှင့် အဖန်ဖန် ခွင့်တောင်း၍သာနေသဖြင့် ''ကောင်းပြီ အသင်ကားသူတော်သူမြတ်တရားနှင့် ချမ်းသာမှုကို တောင့်တသူ ဖြစ်ပေသည်၊ စိတ်အလိုအကြံအတိုင်းသာ ပြုပါလေတော့''ဟူ၍ နောက်ဆုံးတွင် ခွင့်ပေးလိုက်ရလေ၏။

စစ်ဗိုလ်ကြီးသည် မင်းကြီး၏ ခွင့်ပြုချက် ရလေလျှင် နှောင်ကြိုးမှ လွတ်သော ဆင်ပြောင်ကြီးကဲ့သို့ ဝမ်းမြောက်ကြည်လင်စွာ မထေရ်မြတ်ကြီးတို့ သီတင်းသုံးရာ ကျောင်းတော်သို့သွား၍ ရဟန်းပြုလေ၏၊ ရဟန်းဖြစ်၍ မကြာမြင့်မီပင် ကမ္မဋ္ဌာန်းတရားကို ဝီရိယဇွဲသန်သန်နှင့် အားထုတ်လေရကား ရဟန္တာအဖြစ်သို့ ရောက်သွားလေသတည်း။ .

အာသဝေါကင်းကွာ၍ ရဟန္တာဖြစ်ပြီးလျှင် နောက်ပါရဟန္တာပေါင်းငါးရာ ခြံရံလျက် ဆိတ်ငြိမ်ချမ်းသာစွာနေလေ၏၊ ထိုအကြောင်းကို မင်းကြီး ကြားသိလေသော် အလွန်ဝမ်းမြောက်လျက် စိတ်နှလုံး၏ အထူးချမ်းမြေ့သော အဖြစ်ကို ရသောဟူ၏၊ ဤပုတ္တာဘယ မထေရ်ကြီးကား လာမည့်ဘေးကို အဝေးက ရှောင်ရှားသူတည်း၊ လူ့ဘောင်၌နေလျှင် မုချတွေ့ရမည့်ဖြစ်သော သားမယားအနှောင်အဖွဲ့ ကာမဂုဏ်

အရုပ်အထွေးတို့ကို ကြိုတင် ရှောင်ကွင်း တိုက်ဖျက်ခြင်း ဖြစ်လေသည်။

ယခုကာလ ငယ်ဖြူ ရဟန်း၊ သာမဏေတို့လည်း ထို့အတူ ပင်တည်း။ ထူးသည်ကား ပုထုဇဉ် ရဟန်းတို့မှာ ရှေးဦးစွာ စိတ်ဖြူသော နှလုံးသွင်းကို နောင်အခါ ပတ်ဝန်းကျင် အခြေ တစ်ခုခုကြောင့် ဖောက်ပြန်တတ်ကြလေရာ မူလရင်း မျှော် မှန်းချက်ကို သတိမလစ်စေအပ်ပေ။ အိုးထိန်းသည်သည် မြေမှ အိုးအဖြစ်သို့ ရောက်ရှိစေ၏၊ လှယ်လုပ်သမားသည် ရှုံရည်ကို ထွန်၍ စပါးကိုရအောင်ယူ၏၊ လှေသူကြီးသည် သစ်သားဖြင့် လုပ်သောတက်ဖြင့် ရေကိုယက်၍ လိုရာခရီးသို့ ရောက်စေ၏။ အသင် သူတော်ကောင်းတို့သည် သင်၏ ကြိုးစားသော လုံ့လ မလျော့သော ဝီရိယဖြင့် မျှော်မှန်းတိုင်းသော ချမ်းသာရာ ဘဝသို့ ဖြောင့်တန်းစွာ သွားပါလေလော့။

## ၂။ အယောဃရ မင်းသား၏ ရှောင်ထွက်နည်း

ချမ်းသာကို လိုလားသော ပညာရှိ သူတော်ကောင်းတို့ သည် မိမိအား နှောင်ဖွဲ့သောဘေးကို အစဉ် ရှုကြည့်ရာ၏။ ရှုန်းထွက်နိုင်သောအခါတွင် လွတ်လွတ် ရုန်းထွက်၍ သူတော် ကောင်းတရားဖြင့် ချမ်းသာစွာ နေလေ့ရှိကြကုန်၏။

ထိုသို့သော ဆုံးဟောင်းတစ်ခုမှာ ရှေးအခါက အယော ဃရ မည်သော မင်းသားကလေးသည် သူ၏ တစ်ဘဝတာ၌

အနှောင်အဖွဲ့ ခံရသော ဒုက္ခများကို ထိတ်လန့်ကာ ရှုဆင်ခြင်ပြီးလျှင် တစ်ဆယ့်ခြောက်နှစ်အရွယ် ပျိုငယ်သော အချိန်၌ပင် ခမည်းတော်ပေးသော မင်းအဖြစ်ကိုပယ်၍ ရသေ့ရဟန်းပြုကာ တောထွက်သွားခဲ့ဖူးလေသည်၊ ဖြစ်စဉ်ကား ဤသို့တည်း။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုလျက်ရှိစဉ် မင်းကြီး၏တောင်ညာစံ မိဖုရားကြီး၌ ဖွားတိုင်း ဖွားတိုင်းသော သားငယ်တို့ကို ဘီလူးမ ဖမ်းယူစားခြင်းခံရလေ၏။ ပရိဒေဝမီးတောက်လောင်လျက် မိဖုရားကြီး၌ နှလုံး မသာမယာရှိလှသောကြောင့် သုံးကြိမ်မြောက် ပဋိသန္ဓေယူသောအခါ မိဖုရားကြီး၏ ကိုယ်ဝန်ကို စောင့်ရှောက်ရန် ဘုရင်ကြီးသည် အထူးအားထုတ်လေ၏။

ကြီးစွာသော သံအိမ်ကိုဆောက်စေလျက် ဘီလူးမ မဝင်နိုင်အောင် ကျပ်တည်းစွာသော အစောင့်အရှောက်ကိုလည်း ထားလေ၏။ ဖွားချိန်တန်သောကာလ မိဖုရားကြီးကို သံအိမ်တွင်း၌ သွင်း၍ လုံခြုံစွာ ထားလေ၏။

သားတော် ဖွားမြင်ပြီး၍ ၇ ရက်စေ့လျှင် သားငယ်အား အစောင့်အရှောက်ကို မြဲမြံစွာထားခဲ့၏။ ဘုရင်ကြီးသည် မိဖုရားကြီးကိုခေါ်ယူလျက် ပြာသာဒ်ထက်သို့ တက်လေ၏။ ထိုအချိန်တွင်ဘီလူးမလည်း အသက်ကုန်ခြင်းသို့ ရောက်လေ၏၊ ထိုမင်းသားငယ်သည် သံအိမ်တွင်း၌ ဖွားမြင်ရသောကြောင့် အယောဃရ သတ္တိသားဟူသော အမည်ကို ရလေ၏။

မယ်တော် ခမည်းတော်တို့သည် ချစ်လှစွာသောသားငယ်ကို ရင်ခွင်ထက်တွင် ယုယစွာပိုက်ချီ၍ ထားလိုကြသော်လည်း ဘီလူးမ ဘေးရန် ကြောက်ရသောကြောင့် မသက်မသာ ခွဲခွာကာ တစ်ဆယ့်ခြောက်နှစ် တိုင်တိုင် သံနန်းအိမ်တွင်း၌ပင် စောင့်ကြပ်၍ ထားရလေ၏။

မင်းသားငယ်သည် တစ်ဆယ့်ခြောက်နှစ်အရွယ် သို့ကြား လိမ္မာသောအဖြစ်သို့ ရောက်လတ်သော် ခမည်းတော်မင်းမြတ်သည် ယခုအချိန်ကား ဘီလူးမဘေးမှလွတ်လောက်ပြီ၊ ချစ်လှစွာသော ငါ၏ သားတော်အား ပြည်ကို အပ်နှင်းတော်မူအံ့ဟု မြို့အလုံးကိုတန်ဆာဆင်စေပြီးလျှင် သားတော်ကိုသံနန်းဝင်အိမ်မှထုတ်၍ မင်္ဂလာဆင်တော်၌တင်လျက် ပြည်သို့ လှည့်လည်စေပြီးကာ ရွှေနန်းပြာသာဒ်သို့ တင်တော်မူလေ၏။

အယောဇ္ဈ မင်းသားသည်ပြာသာဒ်ထက်သို့ရောက်သောအခါ ခမည်းတော် မင်းကြီးကို ရိုသေစွာရှိခိုးလျက် သနားဖွယ်ရာအသွင်ဖြင့် နေလေ၏ ထိုအခါမင်းကြီးသည် မှူးမတ်တို့ဘက် လှည့်၍....

"အိုမှူးမတ်အပေါင်းတို့ ချစ်လှစွာသော ငါ၏သားတော်ကို ထီးဖြူစိုက်ဆောင်းအပ်သော မြတ်သောရာဇပလ္လင်ထက်၌ တင်၍ လက်ယာရစ်သောခရုသင်း သုံးလုံးရေတို့ဖြင့် အဘိသိက်သွန်းပြီး မင်း မြှောက်ကြကုန်လော့" ဟူ၍ မိန့်တော်မူလေ၏။

မင်းသားသည် ထိုအမိန့်သံကိုကြားရသောအခါ နန်းဝင်အိမ်ပေါ်တစ်ခုမှ ရွှေ့၍ နန်းအိမ်ကြီး တစ်ခုသို့ သွင်းကြစေဟူသော တစ်ချက်လွှတ်ရာဇဒဏ် အခတ်ခံရသကဲ့သို့ ထင်မှတ်

သောကြောင့် ပြင်းစွာတုန်လှုပ်လျက် ဤသို့ရှိခိုးသစ္စာပြုန်ကြား လျှောက်ထားလေ၏။

"ခမည်းတော်မင်းမြတ်ဘုရား၊ အကျွန်ုပ်သည် တိုင်းပြည်နိုင်ငံဖြင့် အလိုမရှိပါ၊ ကျောင်းမြောင်းလှနွာသော အမိဝမ်းတိုက်ဝယ် ဘင်ပုပ်ရေညှိကျသော ရေသူကဲ့သို့ ဆယ်လတို့ ပတ်လုံး နေခဲ့ရပါပြီ၊ မွေးဖွားပြီးနောက် လူ့ပြည်သို့ ရောက်ပြန်ပါသော်လည်း တစ်ဆယ့်ခြောက်နှစ် တိုင်တိုင် သံနှောင်အိမ်တွင်း၌ အကျဉ်းသားနှင့်မခြား နေခဲ့ရပါသည်၊ ယခုအခါ ဘီလူး၏ ခံတွင်းမှ လွတ်သော်လည်း သေမင်းခံတွင်းသို့ မှုကား မလွတ်နိုင်ရာ ဖြစ်ပါသည်၊ ယခု စကားပြော၍ နေစဉ်ပင်လျှင် ကျွန်ုပ်၏ ရှေ့သို့ အိုခြင်းဇရာတရားတို့သည် ကပ်ရောက်နေကြပါကုန်ပြီ၊ သို့ပါသောကြောင့် ဖခမည်းတော်၏ တိုင်းပြည်သည် ခမည်းတော်အဖို့သာ ဖြစ်ပါစေတော့၊ ကျွန်ုပ်ကား လွတ်လပ်ချမ်းမြေ့သော ဘဝသို့သာ သွားပါရစေ၊ ရဟန်းပြုခြင်းငှာ ခွင့်ပေးတော်မူပါဘုရား" ဟူ၍ လျှောက်ထား ပြီးလျှင် မယ်တော်ခမည်းတော်တို့ကိုရှိခိုးသစ္စာ ရှိခိုးကန်တော့ ခဲ့၍ အမုန်ယစ်သော ဆင်ပြောင်ကြီးသည် သံကြိုးတည်းဟူ သော အနှောင်အဖွဲ့ကိုဖြတ်၍ ကျွတ်လွတ်စွာထွက်ပြေးသကဲ့သို့ လည်းကောင်း၊ ကေသရာဇာ ခြင်္သေ့မင်းသည် ရွှေချိုင့်ကိုဖြတ် ချိုးလျက် ပျော်ရွှင်မြူးစွာ ထွက်ပြေးသကဲ့သို့ လည်းကောင်း၊ ပြည်တည်းဟူသော အနှောင်အဖွဲ့၊ မင်း တည်းဟူသော အနှောင် အဖွဲ့၊ လောကလူ့ရွာ မည်းညစ်စွာသော ကာမဂုဏ် ငါးပါး တည်းဟူသော အနှောင်အဖွဲ့တို့မှ ရဲရဲစွာ ဖြတ်ချိုးပြီးလျှင်

တစ်ယောက် ထီးဘည်း ရွှေနန်းပြာသာဒ်မမှ ဆင်း၍ ထွက်သွားလေသတည်း။

ထိုအခါ သားတော်ကလေးကို ကြည့်ရှုသျှက်ရှိစဉ် ခမည်းတော် မင်းကြီးလည်း ပျိုနုသေးသော ငါ၏ သားတော်ပင်လျှင် လူ့ကာမဂုဏ်ကို စက်ဆုပ် ပယ်ခွာနိုင်လျက် ငါကဲ့သို့သော လူကြီးက တွယ်တာနေဦးမည်လော် ရှက်ဖွယ်လိုလိုသာ ဖြစ်ချေမည်ဟု ရှက်ခြင်း သံဝေဂရပြီးလျှင် မင်းပြုနေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်းဟူ၍ ဆုံးဖြတ်လျက် နန်းစည်းစိမ်ကို စွန့်၍ တစ်ဆယ့်နှစ်ယူဇနာ ရှိသော ဗာရာဏသီ ပြည်ကြီးကို အချိန်းနှိုးပြုလျက် သားတော်နောက်သို့ လိုက်ကာ ထောက်တော်မူလေ၏။

ထိုအကြောင်းကို ကြားသိကြလေလျှင် မယ်တော် မိဖုရားကြီးမှစ၍ ပုဏ္ဏား၊ သူကြွယ်၊ မှူးမတ်စသော နန်းဘွင်းသားနန်းတွင်းသူတို့သည်လည်းကောင်း၊ ပြည်သူပြည်သားအပေါင်းတို့သည်လည်းကောင်း မင်းကြီးနောက်မှ မခွဲမခွာနိုင်ပင်တောထွက် လိုက်ပါသွားကြလေကုန်၏။

အယောဃရမင်းသားသည် နောက်ပါ တစ်ဆယ့် နှစ်ယူဇနာရှိသော ပရိသတ်ကြီးကိုယူဆောင်၍ ဟိမဝန္တာသို့ ရှေးရှုသွားသေလျှင် သိကြားမင်းသည် ပဏ္ဍုကမ္ဗလာ တင်းခလေ၏၊ လူ့ပြည်ကိုကြည့်ရှုသော် သူတော်ကောင်းတို့အတွက် ကျောင်းသင်္ခမ်းလိုကြောင်း သိရှ၍ ဝိသကြုံနတ်သားအား စေလွှတ်ကာ ဟိမဝန္တာတောကြီးအတွင်း သန့်ရှင်းသော မြေအပြင်၌

အလျား တစ်ဆယ့်နှစ်ယူဇနာ၊ အနံခုနစ်ယူဇနာရှိသော နေရာအတွင်း ကျောင်းသင်္ခမ်းနှင့်တကွ သန့်ရှင်း ကြည်လင်သော ရေ၊ ချိုမြိန်သော သစ်သီးကြီးငယ်တို့ကိုပါ ချမ်းသာစွာနေနိုင်ရန်အတွက် ပြည့်စုံအောင် ဖန်ဆင်းပေးစေလေ၏။

မင်းသားနှင့်တကွသော ပရိသတ်တို့သည် ရသေ့ ရဟန်းပြုကြပြီးလျှင် အသီးသီးသော ကျောင်းသင်္ခမ်းသို့ ဝင်၍ မြတ်သော ပြဟ္မဝိဟာရကရားတို့ဖြင့် ချမ်းသာစွာနေကြလေကုန်၏။ အသက်ရှည်သမျှ ကာလပတ်လုံး နေကြပြီးလျှင် ဘဝ၏ အဆုံး၌ ကံအားလျော်စွာ သုဂတိဘုံသို့ လားရောက်ကြလေသတည်း။

## ၃။ မဟာဇနကမင်းကြီး၏ ဖြေရှင်းရှောင်ထွက်နည်း

သံသရာဇာတ်၌ အနှောင်အဖွဲ့ဟူသည် "ကျားကြီး ခြေရာကြီး ကျားငယ်ခြေရာငယ်" ဟူသော စကားနှင့်တူ၏၊ စည်းစိမ်ကြီးသော အနှောင်အဖွဲ့ကြီးလော၊ ထင်ရှားကျော်ကြား၍ အခြွေအရံများသလော၊ များသော အနှောင်အဖွဲ့ ရှိလေ ဖြစ်လေရာ ဘုရားအလောင်းတော် မဟာဇနက မင်းကြီးတို့ပင် အနှောင်အဖွဲ့မှ လွတ်ထွက်ရန် မည်မျှခဲယဉ်းသည်၊ ခက်ခဲစွာ မနည်း ရုန်းကန် ထွက်ရသည်ကို သိနိုင်လေသည်၊ ဤကား ကျားကြီး၏ ခြေရာကြီးရသော အနှောင်အဖွဲ့မျိုးပေတည်း၊ စိတ်ဝင်စားဖွယ်ကောင်းသော ထိုမင်းကြီး အကြောင်းကို လေ့လာကြည့်ကြဦးစို့။

အခလောင်းတော် မဟာဇနက မင်းကြီးကား များသော ဒုက္ခခံခဲ့ရ၏၊ မဖွေးဖွားမီ ဖခမည်းတော် နတ်ရွာလားခြင်း၊ မယ်တော် တိုင်းတစ်ပါးသို့ ထွက်ပြေး တိမ်းရှောင်နေရခြင်း၊ မုဆိုးမသားအဖြစ်နှင့် မထင်မရှား သားအမိ နေကြရခြင်း၊ ကြီးလာပြန်သော် သမုဒ္ဒရာအတွင်း ဘစ်ဖက်ကမ်း မမြင်ရသော ရေပင်လယ်၌ (၇)ရက်တိုင်တိုင် လက်ပစ်ကူးခဲ့ရခြင်း စသည် တို့ဖြင့် ဘုရင်မွေးသည့် မင်းသားဖြစ်လျက်နှင့် သူမတူအောင် ဆင်းရဲခဲ့ရရှာလေသည်၊ သို့ရာတွင် ဝီရိယသမား ဖြစ်သော ကြောင့် ထက်မြက်သောစိတ်ထား မြတ်သော လုံ့လ ဝီရိယ မလျော့သောစွဲ ရှိလေသည်၊ ထိုကြောင့် နောက်ဆုံးတွင် မဏိ မေခလာ နတ်သမီးက ကူညီကယ်ဆယ်ပေးပြီးလျှင် မိထိလာ ပြည်ကြီးသို့ သွားရောက်လျက် ထီးနန်းစိုးအုပ်၍ မင်းလုပ်ရ သည့်အဖြစ်သို့ ရောက်ရလေသည်။

နှမတော်သီဝလိဒေဝီကို လက်ဆွဲ၍ ဘိသိက်ပွဲ ဝင်ပြီးလျှင် တရားနှင့်အညီ မင်းပြုလျက် အလှူမဏ္ဍပ်ကြီး ငါးဆောင်ကို ဆောက်လုပ်စေပြီးလျှင် နေ့စဉ်မပြတ် ဒါနဝတ်ကို ပြုလေ့ ရှိ၏၊ ကျေးဇူးကိုလည်း မမေ့တတ်သော မင်းကြီး ဖြစ်သောရာ ကာလအမွှာပြည်၌ရှိရစ်သော ကျေးဇူးရှင် မယ်တော်နှင့် ဒိသာ ပါမောက္ခ ဆရာကြီးတို့ကိုလည်း ခေါ်ယူ၍ များစွာသော အခြွေအရံ စည်းစိမ်တို့ကိုပေးကာ အထူး ကျွေးမွေး ပြုစုထား လေ၏။

ထိုအခါကား လူတို့သက်တမ်းရှည်သောကာလ ဖြစ်သော ကြောင့် နန်းစည်းစိမ်ကိုခံစံ၍နေခဲ့ရာ နှစ်ပေါင်းခုနစ်ထောင်

တို့ကို ကုန်လွန်ခဲ့လေ၏၊ ထိုအတွင်း ဒီဃာဝု မည်သော သားတော်တစ်ပါး သိဝလီဒေဝီမိဖုရားမှ ဖွားမြင်ခဲ့လေသည်။

အနှစ် ခုနစ်ထောင် နန်းစံပြီးနောက် တစ်ရံရောအခါ နှစ်စဉ်ထွက်မြဲအတိုင်း ဥယျာဉ်တော်သို့ ထွက်စံတော်မူလေလျှင် သရက်နှစ်ပင်၏ အသွင်မတူသော အဖြစ်ကို မြင်တော်၏။ တစ်ပင်မှာ အသီးရှိသောကြောင့် လူအများတို့၏ ပုတ်ခတ်ချိုးဖဲ့ခြင်းခံရ၍ တင့်မတယ် ကျဲသော အခက်အလက်တို့နှင့် လူသူနှိပ်စက်ခြင်းဒဏ် ခံထားရ၏၊ အခြားတစ်ပင်မှာမူ အသီး မရှိသောကြောင့် လူတို့ပုတ်ခတ်ခြင်းကင်း၍ စိုပြည် ရှင်သန်းသော အခက်အရွက်တို့ဖြင့် တင့်တယ်စွာ ရှုချင်ဖွယ်ရှိ၏။

မင်းကြီးသည် ထိုအခြင်းအရာကို နှိုင်းဆကာ အပြန်ပြန် သံဝေဂယူမိလေ၏၊ ညချမ်းအခါ ဥယျာဉ်တော်မှ ပြန်လည်ခဲ့၍ ရွှေနန်းတော်သို့ ဝင်တော်မူသည်ရှိသော် မရှင်လန်းသော စိတ်တော်ဖြစ်လေ၏။

ငါ၏အဖြစ်ကား အသီး သီးသော သရက်ပင်နှင့် တူချေ၏၊ လူသူတို့၏ အပုတ်အခတ် ခံနေရသူပင် တကား၊ အိမ်ထောင်မှုကို မြတ်သောရဟန်းဖြစ်ရမူကား အသီး မဆောင်သော သရက်ပင်ကဲ့သို့ အေးကင်းနိုင်စွာ တကား ဟူ၍ ထပ်ပြန် တလဲလဲ တွေးတော ကြံဆပြီးလျှင် မင်းအဖြစ်၌ ငြီးငွေ့တော်မူလေ၏။

ထိုအခါမှစ၍ ရဟန်း အဖြစ်၌ ညွတ်သော စိတ်ရှိသော ကြောင့် မိုးလေးလပတ်လုံး မြတ်သော ပြာသာဒ်ထက်၌သာ

ကိုယ်တော်အထီးတည်း ဥပုသ်သုံးကာ တရားအားထုတ်လျက် နေလေ၏၊ ထီးနန်းကို စွန့်ပစ်၍ တိတ်တဆိတ် တောထွက် ရဟန်းပြုရန်ကိုလည်း ဆုံးဖြတ်လိုက်လေ၏။

တစ်နေ့သောအခါ မင်းကြီးသည် မိမိ ပြင်းပြစွာ အကြိမ်ကြိမ် တောင့်တရည်မှန်း၍ ဆုံးဖြတ်ထားပြီးအတိုင်း ဆံမုတ်ဆိတ်ကိုရိတ်ပယ်၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို ရည်မှန်းဆာရာပြုပြီးလျှင် ဖန်ရည်စွန်းသော အဝတ် သင်္ကန်းကို ဝတ်ရုံ ဆင်မြန်းလျက် မြေသပိတ်ကို လွယ်တော်မူကာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတစ်ပါးအသွင်ဖြင့်လူသူတို့ရှေ့တွင်ပင်ပြာသာဒ်မှ ဆင်းသက် ထွက်ကြွတော်မူလေ၏၊

ထိုအခိုက် 'သီဝလီဒေဝီ' မိဖုရားလည်း ခုနစ်ရာသော မောင်းမတို့ကိုခေါ်ယူလျက် မင်းကြီးကို ဖူးမြော်ရန်လာကြရာ သင်္ကန်းဝတ်နှင့် ဆင်းကြွသွားသည်ကို မြင်သော်လည်း ထိုဗီရှားစွာ မသိလိုက်ကြချေ၊ 'မင်းကြီးအား တရားဟောပြရန် ကြွလာသော ပစ္စေကဗုဒ္ဓါ'ဟူ၍သာ မှတ်ထင်လျက် ရိုသေစွာ ရှောင်ရှားကာ ရှိခိုးကြပြီးလျှင် မင်းကြီးနေရာ ပြာသာဒ် ဆက်သို့သာ ဆက်လက်တက်သွားကြလေ၏။

မင်းကြီးစံတော်မူမြဲနေရာသို့ကပ်မိကြသောအခါမှ ဖြတ်၍ ချထားခဲ့သော ပိတုန်းရောင် အဆင်းနှင့်တူသော ဆံတော်နှင့် စာကူ ပေါင်းတော်ကိုလည်းကောင်း၊ ခါးဝတ် ပုဆိုး အင်္ကျီတို့ကိုလည်းကောင်း အသရေရှိသော ညောင်စောင်းထက်၌ စုပုံလျက် ရှိထားခဲ့သည်ကို မြင်ကြရလေသော် မိဖုရားကြီး

သည့် မောင်းမတို့နှင့်တကွ အံ့သြကြီးစွာ ထိတ်လန့် သွေးဖြာ ပြီးလျှင် သည်းစွာ ငိုကြွေးကြလျက် အလျင်အမြန် မင်းကြီး ကြွသွားရာလမ်းသို့ လိုက်ကြလေကုန်၏။

အရှင်မင်းမြတ်ကြီးဘုရား….ကျွန်တော်မတို့ကို ကိုးကွယ်ရာမဲ့ ပြုတော်မမူပါလင့်၊ တိုင်းပြည်သို့ ပြန်လည်တော် မူပါဦး ဘုရား၊ တစ်ဆိတ်ကလေးရပ်တန့်၍ဆိုင်းငံ့တော်မူပါဦးဘုရား၊ ဘုရား ကျွန်တော်မတို့မှာ သည်းအူကြွေပြတ်၍ မတ်တတ်ကလဲရချည့်ရဲ့ ဘုရား စသည်ဖြင့် တွေတွေရာရာ ဖစောစာနှင့် သည်းစွာ ငိုမြည်တမ်းလျက် ပင်ပန်းခြင်းမှာဟိုက်သံဖြင့်လျှောက်တင်ဆိုရင်း ကပိုကရို ဖရိုဖရဲ ကြွဲ၍ တွဲလဲကျသော ဆံပင်တို့နှင့် ရင်အုံကို လက်စုံခတ်တီးလျက် မင်းကြီး၏ နောက်တော်သို့ တကောက်ကောက် မျက်ခြည်ပြတ်မခံ တညီညီ တောင်းပန်၍ လိုက်ကြကုန်၏။

သို့ကလို အငိုငိုတရှိုက်ရှိုက်နှင့် နောက်တော်က လိုက်ကြသော်သည်း အကြိုက်တော်မကျ သွားမြဲအတိုင်းသာ ကြွသွား၍ နေတော်မူသောကြောင့် မိဖုရားကြီးသည် ကြံရာမရသဖြင့် အိမ်အိုတဲငယ်တို့ကို မီးတိုက်စေခြင်း၊ လက်နက်ကိုင်သော သူကြမ်းတို့အသွင်ပြု၍ ပြွမ်းပြွမ်းတစေခြင်း ရေိယာယ်တို့ကို လီဆယ်ကာ ပြုလျက် ထွက်ကြွတော်မမူစေခြင်းငှာ မိန်းမသား မာယာဖြင့် တစာစာတောင်းပန်ရှာလေ၏။

သို့သော် အလောင်းတော်မြတ် ဗောဓိသတ်ကား ဆုံးဖြတ်ပြီး အလုပ်ကို ဘယ်သူဆို၍မျှ လျှော့ပေးမည် မဟုတ်သော

စိတ်ထားဖြင့် မိထိလာပြည် ငါ့ပြည် မဟုတ်တော့ပြီ၊ ငါစွန့်လွှတ်ခဲ့ပြီတကား ဟူ၍ ဆုတ်နစ်တော်မမူဘဲ ကြွမြဲတိုင်းသာ ရှောင်လွှဲ၍ ကြွသွားကာ နေလေ၏။

ထိုအခိုက် နာရဒမည်သော ရသေ့မြတ်သည် ဈာန်ဖြင့် ကြွလာကာ ကောင်းကင်ပြင်၌ရပ်လျက် 'ငါ့ရှင်သူမြတ် သင်၏ မောင်းမများမြတ် ပရိသတ်ခြွေရံ အသံများစွာနှင့် သွားလာခြင်းကား ရဟန်းတို့၏သွားလာခြင်းမျိုးမဟုတ်၍ မသင့်လျော်လေစွတကား' ဟု မြစ်တားဆုံးမခြင်း ပြုလေ၏။

မင်းကြီးလည်း ထိုဆုံးမစကားကိုမှတ်သားပြီးနောက် ကြွမြဲတိုင်းသာ ဆက်လက်၍ ကြွပြန်သောအခါ တစ်နေ့ရာတွင် ကောင်းကင်မှ ကြွလာသော မိဂါဇိန် ရှင်ရသေ့နှင့် တွေ့ပြန်လေလျှင် ကောင်းကင်ပြင်၌ ရပ်လျက်ပင် 'အို ငါ့ရှင်သူမြတ် သင်၏သွားလာခြင်းကား မိန်းမသံတွေ တညံညံနှင့်ပါတကား၊ မြတ်သော ရသေ့ရဟန်းတို့၏ သွားလာခြင်းမျိုးနှင့် မတူလှစွာတကား' ဟူ၍ ပြစ်တင် ဆုံးမသြဝါဒ ပေးပြန်လေ၏။

မိဂါဇိန်ရသေ့မြတ်၏ ဆုံးမပေးသောသံဝေဂစကားသံကို ကြားနာရလေလျှင် အလွန်ပင် ရှက်နိုးလှသော်လည်း သီဝလိဒေဝီ မိဖုရားနှင့်တကွသော မောင်းမခုနစ်ရာတို့သည် ဆိုကာ ငိုကာ တစာစာနှင့် မင်းကြီးနောက်မှ တကောက်ကောက် လိုက်နေကြလျက်ပင် ရှိလေ၏။

ဤသို့လျှင် မင်းကြီးကြွသွားရာ များစွာသော ပရိသတ်ကြီးက လိုက်လျက် အစဉ်သဖြင့် လာခဲ့ကြရာ ထူဏမြို့သို့ဆိုက်

ရောက်ကြလေ၏။ ထိုမြို့အဝင်ဝတွင် ကစားနေသော သူငယ်မ ကလေးတစ်ယောက်ကို တွေ့ရှိပြန်သည်မှာ လက်တစ်ဖက်၌ တစ်ကွင်းသောလက်ကောက်ကို ဝတ်၍ အခြားတစ်ဖက်၌ကား နှစ်ကွင်းသော လက်ကောက်ကို ဝတ်ပြီးလျှင် အိုးကွဲဖြင့် သဲမှုန့် ကစား၍ နေလေ၏၊ မင်းကြီးသည် ထိုအခြင်းအရာကိုကြည့်ရှု ဆင်ခြင်၍ မိဖုရားတို့အားပြန်သွားစေလိုသောကြောင့် ကလေး မကို စကားဆိုလေ၏။

'အို ကလေးမ အဘယ်ကြောင့် လက်တစ်ဖက်၌ လက် ကောက်တစ်ကွင်းတည်းဝတ်၍ တစ်ဖက်၌ကား နှစ်ကွင်း ဝတ် ရသနည်း'

'အရှင်ဘုရား၊ တစ်ကွင်းသောလက်ကောက် ဝတ်ထားခြင်း ဖြင့် ထိခတ်ခြင်းမရှိ၍ မြည်ခြင်းမပြုနိုင်ပါ၊ နှစ်ကွင်းသော လက်ကောက်ကို ဝတ်ထားလျှင် ထိခတ်ခြင်းကြောင့် မြည်ခြင်း သောအသံ ဖြစ်တတ်ပါသည်၊ ရဟန်းတို့အားလဲ မြတ်သော တရားရှင် ဖြစ်ပါလျက် အဘယ့်ကြောင့် နောက်ပါ အဖော် အပေါင်းတို့နှင့် ကြွသွားနေရပါသနည်း၊ အရှင်ဘုရားတို့လဲ နှစ်ဆင့်ဝတ်သော လက်ကောက်ကဲ့သို့ မြည်ခြင်း ဖြစ်တတ် ပါသည်'ဟူ၍ ဆုံးမသံနှောသော သံဝေဂစကားဖြင့် လျှောက် ထားလိုက်ပြန်၏။

ထိုမှတစ်ဖန် ရှေ့သို့ဆက်၍ အစဉ်သဖြင့် ကြွသွားကြပြန်ရာ တစ်ဖက်သော မျက်စိဖြင့် ကြည့်၍ မြား ဖြောင့် နေ သော ယောကျ်ားတစ်ယောက်ကို တွေ့ရသဖြင့် ကြည့်ရှုကာ မေးမြန်း လေ၏။

'အမောင် ယောကျ်ား အဘယ့်ကြောင့် တစ်ဖက်သော မျက်စိဖြင့်သာကြည့်၍ မြားဖြောင့်လေသနည်း'

'အရှင်ဘုရား၊ နှစ်ဖက်ကြည့်၍ ဖြောင့်ခြင်းသည် အငြင်းအခုံ ကွဲပြား၍ မြားသည် ဖြောင့်မတ်ခြင်း မရရှိဘဲပါသည်။ တစ်ဖက်တည်းသာကြည့်၍ ဖြောင့်ခြင်းသည် ဝိဝါဒမကွဲသဖြင့် ဖြောင့်စင်း ချောပြေသော အဖြစ်သို့ ရောက်ပါသည်၊ အရှင်ရဟန်းမြတ်တို့သည်လဲ တစ်မိဝမ်းတွင်းမှ ဖွားမြင်သော နှမငယ်ရင်းပင်ဖြစ်လင့်ကစား မိန်းမတို့နှင့် အတူတကွ သွားလာခြင်းသည် အလျဉ်းပင် မသင့်တော် မလျောက်ပတ်ကြောင်းပါ ဘုရား'ဟူ၍ တိလင်းစွာ သတိပေး စကားဖြင့် လျှောက်ကြားပြန်လေ၏။

ဤကဲ့သို့ နာရဒရသေ့မြတ်က ဖခင်ကြီး၏၊ မိဂါဇိနံရသေ့က တစ်မျိုး၊ အိုးကွဲကာစားသောကလေးမက တခြား၊ မြားသမားက တစ်ဘန် အဖန်ဖန်သော သံဝေဂစကားတို့ဖြင့် ထပ်မနားကြားရလေလျှင် မင်းကြီးသည် မည်သို့မျှ စကားတုံ့မပြန်ဘဲ တိတ်ဆိတ်စွာ ထွက်ကြွခဲ့လေ၏။

တစ်နေရာသို့ ရောက်သောအခါ နောက်တော်က ပါခဲ့သော သီဝလီဒေဝီမိဖုရားကို ခေါ်တော်မူ၍ သူ၏ ရှေ့တွင် ဖြူဆံမြက်ပင်ကိုနုတ်ယူပြီးလျှင် ဤမြက်ညှောက်သည် အပင်နှင့် မစပ် ပြတ်လေသကဲ့သို့၊ သင်နှင့် ငါသည်လည်း အလျဉ်းပင် မစပ်ပြတ်ကြလေပြီဟူ၍ မြက်ညှောက်ကို ပြပြီးကာ [illegible]သွားတော်မူလေ၏။

မိဖုရားကြီးသည် မင်းကြီး၏ ငဲ့ကွက်ခြင်းကင်းသော စကားကို ကြားရလျှင် ရွှေငှက်ပျောပင် ဒလယ်ယူလာ တိမ်းသကဲ့သို့ ယိမ်းယိုင်ကာ ခိုကိုးရာဖြင့် မဲ့ခဲ့လေပြီဟု ယူကျုံးမရ သောကကို မဆည်နိုင်သောကြောင့် အရိပ်ကြိုးပြတ်သကဲ့သို့ မတ်တတ်မှ လဲကာ မိန်းမော၍ သွားလေသတည်း။

ထိုအခိုက်တွင် အလောင်းတော်ကြီးသည် ယခုမှ ငါ့ကို ခွင့်ပေးပြီ ဟူ၍ နှလုံးပိုက်ကာ ခြေရာကို ဖျောက်ခဲ့ပြီးလျှင် မြောက်ဟိမဝန္တာသို့ လျင်မြန်စွာ ဝင်ကြွ သွားလေသတည်း။ မောင်းမများနှင့် မှူးမတ်တို့လည်း အရေးတယူ ဖေးကူ၍ ပြုမူကြရရာ မိဖုရားကြီး သတိရလာလေလျှင် မှူးမတ်တို့နှင့် တကွ မင်းကြီး ဘယ်ဆီမြန်းပါလိမ့် ဟူ၍ ကမန်းကတန်း ရှာဖွေ ကြသော်လည်း အရိပ်အယောင်မျှ မတွေ့မြင်ရသောကြောင့် အလောင်းတော် မင်းကြီး ရပ်တော်မူရာ ဌာန၌ စေတီတစ်ဆူတည်၍ များစွာသော ပူဇော်သက္ကာရ ပြုပြီးလျှင် ဝမ်းနည်း ပက်လက်နှင့် မိထိလာပြည်သို့ ပြန်သွားကြရလေ တော့၏။

မဟာဇနက ရဟန်းမြတ်သည် ဟိမဝန္တာသို့ ရောက်၍ နောက်မှ လိုက်သူတို့ မမြင်ရတော့မှ ဟင်း၊ ချကာ ငါ၌ ကြီးစွာသော အနှောင်အဖွဲ့သည် ယခုမှ လွတ်ပေ ကျွတ်ပေ တော့သည်၊ တိမ်တိုက်မှလွတ်သော လကဲ့သို့ ငါ့အား ယခု အခါ၌ ချုပ်ချယ်နှောင်ဖွဲ့သူ ထိပါးပုတ်ခတ်သူတို့မှ ကင်းစင်

လွှတ်ခဲ့လေပြီ တကား ဟူ၍ ဝမ်းမြောက် ကြည်နူး၍နေလေ၏။

ထိုနေ့မှစ၍ စိတ်အားထက်သန်စွာ မယုတ်သောဝီရိယဖြင့် ကမ္မဋ္ဌာန်းတရားကို ကြိုးစား အားထုတ်လေရာ ခုနစ်ရက်အတွင်း၌ပင် ဈာန်အဘိညာဉ်ကို ရလေသတည်း။

ဤမဟာဇနကမင်း ရဟန်း ပြုခြင်းမျိုးကား သာသနာပကာလဖြစ်၍ သာသနာပထုံးစံအတိုင်း ရသေ့မျိုးပင် ဖြစ်၏။ ယခုကာလ ရဟန်းတို့ကား သာသနာတွင်း ရဟန်းများဖြစ်ကြလေသည်။

သို့ရာတွင် အားကျဖွယ် ကောင်းသည်ကား ကြီးကျယ်ကျပ်တည်းသော အနှောင်အဖွဲ့မှ မနည်းကြိုးစား ရှောင်ထွက်ရပုံနည်းဖြစ်၏၊ လူတို့သည် ရာဇဝတ်ပြစ် သင့်သူတို့ ကျရာအကျဉ်းထောင်ကိုကား လူတိုင်းမြင်ဖူးကြ၍ ကြောက်တတ်ကြကုန်၏၊ ထိုထက်ကြောက်ဖို့ ကောင်းသည်ကား တဏှာ၏ကျွန် မှုထမ်းဝန်သမားတို့၏ ကျရောက်ရာ ဖြစ်သော ကာမထောင်ကြီးတည်း၊ ထိုထောင်ကိုမူ သူတော်သူမြတ် မျက်စိဖြင့်ကြည့်မှ ထင်ထင်ရှားရှား မြင်နိုင်လေသည်။

ခေါင်းမပါသော ပုစွန်လုံးသည်ပင် သူ၏ ချမ်းသာစွာနေရန် တွင်းကိုဖောက်နိုင်သေး၏၊ အမြော်အမြင်နှင့် ပြည့်စုံသော သူငါကဲ့သို့သော ရဟန်းမြတ်တို့ကား အဘယ့်ကြောင့်ချမ်းသာအောင် မနေတတ်ဘဲ ရှိရမည်နည်း၊ တွေ့ကြုံရသောအနှောင်အဖွဲ့ အရှုပ်အထွေးဟူသမျှကို ဖြေရှင်း၍ လွတ်လပ်ချမ်းသာစွာ နေကြကုန်အံ့။




# (၅) ပဉ္စမပိုင်း

## ဘဝထို ဤ သုံးသပ်သည့် စာရိသမဏ

၅။ ရဟန်းဟူဟည် သံသရာ၌ ဘဝ၏ အလားအလာကို သုံးသပ်နေသူ ဖြစ်၏။

**လူ့ဘုံလူဖြစ် ချမ်းသာစစ်မမြင်....**(၁) လူ့ပြည်၌ ဖြစ်လာသော လူတို့သည် တစ်ဘဝအတွင်းကိုသာ ကြည့်လျှင် ချမ်းသာမှုဟူ၍ ထင်ရသော အရာတို့လည်း များစွာရှိ၏၊ သို့ရာတွင် 'ဆင်းရဲမှုနှင့် ချမ်းသာမှု' နှစ်မျိုးကို ချိန်စက်၍ ကြည့်သောအခါ ဆင်းရဲမှုကပိုကြောင်း ကောင်းစွာ သိကြလေသည်၊

စင်စစ်ကား မျက်မှောက်သော တစ်ဘ၀ အတွက်ကိုသာ ကြည့်နေကြသဖြင့် များလှသော ဆင်းရဲဒုက္ခကို အနည်းငယ်သော ချမ်းသာမှုကလေးက ဖုံးလွှမ်း နှစ်သိမ့်နေခြင်းကြောင့်သာ ပျော်ဖိုက် နိုင်ကြလေသည်၊ ထိုနှစ်သိမ့်မှုကလေးကသာ ဖုံးလွှမ်းမပေးခဲ့ပါမူ ထိုင်၍ငိုနေဖို့သာ ကောင်းသော လူ့ဘဝ ဖြစ်ပေမည်။

**ဘဝဇာတ်ခုံ ရုပ်မျိုးစုံ....(၂)** တစ်ဘဝမှတစ်ဘဝသို့ အစဉ်မပြတ် ထပ်ကာထပ်ကာ ပြောင်းလဲနေကြရသော ဘဝဇာတ်ခုံကြီးပေါ်၌ ရုပ်အမျိုးမျိုး ပြောင်းကာ ပြောင်းကာ ဇာတ်ထွက်နေကြရပုံကို မှန်းမျှော် ကြည့်ခဲ့သော် ချမ်းသာမှုဟူ၍ ထင်ရသောအရာသည် အနည်းငယ်သာရှိကြောင်း တွေ့မြင်ရပေလိမ့်မည်၊ ထိုအခါ နှစ်သိမ့်ဖွယ်ရာ ရှာတွေ့နိုင်တော့မည်မဟုတ်ချေ၊ နှစ်သိမ့်ဖွယ်ရာ ရှာမတွေ့သော် အသစ်ဖြစ်ရမည့် ဘဝများကို ကြောက်ရွံ့ခြင်း၊ စက်ဆုပ်ရွံရှာခြင်း ဖြစ်လာပေမည်၊ ထိုသို့သော ဘဝကြီးငယ်၏ဇာတ်ခုံကို ချုံ၍ကြည့်တတ်သော ပညာရှိသည် သူတော်ကောင်းစိတ် ဝင်နေသူ ဖြစ်၏၊ သူတော်ကောင်းစိတ် ဝင်စားနေသော ပညာရှိကား ဘဝသံသရာ၌ ဆင်ခြင် သုံးသပ်နေကြသော ရသေ့ ရဟန်းတို့ ဖြစ်လေ၏။

**ဘဝယုတ်မြတ် ဖြစ်ပြန်ရ၏....(၃)** မိမိကိုယ်ကို စဉ်းစား၍ ကြည့်ခဲ့သော် ဆင်းရဲသော ဘဝ၌ လည်းကောင်း၊ ချမ်းသာသော ဘဝ၌လည်းကောင်း၊ ယုတ်သောဘဝ၌လည်းကောင်း၊

မြတ်သောဘဝ၌ လည်းကောင်း၊ အရှင်သခင်ဘဝ၌ လည်းကောင်း၊ ကျွန်ဘဝ၌လည်းကောင်းမရှောင်သာသဖြင့်ကြုံဖန်များစွာ ဖြစ်ခဲ့ရပြီး ဖြစ်ပေမည်၊ ယခုလည်း ဖြစ်နေရဆဲပင်၊ နောင်လည်း အမှန်ဖြစ်ရပေဦးမည်သာတည်း။

**အထက်တန်းပင်ဖြစ်က စိတ်ကြီးမဝင်ရ....**(၄) လူတို့သည် ယခုဘဝ၌ အထက်တန်းက နေကြရသော်လည်း စိတ်ကြီးမဝင်သင့်ချေ၊ အကြောင်းမှာ မေ့နေသောကြောင့်သာ ဟိုလွန်ခဲ့သော ရှေးဘဝတို့က အောက်တန်းစားအနေမျိုးမှဖြစ်ခဲ့ရစဉ် သူတို့ကဲ့သို့ပင် သာမန်သောလူအဖြစ်ဝယ် မျက်နှာငယ်မှာ နေခဲ့ရမည်ဖြစ်၏၊ ထို့ကြောင့်ငါသည်သူတစ်ပါးအပေါ်၌ မာန်ပြု၍ ရန်မူခြင်း၊ ရှုတ်ချခြင်း၊ ကြိမ်းမောင်း ငေါက်ငမ်းခြင်း၊ သူတစ်ပါးနားမချမ်းသာအောင်ပြောဆိုခြင်း စသည်မှ ရှောင်ကြဉ်တော့မည်၊ ဒေါ်ထားခြင်း၊ အမျက်ထွက်ခြင်း၊ ကျိန်ဆဲခြင်း၊ လှည့်ပတ်ခြင်း စသည့် ဒုစရိုက်တို့မှသည်း လွတ်ကင်းအောင်ရှောင်တော့မည်ဟူ၍ စိတ်ကိုပိုင်းဖြတ်ထားရမည်၊

**ချမ်းသာရေးရှု ရဟန်းမူ....**(၅) ထိုသို့သော နေခြင်းမျိုးစားဘဝကို သုံးသပ်လျက် ရှိကြသော ပညာရှိ သူတော်ကောင်းတို့၏ နေနည်းပေတည်း၊ တရားကို ရှာမှီးလေ့ ရှိကြသော ရသေ့ရဟန်းတို့သည် သံယောဇဉ်ကိုလည်း ဖြတ်ကြ၏၊ နှောင်အိမ်ကိုလည်း ရှောင်ကွင်းကြ၏၊ ဘဝ၌လည်းကောင်း၊ သံသရာ၌လည်းကောင်း အလားအလာ တင်ခြင် သုံးသပ်၍

အေးချမ်းသော တရားဖြင့် စိတ်ချမ်းသာမှုကို ရှာရှုနေကြလေကုန်၏။

## ၁။ ဘဝသံသရာ

**ရဟန်း သူတော်ကောင်း ဘဝကို ကြောက်လန့်ကြောင်း....** လားရာဂတိ အမြဲမရှိကြသေးသည့် သူ ငါ စသော ပုထုဇဉ်တို့သည် ကြားရာသို့ တစ်မျိုး၊ မြင်ရာကိုတစ်ဖုံ အာရုံပြုကာ လိုက်ပါ တတ်ကြသောကြောင့် စိတ်ချရသော ဘဝရှင်များ မဟုတ်ချေ။ ထို့ကြောင့် နောင်ဖြစ်ရဦးမည့် ဘဝသံသရာကို သုံးသပ်၍ ကြည့်လျှင် ကြောက်လန့်ဖွယ် ကြီးသည်။ ရဟန်းပုဂ္ဂိုလ်တို့သည် ထိုသို့လျှင် ကြောက်လန့်ကြံတွေး၍ နေတော်မူလေ့ရှိကြလေသည်။

မကြောက်ဘဲ ရှိသည်လော၊ သာမန်သော လူတို့ကို ထားဘိဦး၊ ပါရမီရှင် အလောင်းအလျာကြီးတို့ပင် မြင်ရာ ကြားရာကို အာရုံပြုမှားတတ်မိသောကြောင့် သံသရာဒုက္ခ ဘဝဆင်းရဲ အမျိုးမျိုးကို ကျရောက်ရှာကြရသေး၏။ ရဟန်းပုဂ္ဂိုလ်တို့သည် ထိုအကြောင်းအရာများကို သင်ယူလေ့ကျက် ပြီးဖူးကြသောကြောင့် မိမိ၏ ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို စိတ်ဖြင့် ဆုံးမ၍ စောင့်စည်းနေကြသေကုန်၏။ ရှေးအခါက သူတစ်ပါးတို့၏ ဖြစ်စဉ်ကို သုံးသပ်၍ကြည့်ခဲ့သော်....

နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းတော် မူပြီးဖြစ်သော ဘုရားအလောင်းတော်ကြီးတို့တောင် အဟိတ် တိရစ္ဆာန် ဘဝ

တို့၌ကြိမ်ဖန်များစွာ ဖြစ်ဘော်မှုခဲ့ကြရသေး၏။ ထိုအကြောင်း ကို ရှေးဆရာတော်ကြီးတို့ "သိတ" ရေးထားခဲ့သော လင်္ကာ တစ်ခုမှာ အောက်တွင်ကြည့်ပါ။

**သံဝေဂရစေသော ဤလင်္ကာ** ... အစကြိုးကြာ၊ ဆယ့်ခြောက် ခါနှင့်၊ ဟင်္သာကိုးဖြစ်၊ ခြောက်ဖြစ်ကားခို၊ ကျေးညိုသုံးခါ၊ သံသာကျူးဘို၊ ကရဝိက်ငါးကြိမ်၊ ကိန္နရာလေးဖြစ်၊ စာမရီ ဆယ့်ငါး၊ မျောက်ကားတစ်ဆယ်၊ ဆင်ဝယ်ဆယ့်တစ်၊ နွားဖြစ် ဆယ့်လေး၊ ဘော်ကေးသိန္ဓဝ၊ ကျွဲအဋ္ဌနှင့်၊ သာမြသာသွေင်း၊ ဥဒေါင်းနှစ်ခါ၊ သာလိကာသတ္တ၊ ဒွါဒသကြက်၊ ဝက်ကား ဆယ့်သုံး၊ ပေါင်းရုံးများစွာ၊ တစ်ရာ့သုံးဆယ်၊ ခြောက်ဖြစ် ဝယ်သည် ဖြစ်ဘော်များလှ ဘဝပေါင်းတည်း။

ဤလင်္ကာကို ဖတ်ပြီးသောအခါ သြော်.... ငါတို့လည်း ဖြစ်ရဦးမှာပါကလား ဟူ၍ မေ့နေကြသော နော်င်လားရာ ဂတိကို သတိမမူဘဲ မနေနိုင်တော့ပေ၊ များစွာသော နောဗ် ဘဝတို့၌ အပါယ် တိရစ္ဆာန် ဖြစ်ရဦးမည်ကို ပုံသေသတ်မှတ် ကာ သံဝေဂရကြပေလိမ့်မည်။

ငါတို့ ဂေါတမ မြတ်စွာဘုရားရှင်၏ အလောင်းတော် နှစ်ဦးအခါက ကြိုးကြာငှက်မျိုး ဘဝ ၁၆ ကြိမ်၊ ဟင်္သာငှက် ဘဝ ကိုးကြိမ်၊ ခိုငှက်ဘဝခြောက်ကြိမ်၊ ကျေးငှက်ဘဝသုံးကြိမ်၊ ကရဝိက်ငှက်ဘဝငါးကြိမ်၊ ကိန္နရာဘဝလေးကြိမ်၊ စာမရီငှက် ဘဝ ၁၅ကြိမ်၊ မျောက်ဘဝဆယ်ကြိမ်၊ ဆင်ဘဝ ၁၁ ကြိမ်၊

နွားဘဝ ၁၄ ကြိမ်၊ သိန္ဓောမြင်းဘဝတစ်ကြိမ်၊ ကြက်ဘဝ ရှစ်ကြိမ်၊ ရွှေဥဒေါင်းဘဝ နှစ်ကြိမ်၊ သာလိကာဘဝ ခုနစ်ကြိမ်၊ ကြက်ဘဝ ၁၂ ကြိမ်၊ ဝက်ဘဝ ၁၃ ကြိမ်ဖြစ်ရလေရာ စုစုပေါင်းသော် (၁၃၆)ကြိမ် ဖြစ်ခဲ့လေသည်။

ထိုမှတစ်ပါး များစွာသောဘဝတို့ ရှိသေး၏။ ဤလက်ာ၌ ငုံးဘဝ၊ ဖွတ်ဘဝ၊ လင်းဘဘဝ စသည်တို့ မပါသေးချေ။ နမူနာ စာကြည့်ရန်မျှ ပြလိုက်ခြင်းဖြစ်သည်။ ပုထုဇဉ် မှန်သမျှ သူငါ မကျန် တစ်ဘဝမှ တစ်ဘဝသို့ ကြိမ်ဖန် များစွာ ကူးကာ ပြောင်းကာ ဖြစ်ကြရပေဦးမည် မုချတည်း။ လိုရင်းကား ထိုဖြစ်ရမည့်ဘဝဖို့၌ မကောင်းသောဘဝမှ လွတ်ကင်းရန်၊ ကောင်းသော သုဂတိဘဝမျိုး၌ ကျင်လည်ရန်သာ အရေးကြီး၏။ ရဟန်းပုဂ္ဂိုလ်တို့သည် ဤအရာကို တောင့်တ၍ ရရ သမျှသော မစ္စည်းလေးပါးဖြင့် မျှတကာ တရားနှင့်နေရခြင်း ဖြစ်လေသည်။

## ၂။ အဆင်းမြင်၍ စိတ်ပြစ်မှားမိသောကြောင့် ပစ္စုပ္ပန်ဘဝတွင် ဒုက္ခများရသော ဝတ္ထု

ကျူးလွန်သော အပြစ်သည် မကောင်းကျိုးကို ပေးတတ်မြဲတည်း။ စကားလွန်ခြင်း၊ ကိုယ်လက်လွန်ခြင်းကို မဆိုထားဘိ၊ မနောကံခေါ်သောစိတ်ဖြင့် ကြံစည် ပြစ်မှားမိရုံနှင့် ဖောက်ပြန်သော မကောင်းကျိုးကို ခံရလေသည်။ ထိုအကြောင်းကို အောက်ပါသာဓကဖြင့် ထင်ရှားစွာ သိရ၏။

မြွတ်စွာဘုရားရှင် လက်ထက်တော်အခါက ပစ္စိမဘင်က သားဖြစ်သော သောရေယျ ပြည်သား သေဌေးသား တစ်ယောက်သည် တစ်နေ့သော အခါ သူငယ် လူ ရွယ် ဖော် မိတ်ဆွေအပေါင်းတို့နှင့် ယာဉ်စီး၍ မြစ်ဆိပ်ရေချိုးလာကြစဉ် မြို့တွင်းသို့ ဆွမ်းခံကြွတော်မူရန် ဒုကုဋ်သင်္ကန်းကြီးကို လွှမ်းရုံ သပ္ပာယ်တော်မူနေသော အရှင်မဟာကစ္စည်းမထေရ်ကို တွေ့ မြင်ရလေ၏။ ထိုမထေရ်မြတ်ကား ရွှေအဆင်းကဲ့သို့ ဝါဝင်း လှပသော အရေအဆင်းတော် ရှိလေရာ မြင်ရသူ ငေးကြည့် လောက်သော ဟူ၏။ သောရေယျ ပြည်သား လုလင်သည် မထေရ်မြတ်ကိုကြည့်၍ ဤသို့ ကြံတွေးမိလေ၏။

ယောကျာ်းဝင်စစ် မိန်းမဖြစ်....ဤရဟန်းသည် ငါ၏မယား ဖြစ်ပါမူကား ကောင်းလေစွ၊ သို့တည်းမဟုတ် ငါ့မယား၏ အရေအဆင်းသည် ဤရဟန်း၏ အရေအဆင်းကဲ့သို့ ဖြစ်ပါ မူကား ကောင်းလေစွ ဟူ၍ မှားသော နှလုံးသွင်းခြင်းဖြင့် စိတ်ကူမြစ်မှားမိလေ၏၊ ထိုခဏ၌ပင် သေဌေးသား၏ ကိုယ်၌ ယောကျာ်းအသွင်သည် ကွယ်ခဲ့၍ မိန်းမအသွင် ဖြစ်သွား လေတော့သတည်း။

ထိုအခါ လုလင်သည် အလွန် ရှက်နိုးလှသောကြောင့် ယာဉ်မှဆင်းကာ အပေါင်းအဖော်တို့ကိုအသိမပေးဘဲ တိတ်တ ဆိတ် ခြေဦးတည့်ရာသို့ ထွက်ပြေးခဲ့လေ၏၊ လမ်းမတစ်ခုသို့ ရောက်သောအခါ တက္ကသိုလ်ပြည်သို့ မောင်းနှင်သွားနေကြ သော လှည်းကုန်သည်များကို တွေ့ရ၍ လှည်းတို့နောက်မှ

မလှမ်းမကမ်း လိုက်သွားလေရာ အမော်မပါတဲ့ မိန်းကလေး တစ်ဦး ခြေဖြင့် သွားနေရှာသည်ကို မြင်၍ သနားကြသော ကြောင့် ခေါ်ယူကာ လှည်းပေါ်တင်ပြီးလျှင် ကောင်းစွာ ဆောင်ယူကြလေ၏။

တက္ကသိုလ်ပြည်သို့ ရောက်သောအခါ မိတ်ဆွေ သေဋ္ဌေး သားတစ်ဦးထံ အပ်နှင်းလိုက်ကြသောကြောင့် လှည်းကုန်သည် တို့ပြုတိုင်း မငြင်းသာတော့ဘဲ သေဋ္ဌေးကတော် ဖြစ်သွားရ လေတော့၏၊ မိန်းမအဖြစ်နှင့် နေခဲ့ရာ သားနှစ်ယောက်ပဓိ မွေးဖွား လေသည်၊ ယခင် ယောကျ်ား အဖြစ်နှင့်လည်း ယောရေယျပြည်၌ သားနှစ်ယောက်ရခဲ့ဖူး၏။ ဤကဲ့သို့ ဘဝ မခြားဘဲ သားလေးယောက် ရပြီးသော နောက်ကာလ၌ မိတ်ဆွေကောင်း တစ်ဦးနှင့် တွေ့ကြုံ၍ မိမိ၏ဖြစ်ကြောင်း အမှန်ကို ပြန်လှန်၍ ပြောပြသောအခါ အလွန်သနားသော ကြောင့် ဤသို့ဆိုလျှင် မထေရ်ကြီးကို ကန်တော့ တောင်းပန် ရမည်၊ ကန်တော့ ပြီးပြီလားဟု မေးရာ မကန်တော့ရသေး ကြောင်း၊ ကန်တော့၍ အပြစ်လွတ်မည်ဆိုလျှင် ကန်တော့ ပါရစေ၊ ပင့်ဆောင်ပေးစေလိုကြောင်းနှင့် တိုင်ပင်ကြပြီးလျှင် အစီအစဉ်ဘစ်ခုပြုကြလေ၏။

## မိန်းမအဖြစ်က ယောကျ်ားပြန်ဖြစ်စွ

အရှင်မဟာကစ္စည်း မထေရ်ကြီးလည်း တက္ကသိုလ်ပြည်သို့ ဒေသစာရီ ကြွချီလာခိုက် ကြုံကြိုက်၍ မိတ်ဆွေကောင်း၏

အကူအညီဖြင့် သေခွေးကတော်အိမ်သို့ ပင့်ဖိတ်ပြီး ဆွမ်းကပ်၍ လှူဒါန်းပူဇော်ဖွယ်တို့ဖြင့် ပူဇော်ကာ တပည့်တော်ပြစ်မှား မိသော အပြစ်ကို သည်းခံတော်မူပါဘုရား ဟူ၍ လျှောက်ထား တောင်းပန်လေ၏။ မထေရ်မြတ်လည်း မသိသေးသောကြောင့် 'ငါ့၌ ဘယ်တုန်းက အပြစ်ရှိသို့လဲ' ဟူ၍ မေးတော်မူရာ လွန်ခဲ့သောကာလက မနော်ကပြစ်မှားမိ၍ မိမိမှာ မိန်းမဖြစ်နေရပုံမှ စ၍ အကြောင်းစုံကို လျှောက်သော အခါမှ 'ကောင်းပြီ ငါသည်းခံ၏' ဟူ၍ ခွင့်လွှတ်ကြောင်း မိန့်တော်မူလေ၏၊ ထိုခဏ၌ပင် သေခွေးကတော်သည် ရှေးကကဲ့သို့ပင် ယောကျ်ားအသွင်သို့ ပကတိ ပြန်ပေါ်လာလေ၏ ထိုအခါ လင်ဖြစ်ဖူးသော သေခွေးကို ခွင့်တောင်း၍ သားနှစ်ယောက်ကိုလည်း အပ်နှံခဲ့လေ၏။

## သံဝေဂအကြောင်းခံ ရဟန္တာဖြစ်ပြန်

သောရေယျလုလင်သည် ကြီးစွာသော သံဝေဂကိုရကာ ဤသို့ အကြံ ဖြစ်လေ၏၊ ငါသည် တစ်ဘဝတည်းတွင်ပင် ထစ်ခုသော အတ္တဘော၌ ယောကျ်ားဖြစ်ပြန်၊ မိန်းမဖြစ်ပြန် အဖန်ဖန်ဖောက်ပြန်မှု ဒုက္ခကို ကဲကဲလွန်လွန် ကြုံရလေပြီ ဤလူ့ဘောင်၌ နေရန်ကား မသင့်ဟူ၍ ဆုံးဖြတ်ပြီးလျှင် အိမ်မှ ထွက်ခဲ့၍ ကျေးဇူးတော်ရှင် ဖြစ်သော အရှင်မဟာကစ္စည်း မထေရ်ကြီးထံသို့ကပ်လျက် ရဟန်းပြုလေ၏၊ ရဟန်းပြုပြီးလျှင် မိမိနှင့်လျော်သော ကမ္မဋ္ဌာန်းကိုယူ၍ တက္ကသိုလ်၊

ပြည်မှ အစဉ်အဆိုင်း ဒေသစာရီလှည့်ခဲ့လေရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား အထံတော်သို့ ဝင်ရောက် တရား နာယူလေ၏။ ရဟန်း သံဃာတော်တို့သည်း သောရေယျမထေရ် အကြောင်းကို စကားစပ်မိ၍ သိကြသော အခါ မိန်းမအဖြစ်မှ မွေးသောသားနှင့် ယောကျ်ားအဖြစ်မှ မွေးသောသားတို့တွင် ဘယ်သားကို ပို၍ ချစ်ပါသနည်းဟု မေးမြန်းကြလေ၏၊ သောရေယျ ရဟန်းလည်း ကိုယ်တွေ့ အမှန်အတိုင်း ကိုယ်တိုင်လွယ်၍ မွေးရသော သားတို့ကို ပိုချစ်ကြောင်း ဖြေဆိုလေ၏၊ ယင်းသို့သော အမေးတို့ကို ကြိမ်ဖန်များစွာ အမေးခံရသဖြင့် ရှက်နိုးသောကြောင့် အပေါင်း အဖော်တို့နှင့် မနေတော့ဘဲ တစ်ပါးတည်းခွဲခွာ ဆိတ်ငြိမ်ရာ တောအုပ်တစ်ခုသို့ကပ်၍ ကမ္မဋ္ဌာန်းကို ပြင်းစွာ အားထုတ်လေ၏။

ငါ၏ခန္ဓာကိုယ် အတ္တဘောသည် ကုန်ခန်းခြင်း၊ ပျက်စီးခြင်း သဘောရှိ၏ ဟူ၍ ခယာယကမ္မဋ္ဌာန်းကိုထင်မြင်အောင် စီးဖြန်းလတ်တော် ပဋိသမ္ဘိဒါ လေးပါးနှင့် ပြည့်စုံသော ရဟန္တာအဖြစ်သို့ရောက်လေ၏။

စိတ်သည် လျင်သော အပြန်ရှိ၏။ ကောင်းသော အာရုံထက် မကောင်းသောအာရုံ၌ ကျရောက်ရန် ဦးမလေးတတ်သော သဘောရှိ၏၊ ဤသောရေယျမထေရ်၏ ပါရမီ ရင့်ပြီးသော အဆုံးဘဝ၌ပင် စိတ်နှလုံးသွင်းမှားမှုကြောင့် ထူးခြားသော ဖောက်ပြန်ပုံကိုထောက်ရှုသော် မိမိ စိတ်ကို ပိုင်အောင်

မထိန်းနိုင်သော သူငါတို့၌ ရှည်လျားသော ဘဝခရီးဝယ် ဘယ်မှာစိတ်ချဖွယ်ရှိနိုင်ပါအံ့နည်း၊ ထိုကြောင့် သံသရာဘေးကို ကြောက်ရွံ့ကြသောပုဂ္ဂိုလ်တို့သည် ရသေ့ ရဟန်း ပြုကာ တရားအားထုတ်၍ မိမိကိုယ်ကို ချမ်းသာစွာနေကြကုန်၏။

## ၃။ အရှင်အာနန္ဒာမထေရ်၏ သံသရာလည်ပုံ

**ယောကျ်ားမိန်းမ ဖြစ်ဖူးကြ၏....** ဘဝသံသရာ၌ ကျင်လည်နေကြရသော သတ္တဝါတို့သည် အံ့ဖွယ်သော အပြန်ရှိကြ၏၊ ထိုကြောင့် ယောကျ်ားတို့သည် မိန်းမ မဖြစ်ဖူးသောသူ မည်သည် မရှိချေ၊ မိန်းမတို့သည်လည်း ယောကျ်ားမဖြစ်ဖူးသောသူ မရှိဟူ၍ အဆိုရှိကုန်၏၊ ယောကျ်ားတို့သည် သူတစ်ပါး၏ မယားကို ကာမဂုဏ်ဖြင့်ကျူးလွန်ပြစ်မှားမိလျှင် သေလွန်သည်၏ နောက်ဘဝ၌ များစွာသော နှစ်အသိန်းတို့ပတ်လုံး ငရဲ၌ ခံရကုန်၏၊ ထိုငရဲမှလွတ်၍ လူ့ဘဝသို့ ရောက်လာကုန်သည်ရှိသော် အရာမက များစွာသော အတ္တဘောတို့ပတ်လုံး မိန်းမ အဖြစ်သို့သာ ရောက်ကြရကုန်၏။

ဤသို့သော အကျိုးပေးတို့ကြောင့် ကမ္ဘာ တစ်သိန်း ပတ်လုံး ပါရမီဖြည့်ခဲ့ပြီးသော အချိန်ရောက်နေလျက်ပင် သာဝက အလောင်း အရှင်အာနန္ဒာ မထေရ်မြတ်ကြီးတို့ သော်မှလည်း သံသရာကျင်လည်စဉ် တစ်ခုသောကိုယ်အဖြစ်ဝယ် ရှေ့ပန်းထိမ်သည် အမျိုး၌ ဖြစ်သော်၏၊ ထိုဘဝ ပရဒါရ ကံကို ပြုမိ မှားသောကြောင့် ငရဲ၌ခံရပြီးလျှင် ထိုဝိပါက် အကြွင်း၏ အစွမ်း

ဖြင့် တစ်ဆယ့်လေးကြိမ်သော ကိုယ်၏အဖြစ်၌ ယောကျ်ား တို့၏ ခြေရင်း၌ လုပ်ကျွေးရသော မိန်းမ ဖြစ်ရဖူးလေ၏။ ခုနစ်ကြိမ်သော ကိုယ်၏ အဖြစ်၌မူ ဝှေးစေ့ ထုတ်ခံရခြင်းသို့ ရောက်ဖူးလေ၏။

ကာယကံ ဒုစရိုက်မှုသည် ဝန်လေးလှ၏၊ သေလည်း၏ အခြားမဲ့၌ မကောင်းကျိုး ပေးခြင်းကို မရှုမလှ ခံရဘတ် သေသည်၊ အများအားဖြင့် အပေါင်းအဖော် မကောင်း သူကြောင့်လည်း ဖြစ်တတ်လေရာ မိမိ နှစ်နာမည့် မိဘ် ဆွေပျက်ကို အားနာလက်ခံခြင်း မပြုကြရာ၊ မိမိ အလိုသို့ သာ မ ါအောင်ဆွဲရာ၏၊ ရဟန်းဖြစ်သော မကောင်းမှု ရှောင် သူတို့သည် သံသရာကျင်လည်ရာ ဤသို့ ဖြစ်ရမည်ကို စိုးရိမ် ကြသောကြောင့် ကိုယ်၊ နှုတ်၊ စိတ် သုံးပါးအား စောင့်စည်း ခြင်း အလေ့ကို ယူနေကြခြင်း ဖြစ်လေသည်။

## ၄။ ဘဝသံသရာကို သုံးသပ်၍ကြည့်သော်

တစ်နေ့ဝင်၍ တစ်နေ့ ထွက်လာတိုင်း သင်၏ ဘဝသည် စား၍စား၍ သွားနေခဲ့ပြီ၊ ဤသည်လျှင် ဘဝ၏ သံသရာ ရှေယဉ်ကြော၌ မျောနေခြင်းဖြစ်၏။

များစွာကုန်သော သတ္တဝါတို့၏ ဘဝသံသရာ၌ ကျင်လည် ကြပုံကို မျှော်၍ သုံးသပ် ကြည့်ခဲ့သော် ကြောက်လန့်ဖွယ် များစွာကို တွေ့ရပေလိမ့်မည်၊ အရှင်အာနန္ဒာ၏ဒရှေးဖြစ်စဉ်ကို

ကြည့်၍ထိန်လန့်ခဲ့ကြပြီ၊ ထိုမှတစ်ပါးအခြားသောအကြောင်း ကို အနည်းငယ် သုံးသပ်ကြည့်ကြဦးစို့။

ဘုရား အလောင်းတော်ကြီးလည် အနုငါးရာကို ကျော် မြောက်၍ ရင့်မာတစ်ကျိပ်သို့ ရောက်ပြီးသော အခါပင်လျှင် ချမ်းသာစွာ ကျင်လည်ရသလား၊ မဟုတ်ခဲ့ချေ၊ ဆင်းရဲ ဒုက္ခ အမျိုးမျိုးတို့နှင့် ဘဝခြားကာ ခြားကာ ဖြစ်တော်မူရရှာ၏၊ ထို့ကြောင့် စဉ့်ဘဝကို ကြည့်ရသော်....

(က) 'တေမိယ' မင်းသား ဘဝတွင် လူ့ပြည်ရောက်၍ တစ်လသားအချိန်ငယ် ခမည်းတော်မင်းကြီး၏ရင်ခွင်၌နေခိုက် ခိုးဘုကြီးလေးဦးတို့အား တရားစီရင်ပုံကို စစ္စာဦး၊ ကြားလိုက် ရ၏၊ မရှုခလှ တုပ်နှောင်ထားသောကြိုး၊ ဘုရင် အမိန့်သံကို ရှံ့ကြောက်တုန်ယင်သောကြိုယ်ဖြင့် မျက်နှာမသာမယာ နာယူ ရှာရခြင်းတို့ကို မင်းသားငယ်ဘဝတွင် မေ့ဖျောက်မရအောင် မြင်ယောင်၍နေ၏။

သူခိုးကြီး လေးယောက်တို့တွင် တစ်ယောက်အား အဆူး ရှိသော ကြိမ်ဖြင့် အကြိမ် တစ်ထောင်ခတ်စေ၊ တစ်ယောက် အား သံခြေချင်းခတ်၍ နှောင်အိမ်သွင်းစေ၊ တစ်ယောက်အား ထက်စွာသောလှံသွားဖြင့် အသားကိုထိုးဆွဲစေ၊ တစ်ယောက် အား တံကျင်လျှိုစေ၊ သင်းတို့အား အများကြောက်ရွံ့ ထိတ် လန့်အောင် တင်းစွာ စီရင်စေဟူ၍ ရာဇသံနှင့် ကြမ်းကြုတ် စွာ အမိန့်တော်မှတ်လေသည်။

ထိုစကားကိုကြားရသော မင်းသားငယ်သည် နုနယ်သော အရွယ်ကပင် ဤသည့်ခြင်းရာကို မမြင်ဝံ့ မကြားဝံ့သာ၊ ပါရမီခေတ်ခံကလည်း ပါရှိကား နှလုံးသွေးများ တုန်၍ နေ၏၊ အကြောင်းမှာ လွန်ခဲ့သော တတိယ ဘဝက ကာသိ ကရာဇ်တိုင်း၌ မင်းအဖြစ် အနှစ် ၂၀ မင်းပြုခဲ့ရာ အဆိုး အကောင်း မသောင်းပြောင်းတို့ကို ကြိမ်ဖန်ဘပ်ထပ် ပြုခဲ့ရသော ကြောင့် မင်းစည်းစိမ် အနှစ် ၂၀နှင့် မကာဝအောင် ဥဿဒရက် ငရဲ၌ အနှစ်ရှစ်သောင်း ခံခဲ့ရသော အချိန်က မမေ့သေးသော ကြောင့် ဇာတိဿရ ဉာဏ်အားဖြင့် မြင်ကာ မင်းအဖြစ်သည် ကြီးစွာသော ငရဲ၌ ကျခံရတော့မည်ကဲ့သို့ ထိတ်လန့်နေခြင်း ဖြစ်လေသည်။

ထိုအခါမှစ၍ မိမိ ခံခဲ့ရသော ငရဲဘေးကိုသာ တရေးရေး မြင်ယောင်နေပြီးလျှင် မင်းဖြစ်ရမည်ကို ကြောက်သောကြောင့် စကားမပြောဘဲ အဆွံ့ အ အကဲ့သို့ လုပ်၍ နေတော့၏၊ အမိ ဖြစ်ခဲ့ဖူးသော ထီးချက်စောင့် နတ်သမီးကလည်း နည်းလမ်း ပြကာ အမြဲစောင့်မနေလေသည်။

ထိုသို့ စကားမပြော တုံကြိုသောနေခြင်းကိုပင် ချမ်းသာမှု မရသေးဘဲ မီးနှင့် အလို စမ်းခြင်း၊ မြွေနှင့် အလို စမ်းခြင်း၊ ဆင်နှင့်အလိုစမ်းခြင်း စသည်ဖြင့် များစွာ ဒုက္ခ ကြုံခဲ့ရ၏၊ နောက်ဆုံးတွင် မင်္ဂလာမရှိသောသား ဟူ၍ သုသာန်သုတ်ပြီး အရှင်လတ်လတ်မြှုပ်ရန် အစီအမံ ခံရလေသည်၊ သုသာန် ရောက်ပြီးခါမှ အခွင့်ကောင်းယူကာ အေးရာအေးကြောင်း နည်းလမ်းကောင်းဖြစ်သော သူတော်ကောင်းတို့ထုံး အတိုင်း

တောထွက်၍ ရသော ရဟန်းပြုသွားကာမှ ကိုယ်စိတ်ငြိမ်းချမ်းခြင်း အဖြစ်ကို ရလေတော့သည်။

(ခ) မဟာဇနကမင်းကြီး ဘဝ၌လည်း ချမ်းသာသလော မချမ်းသာခဲ့ချေ၊ တစ်ဖက်ကမ်းမမြင်ရသောသမုဒ္ဒရာ ပင်လယ်ကြီးကို အစာမစားရဘဲလျက် ခုနစ်ရက်တိုင်တိုင် လက်မကူးခပ်ခြင်း စသော ဒုက္ခကြီးများနှင့် ကြုံခဲ့ရ၏။

(ဂ) သုဝဏ္ဏသာမ ဖြစ်သော ဘဝ၌လည်း မိဘနှစ်ပါး မျက်မမြင် ဒုက္ခိတ ဖြစ်နေခြင်းကြောင့် တတ်အားသမျှ ပြုစုလုပ်ကျွေးရခိုက် မုဆိုး၏မြားမှန်ခံရခြင်း ဒုက္ခဖြင့် မရှုမလှ ခံရပြန်သည်။

(ဃ) မဟောသဓာ ပညာရှိ ဖြစ်သော ဘဝ၌လည်း မိမိ ပညာရှိသည်၏ အဖြစ်ကို ချောမောစွာ မနေရဘဲ မလိုသော အမတ်တို့၏ ကုန်းတိုက်ခြင်းကြောင့် ကသိကအောက်များစွာနှင့် မင်းကြီး၏ အထင်အမြင် လွဲခြင်းတို့ကြောင့် ချမ်းသာအောင်နေရသည် မရှိရချေ။

(င) ဘူရိဒတ် နဂါးမင်း ဖြစ်ပြန်တော့လည်း အလမ္ပာယ်ပုဏ္ဏား၏ ညှဉ်းပန်းခြင်း အမျိုးမျိုးကို မသေမရှင် မရှုမလှ ခံခဲ့ရ၏။

(စ) စန္ဒကုမာရ မင်းသားဘဝ၌လည်း မသက်သာချေ။ မသမာသော ပုဏ္ဏား၏စကားကို အယုံမှားသော ခမည်းတော်မင်းကြီးကြောင့် အရှင်လတ်လတ် ယဇ်ပူဇော်မည့် အစီအမံကို ခံရသည်မှာ သေဘေးမှ သီသီကလေး လွတ်ခဲ့ရသည်။

(ဆ) နာရဒပြဟ္မာ ဖြစ်ရသည့်အခါတွင်မှ ပြဟ္မာ့ပြည်၌ စိတ်ချလက်ချမနေရဘဲ လူ့ပြည်က အယူမှားသော မင်းကို ဆင်း၍ ဆုံးမရသေး၏။

(ဇ) ဝိဓုရအမတ်ကြီး ဘဝ၌လည်း ပုဏ္ဏက နတ်ဘီလူး၏ ကြောက်မက်ဖွယ်သော ပြုမူချက်မှာ ကြားရသူပင်မဝံ့အောင် မြင်းမြီးဆွဲ၍ တောင်စောင်း အထပ်ထပ်ကို လည်းကောင်း၊ လေသင်တုန်းကိုလည်းကောင်း မသေ သေအောင် သတ်ခြင်းကို ခံခဲ့ရပြန်သည်။

(ဈ) နောက်ဆုံး ဝေဿန္တရာမင်းကြီးဘဝ ရောက်သော်လည်း ကိုယ်ပိုင်ပစ္စည်း လှူသည်ကိုပင်မြို့သူတို့က မကြည်ဖြူ ဟူ၍ ဆူပူကြသောကြောင့် ဝင်္ကပါတောင်သို့ ဆင်းရဲ အမျိုးမျိုး ခံယူကာ တိမ်းရှောင်ထွက်ခွာသွားခဲ့ရရှာသေး၏။ အဘယ်မှာလျှင် စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် နေရသော ဘဝ ရှိလေသနည်း။ သူတော်ကောင်းတို့သည် ထိုကြောင့် ဘဝ သံသရာကို ငြီးငွေ့တော်မူကြပေသည်။

## ၅။ စိတ္တသမ္ဘူတဇာတ်

ထိုမှတစ်ပါး ဘုရားအလောင်းတော်နှင့် ညီတော်အာနန္ဒာ အလောင်းတို့သည် ဒွန်တွဲ၍ သံသရာကျင်လည်ခဲ့ရပုံကို ဤသို့ ကြည့်ပါဦး။ ။ရှေးဦးအခါ တစ်ခုသောဘဝက အဝန္တိတိုင်း ဥဇ္ဇေနီပြည်အနီး ဒွန်းစဏ္ဍား ရွာငယ်၌ အဆိုပါ အလောင်း

တော် နှစ်ဦးသည် ဒွန်းစဏ္ဍား ညီအစ်ကိုဝမ်းကွဲ နှစ်ယောက် ဖြစ်ခဲ့ကြလေ၏။

ချစ်ခင်ကြလေသကြောင့် အစစ တိုင်တိုင်ပင်ပင် ရှာစဉ် လှည့်ပတ်၍ ဘဝ၏ဒန်တီးမှုအတိုင်း တောင်းရမ်းစားသောက် လျက် နေကြပြီးလျှင် အရှယ်သို့ရောက်သောအခါ တက္ကသိုလ် ပြည်သို့သွား၍ ပညာသင်ယူကြလေ၏၊ ပညာ သင်ယူခဲ့ပြီး နောက် မိမိတို့၏အကျိုးပေး မကောင်းပုံကို စက်ဆုပ်သဖြင့် လူ့ဘောင်မှ ထွက်၍ ရသေ့ရဟန်းပြုကြလေသည်။

ထိုရသေ့ညီနောင် နှစ်ပါးတို့တွင် အစ်ကိုမှာ စိတ္တ ရသေ့၊ ညီမှာ သမ္ဘူတရသေ့ ဟူ၍ အမည် တွင်လေသည်၊ ထိုရသေ့ ညီနောင်တို့သည် အသက်အတိုင်းနေ၍ စုတေကြလေသော် မိမိတို့ တရားကျင့်သည့် အားလျော်စွာ အထက်နတ်ပြည်သို့ လည်းကောင်း၊ ဗြဟ္မာပြည်သို့ လည်းကောင်း လားရန်သင့် လျက် မလားရောက်ချေ၊ နောက်ဘဝ၌ နေရဥ္ဇရာ မြစ်နား တွင် သမင်ဝယ် နှစ်ကောင် ဖြစ်လာကြလေသည်။

ရှေးဘဝက ရေစက်ပါခဲ့၍ ချစ်ခင်လှစွာ သခင်ညီနောင် တို့သည် တိရစ္ဆာန်ဖြစ်သော်လည်းအတူနေအတူစားအသိဉာဏ် တရားကား ရှိကြ၏၊ ယင်းသို့ ချစ်ခင်လှစွာ တစ်နေ့သော အခါတွင် ဦးခေါင်းချင်းတင် နှုတ်သီးချင်းယှက်၍ ကျက်စား နေကြစဉ် ချမ်းသာစွာမနေရဘဲ တစ်ဦးသောမုဆိုး၏ ပစ်သတ် မှုကြောင့် နှစ်ကောင်စလုံး သေဆုံးကြရရှာ၏။

သမင်ဘဝမှ စုတေခဲ့ကြသော် ရမ္မာမည်သော မြစ်အနီးဝယ် ဓံလိုင်ငှက်နှစ်ကောင် ဖြစ်လာကြလေ၏၊ ငှက်ညီနောင် ဖြစ်၍ အတူတကွပင် အစာရှာခြင်း၊ အိပ်တန်းတက်ခြင်း၊ ရေသောက်ခြင်းတို့ဖြင့် ဖြစ်ရ ဘဝ၌ ပျော်ပိုက်စွာ နေကြရာ အသက်အတိုင်းနေခွင့်မရဘဲ ငှက်ပစ်မုဆိုး၏ မြှားချက်ကြောင့် အသက်ထွက်ကာ နှစ်ကောင်လုံးပင် သေကြရကုန်၏။

ဓံလိုင်ငှက်ဘဝမှ လွန်ခဲ့သော် ရှေးက စိတ္တလုလင်မောင်းသည် ကောသမ္ဗီပြည်၌ ပုရောဟိတ်၏ သားဖြစ်၍ သမ္ဘူတလုလင်သည် ဥတ္တရပဉ္စာလမင်း၏သား ဖြစ်လာကြလေသည်၊ ထိုဘဝ၌ ပုရောဟိတ် သားသည် အိမ်ရာမထောင်ဘဲ တောထွက် ရသေ့ပြုသွားလေသည်၊ မင်း၏သားကား အဖရိပ်ရာ ယူကာ မင်းပြုလေသည်။

ထိုသို့ သံသရာလည်ကြပုံကို ချုံ၍ကြည့်သော် နှစ်သက်ဝမ်းမြောက်ဖွယ် မရှိသ၊ ဖြစ်ချင်ရာဖြစ်၍ ရောက်ချင်ရာရောက် ကြပုံကို စိတ်အာရုံ ပင်စားကြည့်သော် မြဲသောအတိ တစ်ခုခု ရနိုင် ကြိုတင်ပြုပြင် ထားသင့်ပေသည်။

## ၆။ ကာဠီဘိက္ခူမတို့ သံသရာ

ဘုရားရှင် လက်ထက်တော် အခါက သားငယ်ကို ပိုက်၍ ငိုရှိုက်ကာ စိုးရိမ်ကြီးစွာနှင့် ပြေးလာသော လူမိန်းမတစ်ဦးနှင့် အစာအတွက် ငမ်းငမ်းတက်ကာ နောက်က လိုက်လာသော ဘီလူးမ တစ်ယောက်ကို ဘုရားရှင်၏ ဇေတဝန်ကျောင်းတော်

သို့ ရောက်လာကြ၍ နှစ်ဦးစုံ ချမ်းသာအောင် တရားဟော ချွတ်လိုက်ရဖူးလေ၏။

ဖြစ်စဉ်ကား ဤသို့တည်း၊ ထိုဘီလူးမနှင့် သားသည် မိခဇိ ရှုမိန်းမသည် တစ်ခုသောရှေးဘဝက လင်တူမိန်းမနှစ်ဦးဖြစ်ကြ၍ အကြီးမှာမြုံ၍ သားသမီးမရဘဲ မယားငယ်၌ သားသမီးရသည်ကို မရှုဆိတ်ရကား သုံးကြိမ်တိုင်သော ကလေးမွေးဖွားသည့်တိုင်အောင် သေကြောင်းကြံ၍ သတ်လေ၏၊ နောက်ဆုံးအကြိမ်မှာ ကလေးငယ်နှင့်တကွ မိခင်ဖြစ်သူမယားငယ်ပါ သေရလေရာ သေခါနီး ဆဲဆဲတွင် မယားကြီး၏ယုတ်မာသော အကြံကို မခံနိုင်ရကား ငါသည် နောင်ဘဝတွင်ဘီလူးမဖြစ်၍ သင့်ကို စားနိုင်ရစေသားဟူ၍ ကျိန်ဆိုဓိဋ္ဌာန်ပြီးကာသေသွားလေ၏၊

သို့ရာတွင် နောက်ဘဝ၌ ဘီလူးမ မဖြစ်သေးဘဲ ထိုအိမ်၌ ပင်လာ၍ ကြောင်မ ဖြစ်လာလေသည်၊ မယားကြီးကိုလည်း အကြံရက်စက်ပုံကို မခံနိုင်သဖြင့် လင်က ထောင်းထုသော ဒဏ်ကြောင့် သေရပြီးလျှင် ထိုအိမ်၌ ကြက်မလာ၍ ဖြစ်လေ၏။

ကြောင်မသည် ကြက်မက မွေးတိုင်းသော ကလေးငယ်တို့ကို ဖမ်း၍ချည်း စားလေ၏၊ ကြက်မမွေးဘိ ကြောင်စားဘိ ဖြစ်လေရာ သုံးကြိမ်တိုင်သောအခါ ကြက်မကြီးပါ အစားခံရသောကြောင့် သင့်ကို နောင်ဘဝ ငါနိုင်ရစေသားဟု စိတ်တွင် ကျိန်ဆဲ၍ ကြက်မ သေသွားရှာလေ၏။

နောင်ဘဝတွင် သေသောကြက်မသည် တောတစ်ခု၌သစ်မ ဖြစ်လာလေ၏၊ ကြောင်မလည်းသေလွန်ခဲ့လျှင် ထိုသစ်မဖြစ်ရာ တော၌လာ၍ သမင်မဖြစ်လေသည်၊ သစ်မသည် ယခင်ဘဝက ကျိန်စာအတိုင်း သမင်မ မွေးတိုင်းသော ကလေးငယ်တို့ကို မမ်း၍ဖမ်း၍ စားလေ၏၊ သုံးကြိမ်တိုင်အောင် ကလေးငယ်ကို စားပြီးသောအခါ မိခင်သမင်မကြီးကို ဖမ်း၍ စားလေလျှင် သမင်မသည် ဤသို့ ကျိန်ဆဲလေ၏။

ဤသစ်မသည် ငါ၏ကလေးငယ်တို့ကို သုံးကြိမ်တိုင်စား၍ အားမရသေးဘဲ ယခု ငါ့ကိုပါ စားပြန်ပြီ၊ နောင်ဘဝတွင် သင့်ကိုလည်း သားသမီးနှင့်တကွ နိုင်အောင် စားရမည်သာ ဟူ၍ ကျိန်ဆဲဓိဋ္ဌာန်ပြီးမှ သေသွားလေ၏။

ထိုဘဝမှ နောက်၌ သမင်မသည် သာဝတ္ထိပြည် အနီး၌ ကာဠီမည်သော ဘီလူးမဖြစ်လာ၍ သစ်မသည်လည်း သေလွန်ခဲ့ပြီးလျှင် သာဝတ္ထိပြည်၌လူမိန်းမဖြစ်လာခဲ့လေ၏၊ ထိုအမျိုးသမီး၌ မွေးဖွားသောသားငယ်ကို ဘီလူးမလာရောက် ဖမ်းစားခံရလေ၏၊ ဒုတိယအကြိမ် မွေးဖွားပြန်ရာ ဘီလူးမလည်း ဖမ်းယူစားရန် လူမအသွင် ဖန်ဆင်း၍ အလာတွင် ယခင်တစ်ခါက စားသောဘီလူးမလာပြီဟူ၍အော်ဟစ် ငိုကြွေးကာ သားငယ်ကိုချီ၍ ခြေဦးတည့်ရာ ပြေးခဲ့ရာမှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီးအတွင်းဝင်ကာ ဘုရားရှင်အထံသို့ ရောက်လာကြခြင်းဖြစ်လေ၏၊ ထိုအခါ မြတ်စွာဘုရားရှင်သည် ကြားမြင်တော်မူသဖြင့် အောက်ပါ ဒေသနာတော်ကို ဟော

ကြားတော်မူလေလျှင် ကာဠီဘီလူးမ သောတာပန် တည်၍ လူအမျိုးသမီးလည်း သားငယ်နှင့်တကွ ချမ်းသာရကြလေ၏။

## ဒေသနာတော်

နဟိ ဝေရေန ဝေရာနိ၊
သမ္မန္တီဓ-ကုဒါစနံ၊
အဝေရေန စ-သမ္မန္တိ၊
ဧသ ဓမ္မော-သနန္တနော။

ဣဓ၊ ဤလောကဥ်၊ ဝေရေန၊ ရန်တုံ့မူသဖြင့်။ ဝေရာနိ၊ ရန်တို့သည်။ ကုဒါစနံ၊ တစ်ရံတစ်ဆစ်မျှ။ နဟိ သမ္မန္တိ၊ မငြိမ်းကုန်။ အဝေရေန စ၊ ရန်တုံ့မမူသဖြင့်သာလျှင်။ ဝေရာနိ၊ ရန်တို့သည်။ သမ္မန္တိ၊ ငြိမ်းကုန်၏။ ဧသ-ဧသော ဤသို့ရန်တုံ့မမူသဖြင့် ရန်၏ ငြိမ်းခြင်းတည်းဟူသော။ ဓမ္မော၊ ရှေးရိုးတရားသည်။ သနန္တနော၊ ခပ်သိမ်းသော ပစ္စေကဗုဒ္ဓါ ဘုရားရဟန္တာ အရှင်မြတ် သူတော်ကောင်းတို့၏ သွားရာလမ်းခရီးပေတည်း။

သံသရာ ကျင်လည်ကြရာ၌ ချမ်းသာခြင်း၊ ဆင်းရဲခြင်း ဟူသည် တစ်ပါးသူကလာ၍ ဖန်တီးသည်မဟုတ်ချေ၊ မိမိတို့၏ စိတ်ထား၊ မိမိတို့၏ အပြောအဆိုနှင့် မိမိတို့ လုပ်သော ကံ အတိုင်းသာလျှင် ဖြစ်လာကြခြင်း ဖြစ်လေသည်။

ဤကာဠီဘီလူးမတို့ သံသရာ လည်ပုံကို ကြည့်ရသော် လောက၌ မချမ်းသာသော လူတို့၏ အဖြစ် ချမ်းသာသော လူတို့၏ အဖြစ်သည် လည်းကောင်း၊ ရန်ကင်းသူတို့၏ အဖြစ်

ရန်များသူတို့၏အဖြစ်သည် လည်းကောင်း အကြောင်းရင်းမှာ မိမိသာလျှင် ပြုသူဖြစ်ပေသည်၊ ထိုကြောင့် သံသရာဘေးကို မျှော်တွေးရှုလေ့ရှိကြသော သူတော်ကောင်းတို့သည် ရန်တို့ မမူကြချေ၊ ရန်တုံ့မူသော စကားမှ ရှောင်ရှားကြကုန်၏။

အချို့သော ပုဂ္ဂိုလ်တို့ကား ရန်တုံ့မူလေ့ရှိသော လူ့ဘောင်မှ ခွာရှောင်၍ ရန်တုံ့မူခြင်းကင်းရာ ရဟန်းဘောင်သို့ ဝင်၍ မေတ္တာတရားဖြင့် ချမ်းသာစွာ နေကြကုန်၏၊ ကရုဏာ တရားဖြင့် ချမ်းသာစွာ နေကြကုန်၏၊ မုဒိတာ တရားဖြင့် ဝမ်းမြောက်လျက် ချမ်းသာစွာနေကြကုန်၏၊ ဥပေက္ခာ တရားဖြင့် ရန်ကိုဖြေ၍ ဆိတ်ဆိတ်နေကာ ရန်အေးစေခြင်း၊ ပေါ်လာသော ရန်စကို မေတ္တာပွား ကရုဏာထားခြင်းဖြင့် အောင်မြင်ရာခြင်းကိုပြုလျက် နောက်ဆုံးတွင် လွတ်လပ်အေးချမ်းရာ ဖြစ်သော ရသေ့ ရဟန်းတရားဖြင့် မြဲသော ချမ်းသာမှုကို သတိပြုနေခြင်းသည် စိတ်ချရသော ချမ်းသာမှု ဖြစ်သေသတည်း။

## ၇။ ဝဋ်သံသရာ မလွတ်သာ

ထိုမှတစ်ပါး သံသရာကျင်လည်ကြပုံကို ကြည့်ရသော် ဝဋ်လည် ခံနေရသူတို့ လည်းရှိသေး၏၊ ထိုအရာကား မိမိ ပြုမှားခဲ့မိသော ကံအနည်းငယ်က ကြီးကျယ်စွာ လိုက်လံ အပြစ်ပေးခြင်းခံနေရရှာသော ဃောသက သေဌေးကြီး၏ အလောင်း ဖြစ်ပုံပေတည်း၊ ထိုအကြောင်းကို သိရသော် များစွာ သံဝေဂ ရဖွယ်ဖြစ်၏၊ ဖြစ်စဉ်ကား ဤသို့တည်း။

နာမည်ကျော် ဃောသက သေဋ္ဌေးကြီးသည် အကျိုးပေး မစင်ကြွယ်ပုံကား မွေးဖွားလာစဉ်ကပင် အဖေခေါ် ရန်မရှိသော ပြည့်တန်ဆာမ၏ ဝမ်း၌ ဖြစ်ခဲ့ရပြီး သားယောကျ်ား ဖြစ်၍ မလိုချင်ပါဟု ဆန်ကောစုတ်နှင့် ထည့်ကာ အမှိုက်ပုံ၌ ပစ်လွှင့်ခြင်းခံခဲ့ရ၏၊ ထိုရာတွင် ရှေးတစ်ခုသော ခွေးဖြစ်စဉ် ဘဝက ပစ္စေကဗုဒ္ဓါ အရှင်မြတ် တစ်ပါး၌ ချစ်ခင်ကြည်ညိုစွာ ခယမြူးထူး၍ဟောင်ခြင်း၊ အူခြင်း၊ အသံဖြင့် ခရီးဦး ကြိုဆိုခြင်း၊ သွားရောက် ပင့်ဖိတ်ခြင်း ဝေယျာဝစ္စကုသိုလ်ကို ပြုခဲ့ဖူးသော သောကံကြောင့်မသေရဘဲ မြင်သူတစ်ယောက်က ကောက်ယူပြီး သားအဖြစ် မွေးစားခြင်းခံရလေသည်။

တစ်ဖန် ထိုသူလက်မှကောသမ္ဗီသေဋ္ဌေးကြီးက ဝယ်ယူ၍ မွေးမြူခြင်းခံရပြန်၏၊ ထိုရာတွင် သေဋ္ဌေးကြီး၌ သားရင်း တစ်ယောက် မွေးဖွားလာသောအခါ သားရင်း၌ ချင်ခင်ခြင်း လွှန်ပြင်းရကား ဝယ်ထားသော "မောင်ကောက်ရ" ကို မလိုတော့ဟူ၍ နွားနင်းသေစေရန် အိမ်ကျွန်မအား နွားခြံ၌ အပစ်ခိုင်းလေ၏၊ ကျွန်မလည်း သေဋ္ဌေးကြီး ခိုင်းတိုင်းပြု၏။

ထိုရာတွင် ရှေးကံကောင်းထောက်မသဖြင့် နွားမကြီး တစ်ကောင်က ကာကွယ်ထားသဖြင့် နွားအများ မနင်းရသောကြောင့် မသေဘဲ နွားကျောင်းသားမြင်၍ ကောက်ယူ မွေးစားထားပြန်၏၊ သေဋ္ဌေးကြီးကြားလျှင် တစ်ဖန် ဝယ်ယူ၍ နောက်တစ်ကြိမ် လှည်းနင်း၍ သေစေရန် နံနက်စောစော မောင်းနှင်လာသော လှည်းကုန်သည်တို့ရှေ့မှ လှည်းလမ်းကြောင်း၌ ကန့်လန့်ချ၍ ပစ်လွှင့်စေ၏။

ရှေ့ဆုံးလှည်းက မြင်၍ ကောက်ယူ မွေးစားထားပြန်ရာ မသေကြောင်း သေဌေးကြီးကြားလေလျှင် တစ်ဖန် ဝယ်ယူလျက် ခွေးစားရှိသေစေရန် သုသာန် ချုံကြား၌ ပစ်လေ၏၊ ဆိတ်ကျောင်းသားတွေ့၍မွေးစားထားလေ၏၊ မသေကြောင်း သေဌေးကြီး ကြားလေလျှင် တစ်ဖန်ဝယ်ယူ၍ တောင်ကမ်းပါးပြတ်၌ ပစ်ချသတ်လေ၏၊ ဝါးချုံကြီးတစ်ခုပေါ်၌ တင်နေစဉ် ဝါးခုတ်သမားတို့ တွေ့ရ၍ ကောက်ယူ မွေးစားကြ၏။ သေဌေးကြီးသည် ထိုသတင်းကို ကြားပြန်လျှင် ဝယ်ယူ၍ အိုးထိန်းသည်တို့ အိုးဖုတ်ရာ မီးဖိုတွင် ပစ်ချသတ်ရန် စေလွှတ်ခြင်းခံရလေ၏။

အထမမြောက်အဲ မသေ ရှိပြန်လျှင် သေဌေးကြီးသည် တစ်ဖန် ခေါ်ယူမွေးထားလျက် တောရွာများသို့ သတ်စေရန် အမှာစာရေး၍ (၆)ကြိမ်တိုင်တိုင် စေလွှတ်ခြင်းခံရ၏၊ (၇) ကြိမ်မြောက်သောအခါ လမ်းခရီးအကြား ရွာတစ်ရွာ၌ ဇနပုဒ်သေဌေးသမီးတစ်ဦးက ဆောဘေးမှလွတ်စေရန် ကယ်ဆယ်လိုက်သောကြောင့် နောက်ဆုံးတွင် အသက် ချမ်းသာရာရကာ သေဌေးကြီး ဖြစ်သွားရလေ၏။

အဘယ်ကြောင့် ဤမျှလောက် ဝဋ်ကြီး ရသနည်း၊ အကြောင်းကိုရှာသော် လွန်ခဲ့သော ရှေးသုံးခုမြောက်ဘဝက အလ္လကပ္ပတိုင်း၌ ကောတုဟလိက မည်သော ယောကျ်ားဖြစ်လေ၏၊ ထိုအခါ တစ်နေ့သ၌ ဒုဗ္ဘိက္ခန္တရဘေးကြီးဆိုက်သောကြောင့် ကာဠီမည်သော ဇနီးသည်နှင့် ကာပိမည်သော သားငယ်ကို ယူ၍ ကောသမ္ဗီပြည်သို့ထွက်ပြေးသွားကြရ၏။

လမ်းခရီးတွင် ရိက္ခာပြတ်အစားမှတ်သိပ်ခြင်းဖြင့် နှိပ်စက်ရကား သားငယ်ကို မချီနိုင်တော့ဘဲ ပစ်ထားခဲ့ရန်ကြံလေ၏၊ မယားကိုပြောလျှင် မိခင်မှာကား ရင်သွေး ရင်နှစ်ဖြစ်သောကြောင့် မပစ်ရက်ရှာဘဲ ငိုယို၍ အကြိမ်ကြိမ် ဘောင်းပန်ဘားမြစ်လေ၏၊ ချီပိုးရန်ကား အားနည်းသူချည်းဖြစ်သောကြောင့် တစ်လှည့်စီ ချီကြရလေ၏။

မိခင်အလှည့်ရောက်လျှင် ကောင်းစွာ ချီပိုး၍ယူ၏၊ ဖခင်အလှည့်သို့ ရောက်သောအခါ ညှာတာစွာလည်း မချီလိုရှိမကာ နောက်ဆုံးတွင် ဇနီးမသိအောင် တစ်ခုသော တောချုံ၌ပစ်ထားခဲ့လေသတည်း၊ ထိုနေကာတုဟာလီကသည် ဤသို့ သားငယ်ကိုမသေဘဲလျက် ရက်စက်စွာ စွန့်ပစ်ခဲ့ခြင်းဟူသော မကောင်းမှုကံကြောင့် ခုနစ်ကြိမ်တိုင်တိုင် စွန့်ပစ်ခြင်းကို ခံရခြင်းဖြစ်လေသည်၊ ထို့ကြောင့် မကောင်းမှုမည်သည် အနည်းငယ်ဟူ၍ မထီမဲ့မြင် မအောက်မေ့ မထင်မှတ်အပ်ကြောင်း ဟောတော်မူလေသည်။

ထိုယောကျ်ားနှင့် ဇနီး တို့သည် ပင်ပန်းနွမ်းနယ်လျက် ကောသမ္ဗီပြည် တစ်ခုသော နွားကျောင်းသားအိမ်သို့ ရောက်ကြလေ၏၊ ထိုအိမ်၌ ဝလင်စွာစား၍ ချမ်းသာနေသော ခွေးမတစ်ကောင်ကိုမြင်၍ ငါ၏လူဖြစ်ရခြင်းကား နုံချာလှ၏၊ ဤအိမ်၌ခွေး ဖြစ်ရခြင်းက ဝလင်စွာစားရသေးသည်ဟု အားကျတောင့်တမိလေ၏၊ ထိုနေ့တွင် အိမ်ရှင်က ကျွေးသော အစာတို့ကို ဆာမွတ်ခဲ့သမျှ အတိုင်းအဆမရှိဘဲ စားလွန်းသော

ကြောင့် အစာမခြေနိုင်ဘဲ ထိုညတွင်ပင် သေလွန်လေရာ ၎င်း တောင့်ဘကိုင်း ထိုခွေးမ၏ ဝမ်း၌ပင် ခွေးငယ် ဖြစ်လေ၏။

ခွေးငယ်ဘဝတွင် ထိုအိမ်၌ မပြတ် ကြွလာသော ပစ္စေက ဗုဒ္ဓါ အရှင်မြတ်တစ်ပါးနှင့် ချစ်ကျွမ်းဝင်လျက် သခင်ဖြစ်သော နွားကျောင်းသား၏ကိုယ်စား ကျောင်းသို့ပင့်ဖိတ်ခြင်း၊ ရှိသေစွာ ခ,စားရှိခိုးခြင်း၊ ခွေးဘာသာဖြင့် ဟောင်၍ နှုတ်ဆက်လျှောက်ထားခြင်း ဝစီကံကောင်းမှုတို့ကြောင့် ခွေးဘဝမှ သေလွန်လျှင် တာဝတိံသာနတ်ပြည်၌ အသံကောင်းစွာ ကျယ်သော ဃောသကနတ်သား ဖြစ်ရလေ၏၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်၌ ပြုခဲ့ရသောကောင်းမှုစေတနာကံ အဟုန်ကြောင့် နတ်သမီးတစ်ထောင်ခြံရံလျက် ကြီးစွာသော နတ်စည်းစိမ်ကို ခံစားရလေ၏။

ထိုရာတွင် အာရုံခံစားမှု၌ အတိုင်းအဆ မရှိတတ်သော သူ၏စရိုက်ဝါသနာ အတိုင်း လူ့ပြည်၌ အစားလွန်၍ သေရသကဲ့သို့ နတ်ဘဝ၌လည်း ကာမဂုဏ်ခံစားရာ၌ အတိုင်းအရှည် လွန်သောကြောင့် သတိလွတ်ကင်းကာ အာဟာရကို မှီဝဲရမှန်း မသိသည်ဖြစ်၍ ညှိုးနွမ်းသောကိုယ်ရှိရကား နတ်ပြည်၌ အသက်ကြာရှည်မတည်နိုင်ဘဲ စုတေခြင်းသို့ ရောက်ခဲ့ရလေ၏၊ နတ်သားဘဝမှ စုတေလေလျှင် ကောသမ္ဗီပြည်ဝယ်ပြည့်တန် ဆာမဝမ်း၌ ဖြစ်လာရလေ၏။

ဤသို့သော အကြောင်းတို့ကို ထောက်ထားသော် သံသရာ ကျင်လည်မှု၌ မပြတ်သုံးသပ်လေ့ရှိကြသော သူတော်ကောင်း

တို့သည် ဝတ်ကြောင်လောက လူ့ဘဝ၌ ဝတ်ရေး၊ စားရေး၊ နေထိုင်ရေးစသော ရှောင်မရသည့် အကြောင်းတို့ကြောင့် စိတ်အခန့်မသင့်သောအခါ မှားသောအမှုကို ပြုမိလှယ်တတ်၏၊ အကယ်၍ ပြုမှားခဲ့သော် ဤယောသကာ သေခွေး၏ အဖြစ်မျိုးကဲ့သို့ မဖြစ်ရဘူးဟု၍ မည်သူဆိုနိုင်အံ့နည်း။

ဝင့်ဝိပါကေ၊သံသာရေကား၊ မှုခြွရှင်ထွတ်၊ ရှောင်မလွတ်တည်း ဟူသည့်အတိုင်း အတုမရှိသော ဘုရားရှင်တို့တောင်မှ ဝဋ်တော် ၁၂ ပါးခံရရှာသေး၏။ တို့ သူ ငါကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ထို့ကြောင့် သမဏ ဖြစ်ကြသော ရဟန်းတော်တို့သည် ဝင့်လည်မှုမှကင်းဝေးအောင် နေတော်မူကြလေကုန်၏။

## ၈။ မယားသတ်ခံရမျ ားသော ယောကျ်ားများ၏ သံသရာလည်ခြင်း

မိမိကိုယ်ကို မိမိမဖန်တီးနိုင်ဘဲ သူတစ်ပါးပြုရာ ခံရသကဲ့သို့သော သံသရာကျင်လည် ကြသူတို့လည်း ရှိတတ်သေး၏၊ ထိုကဲ့သို့သော လူတို့ကိုလည်း မကြာခဏ တွေ့ရတတ်လေသည်။

မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ကောသလမင်းကြီး နိုင်ငံတွင် တစ်ခုသော တောင်ခြေရင်း၌ လူနေအိမ်ခြေ စည်ကားသည့် 'မာတိကာ'မည်သော ရွာကြီးတစ်ရွာရှိ၏။

ထိုရွာ၌ ရွာပိုင်သူကြီး၏ အမိသည် သူတစ်ပါးတို့၏ စိတ်အကြံကို သိစွမ်းနိုင်သော သကဒါဂါမိတည်း ဒါယိကာမကြီးဖြစ်၏၊ အမည်မှာ 'မာတိက' မာတာဟူ၍ ထင်ရှား၏၊ သဒ္ဓါတရားကောင်း၏၊ လှူဒါန်းပေးကမ်းတတ်၏၊ ဇင်းရွာတွင် ကျောင်းဆောက်၍ ကြွရောက်သီတင်း သုံးတော်မူကြသော ရဟန်းသံဃာတော်တို့အား ပစ္စည်းလေးပါးတို့ဖြင့် လိုလေသေး မရှိအောင် ကောင်းစွာပြုစုလှူဒါန်း လုပ်ကျွေးလေ့ရှိလေသည်။

အခါတစ်ပါး၌ အမျိုးအမည် မထင်ရှားသော ရဟန်းတစ်ပါးသည် ထိုဒါယိကာမကြီး၏ စေတနာကောင်းပုံ၊ ပြုစုလုပ်ကျွေးကောင်းပုံ သတင်းကို ကြား၍ ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကိုယူပြီးလျှင် အစဉ်အတိုင်းလှည့်လည်၍ လာခဲ့ရာ ထိုကျောင်းသို့ရောက်လာ သီတင်းသုံးနေလေ၏၊ ရဟန်းသည် တစ်စုံတစ်ခုကို ရလိုကြောင်းစိတ်မှကြံစည်လိုက်လျှင် ကျောင်းအမ ဒါယိကာမကြီးသည်သိလေ၍ မကြာမီ ပို့လှူလာလေ၏၊ ဤသို့သောနည်းဖြင့် မိမိကြံစည်မိတိုင်းချည်း ဒါယိကာမကြီးက ပြုပြင်စီရင် လှူဒါန်းနေသောကြောင့် တကာမကြီး၏ သူတစ်ပါးစိတ်အကြံကို သိနိုင်ကြောင်း ဟူသော အဖြစ်ကို ရဟန်းကြားလေလျှင် ကြောက်စိတ်ဝင်လေ၏။

ကြောင် ငါ၌ ဤအမှုကား ပန်လေးစွတကား၊ ပုထုဇဉ်တို့မည်သည် အတိုင်းအဆမရှိ လျောက်ပတ်သည်ကိုလည်းကောင်း၊ မလျောက်ပတ်သည်ကို လည်းကောင်း ကြံစည် တတ်ကုန်၏၊ ငါသည် အကယ်၍ မသင့်တင့်မလျောက်ပတ်သည်ကို ကြံမိ

မှားသည်ဖြစ်အံ့၊ ဥစ္စာထုပ်နှင့်တကွ ဖမ်းမိသော ခိုးသူအား သျှောင်ကိုဆွဲငင်မိသကဲ့သို့ ငါ့ကို ဖရိုဖရဲ ဖောက်ပြန်ခြင်းသို့ ရောက်စေရာ၏ဟု ကြံတွေး၍ ထိုကျောင်းမှ ထွက်ပြေးလေ၏၊

ထိုရဟန်း ဘုရားရှင်အထံတော်သို့ ရောက်သောအခါ အနေ့အစပ်စကားများ ပြောဆိုမေးမြန်းပြီးလျှင် ထိုရဟန်း၏ အရဟတ္တဖိုလ်အကြောင်းကိုမြင်တော်မူသောကြောင့် 'ချစ်သား သင်သည် ရပ်တစ်ပါးသို့သွားရန်မကြံလင့်၊ ထိုကျောင်းသို့သာ ပြန်၍သွားချေ၊ သင်၏စိတ်ကိုသာ နိုင်အောင်ဆုံးမ၍နေလော့၊ မည်သူ့ကိုမျှ ကြောက်ရလိမ့်မည်မဟုတ်' ဟူ၍ ဆုံးမတော်မူလေရာ ဘုရားရှင်၏ တိုက်တွန်းလိုက်သော အမိန့်တော်အတိုင်း တစ်ဖန်ပြန်သွားပြီးလျှင် မာတိကမာတာ၏ကျောင်း၌ နေ၍ စိတ်ကိုဆုံးမလျက် တရားအားထုတ်လေရာ မကြာမီ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

အာသဝေါ ကုန်ခန်း၍ ရဟန်းဖြစ်ပြီးသောအခါ ဤသို့ ကြံတွေးလေ၏၊ ငါသည်ဤဒါယိကာမကြီးကိုမှီ၍ ဝဋ်မှ လွတ်မြောက်ခြင်းကိုရပေပြီ ဟူ၍ ကျေးဇူးတင်လေ၏။ ထိုနောက် ဆက်လက်၍ ငါ၏ ဤကိုယ်အဖြစ်၌ မှီခိုရာအားဖြစ်ခဲ့ပေသည်၊ ရှေးသံသရာ ဘဝတို့၌ ငါ၏ ခန္ဓာအစဉ် ကျင်လည်ရာဝယ် တစ်ပါးသော ငါ၏ မှီခိုအားထားရာ ဖြစ်ခဲ့ဖူးလေသလော၊ မဖြစ်ဖူးဘဲ ရှိလေသလောဟူ၍ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ဆင်ခြင်ကြည့်လေ၏။

ထိုအခါ ဒါယိကာမကြီးအပေါ်၌ ကြောက်မက်ဖွယ်သော အဖြစ်ကို သိမြင်ရလေ၏။ မြင်ရသော အကြောင်းကား ၉၉

ဘဝသော ကိုယ်အဖြစ်တို့ တိုင်အောင် အစဉ်လျှောက်၍ အောက်မေ့တိုင်း မိမိ ခြေရင်း၌လုပ်ကျွေးရသော မယားဖြစ်ခဲ့ဖူးလေသည်၊ ထို ၉၉ ဘဝတို့ တိုင်တိုင်ပင်လျှင် အခြားသော ယောကျ်ားတို့၌ တပ်သော စိတ်ရှိသောကြောင့် ငါ့ကို သေရာ သကြောင်းကြံ၍ သတ်ခဲ့ဖူးသလေပြီ ဟူ၍ တွေ့မြင်ရခြင်း ဖြစ်လေသည်။

ဤအညဘရဟန်း၏ ဘဝဖြစ်စဉ်ကို သုံးသပ်ကြည့်ရလျှင် ယခု နောက်ဆုံးဘဝ၌ကား ကျောင်းအမကြီးသည် မှီခို အားထားရာ များစွာ ဖြစ်ခဲ့၍ ကျေးဇူးကြီးပေ၏၊ ကျောင်း၌ ချမ်းသာစွာ နေရခြင်း၊ ထိုဒါယိကာမကြီးကို ကြောက်သောကြောင့် မိမိနှင့်လျော်သော ကမ္မဋ္ဌာန်းကို ဘုရားထံမှ ရခြင်း၊ နောက်ဆုံးတွင် လေးပါးသော မဂ်ဖိုလ်ကို ဖြစ်စေခြင်းတို့ဖြင့် ထူးသောကျေးဇူးကို ဖြစ်စေလေ၏။

သို့ရာတွင် ရှေး ၉၉ ဘဝတို့၌ကား အိမ်ထောင်ဖက်မယား ဖြစ်သော်လည်း လင်ကိုကောင်းစွာ လုပ်ကျွေးခဲ့သူမဟုတ်ချေ၊ လင်ကြီးထား၍ လော်လီ ဖောက်ပြားကာ တစ်ပါးသော ယောကျ်ားကို တပ်မက်ပြီးလျှင် ဝန်လေးသောအမှုဖြင့် လင်ကို သတ် မိန်းမယုတ်၏ ပြုမှုတိုင်းခံခဲ့ရ၏၊ တစ်ဘဝသာမက နှစ်ဘဝ၊ သုံးဘဝလည်း မကချေ၊ ဘဝဆက်ကာ ၉၉ ဘဝ တိုင်အောင် မယားသတ်၍ သေခဲ့ရကြောင်း တွေ့မြင် ရလေသည်။

မထေရ်၏ အဖြစ်မှ ကြည့်သောအခါ အံ့သြဖွယ်သော ဒါယိကာမကြီးအဖြစ်ကို တွေ့မြင်ရသောဟူ၏၊ တစ်ဖန်ဆက်၍

၉၉ ဘ၀မှ အထက်ကိုဆင်ခြင်ကြည့်ပြန်သော်(၁၀၀)မြောက်သော ဘ၀၌ကား ထိုယောကျ်ား၏အသက်ကိုချရာတွင် မယားဖြစ်သော ထိုဒါယိကာမကြီးပင် ကယ်ဆယ်ခဲ့ဖူးကြောင်း တွေ့မြင်ရပြန်လေသည်။

ဘ၀ဇာတ်ခုံ က မျိုးစုံသော လူ့ဘုံလောက၀ယ် သူငါဖန်သော ပုထုဇဉ် သတ္တ၀ါမှန်သမျှတို့သည် ဤဇာတ်ထေရ်၏အလေ့ာင်းကဲ့သို့ မယားသတ် ခံရသော ယောကျ်ားတို့လည်း လွတ်ကြမည် မဟုတ်ပေရာ အနည်းနှင့်အများသာ ခြားကြပေမည်၊ နောင်ကိုထား၍ ရှေ့သွားရမည့် သံသရာတစ်ခွင်၌သာ ခြေဦးလုပ်ကျေးသော မယား၏ အသတ်ခံရခြင်းမှ လွတ်မြောက်ရန် အားထုတ်ရမည်ဖြစ်၏။

အကောင်းဆုံးကား မြတ်သော ရဟန်းချမ်းသာ၌ ပျော်မွေ့စွာ ပါရမီဖြည့်တော်မူကြသော ရဟန်းတို့၏ နေထိုင်နည်းသည် အကောင်းလွတ်ဆုံး ဖြစ်လေသည်။

ဤသို့ ဘ၀သံသရာ အဖြာဖြာကို လေ့လာသုံးသပ်ကြပြီးသော သူတော်ကောင်းတို့သည် မိမိတို့ရအပ်ပြီးသော သူတော်ကောင်း အဖြစ်ကို ကောင်းစွာ အောက်မေ့ ဝမ်းမြောက်ကြလျက် တစ်ဘ၀ထက် တစ်ဘ၀ ရင့်ကျက်ရန်သာ ကြိုးစား၍ ပါရမီ ဖြည့်ကြရာသတည်း၊ အပြစ်ကိုရှု၍ အကျိုးကိုရှာရမည်၊ အကျိုးလိုလျှင် အကြောင်းကို လိုက်ရမည်၊ အမှတ်မဲ့ နေခြင်းကို ဘယ်အခါမှ မရှိစေလင့်။

*

# (၆) ဆဋ္ဌမပိုင်း

## ဆင်းရဲနှစ်ခု လွတ်မှုရွက်ဆောင် ရဟန်းဘောင်

(၆) ရဟန်းဟူသည် ချမ်းသာမှု နှစ်မျိုးကို ဆောင်တတ်သူ ဖြစ်၏။

ရဟန်း ပုဂ္ဂိုလ်တို့သည် မိမိတည်းဟူသော အကြောင်းကြောင့် သူတစ်ပါးတို့အား ဆင်းရဲမှ လွတ်မြောက်စေကြ၏။

ဆိုလိုရင်းမှာ မိမိကိုယ်၌လည်း ချမ်းသာအောင် နေ၍ သူတစ်ပါးတို့အား ချမ်းသာအောင် နေစေတတ်ကြသူများ ဖြစ်လေရာ ရှေးကရဟန်းတို့သည်လည်းကောင်း၊ ယခုကာလ

ရဟန်းတို့သည် လည်းကောင်း ဤသဘော တစ်မျိုးတည်း ဖြစ်၏။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံယူတော်မူပြီးသည်မှ နောက်ကာလ၌ လူနတ်တို့အား ချမ်းသာမှု တိုးပွား၍ အကျိုးများစေရန်မှာ ဘုရားရှင်၏တပည့်သား ရဟန်းသံဃာတော်တို့သာ အစဉ်ဆောင်ရွက်နေကြခြင်း ဖြစ်လေသည်၊ သို့ရာတွင် ရဟန်းတို့ ကျင့်ကြံပုံသည် လေးမျိုးရှိလေသည်။

၁။ ရဟန်းလေးမျိုး

(၁) "သမ္မာသမ္ဗုဒ္ဓ" ဘုရားကြီးကဲ့သို့ကျင့်သော ရဟန်းတစ်မျိုး၊

(၂) "သမ္မာဗုဒ္ဓ" ပစ္စေကဗုဒ္ဓာ ဘုရားငယ်ကဲ့သို့ ကျင့်သော ရဟန်းတစ်မျိုး၊

(၃) ရံခါ ဘုရားကြီး ကဲ့သို့ကျင့်၍ ရံခါ ပစ္စေကဗုဒ္ဓာကဲ့သို့ ကျင့်သော ရဟန်းတစ်မျိုး၊

(၄) ပါရမီဖြစ်ရုံသာ ကျင့်သော ရဟန်းတစ်မျိုး ဟူ၍ လေးမျိုးရှိလေ၏။

ထိုတွင်မှီ အသီးသီး ပါသနာခံတော်ခံ ပါရမီသန်သည့် အလျောက် ကျင့်ကြံပုံကား ဤသို့တည်း။

(၁) ဘုရားကြီးကဲ့သို့ ကျင့်သော ရဟန်း။ ။ဤရဟန်း မျိုးကား အမြတ်ဆုံးဖြစ်၍ ချီးမွမ်းဖွယ်တည်း၊ လူအများ၏ အားထားရာ မှီခိုရာလည်း ဖြစ်၏၊ အရာရာတွင် ဉာဏ်ဖြင့် မြော်မြင်တိုင်းထွာ၍ ဦးဦးဖျားဖျားမှ ကြိုးစား ဆောင်ရွက် တတ်ကြ၏၊ သတ္တဝါအများ၏ ချမ်းသာမှုကို ဆောင်ရွက်ရာ၌ ဆင်းရဲချမ်းသာ ရေတွက်ခြင်း မရှိ၊ ပကတိကြီးမားသော ကရုဏာစိတ်ရှိတတ်၏၊ ဘုရားလောင်းတို့ ပါရမီဖြည့်ခြင်းကဲ့သို့ များစွာတူညီ၍ သည်းခံခြင်း ကြီးတတ်လေသည်။

ဘုရားရှင် လက်ထက်တော် အခါက အရှင်သာရိပုတ္တရာ၊ အရှင်မဟာကဿပကြီးတို့ကဲ့သို့ လည်းကောင်း၊ အသောက မင်းတရားကြီးလက်ထက်၌ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးကဲ့သို့လည်းကောင်း အများအတွက် ကရုဏာ ကြီးသော ပုဂ္ဂိုလ်မျိုးပေတည်း၊ ပုထုဇဉ် ရဟန်းတို့၌လည်း ဆိုမထေရ်ကြီးများကဲ့သို့ တစ်စိတ်တစ်ဒေသတူစွာ ရှိတတ်ပေရာ အများအားဖြင့် ဘုရားဆုပန်သည့် ပါရမီရှင် တကယ့် သူတော်ကောင်းကြီးများ ဖြစ်တတ်ကြပေသည်။

(၂) ပစ္စေကဗုဒ္ဓါကဲ့သို့ ကျင့်သောရဟန်း။ ။ထိုရဟန်း မျိုးကား ကာယဝိဝေက အကျင့်၌ နှစ်သက်တတ်ကြသော ပုဂ္ဂိုလ်မျိုးဖြစ်၏၊ သူတစ်ပါးတို့နှင့်လည်း မရောယှက်လို၊ သူတစ်ပါးတို့အတွက်ကြောင့်လည်း သုခ ဒုက္ခ မခံလိုတတ်ချေ၊ တစ်ပါးသူ၏ အကျိုးလည်း မဆောင်လို၊ အပြစ်ကိုလည်း မရှု

တက်ဘဲ မိမိ၏ ကိုယ်စိတ်ချမ်းသာမှုကိုသာ ရှေးရှုနေတတ်သူ ဖြစ်၏၊

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ အလေ့ကား လှေတစ်စင်းနှင့် ဆက်တစ်ချောင်းဖြင့် မိမိတစ်ဦးတည်းသာ တစ်ဖက်ကမ်းရောက်လျှင် ပြီးစတမ်းဟူ၍ ကူးသွားသော သူကဲ့သို့ ဘဝသံသရာဒုက္ခမှ မိမိကိုယ် လွတ်အောင်သာ ရုန်းထွက်သော ပုဂ္ဂိုလ်တည်း၊ အများအားဖြင့် တစ်ပါးသူတို့အား တရားဟောခြင်း၊ ဆယ်ချွတ်ခြင်း ပြုလေ့မရှိချေ၊ သို့ရာတွင် တစ်စုံတစ်ယောက်က ဆုတောင်း ပန်ဆင်ခြင်းကိုကား လက်ခံ၍ တောင်းတိုင်းပြည့်စုံစေဟူ၍ဆုပေးတတ်ရာ ပေးတိုင်း မုချပြည့်စုံသည်သာ ဖြစ်လေသည်။

ဤသို့ကျင့်သောရဟန်းမျိုးသည် ဘုရားရှင်လက်ထက်တော်ကာလမှစ၍ ယခုကာလတိုင်အောင် ရှာကြံကြည့်က တွေ့နိုင်လေသည်၊ သို့ရာတွင် များစွာတွေ့ရမည် မထင်၊ ထိုထက် ဘုရားကြီးကဲ့သို့ ကျင့်သော ပုဂ္ဂိုလ်မှာ ပို၍ ရှားပေလိမ့်မည်။

(၃) ရံခါဘုရားကြီးကဲ့သို့ကျင့်၍ ရံခါပစ္စေကဗုဒ္ဓါကဲ့သို့ ကျင့်သောရဟန်း။ ။ဤသို့ကျင့်သောရဟန်းမျိုးကား ဝီရိယ စိတ်ဓာတ်ကို လျော့ချည်၊ တင်းချည် ကျင့်တတ်သောပုဂ္ဂိုလ် မျိုးတည်း၊ စိတ်အားထက်သန်သောအခါ ဝီရိယကို ပြင်းပြင်း ထားစ၍ မိမိသူတစ်ပါး နှစ်ပါး ကောင်းကျိုးကို ကြိုးစား ဆောင်ရွက်တတ်၏၊ စိတ်အား ပျော့သွားသောအခါ ဝီရိယ

ပေါ့နေတတ်၏။ မိမိအကျိုးလည်း အားမထုတ်၊ သူတစ်ပါး အကျိုးကိုလည်း မဆောင်တော့ချေ၊ ထိုသို့ ကျင့်တတ်သော ပုဂ္ဂိုလ်မျိုးကား ယခုကာလကဲ့သို့သော ပုထုဇဉ် ရဟန်း လောကတွင် များစွာတွေ့နိုင်လေ၏။

စင်စစ်ကား လုပ်နိုင်သောအခါ လုပ်မည်၊ မလုပ်နိုင်သော အခါ မလုပ်ဘူး ဟူ၍ မိမိအစွမ်းကို မိမိမပိုင်သော သူတို့၏ လမ်းစဉ်တည်း၊ စိတ်သဘောကျသောအခါ ဆောင်ရွက်မည်၊ သဘောမကျလျှင် မဆောင်ရွက်နိုင် ဟူ၍ တွက်ကတ်သော ကလေးပမာ ကိုယ့်စိတ်ကို မနိုင်သောသူတို့၏ နည်းငြမ်းကဲ့သို့ လည်း ကျရောက်၏၊ ထိုသို့ ကျင့်တတ်သော ရဟန်းမျိုးကို တစ်သမတ်တည်း ဆောင်စွမ်းနိုင်သူဟု စိတ်ချရခြင်း မရှိသော ကြောင့် လူသူအများတို့၏ အားထားမှီခိုရာ မဖြစ်ချေ။

ဘုရား၊လောင်းမြတ်ဗောဓိသတ်တို့နည်းလမ်းကိုချည်း မှီငြမ်း ပြုလိုက်ချေသော် ကိုယ့်အစွမ်းကိုယ်ပိုင်သူဖြစ်၍ကိုယ့်စိတ်ကိုယ် နိုင်သူလည်း ဖြစ်ရမည် လူသူအများ၏ အားထားမှီခိုရာလည်း ဖြစ်ပေမည်၊ ပါရမီဟူသည်လူက ဖြည့်မှဖြည့်သောကြောင့် စိတ်ကို တစ်သမတ်တည်းထား၍ မနေမနားဖြည့်ရာ၏။

**(၄) ပါရမီဖြစ်ရုံသော ကျင့်သောရဟန်း။** ။ဤရဟန်း မျိုးကား အဆိုပါ သုံးမျိုးမှလွတ်သော ပုဂ္ဂိုလ်တည်း၊သို့ရာတွင် အခွင့်သင့်၍ ကြုံကြိုက်သော လူ့ဘဝကို အရတော်သည့်အခါ မြင့်မြတ်သော ရဟန်းအဖြစ်ကို ရောက်အောင် တက်မည်ဟူ သော စိတ်မြတ်ကြောင့် နေနိုင်သမျှသော ရက်ကာလအပိုင်း

အခြားတွင် သူတော်စင်အကျင့်၌ တည်သူ ဖြစ်၍ ကောင်း သော လမ်းစဉ်ပေါ် ဖြစ်၏။

ထိုသို့ ပါရမီဖြစ် ရဟန်းပြုသူကား ရဟန်းအဝတ်လည်း ပျော်သမျှနေမည်၊ စားပေကိုလည်း တတ်နိုင်သမျှ သင်ယူမည်၊ သမထဝိပဿနာကိုလည်း အထုံပါအောင် အားထုတ်မည်၊ ရဟန်းတရားကိုလည်း ကြိုးစားကျင့်ဆောင်မည်ဟူ၍ သဘော ထားတတ်၏ မတ်ရွေ့မည်မှုဟူသော အပိုင်းအခြား မရှိချေ၊ ကာလသက်တမ်း အသက်ကိုလည်း ပျော်သမျှနေမည် ဟူ၍သာ ဆုံးဖြတ်ကြ၏၊ အဓိကဆည်ရွယ်ချက်မှာ မြတ်သော အကျင့်၌ အထုံပါရန် ပြုလုပ်သော ပုဂ္ဂိုလ်သာ ဖြစ်၏။

## ၂။ ရဟန်းအမျိုးမျိုး

နတ်ဘုံတွင် နတ်အမျိုးမျိုး ရှိသကဲ့သို့ လူ့ပြည်တွင်လည်း လူအမျိုးမျိုး ရှိလေရာ ရဟန်းတို့သည်လည်း ထိုလူတို့မှ ထွက် ပေါ်ခဲ့ရသောကြောင့် စရိုက်အမျိုးမျိုး အကြိုက် အမျိုးမျိုး ရှိကြလေသည်၊ ကိုယ့်စရိုက်နှင့်ကိုယ့်အကြိုက်အလျောက် ကျင့် တတ်နေတတ်ကြသောကြောင့် တစ်ပါးနှင့်တစ်ပါး အသွင်မ တူလျက် အမူကွဲပြားခြင်းကို ရဟန်းအမျိုးမျိုး ဟူ၍ ခေါ်ဆို ခြင်းဖြစ်လေသည်။

မြတ်စွာဘုရားရှင် ရှေ့လက်ထက်တော် အခါမှစ၍ ယနေ့ အထိ ရှိကြသော ရဟန်းသံဃာတော်တို့ကို တစ်ပါးစီ စီစစ်၍ ကြည့်ခဲ့သော် ဤသို့ တွေ့ရမည်ဖြစ်လေ၏။

(၁) **စာချရဟန်း။** ။ယခုကာလတွင် ထင်ရှားရှိကြသော စာချဆရာတော်ကြီးများ၊ စာချဘုန်းကြီးများကို စာချရဟန်းဟူ၍ ခေါ်ဆိုကြကုန်၏၊ ပရိယတ္တိ သာသနာသည် သာသနာသုံးရပ်တွင် မူလရင်း ရေသောက်မြစ် ဖြစ်သောကြောင့် အားပေးထိုက် ချီးမွမ်းထိုက်ပေသည်။

စင်စစ်ကား ပရိယတ္တိ သာသနာ ထွန်းကားရေးအတွက် အားထုတ်တော်မူကြခြင်းဖြစ်ပေရာ ဘုရားရှင်လက်ထက်တော်မှစ၍ သီဟိုဠ်ခေတ် ပုဂံခေတ်မှသည် ယခုခေတ်တိုင်အောင် ဘုရားဟော တရားတော်များ တတ်ကျွမ်း နားလည်ရေးကို ရှေးရှုတော်မူကြသော ပုဂ္ဂိုလ်မြတ်များဖြစ်ခဲ့လေသည်။

(၂) **စာသင်ရဟန်း။** ။သာသနာ့အမွေခံ ရှင်သာမဏေ ပြုချိန်မှစ၍ ရဟန်းသိက္ခာပျိုရွယ်စဉ်ကာလ၌ စာပေသင်ယူကြသော ပုဂ္ဂိုလ်မျိုးကို စာသင်ရဟန်းဟူ၍ ခေါ်ကြ၏။ သက်ရွယ်ကြီးရင့်သော်လည်း တတ်လိုသောကျမ်းဂန် တရားစာပေကို သင်ယူသောရဟန်းလည်း စာသင်ရဟန်းပင်ဖြစ်၏။

ဤသို့သော သောတုဇနခေါ် စာသင်ရဟန်းများကိုလည်း အားပေးချီးမြှင့်ရပေမည်။ သို့မှ နောင်ခေတ် သာသနာတော်၌ ကျမ်းဂန်စာပေတတ် ရဟန်းကောင်းပေါများနိုင်မည်၊ စင်စစ်ကား သာသနာ့အညွန့်အညှောက်များဖြစ်ပေသတည်း၊ အဆိုပါ

ရဟန်းနှစ်မျိုးကား ဝါသနာကြောင့် မဟုတ်ဘဲ အလုပ်ကိုစွဲ၍ ခေါ်ကြသောအမည်ဖြစ်လေသည်။

(၃) **စာကြည့်ရဟန်း။** ။စာပေပရိယတ် သင်ကြားပြီး နောက် မိမိသင်ယူပြီးသော ကျမ်းဂန်တို့ကို ပြန်လှန် သုံးသပ် ခြင်းနှင့် ဂန္ထန္တရ ဗဟုသုတအဖြစ် လောကီ- လောကုတ္တရာ အမျိုးမျိုးသော ကျမ်းဂန်တို့ကို မလပ်အောင် ကြည့်ရှုခြင်း၌ လေ့ကျက်သော ရဟန်းကို စာကြည့်ရဟန်းဟူ၍ခေါ်ဆိုကြ၏၊ အချို့သောပုဂ္ဂိုလ်တို့လည်း စာချတုန်းကြီးဘဝမှ ကြီးရင့်လာ သောအခါ အနားယူ၍ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ယောဇနာနှင့် နာနာဂန္ထတို့ကို သုံးသပ်ကြည့်တတ်ကြကုန်၏။

ရှေးအခါက ဆရာတော်ကြီးတို့လည်း ကျောင်းခါးပန်း ခြေကန်၍လည်းကောင်း၊ ကလေးပိတ်၍လည်းကောင်း ကျမ်း ဂန်ကြည့်ရှုခြင်း၌ ပျော်မွေ့တော်မူကြသော ထုံးများရှိခဲ့ ကြောင်း ကြားဖူး၏။ စာ၌ပျော်မွေ့ရခြင်းလည်း ဈာန်ဝင် စားရခြင်းကဲ့သို့ တစ်မျိုးအရသာရှိလေသည်။

ငယ်စဉ်ကာလက စာပေကောင်းစွာသင်ခွင့်မရ၍ ကြီးသော အခါမှ ရဟန်းပညာရှိ၊ လူပညာရှိတို့ ရေးသားကြသော ကျမ်းကြီးကျမ်းငယ်တို့ကို ကြည့်ရှုလေ့လာခြင်းသည်လည်း စာ ကြည့် ရဟန်းပင်ဖြစ်၏၊ ဤရဟန်းမျိုးလည်း ကြည်ညိုဖွယ် သော သူတော်စလေ့ထုံးပေတည်း။

(၄) **စာစုရဟန်း။** ။အရပ်ရပ်သော စာပေ ကျမ်းဂန်၊ စာရွက်စာတမ်း ဗဟုသုတမျိုးစုံကို ရသမျှ ရှာဖွေစုဆောင်း

သိမ်းဆည်းထားလေ့ ရှိသော ရဟန်းကို စာစု ရဟန်း ဟူ၍ ခေါ်ကြ၏။

သာသနာတော်၌ ထိုသို့သောရဟန်းမျိုးကိုလည်း လိုအပ် ပေရာ မည်သည့်ခေတ်၌မဆို ကျေးဇူး ပြုနိုင်လေသည်။ ဗဟု သုတလိုက်စားသော ရဟန်း၊ ရှင်၊ လူတို့သည်လည်းကောင်း၊ ကျမ်းပြုပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ စာရေးဆရာ၊ ရာဇဝင် သမားတို့သည်လည်းကောင်း ထိုသို့သော စာစု ရဟန်းမျိုးကို အားကိုးကြရ၏။ ဝါသနာပါသော ပုဂ္ဂိုလ်တို့သည် စုလည်း စုရာ၏၊ ကြည့်လိုသူတို့အားသည်း ပြရာ၏၊ ကူးယူလိုသူအား လည်း ပေးခဲ့သင့်၏၊ ယင်းသို့သော ရဟန်းမျိုးကိုလည်း ချီးမွမ်းထိုက်သည်သာတည်း။

(၃) **ကျမ်းပြုရဟန်း**။ ။သာသနာဝင်တစ်လျှောက်တွင် ထင်ရှားကျော်ကြားခဲ့သော အဋ္ဌကထာ ကျမ်းပြု ဆရာတော် အရှင်မဟာဗုဒ္ဓဃောသ မထေရ်ကြီးကဲ့သို့ လည်း ကောင်း၊ မြန်မာပြည်တွင်ထင်ရှားခဲ့သော ပုဂံခေတ်၊ အင်းဝခေတ်မှ စ၍ အရှင်အဂ္ဂဝံသမထေရ်၊ ရွှေဥမင်ဆရာတော်၊ တောင်ဖီလာ ဆရာတော်၊ ဆရာတော်ဦးဗုဓ်၊ လယ်တီဆရာတော်၊ မန်လည် ဆရာတော် စသော ပုဂ္ဂိုလ်များသည် ကျမ်းပြုရဟန်း ဟူ၍ ထင်ရှားသိနိုင်ပေ၏။

(၆) **ကျမ်းဆောင်ရဟန်း**။ ။ဘုရားရှင် လက်ထက်တော်မှ စ၍ ကျမ်းဆောင် ရဟန်းတို့ကား များစွာရှိခဲ့၏။ သူတို့န်

ဆောင်၊ ဝိနည်းဆောင်၊ အဘိဓမ္မာဆောင်၊ ဘာဏကဆောင်စသော ဘုရားဟောတရားတော်တို့ကို မိမိတို့ သန်ရာ၊ နိုင်ရာနှုတ်တိုင် ကျက်မှတ်လျက် အစဉ် ရွတ်ဖတ်သရဇ္ဈာယ်၍ ဆောင်ထားတော်မူကြသော ရဟန်းမျိုးဖြစ်၏။ သီဟိုဠ်ခေတ်မှသည် ယခုခေတ်တိုင်အောင်ကျမ်းဆောင်ရဟန်းမျိုးသည် အနည်းနှင့်အများရှိကြလေသည်။ ဉာဏ်ကောင်း၊ ဝီရိယကောင်း၊ သဒ္ဓါတရားကောင်းနှင့် မှတ်ဉာဏ် လေ့လာကြသော ပုဂ္ဂိုလ်မျိုးတည်း။

(၇) ကျမ်းသိမ်းရဟန်း။ ။ပညာရှိအသီးသီးတို့ ရေးသားပြုစုထားသော ကျမ်းစာအုပ်၊ ပေစာအုပ်ကြီးများကို မပျောက်မပျက်နိုင်ရန် မိမိ ရရ သိမ်းဆည်း စားတတ်သော ရဟန်းတို့လည်းရှိတတ်သေးရာ ထိုရဟန်းမျိုးကို ကျမ်းသိမ်းရဟန်း ဟူ၍ခေါ်ရပေမည်။ သူ၏ဝါသနာအလျောက် ကျမ်းစာများကိုသိမ်းဆည်းရခြင်း၊ ပိုးမစား ခြမကိုက်အောင် မကြာခဏကြည့်ရှု၍ပြုပြင်ထုပ်သိမ်းရခြင်းအလုပ်ကို စိတ်ဝင်စားလျက်ပျော်ပိုက်နေတတ်သော ပုဂ္ဂိုလ်မျိုးတည်း။

ကျမ်းသိမ်းရဟန်းသည် ပြဆိုခဲ့ပြီးသော စာစု ရဟန်းနှင့်အနည်းငယ်ကွာခြား၏၊ စာစုရဟန်းကား ကျမ်းဝန်ကြီးသေးမကျန် စာရွက်စာတမ်း၊ ကဗျာ၊ လင်္ကာ၊ ဖိတ်စာ၊ ကြော်ငြာမချန် အဆိုးအကောင်းဟူ၍ မခြား ရရသမျှသော စာတို့ပေစာသောင်းပြောင်းကို စုတတ်သောပုဂ္ဂိုလ်ဖြစ်၏။

ကျမ်းသိမ်းကားတန်ဖိုးရှိ၍ လေးနက် ကောင်းမွန်သော ကျမ်းကြီး ကျမ်းခိုင်လောက်ကိုသာ ရွေးချယ် သိမ်းဆည်းလေ့ရှိ၏၊ စစ်ကြီးဖြစ်ပြီး နောက်ကာလတွင် ထိုသို့သောရဟန်းတို့ ရှိပေ၍သာ အဖိုးတန် ကျမ်းစာမူများ မကွယ် မပျောက်ကြောင်း သိရရာ အထူး ကျေးဇူးတင်ရပေသည်၊ ပိဋကတ်နှင့် စပ်သောကျမ်းဂန်ဟူသမျှ ဋီကာအစောင်စောင်၊ ယောဇနာ အမျိုးမျိုး၊ ဂဏ္ဌိအရပ်ရပ် အဆုံးအဖြတ်အသီးသီးကို တကယ် အရေးကြီး၍ ရှာကြည့်လျှင် ရနိုင်သောဌာန ရှားလေရာ ထိုသို့သောကျမ်းသိမ်းရဟန်းတို့ထံ၌သာ ရနိုင်လေသည်။

(ဂ) **ဓမ္မကထိကရဟန်း။** လူ ရှင် ရဟန်းတို့အား ဘုရားဟောတော် တရားတော်ကိုကြားနာနိုင်စေရန်၊ ကျင့်ကြံ နိုင်စေရန်၊ လူကတ်၊ စားတတ်၊ သားတတ်ဖြစ်စေရန်အတွက် ကောင်းသော စိတ်စေတနာ ပြဋ္ဌာန်း၍ တရားဟောပြောလေ့ရှိသော ရဟန်းမျိုးကို ဓမ္မကထိက ရဟန်း ဟူ၍ ခေါ်ကြ၏။

ဘုရားရှင်လက်ထက်တော် အခါက အရှင်ကုမာရကဿပ မထေရ်ကြီးကဲ့သို့လည်းကောင်း၊ မြန်မာပြည်တွင်လယ်တီဆရာတော် စသည်တို့ကဲ့သို့လည်းကောင်း လာဘ်သပ္ပကာကို ရှေးမရှုဘဲ ကရုဏာစိတ္တုပ္ပါဒ်သာရှေးရှုတော်မူလျက် လူသူအများ အသိဉာဏ်တရား တိုးပွားစေခြင်းအတွက် နယ်အရပ်ရပ်သို့ လှည့်လည် တရားဟောတော်မူကြသော ရဟန်းမျိုး ပေတည်း၊ ထိုရဟန်းမျိုးကား အထူး ချီးမွမ်း ထိုက်၍ လူအများတို့၏ အားထားရာလည်း ဖြစ်ပေသည်။

(၅) သာသနာပြုရဟန်း။ ။ဗုဒ္ဓသာသနာတော်မရောက်သေးသော ဒေသတို့၌ သာသနာတော်ရောက်အောင် မနုဿတ္တဘာဝ ဒုလ္လဘ ရကြသော ထိုထိုလူအများတို့အား အတ္တာယ၊ အကျိုးများစေခြင်းငှာ။ ဟိတာယ၊ အစီးအပွားဖြစ်စေခြင်းငှာ၊ သုခါယ၊ ချမ်းသာစေခြင်းငှာ။ မှန်မြတ်သော ဘုရားဟော တရားတော်ကို ကြားနာနိုင်ကြ၍ လောက သံသရာ နှစ်ဖြာအကျိုးရှိစေရန် ကြီးမားသော ကရုဏာစိတ်ဖြင့် ပြုစုပျိုးထောင်တော်မူကြသော ရဟန်းပုဂ္ဂိုလ်မျိုးကို သာသနာပြုရဟန်းဟူ၍ ခေါ်ရလေ၏။

ဤသို့သော ပုဂ္ဂိုလ်မျိုးကား အထူးလိုအပ်ပေရာ စင်စစ် ရဟန်းတော်တိုင်း၏ တာဝန်လည်း ဖြစ်ပေသည်၊ သာသနာပြုအလုပ်သည် စတင်ဦးမှာ ဘုရားရှင်ကိုယ်တော်တိုင် ပြုတော်မူသွား၏။ ဘုရား ဖြစ်တော်မူပြီးနောက် ပထမ ဝါကျွတ်၍ တပည့်ရဟန်းသံဃာ ခြောက်ကျိပ်ကျော် ရှိသောအခါ တပည့်သာဝကတို့အား တရားတော်ကို သင်ကြားပြီးလျှင် အရပ်ရပ်သော မြို့ ရွာ၊ နိဂုံး၊ ဇနပုဒ်တို့သို့ ဒေသစာရီလှည့်လည်စေ၍ လူသူအများတို့အား တရားဟောပြတော်မူစေခဲ့၏၊ ထိုအချိန်မှစ၍ သံဃာပရိသတ်များလာသောအခါ ကျယ်ပြန့်သော တိုင်းနယ် ပြည်ရွာတို့ကို ဖြန့်၍ လူ နတ် ဗြဟ္မာ သတ္တဝါခပင်းတို့ထံ မြတ်သော တရားရောင်ခြည်ဖြင့် လင်းစေခဲ့လေသည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံယူပြီးသော နောက်ကာလ၌လည်း အသောကမင်းတရားကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တ

တိဿမထေရ်ကြီးအား ကြီးမှူး၍ စီမံတော်မူစေ၍ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုလွှတ်တော်မူခဲ့၏၊ ထိုစဉ်အခါမှာမြေလျှို့းမိုးပျံနိုင်ကြသော ဈာန်အဘိညာဉ်ရ ရဟန္တာကြီးများ ခေတ်ပေတည်း။

မြန်မာပြည် သာသနာဝင်၌လည်း အရှင်သောဏထေရ်၊ အရှင်ဥတ္တရထေရ်တို့သည်လည်းကောင်း၊ ပုဂံခေတ်၌ အရှင်အရဟံ ရဟန္တာမထေရ်မြတ်ကြီးသည် လည်းကောင်း စသည်ဦးသာသနာပြုတော်မူခဲ့ကြပေ၏။ ဗုဒ္ဓသာသနာတော် ပိုင်နိုင်စွာ မရှိသေးချိန် ကြွရောက် ပြုစုတော် မူကြသောကြောင့် လူသူအများတို့အား မှားသော မိစ္ဆာဝါဒကိုမယ်၍ ကောင်းသော တရားမြတ်ကို သွင်းချပေးတော်မူကြသဖြင့် အပါယ်ဘေးကို ကာကွယ်လျက် ကောင်းသော လားရာဂတိသို့ ပို့ဆောင်ကြရှာပေရာ အတိုင်းမသိ ကျေးဇူးကြီးလှပေသည်။

ထိုမှနောက် အင်းဝခေတ်၊ ဟံသာဝတီ ခေတ်၌လည်း ဆင်ဖြူများရှင် မင်းတရားကြီးသည် မိုးကောင်း၊ မိုးညှင်းစသော ရှမ်းပြည်နယ်များကို လက်ရသိမ်းပိုက်ပြီးလျှင် ကျမ်းဂန်တတ် သီလဝန္တ ဆရာတော်ကြီးတို့အား ကိုယ်တိုင်သော် လည်းကောင်း၊ တပည့်ကြီးများကို စေလွှတ်၍သော် လည်းကောင်း သာသနာပြုတော်မူရန် လျှောက်ချက်အရ စတင်ဦးတောင်ကြီး၊ တောကြီးများသို့ ကြွရောက် ပြုစုတော်မူကြ၏၊ ထိုထေရ် သံဃာတော် အားလုံးတို့သည် သာသနပြုချည်းဖြစ်ကြပေသည်။

ယခုအခါ်န်တွင်လည်း သာသနာပြုရန် ဒေသ များစွာ ရှိသေးလေရာ မြန်မာပြည်တွင်း၌ပင် အလွန် ကျယ်ပြန့်စွာ ရှိသေး၏၊ ထောင်တန်းနှင့်နယ်ခြားဒေသတို့မှာ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ လူးဆိုင်နယ်၊ နာဂနယ်၊ ဂန္ဓားနယ်၊ ဂဏန်းနယ်၊ ရှမ်းပြည်နယ်၊ လဝနယ်၊ ပဒေါင်းနယ်၊ ပလောဒီ နယ်၊ တောင်သူနယ်၊ ကယားပြည်နယ်၊ မြို့နယ်သစ်နယ်၊ ကောက္ကသံနယ်၊ ဒိုးနီးယားနယ်၊ ကောသောင်နယ်၊ ရှမ်း တရုတ်နယ်၊ လီးရှောနယ်၊ မလူးနယ်၊ ထလောင်နယ်၊ အစီး နယ်၊ ရှိုင်ရီးမထောင်တန်းနယ် စသည်ဖြင့် မြောက်များစွာ ကျန်ရှိနေပါသေးသည်။

အဆိုပါ လူမျိုးစုံ နယ်များတွင် အချို့နယ်၌ ပြင်ရန်သာ လို၏၊ အချို့နယ်၌ ဗုဒ္ဓသာသနာ စရုံသာ စရသေး၏ အချို့ နယ်၌ကား ပစ္စန္တရစ်အရပ်ဖြစ်၍ မှောင်အတိ ကျလျက်ပင် ရှိသေးရာ ဗုဒ္ဓသာသနာ သမ္မာဝါဒ တရားကို သည်က စကြ ရပေဦးမည်၊ ဤစာရေးသူ အရှင်ကိုယ်တိုင် ပြုစုနေရသော ချင်းတောင်၊ ကချင်တောင်နှင့် နာဂသျှတြ တောင်တန်းကြီး တို့၌လည်း များစွာ လိုချေသေး၏၊ ကျယ်ပြန့်သော နာဂသျှတြ တောင်တန်းကြီးတို့၌လည်း များစွာ လိုချေသေး၏၊ ကျယ် ပြန့်သော နာဂသျှတြ တောင်တန်းကြီးကား မှောင်အတိ ကျဆဲရှိတုန်းပင်ဖြစ်သည်၊ ဗုဒ္ဓသာသနာပြုနေပြီဖြစ်သော်လည်း သုံးနေရာ၊ လေးနေရာတို့တွင် စကာသာ စရသေး၏။

ထို့အတူ ချင်းတောင်၌ တိုင်းရင်း ဗုဒ္ဓဘာသာ ရောက်နေပြီ ဆိုရသော်လည်း ကျယ်ပြန့်သော တောင်တန်းကြီးနှင့် စာလျှင် သမုဒ္ဒရာရေကို ယုန်ငယ် သောက်သလောက်သာ ရှိသေး၏၊ ထို့ကြောင့် မြန်မာပြည်၌ သာသနာပြု ရဟန်းများများထွက်ပေါ်ရန် အသုံးလိုနေပေသည်။

ဤနေရာ၌ စကားအလျဉ်းသင့်၍ တောင်တန်းနယ်ခြား သာသနာပြုလုပ်ငန်းစဉ် (၆)ချက်ကို ဖော်ပြလိုက်ပါသည်။

(၁) မြန်မာပြည်တွင်းသား အားလုံးတို့သည် အလွန်အဖိုးထိုက်တန်သော ဘုရားရှင်၏ သြဝါဒတရားတော်များကို ကြားနာခံယူကြရ၍ ကိုယ်ကျင့်တရားနှင့် ယဉ်ကျေးမှု အစစ်အမှန်ကို ရရှိကြစေရန်။

(၂) တောင်တန်းနှင့် နယ်ခြားသားတို့သည် မြန်မာတိုင်းရင်းသားပီပီ မြန်မာစကားနှင့် မြန်မာစာကို ပြောဆိုတတ်၊ ရေးတတ်၊ ဖတ်တတ် ဖြစ်လာကြစေရန်။

(၃) ဗုဒ္ဓဘာသာ သမ္မာ အယူရှိသော မြန်မာတိုင်းပြည်တွင်း၌ လူရိုင်းတွေရှိနေသေးသည် ဟူသောစကားကို လုံးဝ မပျောက်စေ၍ မြေပြန့်သားတို့ကဲ့သို့ ယဉ်ကျေးသော နေထိုင်စားသောက်မှုနှင့် ပေါင်းသင်းဆက်ဆံရေးများကို တတ်သိနားလည်ကြစေရန်။

(၄) ကျန်းမာရေး၊ စိုက်ပျိုးရေး၊ နေအိမ် ဖန်တီးရေး စသော ကျေးလက် ဘောရွာ ပြုပြင်ရေးများကိုလည်း ဝိနည်း တရားတော်နှင့်လျော်သမျှ ညွှန်ကြားပြသပေးရန်။

(၅) ဆိုးရွားကြမ်းကြုတ်၍ ကိုယ်ချင်းစာ တရားမှ ကင်းသော ယစ်ပူဇော်ခြင်း အယူဝါဒများကိုလည်း တစ်စ တစ်စ ပြောင်းလဲစေ၍ နိုင်ငံရေးပယောဂနှင့် လုံးဝမစပ်ယှက် သော မှန်မြတ်သည့် ဗုဒ္ဓဘာသာ တရားတော်၏ အရသာကို တစ်ကြိမ် တစ်ခါမျှ မကြားနာရဖူးသေးသော တောင်တန်း သားတို့အား ပစ္စုပ္ပန် သံသရာ နှစ်ဖြာကောင်းကျိုး အတွက် ကြဲချဖြန့်ဝေပေးရန်တို့ ဖြစ်သည်။

(၆) သာသနာပြု ပုဂ္ဂိုလ်တို့၏ ကိုယ်ကျိုးကား အများ သော သတ္တဝါတို့၏ ချမ်းသာမှုသည်ပင် မိမိ၏ရင့်ကျက်သော ပါရမီပြည့်ကြောင်း ဖြစ်စေရပါမည်။

ဤစာရေးသူ အရှင်နှင့်တကွသော သာသနာပြု ပုဂ္ဂိုလ် တို့သည် အဆိုပါ လုပ်ငန်းစဉ် (၆)ချက်ကို မှတည်၍ ပြုစု ဆောင်ရွက်နေကြခြင်း ဖြစ်၏။

## သာသနာပြုပုဂ္ဂိုလ်၏ သစ္စာဓိဋ္ဌာန် ငါးချက်

တောင်တန်းသို့ တက်ရောက် သာသနာပြုကြသော ရဟန်း သံဃာတော်တို့သည် နံနက် အိပ်ရာမှထပြီးလျှင် ကိုယ်လက် သန့်စင်စေ၍ မိမိ၏တူရူဖြစ်သော အရပ်သို့ မျက်နှာမူလျက်

သတ္တဝါအများအား ချမ်းသာစေကြောင်းဖြင့် စူးရှသော ဝီရိယနှင့် မနောကမ္မတ္တာကို ပြုကြရ၏။ ထိုနောက်မှ ကိုယ်ကို မတ်မတ်ရပ်၍....

(၁) ငါသည် ကောင်းသော သမာဓိ၌ တည်နိုင်ပါစေ သတည်း၊
(၂) ငါသည် ကောင်းသော စကားကို ဆိုနိုင်ပါစေ သတည်း၊
(၃) ငါသည် ကောင်းသောအကြံကို ကြံစည်နိုင်ပါစေ သတည်း၊
(၄) ငါသည် ကောင်းသော အကျင့်၌ တည်နိုင်ပါစေ သတည်း၊
(၅) ငါသည် မြတ်သောအလုပ်၌ အများ၏ချမ်းသာမှုကို ဆောင်နိုင်ပါစေသတည်း။

အဆိုပါသစ္စာဓိဋ္ဌာန်ငါးချက်ကို နေ့စဉ်မှန်မှန် သုံးခေါက်စီ ဥဒါန်းကျူးပြီးမှ အခြားသော လုပ်ငန်းကိစ္စကို ဆောင်ရွက်ကြရလေသည်။

(၁၀) ယောဂါဝစရ ရဟန်း။ ။ပဋိပတ္တိ လုပ်ငန်း ခေါ်သော ကမ္မဋ္ဌာန်းဘာဝနာကိုသာ တလုံးလဲလဲ အားထုတ် နေလေ့ရှိသော ပုဂ္ဂိုလ်ခေါ်၏၊ ထိုရဟန်းမျိုးကား သာသနာ တည်သမျှ ကာလပတ်လုံး မပြတ်ရှိလေသည်၊ သို့ရာတွင် တစ်ခေတ်တစ်ခါ၌ အားထုတ်သူနည်း၍ တိမ်သွားတတ်၏၊

တစ်ခေတ်တစ်ခါ၌မူ အားထုတ်သူများကာ ထင်ရှားလာတတ်ပေသည်။

ထိုအလုပ်လည်း တကယ် အတွတ်အထိပ်သို့ရောက်အောင် အားထုတ်ခြင်းမျိုးနှင့် ပါရမီဓာတ်ခံ ပါရှိသော အားထုတ်ခြင်းမျိုးဟူ၍ ခြားနားသေး၏၊ စိတ်ပြေလက်ပျောက် အားထုတ်ခြင်းသည်း ရှိလေသေးရာ တကယ်ကြိုးစား အားထုတ်နေလေ့ရှိသော ရဟန်းကိုသာလျှင် ယောဂါဝစရ အမည်ရလေ၏၊ ဤသို့အားထုတ်သူတို့ကား သာသနာပ ကာလ၌ပင် ရသေ့များ ကျင့်တတ်မြဲ ဖြစ်ပေသည်။

(၁၁) **သီလဖြည့်သောရဟန်း**။ ။အကျင့်သီလ၌ သာ အလေးမူလျက် စောင့်စည်းကျင့်ကြံ အားထုတ်နေလေ့ရှိသော ရဟန်းမျိုး ဖြစ်လေသည်၊ ဝိနည်းသိက္ခာပုဒ်တော်ကို မကျိုး မပေါက်အောင် စောင့်ထိန်းတော်မူကြသော သိက္ခာကာမ၊ လဇ္ဇီပေသလ ပုဂ္ဂိုလ်ကြီးတို့၏ ပါရမီဖြည့်ခြင်းနည်း ဖြစ်ရာ ထိုပုဂ္ဂိုလ်မျိုးကို နတ်တို့ကပင် အမြဲ စောင့်ရှောက်တတ်လေ့သည်။

(၁၂) **ဓုတင်ဆောင် ရဟန်း**။ ။ဘုရားသာသနာတော်၌ သဒ္ဓါ၍ ရဟန်းပြုကြသောပုဂ္ဂိုလ်တို့တွင် လွန်ကဲစွာခြိုးခြံသော အကျင့်၌ ဝါသနာထုံကြသော ရဟန်းတို့သည် တစ်ဆယ့်သုံးပါးသော ဓုတင်အကျင့်တို့၌ မိမိနိုင်ရာကိုယူ၍ ကျင့်ဆောက်တည်တတ်ကြကုန်၏၊ အထူးသဖြင့် အရှင်မဟာကဿပကြီးတို့

ကဲ့သို့ စင်ကြယ်ခေါင်းပါးသော အကျင့်မြတ်၌ စိတ်ဝင်စားကာ ဆောက်တည်လေ့ရှိကြသော ရဟန်းမျိုး ဖြစ်လေသည်။

(၁၃) မေတ္တာ ဝိဟာရီ ရဟန်း။ ။မေတ္တာ ကမ္မဋ္ဌာန်းကိုသာ အစဉ်ပွားများ အားထုတ်၍နေလေ့ရှိသော ရဟန်းမျိုးဖြစ်၏၊ ထိုသို့သော ပုဂ္ဂိုလ်တို့ကား စကားဆိုမှု၌ နည်းကာ တကာ တကာမတို့နှင့် မရောယှက်လိုကြဘဲ အများအားဖြင့် မိမိတစ်ပါးတည်းသာလျှင် ဆိတ်ငြိမ်စွာနေပြီးလျှင် သတ္တဝါ အနန္တတို့အပေါ်ဝယ် သူ၏မေတ္တာဓာတ်ဖြင့် မျှန့်စေလျက် စင်စစ် ချမ်းသာစေလိုသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များဖြစ်ကြလေသည်။

(၁၄) ဒေသစာရီလှည့် ရဟန်း။ ။ဘုရားရှင် လက်ထက်တော်အခါက လူအများ၏ချမ်းသာမှုအကျိုးငှာ ဝါလကုန်သောအခါ ဘုရားထံသို့ချဉ်းကပ်၍ ဘုရားနာ ကမ္မဋ္ဌာန်း ယူပြီးလျှင် ဇနပုဒ်၌ ဒေသစာရီလှည့်လည်တော်မူကြသောရဟန်းများကိုအားကျ၍ တစ်ရပ်မှတစ်ရပ်သို့၊ တစ်နယ်မှတစ်နယ်သို့၊ တစ်မြို့မှတစ်မြို့သို့၊ တစ်ရွာမှတစ်ရွာသို့၊ တစ်ပြည်မှတစ်ပြည်သို့၊ တစ်နိုင်ငံမှတစ်နိုင်ငံသို့ ဒေသန္တရဗဟုသုတသက်သက်အဖြစ်နှင့် လှည့်လည်ကြချီနေလေ့ရှိသော ရဟန်းမျိုးကို ဒေသစာရီလှည့် ရဟန်းဟူ၍ ခေါ်ဆိုရ၏။

ထိုရဟန်းမျိုးကား သာသနာ့ကျိုးလည်း ရှိတတ်၏၊ သာသနာ့ဂုဏ်လည်း ယုတ်တတ်၏၊ အကြောင်းမှာ မိမိလည်း

ဗဟုသုတဖြစ်စေ၍ သူတစ်ပါးတို့အားလည်း ဗဟုသုတဖြစ်စေနိုင်ရန်ဖြစ်လျှင် ငင်းဗုဒ္ဓဘာသာ ရဟန်းတော်များကို မမြင်ဖူးသူတို့အား တစ်ကြိမ်တစ်ခါ မြင်ရ၊ ဖူးရ၍ ဗုဒ္ဓဘာသာရဟန်းတို့၏ ကြည်ညိုဖွယ်ပြခြင်း၊ ကျင့်ကြံပုံ၊ ရှေ့နောက်ရည်မျှော်ပုံစသော နည်းကောင်း၊ သြဝါဒများကို ညွှန်ပြပေးရုံမျှဖြစ်လျှင်သော်လည်းကောင်း အကျိုးများလှပေပြီ ဖြစ်၏။

သို့မဟုတ်မူ၍ နေရင်းဌာနမှလဲ့သော ရပ်တစ်ပါး၌လည်းကောင်း၊ ဘာသာခြား၊ လူမျိုးခြားဒေသ၌ လည်းကောင်း ကိုယ်နှုတ်အမူအရာ စောင့်စည်းခြင်းနည်းပါး၍ ချွတ်ယွင်းခြင်းရှိခဲ့သော် အကျိုးယုတ်တတ်လေသည်၊ မိမိ အကြောင်းပြု၍ သာသာ၊ သာသနာကို သူတစ်ပါးတို့ အထင်သေးခံရပေတော့သည်၊ ထို့ကြောင့် ဒေသစာရီလှည့်ရဟန်းဖြစ်လိုသော ပုဂ္ဂိုလ်မြတ်သည် ကောင်းသောစိတ်စေတနာထား၍ ကောင်းသောသွားခြင်း၊ ကောင်းသောနေခြင်း၊ ကောင်းသော ပြောဟောခြင်းပြု၍ (တွေ့ရာမရှောင် အလှူခံခြင်းမှ) ရှောင်ကွင်းကာ ရဟန်းဂုဏ်သိက္ခာကို စောင့်စည်းလျက် မိမိအကြောင်းကြောင့် လူသူအများ၏ ချမ်းသာတိုးပွားမှုကို ရှေးရှုဆောင်ရာ၏။

## ၃။ ရဟန်းအမျိုးမျိုးသရုပ်

ထိုမှတစ်ပါး အခြားသောရဟန်းတို့ကို ဝေဖန်ကြည့်လျှင်လည်း များစွာထွက်ပေါ်လာနိုင်သေး၏။

အာသဝကင်းပြီးရဟန်း အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့ကဲ့သို့ ရဟန္တာဖြစ်ပြီးသော ပုဂ္ဂိုလ်မျိုး၊ ၎င်းအနာဂါမ်ရဟန်း၊ သကဒါဂါမ်ရဟန်း၊ သောတာပန်ရဟန်းဟူသော သေက္ခ ရဟန်းမျိုး ဈာနလာဘီရဟန်း၊ လောကီဈာန် ဖြစ်စေ၊ လောကုတ္တရာဈာန်ဖြစ်စေ ဈာန်ရပြီးသောရဟန်းမျိုး၊ သုက္ခဝိပဿကရဟန်း ရဟန္တာဖြစ်သော်လည်း ဈာန်တည်းဟူသော အစေးမှခြောက်သော ပုဂ္ဂိုလ်မျိုးတို့ ဖြစ်၏။

ထို့ပြင် အရိယာရဟန်း ပုထုဇဉ်ရဟန်း၊ ပညာဆန္ဒရဟန်း၊ သဒ္ဓါဆန္ဒရဟန်း၊ ဝီရိယဆန္ဒရဟန်း စသည်ဖြင့်လည်း ခွဲနိုင်သေး၏။

အတ္တဟိတရဟန်း မိမိအကျိုးအတွက်သာ ကျင့်လေ့ရှိသော ပုဂ္ဂိုလ်မျိုး။ ပရဟိတရဟန်း ကိုယ်ကျိုးမကျင့် သူတစ်ပါး အတွက်သာ ဆောင်ရွက်နေလေ့ရှိသော ပုဂ္ဂိုလ်မျိုး။ အတ္တဟိတ ပရဟိတရဟန်း မိမိ အကျိုးကိုလည်းကောင်း၊ သူ တစ်ပါး အကျိုးကိုလည်းကောင်း ဆောင်ရွက်လေ့ရှိသော ပုဂ္ဂိုလ်မျိုး။ ထိုနှစ်မျိုးမှလွတ်သောရဟန်း အလေနတော နေတတ်သော ပုဂ္ဂိုလ်၊ ရံခါ ကိုယ်ကျိုးကျင့်၍ ရံခါ တစ်ပါးသူအကျိုး ကျင့်တတ်သောရဟန်း။ ရံခါ တစ်မျိုးကျင့်၍ ရံခါ နှစ်မျိုးစုံ ကျင့်တတ်သောရဟန်း။ ရံခါ တစ်မျိုး၊ ရံခါ နှစ်မျိုးကျင့်၍ ရံခါ ဘာမျှမကျင့်ဘဲနေတတ်သောရဟန်း စသည်ဖြင့်လည်း များစွာ ကျယ်ပြန့်လာနိုင်လေသည်။

## ၄။ ဓုရ နှစ်ပါး

သို့ရောက်၍ အဆိုပါရဟန်း အမျိုးမျိုးတို့ကို လိုရင်းချုပ် လိုက်လျှင် ဘုရားသာသနာ၌ ဝင်ရောက် ထမ်းဆောင်နေကြသော ပုဂ္ဂိုလ်တို့သည် ဂန္ထဓုရ ရဟန်းနှင့် ဝိပဿနာဓုရ ရဟန်းဟူ၍ နှစ်မျိုးသာ ရှိလေသည်။

ဂန္ထ- စာပေကျမ်းဂန်သင်ကြားလေ့လာမှု၌၊ ဓုရ- မလုပ်မနေရ ကောန်အမှန် ဆောင်ရွက်ရမည့် အလုပ် တာဝန်၊ ဝိပဿနာ- မြင်သမျှ အရာဝတ္ထုတို့သည် မမြဲသော အနိစ္စချည်းပါတကား.... စသည်ဖြင့် ရှုသင်ခြင်းမှု၌ ဓုရ- မလုပ်မနေရ ကောန်အမှန် ဆောင်ရွက်ရမည့်အလုပ်တာဝန်၊

စက္ခုပါလ မထေရ်ဟူ၍ ထင်ရှားသော မဟာပါလမထေရ်သည် ရဟန်းပြုပြီးခါစ၌ မြတ်စွာဘုရားထံချဉ်းကပ်၍ ဤသို့ ရှိသေစွာလျှောက်ထားလေ၏။

'ဘုန်းတော်ကြီးသော အရှင်မြတ်ဘုရား ဤသာသနာတော်၌ ဓုရတို့သည် အဘယ်မျှလောက် ရှိပါသလဲဘုရား....'

''ငါဘုရားသာသနာတော်၌ ဂန္ထဓုရ တစ်ပါးနှင့်ဝိပဿနာဓုရတစ်ပါး၊ ပေါင်း နှစ်ပါးရှိတယ်''

''အရှင်မြတ်ဘုရား ဂန္ထဓုရ ဆိုတာ ဘယ်လို ကျင့်ရ၍ ဝိပဿနာဓုရဆိုတာ ဘယ်ကဲ့သို့ ကျင့်ရသော အလုပ်မျိုးပါလဲ ဘုရား''

"မိမိဉာဏ်ပညာ စွမ်းနိုင်သလောက် တစ်ခုသော နိကာယ်ကိုလည်းကောင်း၊ နှစ်ခုသော နိကာယ်ကို လည်းကောင်း၊ အလုံးစုံသော ပိဋကတ်သုံးပုံဟုဆိုအပ်သော ငါးဘုရားစကားတော်ကို လည်းကောင်း သင်ယူ၍ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ ပို့ချခြင်း၊ သုံးသပ်ပြန်လှန်ခြင်းကို ဂန္ထဓုရလို့ခေါ်တယ်။

"သာသနာတော်သမီး ရဟန်းသည် ပေါ့ပါးသောအသက်မွေးခြင်း၌ တည်၍ မိမိခန္ဓာကိုယ်၌ ကုန်ခြင်း၊ ပျက်ခြင်း ခယဝယ ကမ္မဋ္ဌာန်းကိုဖြစ်စေပြီးလျှင် အမြဲမပြတ် အထပ်ထပ်လုံ့လပြုသောအစွမ်းဖြင့် ဝိပဿနာကို ပွားများ ဆင်ခြင်ရသည်။ ဤသို့သောလုပ်ငန်းစဉ်ဖြင့် အရဟတ္တဖိုလ်ကို ယူခြင်းသည် ဝိပဿနာ ဓုရလို့ ခေါ်တယ်" ဟူ၍ မိန့်တော်မူလေ၏။

ထိုအခါ မဟာပါလမထေရ်သည် ဝမ်းမြောက်အားတက်လျက် ဤသို့ဆက်လက် လျှောက်ထားပြန်လေ၏။

"အရှင်ဘုရား တပည့်တော်ကား ကြီးမှ ရဟန်းပြုရပါသည်၊ ဂန္ထဓုရကိုတော့အားထုတ်ခြင်းငှာ မတတ်နိုင်တော့ပါ၊ ဝိပဿနာဓုရကိုသာ ဖြည့်ကျင့်ပါရစေ ဘုရား" ဟူ၍ လျှောက်ထားလေလျှင် ပုဂ္ဂိုလ်စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းတစ်ခုကို မြတ်စွာဘုရားက ပေးတော်မူလိုက်၏၊ မဟာပါလမထေရ်သည် ထိုကမ္မဋ္ဌာန်းဖြင့်ပင် ပွားများ၍ အရဟတ္တဖိုလ်သို့တိုင် ရောက်လေ၏။

ရဟန်းတို့သည် မည်မျှပင် အမျိုးပေါင်းခွဲခြား၍ များစေကာမူ လိုရင်းအလုပ်မှာကား အဆိုပါ နှစ်မျိုးသာ ဖြစ်၍

မိမိတို့အတတ်စွမ်းနိုင်သော တာဝန်တစ်ခုခုမှ ယူဆောင် အားထုတ်နေကြသည်ချည်းဖြစ်သောကြောင့် ရဟန်း နှစ်မျိုးသာရှိသည်ဟုဆိုရမည်ဖြစ်၏။ အချို့သောရဟန်းတို့ကား ဂန္ထဓုရဆောင်ကြ၏။ အချို့ကား ဝိပဿနာဓုရ ဆောင်ကြ၏၊ အချို့ကား အချိန်ကန့်သတ်၍ နှစ်မျိုးပင် ဆောင်တတ်ကြ၏ အချို့ရဟန်းတို့ကား အရွယ်ပိုင်း၍ ငယ်ရွယ်စဉ်အခါ ဂန္ထဓုရနှင့်နေကြပြီးလျှင် ကြီးရင့်သောအခါလည်၌ ဝိပဿနာဓုရသို့ ပြေးစင်တတ်ကြ၏၊ သို့ ဖြစ်သော ကြောင့် ကောင်းသော အကျင့်၌ တည်သူချည်း ဖြစ်လေသတည်း။

## ၅။ ရဟန်းချမ်းသာ

ထိုဆိုအပ်ခဲ့ပြီးသော ရဟန်းတို့သည် စင်စစ်မှာ ဒုက္ခကိုရှောင်၍ ချမ်းသာအောင်နေတတ်ကြသူချည်းဖြစ်သောကြောင့် ပစ္စုပ္ပန်ဆင်းရဲကိုလည်း ရှောင်ကြ၏၊ သံသရာဒုက္ခကိုလည်း လွတ်စေရန်အတွက် ကျင့်ကြသူတို့ဖြစ်လေ၏၊ ဤဘဝ၌ ပါရမီနုသေး၍ ရဟန္တာမဖြစ်နိုင်သော်လည်း နောင် တစ်ခုသောဘဝ၌ သော်လည်းကောင်း၊ သစ္စာသိမြင်ဖ ဘုရားရှင်တို့နှင့် ဖူးတွေ့ရသော အခါ၌ သော်လည်းကောင်း၊ တရား စကား ကြားနာရကာမျှနှင့် လွယ်ကူစွာ ထိုးထွင်း သိမြင်ပြီး လျှင် အရဟတ္တဖိုလ်သို့ ရောက်၍ နိဗ္ဗာန် မျက်မှောက်ပြုနိုင်ကြမည့် ပုဂ္ဂိုလ်တို့သာတည်း။

လူအမျိုးမျိုး၊ နတ်အမျိုးမျိုး၊ ရဟန်းအမျိုးမျိုး၊ ဘုရားရှိခိုးအမျိုးမျိုးဟူ၍ ဆိုရိုးစကားရှိသော်လည်း မြစ်ရေ၊ ချောင်းရေ၊ ကန်ရေ၊ တွင်းရေ ဟူသမျှတို့သည် မိုးရေကပင် ဖြစ်ရသကဲ့သို့ ရဟန်းဟူသမျှ တို့သည်လည်း သံသာရ ဝဋ္ဋဒုက္ခတော မှောစနတ္တာယ သံသာရာဒုက္ခဟူသမျှမှ ကင်းလွတ်ပါရစေကြောင်း ဆုမွန်ကောင်း တောင်းလျက်သော ရဟန်းပြုခဲ့ကြသူချည်း ဖြစ်သောကြောင့် စစ္စာဦးမှာ တူညီသော ရည်ရွယ်ချက် ရှိကြသည်ပင် ဖြစ်လေသည်၊ စင်စစ်ကား ရဟန်းဟူသည် လောကဒုက္ခထက် သံသရာဒုက္ခကို ပိုမိုကြောက်ရွံ့ကြသော ပုဂ္ဂိုလ်များတည်း။

## အချုပ်တရားမှာ

မြစ်ရေ၊ ချောင်းရေ ဟူသမျှတို့သည် မည်သည့် အရပ်မှ မည်ကဲ့သို့ပင် လှည့်ပတ် ကွေ့ကောက်၍ စီးဆင်းလာကြစေကာမူ နောက်ဆုံးတွင် မဟာသမုဒ္ဒရာသို့သာ ရေပေါင်းဝင်ကာ တစ်ခုတည်းသော ဆားငန်ရည်အဖြစ်၌ တည်ကြရကုန်၏။

ထို့အတူ သံသရာမှထွက်မြောက် ကြောင်းကိုရှာကြံကျင့်သုံးကြကုန်သော လူ၊ ရှင်၊ ရသေ့၊ ရဟန်းဟူသမျှတို့သည်လည်း မည်သို့သော အရပ်၌ နေ၍ မည်သို့သော ကိုယ်အသွင်ဖြင့် မည်သည့်စုရတရားကို တာဝန်ယူကျင့်ဆောင်နေသူပင် ဖြစ်စေ **နောက်ဆုံးမျှော်မှန်းချက်ကား ဆင်းရဲမှလွတ်၍ နိဗ္ဗာန်ရောက်ကြောင်းတစ်ခုသာဖြစ်ကြကုန်၏၊ထိုသို့ကျင့်သည့်အတိုင်းလည်း**

အဆုံးစွန်သော ဘဝတွင် အာသဝေါကင်းကွာ၍ ဒုက္ခမီးငြိမ်းရာ ဝိမုတ္တိရသခေါ်သော နိဗ္ဗာန်ချမ်းသာသို့ မျက်မှောက်ပြုရမည့်ပုဂ္ဂိုလ်ချည်း ဖြစ်ကြလေသည်။

အနည်းငယ် ကွာခြားသည်ကား ကွေ့ကောက်၍ စီးဆင်းရသော မြစ်ချောင်းသည် သမုဒ္ဒရာသို့ အရောက်နောက်ကျသကဲ့သို့ လမ်းရှည်လိုက်သောအကျင့်၌ နှစ်သက်သူမှာ ဘဝသံသရာရှည်ကြာပြီးမှ နိဗ္ဗာန်ရောက်ရမည် ဖြစ်လေသည်။

## ၆။ ကိုယ့်ကိုယ်ကို ဖန်သင်းကြသူတွေ

အတ္တနာ-ကုရုတေ လက္ခိံ၊
အလက္ခိံ ကုရုတေအတ္တနာ၊
နဟိလက္ခိံ အလက္ခိံ ဝါ၊
အညော အညဿ-ကာရကော။ ။

လက္ခိံ ဝါ၊ လောကတစ်ခွင် မြေအပြင်၌ ဂုဏ်အင် ကျက်သရေ တင့်ရှန်းဝေခြင်းကို။ အတ္တနာ၊ ကိုယ်တိုင်။ ကုရုတေ၊ ပြု၏။ အလက္ခိံ ဝါ၊ လောကဘုံပြင် လူ့ရပ်ခွင်၌ ဂုဏ်အင်မရှိမှုံ့ငြိစကား သူတစ်ပါးတို့ ထိပါးသိမ်ဖျင်း ကဲ့ရဲ့ခံရခြင်းကို။ အတ္တနာ၊ ကိုယ်တိုင်။ ကုရုတေ၊ ပြု၏။ ပရော၊ တစ်ပါးသောသူသည်။ နကာရကော၊ ပြုလုပ်သည်မဟုတ်ချေ။ လက္ခိံ ဝါ၊ သီလ၊ ပညာ ဂုဏ်ရှိန်ဝါနှင့် သိက္ခာ သမာဓိ ပြောင်မြောက်ရှိကြောင့် နှံ့သိကျော်ကြား လူ့ပြည်၌ ထင်ရှားခြင်းကိုလည်း

ကောင်း။ အလက္ခဏေ ဝါ၊ ဂုဏ်မဲ့၊ သိန်မဲ့၊ ရှိန်စော်မဲ့ကြောင့် လူထဲမလျှော် ပြည်ပေါ်မသိ အသရေ မရှိခြင်းကို လည်းကောင်း။ အညော၊ တစ်ပါးသောသူသည်။ အညဿ၊ တစ်ပါးသောသူအား။ နကာရကော၊ ပြုလုပ်ပေးသည် မဟုတ်ချေတကား။

လူတို့နေရာ ဘုံပြည်ကား ကြိုက်သလို နေနိုင်၏၊ ထင်ရာ ပေါက်နိုင်၏၊ လိုရာရောက်နိုင်၏ဟူသောစကားသည် အမှန်ဆုံး ဖြစ်လေသည်၊ လူ့ဘဝကား ဘဝတကာတို့၏ပဓာနပင်ကြီး ဖြစ်လေရာ လူ့ပြည်မှနေ၍ နတ်ပြည်သို့လည်းကောင်း၊ ဗြဟ္မာ့ ပြည်သို့လည်းကောင်း ရောက်အောင်သွားနိုင်၏၊ လူ့ချမ်းသာကို လည်းကောင်း၊ နတ်ချမ်းသာကိုလည်းကောင်း၊ ဗြဟ္မာချမ်းသာ ကိုလည်းကောင်း ရအောင် ယူနိုင် ခြင်း အစွမ်းသတ္တိ ရှိ၏၊ ထို့ကြောင့် ဘဝတကာသို့သွား၍ ခရီးဆုံလမ်းမကြီးဟူ၍လည်း ခေါ်ရလေသည်။

ထိုကဲ့သို့ ဘဝခြား၊ ခန္ဓာခြားပြီး နောက်မှပင် လိုရာ ချမ်းသာ ဘဝ အမျိုးမျိုးကို ရောက်နိုင်၊ ရနိုင်သော်လျှင် ဘဝမခြားသော ဤကိုယ်အဖြစ်၌ကား ပိုမို လွယ်ကူမည် မဟုတ်လော၊ သင်၏ ချမ်းသာမှုသည် သင့်စိတ်ကူးပေါ်မှာ တည်၍ သင်၏ အောင်မြင်မှုမှာ သင်၏ လမ်းစဉ်ကောင်းနှင့် ကြိုးစားချက် ပေါ်မှာသာ တည်လေသည်၊ မလျော့သောဝီရိယဖြင့် မနေ မနား ကြိုးစားပါ၊ ကောင်းကင် ပျံနိုင်သော ပုဂ္ဂိုလ်တို့သည် ချွန်ရအောင် ကြိုးစားကြသောကြောင့် မဟုတ်လော။

လောကဌ် ဂုဏ်ရှိအောင်လုပ်ခြင်း၊ ဂုဏ်မရှိအောင် လုပ်ခြင်းသည် ဘာမှ ခက်ခဲသောအရာ မဟုတ်ချေ၊ လွယ်လွယ်ကလေးသာ ဖြစ်၏၊ မိမိ ဂုဏ်ကို မိမိသာ မြှင့်တင်နိုင်သည်၊ သူတစ်ပါးတို့ကား နောင်ကာလမှသာ တင်ပေးနိုင်ကြလေသည်။

အရှင်မဟာကဿပကြီးသည် ဓုတင် ဆောင်ရာ၌ လည်းကောင်း၊ ဈာန်ဝင်စားရာ၌လည်းကောင်းထင်ရှားကျော်ကြားတော်မူခဲ့၏၊ အရှင်ရာဟုလာသည် သိက္ခာပုဒ်ကို လိုလားရာ၌ထင်ရှား၏၊ အရှင်ရေဝတ မထေရ်သည် ရှားတော တောကျောင်းနေခြင်း၌ မွေ့လျော်ပုံကို ပေါ်လွင်၏၊ အရှင်ဗာကုလမထေရ်သည် အနာကင်းခြင်း၌ လူသိများ၏၊ အနာထပိဏ်သေဌေးကြီးသည် ဇေတဝန်ကျောင်း ကျောင်းတကာကြီးအဖြစ် ကျော်ကြား၏၊ ဗိသာခါသည် ရတနာသုံးပါးကြည်ညို၍ လုပ်ကျွေးရာ သဒ္ဓါတရားကောင်းရာတို့၌ဥဒါန်းတွင်ရစ်၏၊ ဤသို့ ထင်ရှား ကျော်ကြားနေရစ်အောင် သတင်းကောင်းရခြင်းကား သူတို့၏ စေတနာနှင့် အလုပ်အတိုင်း ဖြစ်ကြလေသည်။

ထို့အတူ မြန်မာ ရာဇဝင်၌လည်း သာသနာကြည်ညိုရာ၌ မင်းတုန်းမင်းတရားကြီး ရှမ်းပြည် မြောက်ပိုင်းနယ် သာသနာစဘင်ပြုခဲ့ရာ၌ ဆင်ဖြူမျှားရှင် မင်းတရားကြီးတို့ စသည်ဖြင့် သာသနာဝင်၌ ကျော်ကြားလျက် ရှိသော ပုဂ္ဂိုလ်တို့လည်း များစွာရှိလေသည်၊ ကာယုစိခဝကနေ၍ ခြိုးခြံစွာ ကျင့်ဆောင်ရှိသည်မှာ တောင်ဖီလာဆရာတော်၊ ကျမ်းဂန်ကြည့် မြဲစွဲသော

ဝါသနာရှိခြင်း၊ ကျွမ်းပြုစုခြင်း၊ ကတိသစ္စာ တည်မြဲခြင်း စသော ဂုဏ်ကိုဆောင်ရာ၌ ဆရာတော် ဦးဗုဓ်၊ ပညာအရာ နှယ်စုံ ပေါက် ကျော်ကြားရာ၌ မတစ်လုံးကျော ခင်ကြီးပျော် ဆရာတော်၊ သံယောဇဉ်ကို ရှင်းရှင်း ဖြတ်လေ့ ရှိခြင်း၊ မဆုတ်သော ဝီရိယကောင်းခြင်း ထင်ရှားရာ၌ ဆူးချုပြစ် ဆရာတော် စသည် တို့သည် သူတို့၏ ကောင်းမြတ်သော ဂုဏ်ကျေးဇူးသတင်းတို့ဘည်း၊ ထိုအရာတို့ကား သူတို့ကိုယ်တိုင် က ပြုလုပ်သွားကြခြင်း ဖြစ်ပေသည်။

## ၇။ ဘယ်ပါရမီရှင် ဖြစ်မည်နည်း

သာသနာတော်၌ မွေ့လျော်သော အရှင်မြတ်တို့သည် လူ့ပြည်တွင် အမြတ်တရားကို ရှာကြံ ကျင့်သုံးနေကြသော ပုဂ္ဂိုလ်မွန်များဖြစ်ကြကုန်၏၊ လူသူအများတို့၏ ရှိခိုး ဦးခိုက် ပူဇော်ထိုက်သော သူတော်ကောင်းများ စင်စစ်ဖြစ်ကြ၏။ သို့ရာတွင် အရှင်မြတ်၏ ယခုဖြည့်ကျင့်နေသည်ကား ဆယ်ပါး သော ပါရမီတို့တွင် ဘယ်ပါရမီကို အဦးထား၍ ဖြည့်ကျင့် နေသူ ဖြစ်ပါသနည်း။

အကယ်၍ အဖြေမပေးနိုင်သေးလျှင် မိမိစိတ်၌ ဘာကို အသန်ဆုံးဖြစ်သည်၊ ဘယ်အရာ လိုအင်ဆန္ဒ ကြီးမားသည်၊ မည်သည့်အရာ အစွမ်းကုန် ကြိုးစားနိုင်သည်၊ ယနေ့အထိ ကောင်းသော အရာ၌ ထူးထူးခြားခြားအောင်မြင်ပြီး ဘာများ

ရှိနေသည်တို့ကို စဉ်းစားကြည့်ပါ၊ လျှောင်းရင်း’ ထိုင်ရင်း၊ ရပ်ရင်း သွားရင်းကာလတို့၌ အချိန်မလပ် တွေးတောပါ၊ ငါဟာ ယခု ဘာပါရမီ ဖြည့်နေသူပါလိမ့်၊ ဘာများ ဆောင်ရွက်ပြီးခဲ့ပါလိမ့်၊ ရှေ့စခန်း၌ ဘယ်လို ကြိုးစား၍ ဘယ်အထိခရီးရောက်အောင်ပါရမီဖြည့်နိုင်မှာပါလိမ့်စသည်ကို မိမိကိုယ်ကိုမေး၍ စိစစ်ပါ၊ မေးဖန်များသော် အဖြေ ထွက်လာပါလိမ့်မည်၊ စင်စစ်ကား အရှင်၏အတွက် အဖြေသည် အလွယ်ကလေးသာ ဖြစ်၏။

ကြောင်ကလေးများသည် အပေါက်တစ်ခုကို ဝင်လိုသော အခါ ငါ့ကိုယ်တန်လော၊ မတန်လောဟူ၍ ရှေးဦးစွာ နှုတ်ခမ်းမွေးဖြင့် လျှာထားကြည့်သေး၏၊ ပြီးမှ ဝင်နိုင်လျှင် မြန်စွာ ဝင်သွားတတ်၍ မဝင်နိုင်လျှင် အခြားတစ်နေရာသို့ လမ်းရှာသွားတတ်လေသည်၊ သူတော်ကောင်း ဖြစ်ကြသော ရသေ့ ရဟန်းတို့လည်း ငါသည် ဘယ်ပါရမီကို ဖြည့်နိုင်မည် မဖြည့်နိုင်မည်ကို စွာဦး စိတ်အလိုနှင့် လျှာထားကြည့်ရာ၏၊ ပြီးမှ လျှာထားချက်အတိုင်း လွယ်မည့်ထင်ရာကို လျှင်လျှင်ဖြည့်စွမ်း ပေးရမည်။

စင်စစ်မှာ ပါရမီဖြည့်ဖို့ အလုပ်သည် ခက်ခဲသော ကိစ္စ မဟုတ်ပါ၊ အထုံပါအောင်ပြုပြင်ပေးဖို့သာ ဖြစ်သည်၊ လူတို့ သည် အထုံဝါသနာတစ်မျိုးစီရှိကြ၏၊ အထုံဟူသည် ဝါသနာ ပင် ဖြစ်သည်၊ သို့ရာတွင် အချို့လူမှာ ဝါသနာကောင်းပါ၍

ကောင်း၏၊ အချို့မှာမူ ဝါသနာကောင်းမရှိ၍ မကောင်းတဲ့ ဖြစ်နေတတ်လေသည်။

မကောင်းသော ဝါသနာကို တစ်စတစ်စ ဖျောက်ပေးရမည်၊ ကောင်းသောဝါသနာကို တစ်စတစ်စ ဖြစ်အောင် လုပ်ပေးရမည်၊ ဤသည်လျှင် ပါရမီဖြည့်ခြင်း မည်လေသည်။ ဥပမာ— ရဟန်းတို့မှာ ဆွမ်းခံခြင်းအကျင့်၊ သေနာသန ဝတ်ပြုခြင်း အကျင့်၊ ကိုယ်စိတ် သမာဓိရှိစေခြင်း အကျင့်၊ စာပေ သင်ယူခြင်း ပညာပါရမီ၊ လူသူပရိသတ်တို့နှင့် ခွဲခွာနေလို့ ပြုခြင်း နိက္ခမပါရမီ စသည်ကို ပထမ ရက်ပိုင်းနှင့်ဖြစ်စေ စကျင့်ပါ၊ နောင်စိတ်နိုင်လာသောအခါ လပိုင်း၊ နှစ်ပိုင်းသို့ တိုး၍ သွားနိုင်လေသည်။

လူဥပသကာတို့မှာ ဒါနကို မိမိတတ်နိုင်ရာကစ၍ပြုရမည်၊ ဥပုသ်စောင့်ပျင်းသူမှာ တစ်ရက်စ နှစ်ရက်စ စမ်း၍ကျင့်ရမည်၊ တရားနာခြင်း၊ သူတစ်ပါးဖတ်သော စာပေကို နားထောင်ခြင်း၊ သူတစ်ပါး အတွက် ချမ်းသာစေကြောင်း ဖြစ်သော လမ်းပြုပြင်ခြင်း၊ တံတားထိုးခြင်း၊ ရှုံ့ပိုက်ဖို့ခြင်း၊ ဇရပ်၊ တန်ဆောင်းပြင်ခြင်း၊ မရှိဆင်းရဲသူတို့အား ကူညီအားပေးခြင်း၊ ကြည့်ရှုစောင့်မခြင်း၊ ဆဲရေးတတ်သူ မြည်တွန်တတ်သူဖြစ်လျှင် မဆဲရေးဘဲ မမြည်တွန်ဘဲ ချုပ်တည်းနေခြင်း စသည်ကိုရက်ပိုင်းနှင့် စတင်ပြုရမည်၊ နောက်မှ လပိုင်း နှစ်ပိုင်းသို့တိုးကာ တစ်စတစ်စ ကြိုးစားသွားရပေမည်၊ ဤသို့ပြုလုပ်သွားလျှင် ပါရမီသည် မည်သူမဆို ဖြည့်နိုင်ကြလေသည်။

# ရဟန်းနှင့် မေတ္တာပါရမီ

ချမ်းသာမှုကို ရှေးရှုတော်မူကြသော ရသေ့ရဟန်းတို့သည် မေတ္တာပါရမီဖြည့်ရန် အလိုအပ်ဆုံးဖြစ်လေသည်၊ မိမိလည်း စိတ်ချမ်းသာ၍ ကိုယ်ကာယပါးတို့အားလည်း ချမ်းသာစေကြောင်း ဖြစ်၏၊ မေတ္တာပို့နည်းမှာ ပထမတွင် အိပ်ရာဝင် အိပ်ရာထ၌ သတ္တဝါအများ ချမ်းသာကြပါစေ ဟူ၍ နှုတ်မြွက်ဆိုခြင်းနှင့် တကွ မနောကံမြောက်အောင် သတ္တဝါအားလုံးတို့ အပေါ်၌ ရှေးရှုညွှတ်သောစိတ်ကို ထားရာ၏။


ထိုနောက် တိတ်ဆိတ်သော ညဥ့်အချိန်ကို ယူ၍ ဖြစ်စေ၊ နေ့အချိန်ကန့်သတ်၍ဖြစ်စေ၊ အရပ်တစ်ပါး ခရီး သွားလာရင်း၌ဖြစ်စေ မနောကံမြောက်အောင် ပို့သွန်းလိုသည့် ပုဂ္ဂိုလ် သတ္တဝါကို မှတ်၍ ပို့ရမည်၊ တစ်ခုသော အရပ်ကို ဖြစ်စေ၊ တစ်ဦးသော သတ္တဝါကိုဖြစ်စေ ရည်မှတ်၍လည်း ပို့နိုင်၏။

အချိန်ရလာသောအခါ အချိန်မရွေးစိတ်ညွှတ်ရုံနှင့်မေတ္တာ စိတ်သည် အလွယ် ဖြန့်နိုင်ပေလိမ့်မည်၊ ထိုအခါ သတ္တဝါ တစ်ဦးဦးကိုတွေ့မြင်ရတိုင်း ချမ်းသာပါစေ၊ ဘေးရန်ကင်းပါ စေ၊ စိုးရိမ်ကြောင့်ကြမှုကင်းပါစေ၊ ဆင်းရဲခြင်းကင်းပါစေ၊ ချမ်းသာစွာ မိမိကိုယ်ကို ဆောင်နိုင်ပါစေ ဟူ၍ မနောကံ မြောက်အောင် ရှေးရှုညွှတ်ရမည်၊ ဤသို့ပွားများဖန်များလေ လျှင် မေတ္တာပါရမီ၌ မကြာခင် ထုံလာလိမ့်မည်၊ ထုံလာသော အခါ ဝါသနာဖြစ်သွားတော့သည်။

ထိုနောက် ကာယကံ မေတ္တာဓာတ်သည့် ကိုယ်ဖြင့် ဆောင်ရွက်ကူညီပေးခြင်းကိုလည်း ပြုရာ၏၊ ယခင်ပြုနေကျ ဝစီကံ မေတ္တာနှင့် မနောကံမေတ္တာကိုလည်း စိတ်၌ စွဲထားရမည်၊ စိတ်ထဲ၌ တစ်ပါးသူတို့အား ကောင်းမွန် ချမ်းသာစေလိုခြင်း ဟူသမျှသည်မနောကံမေတ္တာပင်ဖြစ်၏၊နှုတ်အားဖြင့်ကောင်းရာ ကောင်းကြောင်း ညွှန်ကြားစောင်မ ပြောဆိုခြင်းသည် ဝစီကံ မေတ္တာဖြစ်၏၊ ယခုအခါ သာသနာပြုနေကြသော ကိုယ်တော် များသည် ထိုမေတ္တာသုံးပါးလုံး လက်ကိုင် ပြုကြရပေသည်၊ စင်စစ်မှာ တောင်တန်း နယ်ခြားသားတို့အား တကယ် ချမ်းသာစေလိုကြောင်း စေတနာကောင်း ရှိသောကြောင့်သာ ပြုလုပ်နိုင်ကြသည် ကျယ်ပြင့် ထူးသော ပါရမီ ဖြည့်နေခြင်း ဖြစ်၏။

မိမိတို့ဘာတ်နိုင်ရာက ပါရမီဖြည့်ရန်မှာ လွယ်ကူပေသည်၊ စေတီရင်ပြင်၊ ဗောဓိရင်ပြင်၊ ဇရပ်၊ တန်ဆောင်း၊ ကျောင်း တလင်းတို့၌ တံမြက်လှည်းခြင်း၊ သူတစ်ပါး ကုသိုလ်ပြုရာ ဝေယျာဝစ္စဆောင်ခြင်း၊ လမ်းဆုံလမ်းမ၌ ရေချမ်းစင် တည် ထားခြင်း၊ ဂုဏ်တော်ပွားခြင်း၊ ပုတီးစိပ်ခြင်း စသည်ဖြင့် ကောင်းသောဝါသနာ လေ့လာပေးခြင်းမျိုး ဖြစ်၏၊ အရှင်ဘုရား မြတ်အပေါင်း အိုသူတော်ကောင်းတို့ ယနေ့ကစ၍ မေတ္တာ ပါရမီသုံးမျိုးကို ကြိုးစားဖြည့်ကြကုန်အံ့။

*



# (၇) သတ္တမပိုင်း

(၇) ရဟန်းဟူသည် သမဏသုခဖြင့် ချမ်းသာစွာ နေလေ့ရှိသူ ဖြစ်၏။

ရဟန်း တို့သည် ဘေးကို ကြောက်သော သူတော်ကောင်းပုဂ္ဂိုလ်များ ဖြစ်သောကြောင့် တင်းတိမ်ရောင့်ရဲစွာနှင့် ချမ်းသာအောင် နေတော်မူ တတ်ကြလေသည်၊ ထိုချမ်းသာမျိုးကား ရသေ့ရဟန်း ပုဂ္ဂိုလ်တို့သာ ရနိုင်သောကြောင့် သမဏသုခ တရားဟူ၍ ဘုရားရှင်ဟောတော်မူ၏။

ဆဒ္ဒါ၍ ရဟန်းပြုကြသော ပုဂ္ဂိုလ်တို့သည် သမဏသုခ တရားဖြင့် ချမ်းသာအောင်နေတတ်ရပေမည်၊ မနေတတ်သော

ပုဂ္ဂိုလ်တို့မှာ ထိုမြတ်သော သမဏသုခကို မရနိုင်ဘဲ ရှိသေ
သည်။

## ၁။ သမဏသုခတရား ငါးပါး

ပဉ္စိမာနိ ဘိက္ခဝေ သမဏသုခါနိ။ ကတမာနိ ပဉ္စ။ ဣဓ
ဘိက္ခဝေ ဘိက္ခု သန္တုဋ္ဌော ဟောတိ ဣတရီတရေန စီဝရေန
သန္တုဋ္ဌော ဟောတိ ဣတရီတရေန ပိဏ္ဍပါတေန သန္တုဋ္ဌော
ဟောတိ ဣတရီတရေန သေနာသနေန သန္တုဋ္ဌော ဟောတိ
ဣတရီတရေန ဂိလာနပစ္စယ ဘေသဇ္ဇ ပရိက္ခာရေန အဘိရ
တော စ ဗြဟ္မစရိယံ စရတိ။ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ
သမဏသုခါနီတိ။

### ပဉ္စအင်္ဂုတ္တိုရ်ပါဠိတော်

ဘိက္ခဝေ၊ ရဟန်းတို့။ သမဏသုခါနိ၊ ရဟန်းတို့အား
ချမ်းသာကြောင်းဖြစ်သော တရားတို့သည်။ ဣမာနိ ပဉ္စ၊ ဤ
ငါးပါးတို့ပေတည်း။ ပဉ္စ၊ ငါးပါးတို့ဟူသည်။ ကတမာနိ၊
အဘယ်သည်တို့နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤငါ့ဘုရား
သာသနာတော်၌၊ ဘိက္ခု၊ သံသရာဘေးကို ရှုလေ့ရှိသော
ရဟန်းသည်၊ ဣတရီတရေန၊ ရရာမျှသော။ စီဝရေန၊ သင်္ကန်း
ဖြင့်။ သန္တုဋ္ဌော၊ ရောင့်ရဲလွယ်ကူသည်။ ဟောတိ၊ ဖြစ်၏။
ဣတရီတရေန၊ ရရာမျှသော။ ပိဏ္ဍပါတေန၊ ဆွမ်းဖြင့်။

သန္တုဋ္ဌော၊ ရောင့်ရဲလွယ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတရီတရေန၊ ရရသမျှသော။ သေနာသနေန၊ ကျောင်းသင်္ခမ်းအိပ်ရာနေရာ အသုံးအဆောင်ဖြင့်။ သန္တုဋ္ဌော၊ ရောင့်ရဲလွယ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတရီတရေန၊ ရရသမျှသော။ ဂိလာန ပစ္စယဘေသဇ္ဇ ပရိက္ခာရေန၊ သူနာ၏အထောက်အပံ့၊ အသက်၏ အရံအကာ၊ တန်ဆာ၊ အဆောက်အအုံ ဖြစ်သော ဆေးဖြင့်။ သန္တုဋ္ဌော၊ ရောင့်ရဲလွယ်သည်။ ဟောတိ၊ ဖြစ်၏။ အဘိရက္ကာဘ၊ ဘေးရန်ကင်းရာ ငါဘုရား သာသနာတော်၌ မွေ့လျော်သည်ဖြစ်၍လည်း။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရတိ၊ ကျင့်သုံးနေလေ့ရှိ၏။ ဘိက္ခဝေ၊ ချစ်သားရဟန်းများတို့၊ သဓဏသုခါနိ၊ ရဟန်းတို့အား ချမ်းသာကြောင်းဖြစ်သော သဓဏသုခတရားတို့သည်။ ဣမာနိပဥ္စ။ ဤငါးပါးတို့ပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားရှင်သည်။ ဝုတ္တော၊ ဟောတော်မူအပ်၏။

ဘေးရန်ထူသော ခရီးသို့သွားသော မင်းသားသည် ဘေးရောက်လျှင် ကာကွယ်ရန်၊ ရန်လာလျှင် ဖျောက်ဖျက်ရန်အတွက် သန်လျက်၊ ကာ၊ လေးမြားစသော လက်နက်ငါးပါးကို ဆောင်ယူ၍သွားရသကဲ့သို့ သာသနာ့မြေပြင် ခရီးသို့ သွားတော့မည်ဖြစ်သော ရသေ့ ရဟန်းတို့အားလည်း ဘေးဒုက္ခဟူသမျှ မကြုံတွေ့စေရန် သမဏသုခတရား တည်းဟူသော လက်နက်ငါးပါးကို ဘုရားရှင်က တပ်ဆင်ပေးတော်မူလေသည်။ ဤလက်နက်ငါးပါးဖြင့် မည်သို့ကြုံတွေ့ရသော ဘေးဒုက္ခကိုဖြစ်စေ တွန်းလှန် ကာကွယ် ဖျောက်ဖျက်နိုင်ကုန်၏။

## အဓိပ္ပာယ် ရှင်းပြချက်

"ချစ်သားရဟန်းတို့၊ ငါ့ဘုရားသာသနာတော်၌ သံသရာဘေးကိုရှုလေ့ရှိသော သူတော်ကောင်းသည် ချမ်းသာကြောင်း တရားငါးပါးရှိတယ်၊ ထိုတရားငါးပါးဖြင့် ချမ်းသာသော အဖြစ်ကို ရလိမ့်မယ်"ဟူ၍ ဘုရားရှင်က မိန့်တော်မူလေ၏၊ ထိုသမဏသုခ ငါးပါးကား....

(၁)ရသမျှသော ဆွမ်း၊ ခဲဖွယ်ဘောဇဉ်၊ သစ်သီးချိုချဉ်ဖြင့် ရောင့်ရဲလွယ်တတ်သော အကျင့်ရှိရမည် ဆိုသည်မှာ အစားအတွက် ဒုက္ခမများစေရန် ချမ်းသာအောင်နေချင်၍ ရဟန်းပြုခဲ့ပါလျက် အစားနောက်သို့ တကောက်ကောက်မလိုက်မှားမိကြစေနှင့်ဟူ၍ ချမ်းသာမှု မဟုတ်ကြောင်းကို ညွှန်ပြသော လက်နက်တစ်ပါးဖြစ်၏။

(၂) ရရသမျှသော အဝတ် သင်္ကန်းဖြင့် ရောင့်ရဲလွယ်တတ်သော အကျင့်ရှိရမည် ဆိုသည်မှာ ကိုယ်စိတ်ချမ်းသာရန်အတွက် ရဟန်းပြုခဲ့ပါလျက် အဝတ်တည်းဟူသောအကြောင်းကြောင့် ဒုက္ခမများစေရန် အဝတ် သင်္ကန်း နောက် သို့ တကောက်ကောက် မလိုက်မှားမိကြစေနှင့် ဟူ၍ ချမ်းသာမှု မဟုတ်ကြောင်းကို ညွှန်ပြသော လက်နက်တစ်ပါး ဖြစ်လေသည်။

(၃) ရရသမျှသော ကျောင်း၊ သင်္ခမ်းအသုံးအဆောင်ဖြင့် ရောင့်ရဲလွယ်တတ်သော အကျင့်ရှိရမည် ဆိုသည်မှာ ကျောင်း

အတွက် သေနာသန အသုံးအဆောင်အတွက်နှင့် ဒုက္ခမများစေရန် ကျောင်းသင်္ခမ်းအသုံးအဆောင်နောက်သို့ တကောက်ကောက် မလိုက်မှားမိကြစေနှင့် ဟူ၍ ချမ်းသာမှုမဟုတ်ကြောင်းကို ညွှန်ပြတော်မူသော လက်နက်တစ်ပါးဖြစ်၏၊

(၄) ရရှသမျှသော သူနာ၏အထောက်အပံ့ အသက်၏အရံအကာဖြစ်သောဆေးဖြင့် ရောင့်ရဲလွယ်သောအကျင့်ရှိရမည်ဆိုသည်မှာ ဆေးဝါး ခေတ်စားတည်းဟူသော အကြောင်းကြောင့် ဒုက္ခမများစေရန် ဆေးဝါး ခေတ်စား နောက်သို့ တကောက်ကောက် မလိုက်မှားမိကြစေနှင့် ဟူ၍ ချမ်းသာမှုမဟုတ်ကြောင်းကို ညွှန်ပြတော်မူသော လက်နက်ကောင်းတစ်ပါးဖြစ်၏၊

(၅) သာသနာတော်၌ ခမ္မ လျော်သည်ဖြစ်၍သည်း မြတ်သော အကျင့်ကိုကျင့်ကြသော အလေ့ရှိရမည် ဆိုသည်မှာစဝ်စစ်ငြိမ်းအေးချမ်းသာသော ဘာတုံပြည်သို့ ရောက်နေပါလျက် မိမိ၏လက်ရှိသုခကို သတိမေ့အား အာရုံတစ်ပါး စိတ်သွား၍ ဆင်းရဲမှုချုပ်ချယ်ခြင်းများသောလူအဖြစ်သို့လည်းဘမေ့မေ့ စိတ်မလောက်မှားစေရန် ယုတ်ညံ့သိမ်ဖျင်းသော အကျင့်စရိုက်ဝါသနာနောက်သို့ တကောက်ကောက် မလိုက်မှားမိကြစေနှင့် ဟူ၍ ချမ်းသာမှုမဟုတ်ကြောင်းကို ညွှန်ပြတော်မူသော လက်နက်တစ်ပါး ဖြစ်လေသည်၊

ချမ်းသာမှုကို လိုလားသော သူတော် သူမြတ်တို့သည် ဤတရားငါးပါးဖြင့် လက်ကိုင်ထားကာ ချမ်းသာအောင်နေသွားကြသောစည်းစိမ်ကားမြကြီးတူးသျှ ရေရသကဲ့သို့

ချမ်းသာမှုရလိုလျှင် မိမိခန္ဓာကိုယ်ကို ဆုံးမနေခြင်းဖြင့် ရနိုင်ပါလေသည်၊ အပြင်မှာရှာ၍ ချမ်းသာစစ် ရလိမ့်မည် မဟုတ်ပေရာ။

## (၂) နည်းယူဖွယ်ကောင်းသော ရသေ့ကြီးနှစ်ပါးဝတ္ထု

ရှေးအခါက သူတော်ကောင်းပုဂ္ဂိုလ်ကြီးတို့၏ ချမ်းသာအောင်နေနည်းများမှာ အလွန်နည်းယူဖွယ် ကောင်းပေရာ ကြောင့်ကြခြင်း၊ တောင့်တခြင်းကို လုံးဝ လွှတ်ကြခဲ့လျက် သမထ သုခ တရားနှင့် ချမ်းသာစွာ နေတော်မူကြ၏။ ထိုကြောင့် တစ်သခတ်တည်းသော စိတ္တသုခကို ပျော်ရွှင်ချမ်းမြေ့စွာရရှိခံစားရပြီးလျှင် အသက်ရှည်သမျှ ကာလပတ်လုံး ရဟန်းတရားကို ဆောက်တည် နေတတ် ကြလေ၏။ ကြောင့်ကြမှု၊ တောင့်တမှု၊ ဗဟိဒ္ဓ ဗာချွေပ်ပွေမှုဖြင့် အချိန်ကုန်မှားနေတတ်သော ပုဂ္ဂိုလ်တို့မှာ နောင်ဘဝ ပါမည်မဟုတ်သော ဗာဟိရအလုပ်တို့ကိုရှုံ့ခွာ၍ မိမိတို့၏ လိုရင်းအလုပ်၌မလစ်ဟင်းစေရန် အောက်ပါသာဓကဖြင့် သေချာလာ အားကျထိုက်ပေသည်။

ရှေးအခါ လူတို့အသက် သုံးသောင်းတန်းကာလ၌ ဂန္ဓာရတိုင်းကြီးကို အစိုးရတော်မူသော မင်းကြီး တစ်ပါး ရှိ၏။ ထိုမင်းကြီးသည်တိုင်းပြည်ကိုအစွဲပြု၍ ဂန္ဓာရမင်းကြီး ဟူသောအမည်တွင်လေသည်၊ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်တော်

မှုလျက် တိုင်းသူပြည်သား လူအများတို့နှင့် တကွ မှူးမတ် သေနာပတိတို့ကိုစုရုံး၍ အစဉ်သဖြင့် တရားဟောပြ ဆိုဆုံးမ နေလေ့ရှိလေသည်။ ထိုကြောင့် နန်းတွင်းရှိ မှူးမတ်တို့မှစ၍ တိုင်းသူပြည်သား လူအများတို့က ဘုရင် မင်းမြတ်ကြီးကို ချစ်ကြောက် ရိုသေကြကုန်၏။ မိဘ ကဲ့သို့ လည်း ကောင်း။ ဆရာကြီးကဲ့သို့လည်းကောင်း သဘောထားကာ လေးစား မြတ်နိုးကြကုန်၏။

အခါတစ်ပါး တစ်ခုသောလပြည့်နေ့၌ မင်းကြီးသည် ဥပုသ်စောင့်သုံးလျက် ညနေချမ်းအခါ မှူးမတ်တို့ အား တရားဟောပြမြဲ အတိုင်း ဟောပြနေစဉ် ပဝင်း နေသော လရောင်သည် "ပေုပ်" ဖမ်းသောကြောင့် ခဏချင်း အရောင် မှေးမှိန်ခြင်းသို့ရောက်လေ၏။ ထိုအခါ မင်းကြီးသည် "ပေုပ်" ဖမ်းခံရသောလကိုကြည့်၍များစွာထိတ်လန့်လျက် သံဝေဂကို ဖြစ်ပေါ်လာလေ၏။

ဖြူဖွေးသောအရောင်နှင့်ပြည့်စုံသော လမင်းသည် ပေုပ် ကြောင့် တောက်ပသောအရောင်ပျောက်ရသကဲ့သို့ အမြဲဆုံးမ သြဝါဒပေးလျက်ရှိသော ငါ၏ သူတော်ကောင်းတရားသည် လည်း မသူတော်တရားကြောင့် မှေးမှောင် ဆုတ်ယုတ်ရတော့ မည့် အကြောင်းလက္ခဏာဖြစ်ပေမည်၊ ငါ၏ ထီးနန်းစည်း စိမ်၊ ဂုဏ်သိန်ချမ်းသာဟူသမျှတို့လည်း ကေန်ဆုတ်ယုတ်တော့ မည့်အကြောင်း ငါ့အားသိစေရန် နိမိတ်ပြခြင်းဖြစ်ပေရာ၏ဟု ကြံ၍....

ငါသည် ဤထီးနန်းစည်းစိမ်၌ မမေ့မလျော့စွာ စပါးကြီး မြွေကဲ့သို့ စံ၍ ခြေရှုံမျှားစွာတို့အား တရားဟောနေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဒုက္ခများသော လူတို့ဘောင်မှ လွတ်ရာ ကျွတ်ရာ ဟိမဝန္တာသို့ ထွက်၍ ရသေ့ ရဟန်းပြုမှ တော်တော့မည်ဟု နှလုံးသွင်းပြီးလျှင် တရားနာ ပရိသတ်တို့ အား လူစုခွဲစေပြီး နေ့ညမဆိုင်းဘဲ တစ်ကိုယ်တည်း တောထွက်သွားလေ၏။ ဟိမဝန္တာသို့ရောက်လျှင် မိမိကိုယ်ကို လွတ်ခဲ့ပြီဟု အားရရွှင်ပျလျက် ထီးနန်းက မစွန့်မီ ငါက ဦးအောင်စွန့်ခဲ့ရပေပြီ။ ယခုအခါ ရသေ့ ရဟန်းပြုရန် အခွင့် ရခဲ့ပြီဟူ၍ ရသေ့ ရဟန်းပြုကာ တောတောင်၌ ရရသမျှသော တောသစ်သီးသစ်ဖုတို့ဖြင့် ချမ်းသာစွာနေလေ၏။

ဂန္ဓာရတိုင်းနှင့် ပြည်ချင်းစပ်နေသော ဝိဒေဟ ပြည်ကြီး ရှိလေရာ ထိုပြည်၌စိုးစံသော မင်းကြီးကို ဝိဒေဟမင်းကြီး ဟူ၍ အမည်တွင်လေ၏။

ထိုအခါ ပြည်နီးချင်းဖြစ်သော ဝိဒေဟမင်းကြီးသည် ဂန္ဓာရမင်းကြီး ထီးနန်းစွန့်၍ တောထွက် သွားပြီ ဟူသော သတင်းကို ကြားသိရသောအခါ များစွာ သတိသံဝေဂရကာ အားကျလျက် အတူလိုက်၍ တောထွက်ရန် ကြံစည်လေ၏။

ဩော် ငါ၏အဆွေမင်းတော် ဂန္ဓာရမင်းကြီးကား တော ထွက်၍ ရသေ့ ရဟန်းပြုသွားလေပြီ၊ သူကဲ့သို့သော တရားရှင် မင်းကြီးတစ်ပါးပင် တောထွက်နိုင်ပါသေးလျက် သင်္ချိုကား သတိမရသေးသလော့၊ ယ ခု အ ချိန် ကား ကာမဗွက်

ေနာင္အိမ္ထက္၌ နစ္ေနရန္မသင့္ေတာ့ေပရာ စိတ္ကသတိမေမ့ ေနေသာ္လည္း သင္၏ကိုယ္ခႏၶာကား ေနကဲ့သို႔ အစဥ္ဘစိုက္ ေ႐ႊ႕လ်ားသြားေနၿပီျဖစ္ရာ တစ္ေန႔ထက္တစ္ေန႔ ယိုယြင္း၍ေန ေလၿပီဟူ၍ဆင္ျခင္ၿပီးကာ အ၀န္းယူဇနာ သုံးရာက်ယ္ေသာ ေ၀ေဒဟျပည္ႀကီးကိုစြန္႔၍ ဂႏၶာရမင္းႀကီးသြားရာ ဟိမ၀ႏၲာ သို႔ပင္ တစ္ကိုယ္တည္း ေတာထြက္လ်က္ ရေသ့ ရဟန္းျပဳ သြားေလ၏။

ေ၀ေဒဟမင္း ရေသ့ႀကီးႏွင့္ ဂႏၶာရမင္း ရေသ့ႀကီးတို႔သည္ ေတာ၌ေတြ႕ဆုံၾက၍ အေၾကာင္းစုံ ေမးျမန္း ေျပာဆိုၾကၿပီးလွ်င္ မေကြမကြာလုံေသာ အရပ္၌ ေက်ာင္းသခၤမ္းကိုယ္စီႏွင့္ ခ်မ္း သာစြာ ေနၾကေလ၏၊ ေ႐ွးမင္းျဖစ္စဥ္က မက်ြမ္းၾကေသးေသာ္ လည္း တိုင္းနီးခ်င္း မင္းႏွစ္ပါးျဖစ္ၾကသည္ကို သိ႐ွိၾကၿပီးကာ အခ်င္းခ်င္း ခ်စ္ခင္႐ွိေသာစြာ ေ၀ေဒဟ ရေသ့က ဂႏၶာရရေသ့ ႀကီးကိုဆရာျပဳ၍ ေတာသစ္သီးျဖင့္ မွ်ကာ ေပ်ာ္ရႊင္စြာ ေနၾက ကုန္၏။

ဟိမ၀ႏၲာအနီး၌ အခ်ိန္ ၾကာလတ္ေသာ္ က်ြန္းမာေရး အတြက္ ခ်ဥ္ဆားမွီဝဲရန္အလို႔ငွာ ဟိမဝႏၲာမွ ထြက္ခဲ့၍ ရေသ့ႀကီးႏွစ္ပါး အတူတကြ လူတို႔ေနရာ ၿမိဳ႕႐ြာဇနပုဒ္သို႔ ခ်ဥ္းကပ္ၾကေလ၏။

ထိုအခ်ိန္၌ သာသနာပကာလျဖစ္ေသာေၾကာင့္ ၿမိဳ႕႐ြာတို႔၌ ရဟန္းသံဃာ ဖူးျမင္ရျခင္းနည္းပါ၏။ ရံဖန္ရံခါ ေတာေတာင္မွ ႂကြလာတတ္ေသာ ေတာရ ရေသ့ကိုလည္းေကာင္း၊ ပေစၥက

ဗုဒ္ဓါကိုလည်းကောင်း ဖူးမြော်ကြရကုန်၏။ အဆိုပါရသေ့ကြီး နှစ်ပါး ကြွလာသည်ကို မြင်ရသောအခါ လူသူတို့လည်း အထူး သဒ္ဓါကြည်ညိုကြပြီးလျှင် အရှင်မြတ်တို့ အလိုရှိရာကို မေးမြန်း ဆက်ကပ် လှူဒါန်းကြမြဲဖြစ်လေသည်။ တော၌ အနေကြာကြ သော ရသေ့ ရဟန်းတို့လည်း လူ့ရွာချဉ်းကပ်မိသောအခါမှ လူတို့စားမြဲ ဘောဇဉ် ချိုချဉ် ရသာတို့ကို သုံးဆောင်ကြရ ကုန်၏။

ရွာနိဂုံးတစ်ခု၌ ခေတ္တနေကြစဉ် တစ်နေ့တွင် ဒကာ ဒကာမတို့လှူသော ဘောဇဉ်၌ ဆားများစွာ ပါခဲ့သည်နှင့် စားမကုန်၍ ကျန်သောဆားကို ဝေဒေဟ ရသေ့ကြီးက အလဟဿမဖြစ်ပါစေလင့်ဟု ဖက်ကလေးနှင့် ထုပ်ကာ တဲမိုး ညှပ်၍ သိမ်းဆည်းထားမိလေ၏။ နောက်နေ့တွင် ပို့လှူကြ သော ဆွမ်းတို့၌ ဆားပပါခဲ့ဖြစ်နေ၍ အဆင်သင့်ပင် ယခင် နေ့က ချန်ထားသော ဆားကလေးကို တဲမိုးမှယူကာ ဝေဒေဟ ရသေ့ကြီးက နှစ်ဖို့ခွဲ၍ ဂန္ဓာရ ရသေ့ကြီးအား ဝေငှပေး လေ၏၊ ဂန္ဓာရ ရသေ့ကြီးသည် ထိုအခြင်းအရာကို မြင်ရလေ လျှင် ဝေဒေဟ ရသေ့၏ မရောင့်ရဲတတ်သော အလေ့ကို မနှစ်သက်သဖြင့် ဤသို့ ဆုံးမစကား ပြောလေ၏၊

'ငါ့ရှင် ဝေဒေဟ၊ ယခုနေ့လှူသော စားဖွယ်တို့တွင် ဆား ပါသည် မထင်မိဘဲလျက် ဤဆားတို့ကား အဘယ်မှ ရောက် လာခဲ့သနည်း'

'အရှင်ဘုရား၊ တပည့်တော် မနေ့က ပိုကျန်ခဲ့သော ကြောင့် တဲမိုး၌ သိမ်းထားသောဆား ဖြစ်ပါသည်ဘုရား'

'ငါ့ရှင် ဝေဒေဟ၊ သင်သည် ယူဇနာအဝန်း သုံးရာကျယ်သော တိုင်းပြည်ကြီးကို စွန့်လွှတ်၍ တောထွက် ရသေ့ရဟန်းပြုနိုင်ပါလျက်နှင့် ဘာမျှ အဖိုးမတန်သော ဆားကလေးကြောင့်ကြမူ၍ သိမ်းဆည်းရသလော'ဟူ၍ ဆုံးမလေ၏။

ထိုအခါ ဝေဒေဟ ရသေ့ကြီးလည်း မှတ်လောက်သောသင်ခန်းစာကို ငါ့အဖို့ကား ရပေပြီ၊ သူ့ကိုလည်း သတိတစ်ခုပေးလိုပြန်၍....

'မှန်ပါသည်၊ အရှင်ဘုရားသည်လည်း သူတစ်ပါးတို့အား မဆုံးမလိုတော့ပါဟူ၍ ဂန္ဓာရတိုင်းကြီးကိုစွန့်၍ ထွက်လာခဲ့ပြီး ဖြစ်ပါလျက် အကျွန်ုပ်အား ဆုံးမတော်မူလိုပါသလော'ဟူ၍ ပြန်ကြားလျှောက်လေ၏။

ထိုအခါ [illegible]ခြင်း ဟုတ်ပေ၏ဟု အချင်းချင်း သတိကိုဖြစ်စေကြပြီးလျှင် နေမြဲတိုင်းသော ဟိမဝန္တာ၌ပင် သံယောဇဉ်ကင်းမဲ့စွာ ရရသမျှသော သစ်သီး သစ်ဥတို့ဖြင့် ရောင့်ရဲခြိုးခြံလျက် ဆိတ်ငြိမ်အေးချမ်းသော စိတ်ကိုထား၍ အသက်ရှည်သမျှ ကာလပတ်လုံး နေကြလေကုန်၏။

စိတ်ချမ်းသာမှုကို ရှေးရှုသော သူတော်ကောင်းတို့ မည်သည် စားသောက်မှု နေထိုင်မှု၌ ကြောင့်ကြ မကြီးကြ၊ သစ်ရွက်မိုး ကျောင်း၌ ချမ်းသာစွာနေ၍ ဆားမပါလည်းစား၊ ပါလည်းစား၊ ပူပူရလည်းစား၊ အေးအေးရလည်း စားလျက်ချမ်းမြေ့စေကြ၏၊ ဝမ်းအတွက်ဖြင့် ဒုက္ခရှာခြင်းကို မလိုလားကြချေ၊ ဂန္ဓာရ ရသေ့ကြီးနှင့် ဝေဒေဟရသေ့ကြီးတို့၏ စကားသည် မှတ်သားလိုက်နာဖွယ်ရာ ဖြစ်ပေသည်း။

## ၃။ ရောင့်ရဲလွယ်ခြင်းရှိ၍ မြတ်စွာဘုရား ချီးမွမ်းခံရသော နိဂမဝါသီ တိဿမထေရ်ဝတ္ထု

သူဘော်ကောင်းတို့ အကျင့်၌ ရသမျှနှင့် ရောင့်ရဲတတ်သော အကျင့်သည် ချမ်းသာဆုံး ပေတည်း၊ ထို့ကြောင့် မြတ်စွာဘုရားရှင် ချီးမွမ်းတော်မူ၏၊ စိတ်ချမ်းသာမှုကို ရှာကြံသော သူတို့အဖို့ ပစ္စည်းများခြင်းသည် ချမ်းသာကြောင်း မဟုတ်၊ အဆောက်အအုံကြီးကျယ် များပြားခြင်းသည် ချမ်းသာကြောင်းမဟုတ်ပေ၊ အောက်ပါ မထေရ်မြတ်တစ်ပါး၏ အကြောင်းကို တစ်မျိုးမှတ်ဖွယ် တစ်ရပ်အနေနှင့် လေ့လာကြည့်ပါ။

မြတ်စွာဘုရားရှင် လက်ထက်တော်အခါက သာဝတ္ထိပြည်၏ မနီးမဝေးသော နိဂုံးရွာ၌ မွေးဖွား၍ ကြီးပွားခြင်းသို့ ရောက်သော အမျိုးသားတစ်ယောက်သည် ဘုရားရှင် သာသနာတော်ကို ကြည်ညိုသဖြင့် သံဃာတို့ဘောင် ဝင်ကာ ရဟန်းပြုလေ၏၊ ရဟန်းပြုပြီးသောအခါ ရွာနိဂုံး၌သာ နေ လေ့ရှိသောကြောင့် နိဂမဝါသီတိဿမထေရ် ဟူ၍ အမည် တွင်လေသည်။

ထိုအရှင် တိဿမထေရ်၏ချီးမွမ်းဖွယ်ကား အလိုနည်း၏၊ ရောင့်ရဲလွယ်၏၊ ဆိတ်ငြိမ်ရာ၌ မွေ့လျော်တတ်၏၊ အားထုတ် အပ်သော လုံ့လဝီရိယရှိ၏၊ ထို့ကြောင့် ထိုမြတ်သော ဂုဏ် ကျေးဇူးသတင်းတို့ဖြင့် အထူးထင်ရှား ကျော်စောလေ၏။

အရှင်တိဿမထေရ်၏ အလေ့တစ်ခုကား မြို့ကြီးများ၌ မနေဘဲ မိဘဆွေမျိုးရှိရာ နိဂုံးရွာ၌သာလျှင် ဆွမ်းအလို့ငှာ အမြဲမပြတ် လှည့်လည်လေ့ရှိ၏၊ အနာထပိဏ် သေဋ္ဌေးကြီး စသည်တို့က အလှူကြီးပေးသော် လည်းကောင်း၊ ပသေနဒီ ကောသလမင်းကြီးက မဟာအသဒိသ အလှူကြီးပေးသော် လည်းကောင်း သာဝတ္ထိပြည်သို့ ကြွလာတော်မမူဘဲ တောရွာ၌သာ ရသမျှဆွမ်းကိုခံ၍ စိတ်ချမ်းသာအောင် နေမြဲနေလေ၏။

အချို့သော ရဟန်းတို့က ဤနိဂမဝါသီ တိဿမထေရ်သည် ထကြွလုံ့လဖြင့် လွန်စွာသော ဥဿာဟကို ဖြစ်စေ၍ အဆွေအမျိုးတို့နှင့် ရောနှော ဆက်ဆံလျက် မနေ၏၊ ကျောင်းဒါယကာသေဋ္ဌေးကြီး၊ မင်းကြီးတို့က ကြီးစွာသော အလှူကြီး ပေးလှူသည်ကိုပင် ကြွလာတော်မမူဘဲကား ဟူသောစကားကို ဖြစ်စေလျက် မြတ်စွာဘုရားရှင်အား လျှောက်ကြားကြကုန်၏။

ထိုအခါ ဘုရားရှင်လည်း ထိုတောရွာပျော် ရဟန်းကို ခေါ်စေတော်မူ၍ ကဲ့ရဲ့လိုသောရဟန်းနှင့်တကွ များစွာသော ရဟန်းတို့ကို သိစေလိုသောကြောင့် ဤသို့ မေးတော်မူ၏။

'တိဿရဟန်း သင်သည် ဤသို့ ပြုဘိသော ဟူသည် မှန်သလော'

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား တပည့်တော်အား ဆွေမျိုးမွေးဖော်တို့နှင့် ရောနှောဆက်ဆံခြင်းဟူသည် မရှိရပါဘုရား၊ ဤဆွေမျိုးဖြစ်သော လူ၊ ဒါယကာတို့ကို မှီ၍ မျှတရုံလောက်သော အစာအာဟာရကို ရပါ၏၊ ကြမ်းတမ်းသည်မူလည်းဖြစ်စေ၊ မွန်မြတ်သည်မူလည်း ဖြစ်စေ၊ မျှတလောက်

သောဆွမ်းကို ရသည်ရှိသော် တစ်ဖန်ဆွမ်းအာဟာရကိုရှာမှီး ခြင်းဖြင့် အဘယ်မှုအံ့နည်းဟူ၍ မသွားဘဲသာ နေပါသည်၊ ဆွေမျိုးတို့နှင့်ကား ရောနှောဆက်ဆံခြင်းမည်သည် မရှိရိုးမှန် ပါသည် ဘုရား’ ဟူ၍ ဟုတ်တိုင်းမှန်ရာ လျှောက်ကြားလေ၏။

မြတ်စွာဘုရားသည် မဆွကပင် တိဿမထေရ်၏ ပင်ကို သဘောကို သိတော်မူပြီး ဖြစ်သည့် အတိုင်း ထိုရဟန်း၏ လျှောက်ချက်ကိုကြားလျှင်....

‘ချစ်သားရဟန်း ကောင်းစွ ကောင်းစွ’ဟူ၍ ကောင်းချီး ပေးတော်မူလေ၏၊ ထိုနောက် ဆက်လက်၍....

‘ချစ်သားရဟန်း၊ ငါဘုရား ကဲ့သို့သော ဆရာကို ရ၍ အလိုနည်းသဖြင့် ရောင့်ရဲ လွယ်သော ရဟန်းဖြစ်သည်ကား အံ့ဖွယ်မရှိသေး၊ ဤကဲ့သို့ အလိုနည်းခြင်းသည် ငါဘုရား ၏ အနွယ် အစဉ်အဆက်တည်း’ ဟူ၍ မိန့်တော်မူလေ၏၊ ထိုရှေးသော ဘုရားရှင်၏ အနွယ်အလာကို ရဟန်းတို့တောင်း ပန်အပ်သည်ဖြစ်၍ အလောင်းတော် ကျေးမင်းဇာတ်ကို ဟော တော်မူ၏။

ရှေးလွန်လေပြီးသောအခါ ဘုရားလောင်းသည် ကျေးငှက် မျိုး၌ဖြစ်၍ ရေသဖန်းပင်၌ နေခဲ့ပုံ၊ အစာ၌ လောဘ်လည်ခြင်းမရှိ ရောင့်ရဲလွယ်စွာနေပုံ၊ အခြားသော အရပ်မျက်နှာတို့သို့ အစာ ရှာ မသွားမူ၍ ရေသဖန်းပင်၌သာလျှင် အသီးအရွက် ရရာ စား၍နေရာ သိကြားမင်း ဓမ်းသည်ကိုပင် တုန်လှုပ်ခြင်းမပြု ဂရုမမူသောကြောင့် နောက်ဆုံး ကျေးမင်း၏ အစာအတွက်

သိကြားမင်း မှ ရသော အဖြစ်သို့ ရောက်ခဲ့ပုံ အကြောင်းကို ဆောင်၍ ဟောကြားတော်မူလေ၏။

ဒေသနာတော်၏ အဆုံး၌ နိဂမဝါသီတိဿမထေရ်သည် အလိုနည်းသော ရောင့်ရဲမှုချမ်းသာထက် မြတ်သော သမဏသုခ အစစ်ဆုံး ဖြစ်သည့် ပဋိသမ္ဘိဒါ လေးပါးနှင့် ပြည့်စုံသော ရဟန္တာအဖြစ်သို့ ရောက်လေသတည်း။

အပ္ပမာဒရတော ဘိက္ခု၊
ပမာဒေ ဘယဒဿိ ဝါ။
အဘဗ္ဗော-ပရိဟာနာယ၊
နိဗ္ဗာနဿေဝ-သန္တိကေ။

အပ္ပမာဒရတော၊ မမေ့မလျော့ခြင်းဖြင့် အလွန်မွေ့လျော်ခြင်းရှိသော။ ပမာဒေ၊ မေ့လျော့ခြင်း၌။ ဘယဒဿိ ဝါ၊ ဘေးရန်ဟူ၍ရှုလေ့ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ပရိဟာနာယ၊ သမထ ဝိပဿနာကြောင့် ချမ်းသာကြောင်း မဂ်ဖိုလ်တို့မှ ဆုတ်ယုတ်ခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။ အညဒတ္ထု၊ စင်စစ် သော်ကား။ နိဗ္ဗာနဿ၊ ဒုက္ခငြိမ်းရာမှန်သော နိဗ္ဗာန်နှင့် သာလျှင်။ သန္တိကေ၊ နီးသည်သာလျှင်တည်း။

## ၄။ ချမ်းသာအောင်နေနည်း

ရသေ့ ရဟန်းတို့သည် ချမ်းသာအောင်သို့ နေတတ်သော ကြောင့် ချမ်းသာကြ၏။ များစွာသော လူတို့သည် ရဟန်း

အဖြစ်၌ ချမ်းသာကြောင်း သိသော်လည်း လူအဖြစ်ကို မစွန့် လွှတ်နိုင်ကြကုန်၊ အကြောင်းကား တွယ်တာမှု သံယောဇဉ် တို့ကြောင့် ဖြစ်သတည်း။

အချို့သောလူတို့၏ ဖြစ်နေပုံကို ကြည့်ရလျှင် တလုံးသဲလုံ သံပူမြေထဲ၌ ခံနေရသောသူတို့ကဲ့သို့ ပူမှုဘေးရန် ဥပါဒါန်နှင့် နှောင်ကြိုး အမျိုးမျိုးသော ရန်စွယ်အန္တရာယ် ပတ်ချာ ဝိုင်း လျက် မလှုပ်သာမရှားသာအောင် ခံနေကြရရှာ၏၊ ချမ်းသာ ပျော်မွေ့ဖွယ်ကို တစ်ကွက်မျှ ကြည့်၍မမြင်နိုင်ချေ။

ယင်းသို့သောသူတို့ကား ကာမဂုဏ်နယ်၌ ဝဋ်ဇာတ် ကြီး သောကြောင့်တည်း၊ ထိုသို့သော ဝဋ်ဇာတ်ကို နိကွဲ့ခေတ် ပင်စေ၍ ဖြတ်ရာ၏။ ရုပ်ဘရက်အားဖြင့် မဖြတ်နိုင်သေး သော်လည်း စိတ်အားဖြင့် ဖြတ်၍ ဖြတ်၍ စမ်းကြည့်ရမည်၊ ဥပမာ ငါနှယ်ခနော် ဆင်းရဲကြီးလိုက်လေ၊ ရသေ့ ရဟန်းတို့ ကဲ့သို့ လွတ်ရာလွတ်ကြောင်း ဘာကိုလည်း မထွက်နိုင်၊ တစ် ပါးသူတို့ကဲ့သို့လည်း ချမ်းသာအောင်နေရန် အခွင့်မရ၊ ရှေး ရှေးသော ဘဝတို့က ကုသိုလ်ပါရမီနည်းသူ ဖြစ်ခဲ့သည် ဟူ၍ လည်းကောင်း၊ အကယ်၍ မချမ်းသာကြောင်း စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခတစ်ခုခုခံနေရလျှင် ငါသည် သူတစ်ပါးတို့နှင့် တူသူ မဟုတ်၊ ရန်များသူတည်း ဟူ၍လည်းကောင်း၊ နှောင်ဖွဲ့ခြင်း များသူတည်း ဟူ၍လည်းကောင်း မိမိ၏ ဆင်းရဲခံနေရပုံကို

အမြင်မှန်နှင့်ကြည့်ရမည်၊ ဤသို့ကြည့်တတ်လျှင် သံဝေဂစိတ်ကိန်းအောင်းသူ ဖြစ်တော့သည်။

တိုသို့အန္တရာယ်ဒုက္ခကို မိမိ၌ရှိနေကြောင်းသိထားသူသည် တစ်နေ့သောအခါ ဆင်းရဲမှုပေးနေသည့် အန္တရာယ်နှောင်ကြိုးကို လွယ်စွာဖြုတ်ချနိုင်လိမ့်မည်။

အချို့သောလူတို့သည် မိမိကိုယ်ကို ရှေ့နောက် ဖေဖန်ချိန်စစ်၍ ဤဘဝတော့ဖြင့် သမ္ဘာသုခကို မယူနိုင်တော့ပေ၊ သို့ရာတွင် တတ်နိုင်သော နည်းတော့ဖြင့်ရှိ၏ဟု တစ်ပါးသော ပုဂ္ဂိုလ်တို့ သူတော်သူမြတ် ပြုလုပ်သွားကြသည်ကို အားကျကြည်ညိုနေ၏၊ ကုသိုလ်ဆက်ပါရန် သူတော်သူမြတ်တို့အား ပိတ်ဝင်စားကာ ဆွမ်းကိုသော် လည်းကောင်း၊ သင်္ကန်းကို သော်လည်းကောင်း၊ ကျောင်းကိုသော်လည်းကောင်း၊ ဆေးကို သော်လည်းကောင်း ပေးလှူ ထောက်ပံ့ကြလေသည်။

အချို့ကလည်း ရနိုင်ခဲ့သော လူ့ဘဝကို ရခိုက်အခါ ကြုံကြိုက်သော သူတော်သူမြတ် ဘဝကို ပါရမီ အထုံပါရန် အတွက် ခေတ္တဖြင့်လည်း သာသနာ့ဘောင်ဝင်၍ ရဟန်းပြုကာ စာရေးကျင့်စာတ်ကြ၏၊ အိမ်ထောင် မရှိခင်မှာ မိဘကို ခွင့်တောင်း၍ဖြစ်စေ၊ အိမ်ထောင် ရှိလျှင် သားမယားကို ခွင့်တောင်း၍ဖြစ်စေ ပြုရာ၏။

အချို့သော သူတို့လည်း သားမယား သေဆုံး၍ ဖြစ်စေ၊ အိမ်ထောင် ကွဲကွာ၍ ဖြစ်စေ၊ စီးပွားပျက်ခြင်း၊ ရာထူးဂုဏ် လျော့ခြင်းတို့ကြောင့်ဖြစ်စေ၊ ဇာတာလက္ခဏာကိန်းမကောင်း၍ဖြစ်စေ ခေတ္တ ရသေ့ ရဟန်းပြုတတ်ကြ၏၊ မည်သို့ကြောင့် ဖြစ်စေ သူတော်သူမြတ် ပြုခြင်းကား ကောင်းသောပါရမီ ဖြည့်သည်ပင် ဖြစ်ပေသည်၊ စင်စစ် ချီးမွမ်းအပ်၍ အားပေး တိုက်တွန်းသင့်လေသည်။

အကြောင်းမှာ များစွာသော လူတို့သည် သားမယား သေဆုံးကြ၊ ကွဲကွာကြ၊ စီးပွားပျက်စီးကြကုန်၏၊ သံဝေဂရ၍ ရသေ့ ရဟန်းပြုနိုင်သူကား နည်းပါးလှပေသောကြောင့်တည်း၊ ဒုက္ခတစ်ခုခုကြုံ၍ သူတော်သူမြတ်ဘောင် ဝင်ရောက် ခိုကိုးသူ တို့ကား ရှေးရှေးသောဘဝတို့က ပါရမီဓာတ်ခံမျိုးစေ့ပါသော ကြောင့်သာ စိတ်ဝင်စားခြင်းဖြစ်၏၊ ပါရမီခံ ဝေးသူတို့ကား ယင်းသို့ကောင်းမြတ်ရာ မကြံစည်မိဘဲ ယုတ်ညံ့သောအကြံကို သာ မိုက်မဲစွာ ကြံတတ်ကြကုန်၏။

အရေးကြီးသည်ကား သူတော်သူမြတ်ဘောင်၌ ဝင်ရောက် ပြီးလျှင် သူတော်ကောင်းတို့ ကျင့်စဉ်ကိုသာ အကျိုးများ အောင် ကြိုးစားကျင့်ရာ၏၊ အကယ်၍ သံဝေဂရ၍ ရသေ့ ရဟန်းပြုပြီးမှ သတိကင်းစွာနှင့် ချွတ်ချော်ခြင်းရှိခဲ့သော်လည်း ကောင်း၊ သာမန်သောလူတို့ကဲ့သို့ နေလိုသောစိတ် ဝင်စားနေ လျှင်သော်လည်းကောင်း မိမိစိတ်ကိုပြုပြင်၍နေရာ၏၊ သူတစ်

ပါးတို့၏ ပြုပြင်ပေးမှုကိုသော်လည်း ခံယူရာ၏၊ ကောင်းမွန်စွာ နေနိုင်ခြင်း မရှိခဲ့သော် အကျိုးမများသည့်ပြင် အကုသိုလ်ပင် ဝင်နေမည်ဖြစ်သောကြောင့် ထိုတို့၌ မခနအပ်တော့ချေ၊ လူ အဝတ်နှင့်သာ နေ၍ ရှာဖွေလုပ်ကိုင်စားရာ၏။

ပြုပြင်နည်းမှာမခက်ပေ၊ ပေါ့လျော့သောစိတ်ကိုထက်မြက် စေရမည်၊ လူကြည်ညို၊ ရှင်ကြည်ညိုအောင်နေရမည်၊ ရဟန်း သည် ရဟန်းပီပီနေခြင်းဖြင့် မိမိသူတစ်ပါး အကျိုးများသည် သာဖြစ်၍ မလျော့သော ဝီရိယကို ထားရာ၏။

စဉ်းစားဖွယ်မှာ ရသေ့ ရဟန်းပြုခြင်းကား မိမိ စိတ် အတိုင်းဖြစ်ခဲ့၏၊ ဘယ်သူကမှ မပြုမနေရဟူ၍ဆိုသောကြောင့် လည်း မဟုတ်၊ ကုသိုလ် ပါရမီရလို၍သာဖြစ်ရာ ကုသိုလ်ရဖို့ သာ အရေးကြီး၏၊ ထိုသို့မှ မိမိစိတ်ကို ထက်မြက်အောင် ပြုပြင်ဆင်၍ မရနိုင်တော့လျှင် ခေတ္တ ဖြစ်စေ လူ့ဘောင်ဆင်း နေခြင်းက မြတ်သေး၏၊ ဤသို့ စိတ်ကို ရှင်လန်းထက်မြက် အောင် ပြုပြင်နေနည်းတစ်မျိုး၊ လူ့ဘောင်ဆင်းနေခြင်း တစ် မျိုးဟူ၍ နှစ်မျိုးရှိရာတွင် တစ်မျိုးမျိုးဖြင့် ပြုပြင်ပေးကဖြစ်နိုင် လေသည်။

လူ့ဘဝကား ကိုယ်ကြိုက်သလို ဖန်တီးနေနိုင်၏၊ ရှက်နိုး ရန် မဟုတ်၊ မကောင်းမှု ဒုစရိုက်ပြုခြင်းသာ ရှက်ဖို့ဖြစ်သည်၊ ဆရာ၊ မိဘ၊ တပည့်၊ ခြွေရံ၊ ကျောင်းကန်စသောသံယောဇဉ်ကို

ငဲ့ထား ထောက်ညှာ နေခြင်းသည် ကောင်းကျိုး ချမ်းသာ မင်္ဂလာမဖြစ်စေသော အရာ၌ မလိုအပ်ချေ၊ ငဲ့ညှာခြင်း၊ ရှက်ကြောက်ခြင်း၊ အားနာခြင်းတို့ကြောင့် ဤဘ၀၊ နောင်ဘ၀ နှစ်ဖြာကောင်းကျိုး ပေးနိုင်မည့်အရာကိုသာ အဓိက ကြည့်ရာ၏၊ လိုရင်းကား ချမ်းသာလိုသော သူတော်ကောင်းသည် ချမ်းသာအောင် နေတတ်ရမည်သာတည်း။

## ၅။ သမဏသုခဖြင့် ချမ်းသာနေသော ဘဒ္ဒိယမထေရ် ဝတ္ထု

ရဟန်းဟူသည် ရှေးရှေးသော ဘ၀တို့က ပါရမီ အထုံရှိသောကြောင့် ကြုံကြိုက်ခဲ့သော ရဟန်းဘ၀ကို ရကြသည့်အခါမှာ သြော် အရတော်လေစွ၊ ချမ်းသာပေစွ ဟူ၍ ဝမ်းမြောက်အပ်ပေသည်။

အကြောင်းမှာ မရတွက်နိုင်သော ဘ၀တို့ကို ခြားမရှိ စပ်ခါဟပ်ခါ ရှေ့နောက်ဘ၀မှာ ဘ၀ဟောင်း ကုန်ဆုံးတိုင်း ဘ၀သစ်သို့ ပြောင်းဝင် နေကြရသော်လည်း လူ့ဘ၀ကိုကား ရခဲလှချေ၏၊ ရပြန်ပါသော်လည်း သမ္မာဝါဒီ အယူရှိသော မိဘဆွေမျိုးတို့နှင့် ကြုံခဲ၏၊ ကြုံပြန်သော်လည်း ဗုဒ္ဓသာသနာ ခေတ်အတွင်းနှင့် တိုက်ဆိုင်ခဲ၏၊ တိုက်ဆိုင် ပြန်ပါလည်း ဘေးပတ်ဝန်းကျင်တို့မှ ရစ်ပတ် ဆွဲဆောင်နေကြသော ကာမဂုဏ်အာရုံနယ်ထဲက ထွက်နိုင်ခဲ၏၊ ထိုကြောင့် များစွာသော

လူတို့သည် ထိုနယ်ထဲ၌ တဝဲလည်လည် ကျံနစ်နေကြကုန်သည် မဟုတ်ပါလော။

ပုထုဇဉ်မှန်သမျှ ဘဝတိုင်း ထုံနေကြသော ဓမ္မတာကိုသာ လွယ်ကာနှင့် စိတ်ပါဘတ်ကြမြဲတည်း၊ သို့ရာတွင် သင်တုန်း သွား၌ရှိသော ပျားရည်စက်ကို လျက်မောသော ယင်ငယ်ဥပမာ အနည်းငယ်သော အာသာကြောင့် များစွာသော ဒုက္ခ ခံရကြောင်းကို ကျမ်းဂန်၌ပြဆိုထားကုန်၏။

ထိုခေတ် မှန်းပြပေရာ မျက်မြင်သောကာကို ကြည့်ကြလျှင် နွားကျွဲနှင့် ဖက်ကာရုန်း၍ လူသုံးမပေါ်အောင် နေပူ မိုးရွာ မရှောင် လူ့ဘောင်ဒုက္ခကို သျှာထွက်အောင် ခံနေကြသူများကိုလည်းကောင်း၊ အရိပ်၌နေရသည် ဆိုစေကာ စိတ်မအား၊ ကိုယ်မအား လစား မင်းမှုထမ်းများကို လည်းကောင်း၊ ဟိုသည် ပြေးလွှားနေကြသော ဈေးသည် ကုန်သည်များကိုလည်း ကောင်း ချမ်းသာမှုမဟုတ်ကြောင်း မြင်နိုင်ကြပေမည်။

လူအဖြစ် ဘဝဆစ်၌ အိမ်ထောင် မယား၊ သား သမီး၊ မြေးမြစ် မျိုးဆက် အဆွယ်အပွားတို့ ပေါ်လာပြန်လျှင်လည်း အမျှင်တန်းတန်း တပန်းဟိုက်ဟိုက်နှင့်ပင် အမိုက်တိုက်ထဲ၌သာ တစ်ဘဝကုန်ဆုံး ကြရပြန်လေသည်၊ ထို့ကြောင့် ရဟန်းဘဝ ရခြင်း၊ ရောက်ခြင်းကား မိုးမှောင်တိုက် အတွင်းမှ ရံခါ လျှပ်စစ်ရောင် လက်သောခဏကဲ့သို့ တစ်ကြိမ်တစ်ခါ ရခဲ့

သော လူ့ဘဝတွင် ကြုံကြိုက် ခဲ့သောကြောင့်တည်း၊ ထိုသို့ ရခိုက်အခါ ဪ ငါကား အရဘော်လေစွ၊ ချမ်းသာပေစွ ဟူ၍ မကြာခဏ စဉ်းစား ဝမ်းမြောက်ကြရာ၏။

မြတ်စွာဘုရားရှင်သည် အနုပိယမြို့ သရက်ဥယျာဉ်၌ နေ တော်မူစဉ် သုခဝိဟာရ ချမ်းသာစွာ နေလေ့ရှိသော အရှင် ဘဒ္ဒိယမထေရ်ကို အကြောင်းပြု၍ ရဟန်းဘဝ၏ချမ်းသာပုံကို ဟောတော်မူခဲ့၏၊ ဘဒ္ဒိယမထေရ်၏ အကြောင်းကား ဤသို့ တည်း။

အရှင်ကိမိလထေရ်၊ အရှင်အနုရုဒ္ဓာထေရ်၊ အရှင်ဘဂ္ဂု ထေရ်၊ အရှင်ပါလိထေရ်၊ အရှင်အာနန္ဒာထေရ်၊ အရှင်ဒေဝ ဒတ်နှင့်အရှင်ဘဒ္ဒိယမထေရ်တို့သည် မင်းအဖြစ်မှချည်း ရဟန်း ပြုကြလေသောကြောင့် မင်းသားဖြစ်ကြ၏၊ ထိုမထေရ်တို့သည် တစ်နေ့သ၌ ဥပါလိလျှင် ခြောက်ယောက်မြောက်သော မင်းမှ ပြုသည့် ရဟန်းတို့၏ အစည်းအဝေး၌ ခုနစ်ယောက်မြောက် ဘဒ္ဒိယသည် ရဟန်းပြုလာပြန်၏။

ထိုခုနစ်ပါးသော မထေရ်တို့တွင် အရှင်အာနန္ဒာမထေရ် ကား သောတာပန်ဖြစ်၏၊ အရှင်ဒေဝဒတ်ကား လောကီဈာန် ရ၏၊ အရှင်အနုရုဒ္ဓာ၊ အရှင်ဘဂ္ဂု၊ အရှင်ဥပါလိ၊ အရှင် ကိမိလနှင့် အရှင်ဘဒ္ဒိယ ဟူသော မထေရ် ငါးပါးတို့သည် အရဟတ္တဖိုလ်သို့တိုင်ရောက်ကြကုန်၏၊ ထိုငါးပါးတွင် အရှင်

အနုရုဒ္ဓါမထေရ်ကား ထူးကဲစွာ ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရလေ၏။

အချင်ဘဒ္ဒိယမထေရ်သည် ရဟန်းမပြုမီ ရှေးကာလက မင်းစည်းစိမ်နှင့် နေစဉ်အခါ များစွာ ကြောက်ရွံ့ခြင်း ရှိရဖူး၏၊ တစ်နေရာသို့သွားလိုလျှင် ရှေးဦးစွာ အစောင့်ကိုထားစေပြီးမှ သွားရ၏၊ နေသောအခါ၌လည်း အစောင့်အရှောက်ကိုလုံခြုံစေရန် ဝန်းကျင် ပတ်ရံ၍ ထားပေးရ၏၊ ထိုရာတွင် ရဲမက်ဗိုလ်ပါ စောင့်ကြပ်သူများစွာတို့ကို အထပ်ထပ် ချထားပြီးမှ မြတ်သောပြာသာဒ်အပြင်၌နေ၍ မြတ်သောအိပ်ရာ၌ လျောင်းစက်ရသော်လည်း စိတ်လုံခြုံခြင်းမရှိခဲ့ချေ၊ ငါ့အား အမှတ်မထင် မသိနိုင်သော ရန်သူသည် လာ၍ ရန်မူခြင်းပြုလေဦးမည်လော ဟူ၍ ကြောက်လန့် တုန်လှုပ်ခြင်း ဖြစ်နေရသေး၏။

မင်းအဖြစ်မှ ထွက်၍ ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်သောအခါ၌ကား အစောင့်အရှောက်လည်း မထားရ၊ မိမိတစ်ပါးတည်းပင်လျှင် တောအရပ် စသည်တို့၌ နေသော်လည်း ကင်းသော ဘေးရန်ရှိ၏၊ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း လျောင်းခြင်း ဣရိယာပုတ် လေးပါးတို့၌ ချမ်းသာစွာ သွားလာခွင့်ရပေ၏၊ တစ်စုံတစ်ရာ ကြောက်ခြင်း၊ လန့်ခြင်းမရှိရ၊ မည်သို့သော ရန်သူသည် ရန်မူလိမ့်မည်ဟူ၍ တွေးတော ပူပန်စိတ် မသန့်ခြင်းလည်း မရှိတော့ချေ။ ဤသို့သော အဖြစ်တို့ကို မြင်ရသောအခါ (အဟောသုခံ-အဟောသုခံ) ဟြော် ချမ်းသာ

လေစု၊ ငြော် ချမ်းသာလေစွ ဟူသောစကားကို ဝမ်းမြောက်လှသောကြောင့် ရှင်လန်းအားရစွာ ဥဒါန်း ကျူးရင့်လေ၏။

အရှင်ဘဒ္ဒိယမထေရ် ကျူးရင့်လိုက်သော အသံကို ကြားကြ၍ အကြောင်းမှန်ကိုမသိရှာကြသော ပုထုဇဉ်ရဟန်းတို့က အရှင်ဘဒ္ဒိယ မထေရ်သည် ဖွင့်ဟ မပြော ကောင်းသော အရဟတ္တဖိုလ်ကိုကြားပါသည်ဟူ၍ မြတ်စွာဘုရားထံ လျှောက်ကြကုန်၏။

မြတ်စွာဘုရားရှင်သည် ရဟန်းတို့၏ လျှောက်ထားချက်ကို လက်ခံတော်မူပြီးလျှင် ချမ်းသာမှု လက်တွေ့ ခံစားနေရသော အဖြစ်ကို သိစေလိုရကား ဘဒ္ဒိယမထေရ်၏ ကျူးရင့်လိုက်သောစကားကို အကြောင်းပြု၍ ရဟန်း ချမ်းသာ တရားကို ဟောကြားတော်မူလေ၏၊ ထို့နောက် ဆက်လက်၍....

'ချစ်သားရဟန်းတို့ ဘဒ္ဒိယရဟန်းသည် ယခုအခါ၌သာလျှင် ချမ်းသာစွာ နေလေ့ရှိသည် မဟုတ်သေး၊ ရှေးသောအခါကာလ၌လဲ ချမ်းသာစွာနေလေ့ရှိခဲ့ဖူးသူပင်ဖြစ်ပေသည်' ဟူ၍ မိန့်တော်မူကာ ဆိတ်ဆိတ်နေတော်မူ၏။

အစဖော်ပြီးမှ ဆက်မပြောသောစကားကို အလွန်ကြားလိုကြသော လူတို့၏ သဘောအတိုင်း ထိုစဉ်က ရဟန်းတို့သည်း ဘယ်သောအခါ ဘယ်စဉ်ကာလ ဘယ်ဘဝ၌ ဘယ်သို့သော-

နည်းဖြင့် ချမ်းသာစွာ နေခဲ့ဖူးပါလိမ့်မည်နည်းဟူ၍တွေးတော ကြံဆကြကုန်၏၊ ရှေးအကြောင်းကို အလွန် ကြားနာလိုလှ သောကြောင့် ဘဒ္ဒိယမထေရ်၏ ချမ်းသာအောင် နေခဲ့သော ရှေးအကြောင်းကို ဟောတော်မူရန် တောင်းပန်ကြသော ကြောင့် မြတ်စွာဘုရားရှင်သည် ဘဝတစ်ပါးဖြင့် ဖုံးလွှမ်းအပ် သော ရှေးအကြောင်းကို ထုတ်ဆောင်တော်မူလေ၏။

## ဘဒ္ဒိယ၏ ချမ်းသာစွာနေလေ့အကျင့်

ရှေးလွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းကြီး မင်းပြု၍ နေစဉ် ဘုရားအလောင်းတော်သည် ဥဒိစ္စ ပုဏ္ဏားသူကြွယ်မျိုး၌ ဖြစ်လေ၏၊ အရွယ်သို့ ရောက်သောအခါ လူ့ဘဝ၌ ကာမဂုဏ်ချမ်းသာဟူသည် ကောင်းကျိုးပေးတတ် သည် မဟုတ်၊ ကျော့ကွင်းကိုမမြင် သားတစ်ကိုသာ ခုံမင်သော လင်းတကဲ့သို့ တိုးဝင်သည်နှင့် တစ်ပြိုင်နက် လည် ကြိုးတန်း လန်း မိချေတော့မည်၊ ကျော့ကွင်း၌မိသောငှက်သည် မုဆိုး၏ လက်တွင်း၌ မရှုမလှ ဒေဒနာခံ၍သာ သေရ၏၊ လူ့ဘဝ၌ ကာမဂုဏ်ကို မင်ခြင်းသည်လည်း ယင်းသို့မခြား - များသော အပြစ်ရှိချေ၏ဟူ၍ အပြစ်ကိုဆင်ခြင်မြင်မလေ၏။

ရဓသွ ရဟန်း အဖြစ်ကား ကင်းသော ဘေးရန်ရှိခြင်းကို လည်းကောင်း၊ သားတစ်မမက်သော လင်းတသည် ကျော့ ကွင်းမမိနိုင်သကဲ့သို့ ကာမရိပ်မြုံ လူ့ရွာဘုံမှ ရှောင်ထွက်ခြင်း

သည် စင်ကြယ်လွတ်လပ်၍ မြတ်သောချမ်းသာရှိခြင်းကိုလည်း ကောင်း မြင်၍ အခြားသော လူတို့ကဲ့သို့ အိမ်ထောင် သားမွေး မပြုတော့ဘဲ ဟိမဝန္တာသို့ထွက်ကာ ရသေ့ ရဟန်းပြုလေ၏၊ ကမ္မဋ္ဌာန်း၌ မယုတ်သောဝီရိယရှိသောကြောင့် မကြာမြင့်မီပင် ရှစ်ပါးသော သမာပတ်ကို ရလေ၏။

ထိုနောင်မှ ဘဒ္ဒိယမထေရ်အလောင်း စသော သူတို့သည် ဘုရားလောင်းကို အားကျပြီးလျှင် အစုလိုက်ကာ ဟိမဝန္တာ ထွက်၍ ရသေ့ရဟန်းပြုကြသူတို့သည် ငါးရာတိုင်တိုင် ရှိလေ၏၊ အလုံးစုံသော ရသေ့တို့သည် ဘုရားလောင်း ရသေ့ကြီးကို အမှီပြုကာ အဆုံးအမတည်၍ ချမ်းသာစွာ တရားကိုယ်စီ ကျင့်လျက် နေကြကုန်၏။

ထိုအလောင်း၌ နှစ်ကာလရှည်စွာ နေကြပြီးလျှင် တစ်ခုသော နွေဥတု၌ ဟိမဝန္တာမှ ထွက်ခဲ့၍ ရသေ့ ဆရာကြီးနှင့်တကွ ငါးရာကုန်သော ရသေ့တို့သည် မိုးတွင်း ကာလ ပတ်လုံး လူတို့နေရာ မြို့ရွာ နိဂုံးသို့ ဒေသစာရီ လှည့်လည်ကြသျက် လူတို့ပေးလှူသော အစာနှင့်တကွ ချဉ်ဆားများကို မှီဝဲကြကုန်၏။

အစဉ်သဖြင့် လှည့်လည်၍ ဗာရာဏသီပြည်သို့ ဆိုက်ရောက်လေသော် ကြည်ညိုဖွယ်သောရသေ့တို့အကြောင်းကို မင်းကြီး ကြားသိ ရသဖြင့် မင်း၏ ဥယျာဉ်တွင်းသို့ ပင့်ဆောင်ကာ

ကောင်းမွန်စွာ လုပ်ကျွေးပြုစုလျက် မိုးလေးလပတ်လုံးသီတင်းသုံးနေစေလေ၏၊ မိုးလကုန်သောအခါ ဟိမဝန္တာသို့ပြန်ကြွရန် ဆွမ်းဒါယကာ ဗြဟ္မဒတ်မင်းကြီးကို ဝတ္တရွေးအတိုင်းပန်ကြားလေလျှင် ဘုရားလောင်း ရသေ့ဆရာကြီးကို မင်းကြီးကဤသို့ လျှောက်ထားလေ၏။

'အရှင်မြတ်ဘုရား တပည့် ဖြစ်သော ရသေ့တို့ကား ငယ်ရွယ်သေး၍ ဟိမဝန္တာ၌နေခြင်းငှာ သင့်လျော်ပါသည်၊ အရှင်ဘုရားတို့မှာတော့ အိုမင်းပြီဖြစ်၍ ဟိမဝန္တာ၌ နေခြင်းငှာ လျောက်ပတ်တော့မည်မထင်ပါ၊ ဤဥယျာဉ်၌သာလျှင် မပင်မပန်းချမ်းသာစွာသီတင်းသုံးနေတော်မူပါဘုရား၊ အရှင်ဘုရားတို့ နေတော်မူသဖြင့် ဒါယကာတို့ အားလဲ ဆယ်ပါးသော ကုသိုလ်ပုညအစုကို ရနိုင်ပါမည်ဘုရား'

ဤသို့ တောင်းပန် လျှောက်ထားသောကြောင့် ကြီးသော တပည့်ကြီး အား ဆရာပြုစေ၍ ငါးရာသောရသေ့တို့ကို အပ်လွှဲပြီးလျှင် ဟိမဝန္တာသို့ သွားစေလေ၏၊ ရသေ့ဆရာကြီးကား အိုမင်းပြီ ဖြစ်သောကြောင့် မင်း၏ ဥယျာဉ်၌သာ ကျန်ရစ်နေလေ၏။

ငါးရာသော ရသေ့အပေါင်းကို အုပ်ချုပ်၍ ဟိမဝန္တာသို့ ကြွသွားသော ရသေ့ တပည့်ကြီးကား မျက်နှာ လွှဲခြင်းငှာ ထိုက်သူတည်း၊ မြင့်မြတ်သောစိတ်ထားရှိ၏၊ ထက်မြက်သော

သီရိယ၊ စဓိကြယ်သော အကျင့်သီလ၊ တည်ငြိမ် ရင့်ကျက်သော သမာဓိမှရရှိ သောသတ္တိ မြော်မြင်နိုင်းဆနိုင်သော အသိဉာဏ်နှင့် ကြီးမားသောကရုဏာစသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံလေ၏၊ ထိုကြောင့် ဘုရားလောင်း ရသေ့ဆရာကြီးနှင့် မခြားအလားတူစွာ ငါးရာသော တပည့်ရသေ့တို့ကို ဆိုဆုံးမလျက် ငြိမ်းအေးချမ်းသာစွာ ဟိမဝန္တာ၌ နေကြလေကုန်၏။

ထိုခေါင်းဆောင်ရသေ့ဆရာကား ကြီးစွာသောမင်းအဖြစ်မှ စွန့်ထွက်၍ ရသေ့ရဟန်း ပြုခဲ့ပြီးလျှင် ကသိုဏ်းပရိကံကို ပြင်းထန်စွာ ကြိုးစား အားထုတ်သောကြောင့် ရှစ်ပါးသော သမာပတ်ကိုရပြီးဖြစ်၏၊ မိုးလကုန်သောအခါ တပည့် ရသေ့အပေါင်းတို့ကို စုဝေးစေ၍ ဤသို့မှာကြားလေ၏။

'ငါ့ရှင်ရသေ့တို့ သင်တို့သည် ဤဟိမဝန္တာ၌ သာလျှင်မငြိးငွေ့ဘဲ တရားဖြင့်ပျော်မွေ့စွာ နေ့ရစ်ကြဦးလော့၊ ငါကားဆရာရသေ့ကြီး ဖူးမြင်ခြင်းငှာ သွားပါအံ့၊ အိုမင်းလေပြီးသော ကျေးဇူးရှင်ဆရာအား ရှိခိုးကန်တော့၍ပြန်ခဲ့ပါမည်'ဟုမှာကြားပြီးလျှင် တစ်ပါးတည်း ထွက်ခဲ့လေ၏။

ဆရာရသေ့ကြီးထံသို့ ရောက်လျှင် ရှိသေ လေးနက်စွာ ရှိခိုးကန်တော့လျက် ပြုသင့်ပြုထိုက်သော ဝတ်ကြီး ဝတ်ငယ်တို့ကို ကျေပွန်စွာပြုစုလုပ်ကျွေးလေ၏။ တစ်နေ့သ၌ဆရာကြီး၌ ပြုနေကျ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုစုပြီးလျှင် ဆရာကြီး၏အနီး

ထံပါး၌ တစ်ခုသော သပေါ့ဖျာကို ခင်း၍ ချစ်ခင်ရင်းနှီးသည့် အလျောက် စိတ်ချစွာ လဲလျောင်း အိပ်စက်နေလေ၏။

ထိုအခိုက်တွင် ဗြဟ္မဒတ်မင်းကြီးလည်း ရသေ့ဆရာကြီးကို ဖူးမြော်ရန်အလို့ငှာ မင်းပရိသတ်နှင့် တကွ ဥယျာဉ်တွင်းသို့ ထွက်ခဲ့ပြီးလျှင် ရသေ့ကြီး ကျောင်းသင်္ခမ်းသို့ ကပ်ရောက်လေ၏၊ ဆရာရသေ့ကြီးအား ရှိခိုးပြီးလျှင် သင့်အပ်လျောက်ပတ်သော နေရာ၌ ထိုင်နေလေ၏။

တပည့်ကြီးဖြစ်သော ရသေ့ကား မင်းကြီးကို မြင်၍လည်း နေရာမှမထခဲ့၊ မည်သူ့အားမျှအမှတ်မထားသကဲ့သို့ သြော် ချမ်းသာပေစွ၊ သြော် ချမ်းသာပေစွ (အဟောသုခံ၊ အဟောသုခံ)ဟူသော ဥဒါန်းကိုသာ မြွက်ဆို ကျူးရင့်နေလေ၏။

မင်းကြီးသည် ထိုရသေ့၏အမူအရာကို ကြည့်ရှုပြီးလျှင် ဤပုဂ္ဂိုလ်ကား ဘယ်လိုသဘောနည်း၊ ငါကဲ့သို့သောမင်းကြီး တစ်ဦးကိုမြင်လျက်လည်းပဲ အလေးမမူ ဂရုမထား၊ ကြမ်းသော စရိုက်၏အလို လိုက်တတ်သော လူညံ့စိတ်မျိုး မွေးသူပင် ဖြစ်ယောင်တကားဟူ၍ မင်းပီပီ မာနသံ မကင်းသော နှလုံးသွင်းဖြင့်ပြစ်တင်ကာ နှလုံးမသာယာခြင်း ဖြစ်လှသောကြောင့် ဆိတ်ဆိတ်မနေနိုင်တော့ဘဲ ဘုရားလောင်း ရသေ့ကြီးအား ရှေ့တွင်တိုင်တန်း လျှောက်ထားလေ၏။

'အရှင်ဘုရား ဤရသေ့ကား အလိုရှိတိုင်းစား၍ အလိုရှိတိုင်း အိပ်နေတတ်သူ ဖြစ်မည် ထင်ပါသည်၊ ဒါကြောင့် ချမ်းသာပေတယ်၊ ချမ်းသာပေဘယ် ဆိုမြည်ကာ အိပ်ခြင်းကို ပြုနေပါတကား...'

'တကာတော်မင်းကြီး ဤသို့မမှတ်လင့်၊ တကာကြီး မှားလိမ့်မည်၊ သူကား သာမန်ယောကျ်ားမဟုတ်၊ ရှေးအခါက သင်ကဲ့သို့ပင် တိုင်းပြည်ပိုင်စိုးသော တန်ခိုးကြီးမင်းတစ်ပါးပင် ဖြစ်ခဲ့သည်'ဟူ၍ မိန့်တော်မူလေ၏ ထိုစကားကို ကြားလျှင် တပည့် ရသေ့ကြီးသည် လျှောင်းနေရာမှ ထကာထိုင်လျက်....

'အို.... ဒါယကာ၊ ငါသည် ရှေး လူဖြစ်သောကာလ၌ မင်း၏ စည်းစိမ်အသရေကို ခံစံခဲ့ဖူးပါ၏။ သို့သော် များစွာသော လက်နက်ကိုင် အစောင့်အကြပ်တို့က ငါအား ဘေးမရောက်နိုင်ရန် ဝိုင်းရံစောင့်ကြပ်နေကြသော်လဲ ယခုဤအချိန်ခါကဲ့သို့သော ချမ်းသာမည်သည်ကို မရခဲ့စဖူးပါ။

'မင်းအဖြစ်မှစွန့်၍ တောထွက်ရဟန်းပြုလာသော အခါမှ သာလျှင် ရဟန်း၏ ချမ်းသာကိုလဲ ရပေပြီ၊ ဈာန်သမာပတ် ချမ်းသာကိုလဲ ရပေပြီ၊ ယင်းသို့သော ချမ်းသာစစ်၊ ချမ်းသာကောင်း တွေ့ရခြင်းကို ဆင်ခြင်အောက်မေ့၍ ဝမ်းမြောက်လှသောကြောင့် (အဟောသုခံ၊ အဟောသုခံ) သြော်–ချမ်းသာပေစွ၊ သြော်– ချမ်းသာပေစွဟု ဥဒါန်းကျူးမိခြင်းသာ ဖြစ်

ပေးသည်’ဟု ဖြေကြားမိန့်ဆိုလေ၏၊ ထိုအခါ အပြစ်တစ်ခုမျှ မရှိသော မင်းကြီးလည်း စိတ်နှလုံးမှ ဝန်ချ တောင်းပန်ကာ သံဝေဂရခြင်း ချီးကျူးခြင်းကို ပြုလေ၏။

ထိုနောက် ဘုရားလောင်း ရသေ့ကြီးကလည်း မင်းကြီးအား တရားဒေသနာကို ဟောပြလေရာ အလွန် နှစ်သက်ဝမ်းမြောက်သောစိတ် ပေါ်လာလေ၏။

ယဋ္ဌအညေ နရက္ခန္တိ၊
ယောစအညေ နရက္ခတိ၊
သဝေရာဇ သုခံသေတိ၊
ကာမေသု အနပေက္ခဝါ။

ရာဇ၊ သူတော်ကောင်းတို့ ကြည်ညိုလေးစားလောက်ရှိသော မင်းမြတ်။ ယဋ္ဌ၊ အကြင်သူကိုလည်း။ အညေ၊ တစ်ပါးကုန်သော သူတို့သည်။ နရက္ခန္တိ၊ စောင့်ရှောက်မပေးရကုန်။ ယောစ၊ အကြင်သူကလည်း။ အညေ၊ တစ်ပါးသောသူတို့ကို။ နရက္ခတိ၊ မစောင့်ရှောက်ရပေ။ ကာမေသု၊ ဝတ္ထုကာမ ကိလေသာ ကာမတို့၌။ အနပေက္ခဝါ၊ ငဲ့ကွက်ခြင်း မရှိသော သူသည်။ ဝေ၊ စင်စစ်။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ အိပ်ရနေရသတည်း။

ဤ၌ သုခံသေတိ ဟူသော ပါဠိစကားသည် ချမ်းသာစွာ အိပ်ရ၏ ဟူ၍ မြတ်သော ဂူရိယာပုတ်တစ်ပါးကို အဦးထား

ဟောလိုက်ခြင်း ဖြစ်သော်လည်း စင်စစ်ကား ဤသို့သဘော ရှိသော သူတော်ကောင်း ပုဂ္ဂိုလ်သည် ချမ်းသာစွာလည်း ရပ်ရ၏၊ ချမ်းသာစွာလည်း ထိုင်ရ၏၊ ချမ်းသာစွာလည်း သွားရ၏၊ ချမ်းသာစွာလည်း စားရ၏၊ ခပ်သိမ်းသော ဣရိယာပုတ်တို့၌ ချမ်းသာစွာ နေရကြောင်း ဟောလိုရင်း ဖြစ်၏။

## ချမ်းသာနှစ်မျိုး

လူ့ပြည်၌ ဇာတ်တူ လူချင်းကို ကြည့်လျှင် လူချမ်းသာ ရဟန်းချမ်းသာ ဟူ၍ နှစ်မျိုးရှိသည်ဆိုရပေမည်၊ ရွာသူထုံးစံ ဓလေ့ကို ပျော်မွေ့နေကြသူများကို လူချမ်းသာဟု ခေါ်ကြ၍ ရသေ့ရဟန်းအဖြစ်နှင့် စိတ်ချမ်းသာနေခြင်းကို ရဟန်းချမ်းသာ ဟု ခေါ်ကြပေသည်။

ထိုနှစ်မျိုးတို့တွင် လူချမ်းသာခေါ်သော ကာမချမ်းသာ ကား ချမ်းသာစစ်မဟုတ်ချေ၊ သားမယား ရိပ်မြုံကာမတို့တွင် နှောင်ကြိုး တန်းလန်းရှိသော သတ္တဝါ တစ်မျိုးသာတည်း၊ ရသေ့ရဟန်းအဖြစ် ချမ်းသာကား နှောင်ကြိုး ကင်းသော ကြောင့် စင်စစ်မှန်သော ချမ်းသာတည်း။

ရသေ့ ဆိုရာ၌ ရှေးရှေးသော သာသနာပကာလ ဘောတောင်ထွက်၍ တရားမြတ်နှင့် ပျော်မွေ့ နေကြသော ရသေ့ကိုဆိုလို၏၊ ယခုကာလမြင်ရသော သံယောဇဉ်တွဲလွဲနှ

မြို့ပြည်ရွာနား နေကြသော ရသေ့မျိုးကား ချမ်းသာစင် ရနိုင်ကြမည် မထင်ပေ။

လူ့ဘဝသည် ချမ်းသာအောင်နေတတ်လျှင် ချမ်းသာ၏၊ မနေတတ်လျှင် ရဟန်းပင်ဖြစ်သော်လည်း ချမ်းသာလိမ့်မည် မဟုတ်ပေရာ။

ချမ်းသာချင်သောသူသည် တွယ်တာမှုကင်းရမည်၊ သို့ရာတွင် ကောင်းကျိုးဆောင်မည့် တွယ်တာမှုကား ရှိနိုင်၏၊ ဥပမာ ဆရာကောင်းမှီခိုရာ၊ လျောက်ပတ်သောဒေသစသည် ဖြစ်၏၊ ချမ်းသာမှုဖျက်ဆီးမည့် တွယ်တာမှုကိုကား နေ့ညလွတ်အောင် ရှောင်ရှားရာ၏။

ငါကား ကိုယ့်အစွမ်းကိုယ့်သတ္တိကိုဟုတ်မှန်တိုင်းသိသောသူတည်း ဟူ၍ မိမိစိတ်ကိုတင်းပြီးလျှင် ယုတ်ညံ့ သေးသိမ်သောစိတ်၊ ဇွဲမရှိသောစိတ်၊ မကြာခဏ ပြောင်းလဲတတ်သော စိတ်မျိုးကို ဖျောက်ရာ၏၊ ဖျောက်ဖန်များလျှင် ပျောက်လိမ့်မည်၊ ယုတ်ညံ့သောစိတ် ပျောက်သောအခါ မြတ်သောစိတ်ထားရှိသည့် သူတော်ကောင်း ဖြစ်တော့သည်၊ သင်၏ခန္ဓာကိုယ်သည်လည်း ခတ်တော်မြတ်ကိန်းဝပ်သောစေတီအိမ်ကဲ့သို့ တန်ခိုးကြီး၍ လူသူအများ၏ လေးစား ပူဇော်ခြင်းခံရသော အဖြစ်သို့ ရောက်လိမ့်သတည်း။

လိုရင်းမှာ ရဟန်းပြုချင်စိတ်ရှိ၍ ရဟန်းပြုလာလျှင် ရဟန်း ကျင့်ဝတ်ကို လေးစားစွာနှင့် ချမ်းသာအောင် နေတတ်ရမည်၊ ယင်းသို့မှ ရဟန်းဘဝနှင့် ရဟန်းချမ်းသာကို ရအောင်မယူနိုင်ဘဲ မနေနိုင်လျှင်ကား ရသေ ရဟန်းအဖြစ်၌ ဆက်လက်မနေခြင်းက မြတ်သေး၏၊ မြန်မြန်သာ လူဝတ်ကြောင်သို့ ပြောင်းဝင်ရာသည်။

မျက်စိ၊ နား၊ နှာ အင်္ဂါခြေလက်ကောင်းသူဖြစ်က လူဘဝ၌ တစ်ဝမ်းတစ်ခါးတော့ ခက်ခဲမည်မဟုတ်ပေ၊ ပုရွက်ဆိတ်ကလေးများပင် သူ့အစာကိုသူ ရှာကြံစားနိုင်သေး၏၊ လူ့ဘောင်၌ မကောင်းမှုကိုသာရှောင်၊ သားမယား ကျွေးမှုကြောင့် ဒုစရိုက်အလုပ်ဖြင့် မိမိကိုယ်ကို အနစ်နာမခံသင့်၊ ဒုစရိုက်မှုသည် ကြောက်ဖို့ကောင်း၏၊ မသေခင်ဘဝတွင်လည်း လူ့လောက အလယ်၌ လူရာမဝင်ခြင်း၊ ကဲ့ရဲ့စွပ်စွဲခံရခြင်း၊ မင်းစိုးတို့က လူဆိုးစာရင်းသွင်း၍ အကျဉ်းချုပ်ခြင်းစသော အကျိုးယုတ် ဒုက္ခမျိုးကို ကြုံရတတ်သည်၊

လူ့ပြည်မနေရ၍ သေသွားပြန်လည်း ကောင်းရာဘဝ မရောက်နိုင်၊ ဆင်းရဲများရာ ငရဲရွာသို့သာ လိုက်ပါဆွဲဆောင် ဖွဲ့နှောင်ခံရ၏။

ထိုနှစ်ဘဝ ဒုက္ခရောက်မည့် ဒုစရိုက်မှုကိုရှောင်၍ လူ့ဘောင်၌နေတတ်လျှင်လူချမ်းသာဖြစ်တော့သည်၊ မိမိချွေးနဲ့စ၍

ထဲမှ တဏှာအားသမျှ လှူဒါန်းပေးကမ်း၍ ဥပုသ်သီတင်း စောင့် ငါးပါးသီလကို ထိန်း၊ ငါးပါးလုံး မလုံစေကာမူ သုံးပါးဖြစ်စေ အမြဲထိန်း၍ ရံခါဘာဝနာပွားခြင်းကို ပါရမီ ထုံရုံဖြစ်စေ လေ့လာသွားပါက ဘဝကူးကောင်းရန်အတွက် စိတ်ချရတော့သည်သာ။

နောက်ဆုံးတွင် နိဗ္ဗာန်သွားဖို့အတွက်ချည်း ပြုလုပ်ကြရာ ထိုလမ်းနှစ်သွယ်ကို မိမိစိတ်နိုင်ရာနှင့် ကိုက်ရာရွေးဖို့သာလို၏။

(၁) ပဌမအကောင်းဆုံးနည်းကား ရသေ့ ရဟန်းပြု၍ ရဟန်းချမ်းသာဖြင့် နေကာ သူတော်မြတ်လမ်းနှင့် အထက် တန်းက နိဗ္ဗာန်သွားခြင်းမျိုး။

(၂) ဒုတိယအကောင်းဆုံးကား ပါရမီနုသေး၍ ရသေ့ ရဟန်းမပြုနိုင်လျှင် လူ့ဘဝမှပင် အိမ်ထောင်သားမယားတို့ကို ကောင်းသော လယ်လုပ်ခြင်း၊ ကောင်းသော ကုန်သွယ်ခြင်း၊ ကောင်းသောမင်းမှုထမ်းခြင်းပြုလုပ်၍ လူချမ်းသာဖြင့် နေကာ တတ်နိုင်သမျှ ပါရမီဖြည့်လျက် နိဗ္ဗာန်သွားခြင်းမျိုးတို့ ဖြစ်လေ သည်။

လူချမ်းသာဆိုသည်မှာ ပစ္စည်းများတိုင်း၊ ရာထူးကြီးတိုင်း၊ စည်းစိမ်ဂုဏ်သိန်ကြီးတိုင်း ချမ်းသာသည် မဟုတ်ကြောင်းကိုသိ ရမည်၊ ရှင်ဘုရင်လုပ်နေရသူသည် ဂုဏ်အာဏာကြီးသော်လည်း

သူ့ဥယျာဉ်ကလေးနှင့် တဲတစ်လုံးတဲ နေရသော တောင်သူကြီးလောက် မချမ်းသာပေ၊ ငွေပုံ ရွှေပုံကြီးပိုင်းကာ ငွေစာရင်းစာပုံကြီး အထပ်ထပ်ကြား၌ တိုင်နေရသော အုတ်တိုက်ထဲမှ ချစ်တီးကြီးသည် ပလွေတတီတီနှင့် နွားကျောင်းနေသော နွားကျောင်းသားလောက် လွတ်လပ်ပျော်ပိုက်နိုင်မည် မဟုတ်ချေ၊ လိုရင်းကား စိတ်ချမ်းသာမှုသာ ဖြစ်၏၊ စိတ်ချမ်းသာမှ လူချမ်းသာသည်၊

ကောင်းကျိုးရချင်၍ ရဟန်းပြုသူသည်လည်း ကောင်းကျိုးရအောင် ကျင့်ရာ၏၊ မကျင့်နိုင်လျှင် ဘာမျှအကျိုးမရှိသဖြင့် လူ့ဘောင်သာဆင်းရာ၏၊ ကြာလျှင် ပို၍အကျိုးယုတ်သွားကအရင်းရှုံးတတ်၏၊ လူ့ပြည်လာ၍ လူဖြစ်ရကျိုးမနပ်ဘဲ ဖြစ်မည်ကိုသာ အထူးသတိပေးရခြင်းဖြစ်သတည်း။

## ၆။ သမညသုခ ရှစ်ပါး

သမဏသုခ တရားသည် အဋ္ဌသာလိနီ သုမေဓာကထာ၌ ရှစ်ပါးပြဆို၏။ ။သုခမခံ လိုလင်သည် မြားမြောင်သော ပစ္စည်းဥစ္စာတို့ကို မိမိနောက် ပါအောင်ယူမည်ဟူ၍ လှူဒါန်းပေးကမ်း စွန့်ကြဲပြီးလျှင် လူ့ရွာမှထွက်၍ တောကြီး တောမကြီးအတွင်း သန့်ရှင်းသော မြေအပြင်ဝယ် နတ်တို့ ဖန်ဆင်းပေးသော ကျောင်းသင်္ခမ်း၌ ရသေ့ရဟန်းပြုကာ ချမ်းသာစွာ နေလေ၏၊ ထိုအခါ မိမိ၏ချမ်းသာသော အဖြစ်ကို ဆင်ခြင်

ကာ လူတို့ထက်ထူးသော ချမ်းသာရှစ်မျိုး ရှိသည် အဖြစ်ကို ပြဆိုလေ၏။

ဆောင်ပုဒ်လင်္ကာ

ရဟန်းချမ်းသာ၊ ဥစ္စာမသိမ်း၊ ပြစ်ငြိမ်းဆွမ်းရှာ၊ စွာစားရ၊ ရဋ္ဌမပူ၊ သောက်ဦးမငဲ့၊ ဘေးမဲ့သူခိုး၊ မင်းမျိုးမစပ်၊ လေးရပ်မတား၊ ဤရှစ်ပါးကား၊ တရားမင်ဖိုလ် ရကြောင်းတည်း။

ရသေ့ရဟန်းတို့၏ ဘဝသည် အထူးသဖြင့် ချမ်းသာသော ဘဝဖြစ်ပေရာ ကြောင့်ကြခြင်း၊ တောင့်တခြင်းကင်းနိုင်သော ဘဝမျိုးပေတည်း။

(၁) သားမယား ကျေးကျွန်တို့နှင့်နေသော သူတို့ ကဲ့သို့ ဥစ္စာများမြောင် သိုလှောင်သိမ်းဆည်းရန် မရှိခြင်း။

(၂) အပြစ်ငြိမ်းသောဆွမ်းကို ရှာကြံစားသောက်ရခြင်း။

(၃) စိတ်သက်ချမ်းအေးစွာစားရခြင်း၊ ဟု–သည် အရေး အကြောင်းကို တွေးတော ပူပန်လျက် စိတ်လက် မဖြောင့် နှောင့်နှေးဖွယ်မရှိ ငြိမ်သက်သောစိတ်နှလုံးဖြင့် စားခွင့်ရသည် ဟူ၍ ဆိုလိုသည်။

(၄) တိုင်းပြည် အုပ်ချုပ် မင်းလုပ် နေရသကဲ့သို့လည်း မပူရ၊ အိမ်ထောင် သားမယားနှင့် နေကြသူတို့ ကဲ့သို့လည်း မကြောင့်ကြရ၊ တိုင်းရေး ပြည်ရေးအတွက် ပူပန်ရန် မရှိခြင်း။

(၅) နေထိုင်ရန်အတွက် ကျောင်းကန်အဆောက်အအုံကို ငှါကျက်သွားတာရသော တွယ်တာမှုမရှိခြင်း၊ ရသေ့ ရဟန်းတို့သည် သင့်တင့်လျောက်ပတ်၍ အေးချမ်းမည့် နေရာ အရပ်၌ နေထိုင်တတ်ကြပေရာ သစ်ပင်ရင်း ဂူလိုဏ်၊ တောင်ချောက်ကြား စသည်ဖြင့် ရသေ့ရဟန်းတို့နေရာအရပ်သည်ပင် ကျောင်းဖြစ်လေတော့သည်၊ အိမ်ထောင်ရှင် လူတို့ကဲ့သို့ အဆောက်အအုံ အတွက် ငှါကျက်နေဖွယ်ရာမရှိ၊ တစ်နေရာသို့သွားလိုလျှင် အတောင်သာလျှင် ဝန်ရှိသော ငှက်ကဲ့သို့ ပေါ့ပါးစွာစွန့်လွှတ်သွားခြင်းရှိသည် အဖြစ်ချိုးတည်း။

(၆) ခိုးသူဘေးရန်အတွက် ကြောင့်ကြ ပူပန်မှုမရှိရခြင်း။

(၇) အိမ်ရာ တည်ထောင်နေသော လူတို့ကဲ့သို့ မင်းစိုးရာဇာတို့နှင့် စပ်ယှက်ခြင်းမှ ကင်းနိုင်ခြင်း။

(၈) အရပ်လေးမျက်နှာတို့၌ မည်သည့်အရပ်သာ သွားရမည်၊ မည်သည့်အရပ်ကို မသွားရဟူ၍ တားဆီးခြင်း မရှိဟူ၍ ဖြစ်၏။

အဆိုပါ သမဏသုခဘရား ရှစ်ပါးကို ရသေ့ရဟန်းတို့သာ ရသောကြောင့် အလွန် ချမ်းသာ၍ လွတ်လပ်သော ဘဝ ဖြစ်ပေရာ လူ့ဘဝ၌ ဒုက္ခကြုံ၍ ငြီးငွေ့သူတို့သည် မြတ်သော ရသေ့ရဟန်းဘဝ၌ နှစ်သက်ကြသည်မှာ ဤသို့သော ချမ်းသာမှုကြောင့် ဖြစ်၏။

လူ့ဘဝကိုရခိုက်အခါ ရဟန်းချမ်းသာကို တစ်ကြိမ်တစ်ခါ အရယူရာ၏၊ ရဟန်းဘဝ လက်ရှိရောက်နေသော ပုဂ္ဂိုလ်တို့ သည်လည်း နေ့တွက်စေ့အောင် ပါရမီ ဖြည့်ရာ၏၊ ကုသိုလ် ရအောင် ရဟန်းပြုခဲ့၏၊ ပါရမီပြည့်အောင် လူဘောင်မှ ထွက် ခဲ့၏၊ တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက် မြင့်အောင်သာ ကြိုး စားရာ၏၊ မသေခင် စိတ်ချမ်းသာအောင်နေ၍ ချမ်းသာသော ဘဝကူးခြင်းကိုသာ အစဉ်နှလုံးသွင်းရာသတည်း။

## (၄) သဒ္ဓေ္တသတရား သုံးပါး


(က) သဒ္ဓမ္မဂါရဝေါ၊ ဿူဓတော်ကောင်း တရား၌ ရှိသေ သော ရဟန်းသည်။ အပေပ္ပနာ၊ နည်းသော ပံသုကူ သင်္ကန်း၊ ပိဏ္ဍိယာလောပဘောဇဉ်၊ သစ်ပင်ရင်းတည်း ဟူသော ကျောင်း၊ ဂေါမုတ်ရည် ထုံသောဆေး ဟူသော ပစ္စည်း လေးပါးဖြင့်။ အနဝဇ္ဇာနာ၊ အပြစ်မရှိသော ပံသုကူစသည်ဖြင့်လည်းကောင်း၊ သုလဘောနစ၊ ရလွယ်သော သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ဖြင့်လည်းကောင်း။ သန္တုဋ္ဌော၊ သဒ္ဓေ္တသ ၁၂ ပါးဖြင့် ရောင့်ရဲသည်။ မတ္တညူ၊ ရှာခြင်း၊ ခံခြင်း၊ သုံးဆောင်ခြင်း၊ စွန့်ခြင်း၌ အတိုင်းရှည်ကို သိလေ့ ရှိသည်။ သုဘရော၊ ဆိုး ကောင်းယုတ်မြတ်ရတတ်သမျှ ယာပနဖြင့် မွေးမြူလွယ်သည်။ ဟုတ္တာ၊ ဖြစ်၍။ စရေ၊ ကျင့်ရာ၏။

(ခ) အတီတံ၊ လွန်လေပြီးသော ပစ္စည်းကို။ နာနုသောစ စန္တော၊ အဖန်တလဲလဲ မစိုးရိမ်ဘဲ။ အနာဂတံ၊ နောဇိ

အနာဂတ် ပစ္စည်းကို၊ နပ္ပဇပ္ပံ–နပ္ပဇပ္ပန္တော၊ မတောင့်တတဲ၊ ပစ္စုပ္ပန္နေန၊ ရှိဆဲ၊ ရဆဲ ပစ္စည်းဖြင့်၊ ယာပေန္တော၊ မျှတသော ရဟန်းကို၊ သန္တုဋ္ဌောတိ၊ ရောင့်ရဲသော သူတော်ကောင်းဟူ၍ ဝုစ္စတိ၊ ဆိုအပ်၏။

(ဂ) အနာဂတပဇပ္ပါယ၊ အနာဂတ်ပစ္စည်းကို တောင့်တ-ခြင်းကြောင့်၊ အတီတဿာနုသောစနာ၊ အတိတ် ပစ္စည်းကို အဖန်ဖန်စိုးရိမ်ခြင်းကြောင့်၊ ပစ္စုပ္ပန္နအယာပနာ၊ ရဆဲပစ္စည်းဖြင့် မမျှနိုင်ခြင်းကြောင့်၊ စေတနာ၊ ဤအကြောင်း သုံးပါးဖြင့်၊ ဗာလာ၊ မလိမ္မာသော ရဟန်းတို့သည်၊ သုဿန္တိ၊ ခြောက်-သွေ့ ခွေလိမ် ညှိုးပိန်တတ်ကုန်၏၊ ကိမိဝ၊ အကာယ်ကဲ့သို့ နည်းဟူမူကား၊ လုတော၊ ရိတ်ဖြတ်အပ်ပြီးသော၊ ဟရိတော၊ စိမ်းညိုသော၊ နဠော၊ ကျူပင်သည်၊ သုဿတိ ဣဝ၊ သွေ့-ခြောက်သကဲ့သို့တည်း။

*



# (၈) အဋ္ဌမပိုင်း

၈။ ရဟန်းဟူသည် နိဗ္ဗာန်သွားရန် ပါရမီ သည်းပူးနေသူ ဖြစ်၏။

မြတ်စွာဘုရားရှင်သည် မောဓိပင်နှင့် ရွှေပလ္လင်ကို အောင်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင် အလွန်စင်ကြယ်သော ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို ဖွင့်လှစ်၍ လောကအလုံးကို ရှုကြည့်တော်မူလေ၏၊ ထိုအခါ....

စုခကလတ္တံ့သော သတ္တဝါ၊ ပဋိသန္ဓေ နေလတ္တံ့သော သတ္တဝါတို့ကို လည်းကောင်း၊ သန္ဓေဇာတိ အမိ အဖ သုခ သမ္ပတ္တိ၊ ဣဿရိယ၊ ဘောဂ၊ ယသ စသောအားဖြင့် ယုတ်

သော သတ္တဝါ၊ မြတ်သော သတ္တဝါ၊ အဆင်းလှသော သတ္တဝါ၊ အဆင်းမလှသောသတ္တဝါ၊ ကြွယ်ဝသောသတ္တဝါ၊ ဆင်းရဲသော သတ္တဝါ၊ နတ်ပြည်သို့ သွားသော သတ္တဝါ၊ လူ့ပြည်၌ တည်သော သတ္တဝါ၊ ငရဲသို့လားသော သတ္တဝါ တို့ကိုသည်းကောင်း။

နတ်ပြည်ခြောက်ခွင်ဝယ် ဥယျာဉ် ရေကန် ဘုံဗိမာန် နန်း အိမ်၌ စည်းစိမ်ကြီးစွာကို ခံစားကာနေသော နတ်သမီး၊ နတ်သား၊ သိကြား၊ ဗြဟ္မာ၊ သတ္တဝါတို့ကို လည်းကောင်း၊ ဇမ္ဗူဒီပ် ကျွန်းမြေ လူနေဌာန၏အောက် အစောက် တစ် ယောင်းစီ ခြားကွာလျက် ကြီးစွာသော ဥမင်လိုဏ်တွင်းဝယ် ပြည့်တင်းစွာ စွဲသော ပျားမွဲ၏သဖွယ် သိပ်နပ် စည်းကြပ်စွာ ဌာန၌ ရပ်၌ မပြတ်မစဲ ဆင်းရဲကြီးစွာ ခံနေရှာရကုန်သော ငရဲသူ သတ္တဝါတို့ကိုလည်းကောင်း၊ တပြောင်းပြန်ပြန် ရှုသဖြင့် အကျုံမြူမူ ကြောင်း လက်ငင်းပစ္စုပ္ပန်ဖြစ်သော ရုပ်ရုံအပေါင်း တို့ကို မြင်တော်မူ၏။

ထိုဒိဗ္ဗစက္ခုအဘိညာဉ်ကို အခြေပြုသဖြင့် သတ္တဝါတို့သည် မိမိပြုခဲ့သော ကံအားလျော်စွာ ထိုထိုဘုံဘဝသို့ လားရောက် ရပုံကို သိမြင်နိုင်သော ယထာကမ္မုပဂ အဘိညာဉ်၊ နောင် ဖြစ်လတ္တံ့သော အခြားမဲ့ အရာကို သိမြင်နိုင်သော အနာဂတံသ အဘိညာဉ် နှစ်ပါးကို ပွားစေတော်မူပြီးလျှင် မရှိသနေ့နေကုန်သော သတ္တဝါတို့တွင် ယုတ်ညံ့သော သတ္တဝါ

သည် ဟဏ္ဍာမောဟ၏ အကျိုးဆက်တည်း၊ မြတ်သောသတ္တဝါသည် ပညာ၏ အကျိုးဆက်တည်း၊ အဆင်းလှသော သတ္တဝါသည် မေတ္တာ၏ အကျိုးဆက်တည်း၊ မလှသော သတ္တဝါသည် ဒေါသ၏ အကျိုးဆက်တည်း၊ ကြွယ်ဝသော သတ္တဝါသည် အလောဘ၏ အကျိုးဆက်တည်း၊ ဆင်းရဲသော သတ္တဝါသည် လောဘ၏ အကျိုးဆက်တည်း၊ သုဂတိ သတ္တဝါသည် သုစရိုက်၏ အကျိုးဆက်တည်း၊ ဒုဂ္ဂတိသတ္တဝါသည် ဒုစရိုက်၏ အကျိုးဆက်တည်း၊ ဤသို့ စသည်ဖြင့် အကြောင်းဖြစ်သော ကံကြမ္မာကိုလည်းကောင်း၊ ဤသတ္တဝါကား ဤစာရိတ္တရှိ၍ ဤဂတိသို့ လားရလတ္တံ့၊ ဤမည်မျှသော ဆင်းရဲကို ခံရလတ္တံ့၊ ဤမည်သော ချမ်းသာကို စံရလတ္တံ့ စသည်ဖြင့် အနာဂတ်၌ ဖြစ်လတ္တံ့သော အာရုံအပေါင်းကိုလည်းကောင်း ကျိုးကြောင်း ကုန်စင် သိမြင်တော်မူလေ၏။

မြတ်စွာဘုရားရှင်သည် လောကသုံးပါး၌ သတ္တဝါတို့၏ မညီမျှသော ဖြစ်ခြင်းရှိသည်ကို စုတူပပါတဉာဏ်၊ ယထာကမ္မူပဂဉာဏ်၊ အနာဂတံသဉာဏ်လျှင် အခြံအရံရှိသော ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် အစဉ်အတိုင်း ရှုကြည့်တော်မူသည် ရှိသော် ဆင်းရဲချမ်းသာ ကောင်းဆိုး ယုတ်မြတ် ဖြစ်လာကြခြင်းမှာ မည်သူတစ်ဦးတစ်ယောက်မျှ ပြုပေးသည်မဟုတ်၊ မိမိ၏ပြုပြင်မှု အကြောင်းရင်းခံ အတိုင်းသာ ဖြစ်လာရကြောင်းကို ထင်လင်းစွာ မြင်တော်မူလေသည်၊ ထိုအချိန်မှစ၍ သတ္တဝါတို့အား မကောင်းမှုပြုလျှင် မကောင်းကျိုး ဖြစ်လိမ့်မည်။

ကောင်းမှုပြုလျှင် ကောင်းကျိုးရမည် စသည်ဖြင့် မကောင်းရာ မြစ်တား၍ ကောင်းရာ ကောင်းကျိုးကိုသာ သွန်သင်ဆုံးမလျက် ဩဝါဒ တရားဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာသနာတော်တွင်း၌သည်းကောင်း၊ သာသနာပကာလ၌သည်းကောင်း ရသေ့ ရဟန်းပြု၍ တရားကျင့်သူတို့သည် ယထာကမ္မုပဂဉာဏ်ဖြင့် ဘုရားရှင်မြင်တော်မူ၍ ညွှန်ပြတော်မူသည့်အတိုင်း ကောင်းသောလားရာ ရှိကြရန်အတွက် ပါရမီဖြည့်ဆည်းပူးကြသော ပုဂ္ဂိုလ်တို့ချည်း ဖြစ်ကြကုန်၏။

အကယ်၍ သဒ္ဓါပဗ္ဗဇိတာ မဟုတ်ဘဲ တစ်ခုသောဘေးကိုကြောက်၍ သာသနာဘောင် ဝင်ရောက်လာသော သူပဓိဖြစ်စေ သာသနာ၌ပမ္ပစရိယ၌ အလေ့အထုံဘစ်ခုကို ဖြစ်စေနိုင်သောကြောင့် ပါရမီဖြည့်ခြင်းပင် မည်လေသည်၊ သတိပြုရန်ကား သမထသိက္ခာကို မကျင့်မူဘဲ သူတော် သူမြတ်တို့၏ ကျောင်းသင်္ခမ်း ဆွမ်းဆေးပစ္စည်းတို့ကိုသာ စားသုံးနေပါမူ အပါယ်သို့ ကျရောက်ပေလိမ့်မည်သတည်း။

ဗုဒ္ဓသာသနာတော် ကွယ်ပသောကာလ၌ ငြိုးငွေ့ဖွယ်သော အကြောင်းဒုက္ခတစ်ခုခုတွေ့ကြုံလျှင် ထိုဒုက္ခမှလွတ်မြောက်ရန် တရားရှာ၍ ထွက်ကြကုန်၏။ အိမ်ထောင်သားမယားကို စွန့်ပစ်၍ တောထွက်ရသေ့ရဟန်း၊ ပြုနေကြလျှင် လူ့ရွာဒုက္ခမှငြိမ်းလေတော့သည်၊ ဤကျင့်ရိုးကား ရှေးသူတော်ကောင်းတို့ထုံးတည်း၊ အိန္ဒိယနိုင်ငံ၌ ရှေးကြာမြင့်စွာသော ကာလမှစ၍

ယခုကာလတိုင်အောင် တောထွက် ရသေ့ရဟန်းပြုလေ့ထုံးကို မကွယ်ပချေ။

မြန်မာနိုင်ငံ၌ကား ယခုခေတ်တွင် သာသနာတိုင်း ဖြစ်သောကြောင့် ရခဲသော ပဗ္ဗဇိတဒုလ္လဘ ကိုသာ အရယူကာ ရဟန်းပြုသည်က များကြ၏၊ ရှေးသာသနာ ကောင်းစွာ မရောက်မီ သရေခေတ္တရာ စသော ရှေးခေတ်၌ကား တောထွက် ရသေ့ပြုခြင်းအလေ့ ရှိခဲ့ကြလေသည်၊ များစွာသော ရဟန်းတို့၏ အလေ့အကျင့်မှာမူ ရှေးခေတ်သံဃာဂုဏ်ရ၍ တောထွက် ရသေ့ရဟန်း ပြုသူတို့နှင့်ကား မတူတော့ချေ၊ လူ့ရွာ အိမ်တောင်ကို အမှန်စက်ဆုပ်ပြီး ငွေ့ကြသောကြောင့် ပြတ်ကင်းသော သံယောဇဉ်နှင့် လောကီစျာန်ရအောင်တော့ အားထုတ်ကြမည် ဖြစ်လေသည်။

ယခုခေတ်ရဟန်းတို့၏ နေထိုင်ကြပုံမှာ ရှေးဦးစွာ စာပေသင်၍ နောက်ခါစာချ သို့မဟုတ် ဂါမဝါသီ ကျောင်းထိုင်ခြင်းသည်ပင် အစဉ်တစိုက် ကျင့်ရိုးဖြစ်နေပေ၏၊ ကျောင်းထိုင်ရပြန်လည်း တကာတကာမတို့ကို ချီးမြှင့်သည့်သဘောဖြင့် ဆွမ်းစဉ် ပရိတ်ရွတ်၊ ဆွမ်းကျွေး၊ အလှူခံလိုက်ရခြင်းတို့ဖြင့် များသော ဗဟုကိစ္စတို့နှင့် အမျိုးတန်းလျက် အချိန်ကုန်တတ်ကြပေရာ အတုလိုက်ရမည့် တပည့်လက်သားတို့အဖို့ ပါရမီဖြည့်နည်း သင်ကြားရန် လိုကောင်းလိုပေမည် ထင်မိပေသည်။

သို့ရာတွင် ရဟန်းငယ် သာမဏေတို့ဖြစ်စေ၊ ခေတ္တ ဒုလ္လဘ ရဟန်းခံသူပင်ဖြစ်စေ နည်းနာကျသော ဆရာကောင်း မထေရ်

ကြီးတို့ထံ မှီခို၍ ရဟန်းကျင့်ဝတ်၊ သာမဏေကျင့်ဝတ်တို့နှင့် မချွတ်အောင်ဇိနေပြီးလျှင် မိမိတို့ပြုသင့်သော ဝတ်ကြီးဝတ်ငယ် ဝေယျာဝစ္စတို့ကို ပြုလုပ်ဆောင်ရွက်နေသူတို့ကား အကျိုးမယုတ်ချေ။

အရွယ်လွန်မှ ရဟန်းသာမဏေ ပြုသူတို့တွင် အချို့မှာ စိတ်နှလုံးနူးညံ့သိမ်မွေ့လှ၍၊ မိမိထက် ဂုဏ်သိက္ခာဝါကြီးတို့အား ရိုသေလေးစားခြင်း၊ သတိသံဝေဂနှင့် ယှဉ်ခြင်းတို့ဖြင့် ကြည်ညိုဖွယ် ရှိပေသည်။

အချို့မှာ သတိချွတ်ယွင်းတတ်ကြပေရာ ဘုရားရှင်လက်ထက်တော်က သာကီဝင်မင်းမျိုးမှရဟန်းပြုခဲ့သော မဟာနာမ်ကြီးကဲ့သို့ ရဟန်းအချိုးအစားမကျ မာနရှေ့ထားကာ နေတတ်ကြ၏။ ရဟန်းပြုပြီးနောက် ငယ်ဖြူရဟန်းတို့၏ နည်းလည်းမကျ၊ သံဝေဂရ၍ ရဟန်းပြုသူတို့နှင့်လည်းမတူ အမူထူးခြားစွာ ငါလည်း ရဟန်းပဲဟူ၍ ရဟန်းဘောင် ရောက်ခါမျှနှင့် သက်တော် ဝါတော်ကြီးကဲ့သို့လည်းကောင်း၊ ဆရာတော်ကြီးကဲ့သို့ လည်းကောင်း လူသူတို့ရှေ့၌ ဟန်မဆောင်ကောင်းပေ၊ ထေရ်စဉ်ဝါအလိုက် ရိုသေမှု ဂါရဝတရားကို လေးစားရာ၏၊ အကယ်၍ လူဖြစ်စဉ်က စရိုက်ကြမ်းတမ်းသူပင် ဖြစ်စေကာမူ ရဟန်းဖြစ်လာသောအခါ နူးညံ့သော ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်နေသဘောထားသို့ ပြောင်းရာ၏။

အကြောင်းမှာ ဟန်လုပ်ရန် ရဟန်းပြုခဲ့သည် မဟုတ်ပေ။ လူသူတို့ရှေ့တွင် ဆရာတော်ဟူ၍ အထင်ခံစေရန်လည်းမလို

ကုသိုလ်ပြုရန်သာ ရဟန်းပြုခဲ့ခြင်း ဖြစ်သောကြောင့် ရဟန်းကျင့်ဝတ်နှင့်အညီ ကုသိုလ်တိုးပွားမှုကိုသာ အမျိုးမျိုး ရှာရမည်ဖြစ်သည်၊ သာသနာ ပြုဟူ၍စရိယ အလုပ်ကား ငါ၏အလုပ်တည်း၊ ဤအမှုကိုကို ပြုလုပ်ချင်၍ လူ့ရွာမှ ထွက်လာခဲ့သူတည်း ဟူ၍ နှလုံးပိုက်ကာ မိမိ၏ပဓာနလုပ်ငန်းကို ပေါ့ပါးစွာ ပြုနိုင်ရမည်၊ နားလည်အောင်လည်း ကြိုးစား လေ့လာရမည်၊ ရဟန်းတို့အသက်သည် ဝါကိုရေတွက်၍ ကြီးစေခြင်းဖြစ်သောကြောင့် မိမိမှာ အသက်ပင်ကြီးသော်လည်း ရဟန်းအဖြစ်ကား ငယ်ရွယ်သေး ဖြစ်လေသည်၊ ရှေးကမွေးဖွား၍ နှစ်လကြာပြီးသော ပုဂ္ဂိုလ်တို့ ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ နေရာခင်းခြင်း စသည်ကို ပြုရမည် ဖြစ်၏။

အမှန်ကိုရေးရလျှင် ဤစာရေးသူ အရှင်သည် မိမိထက် ဂုဏ်သိက္ခာဝါကြီးသော ပုဂ္ဂိုလ်တို့အား ရိုသေလေးစားခြင်း၊ ဝတ်ကြီးဝတ်ငယ်ပြုစုလုပ်ကျွေးခြင်း၌ အထူးစိတ်ဝင်စားသော ခေတ်ခံရှိ၏၊ ယခုအခါ တောကြီး တောင်ကြီးတို့၌ နေရသော မိမိသာ လူကြီးဖြစ်နေသောကြောင့် ရိုသေစွာ လုပ်ကျွေးရမည့် ပုဂ္ဂိုလ်မရှိသဖြင့် ထိုကုသိုလ် မရတော့ပေ၊ ဝါဝင်ဝါကျွတ် စသော အခါကြီးတို့၌ ရှိခိုးပူဇော်ကန်တော့ရန်ပင် သေရဲ၀ါကြီး ပုဂ္ဂိုလ်များ ဘယ်အခါ ရနိုင်မည်လဲ ဟူ၍ ကြိမ်ဖန်များစွာ မှန်းမျှော် တောင့်တခဲ့ဖူး၏။

ကိုယ့်ထက် ဂုဏ်သိက္ခာကြီးသော ရဟန်း သံဃာတို့အား ရိုသေမြတ်နိုးရခြင်း၊ ရှိခိုးပူဇော်ရခြင်း၊ ဝတ်ကြီး ဝတ်ငယ်ပြုစု

လုပ်ကျွေးရခြင်းသည် အရင်းမစိုက်ဘဲနှင့် ရသော အဖိုးဘန် ကုသိုလ်ဖြစ်၏၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာ ကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း ဟူသော အကျိုးထူးတရားအပေါင်းတို့ကို ဖြစ်ရမည့်ဘဝတို့၌ ရနိုင်လေ သည်၊ ပိုက်ဆံပေးဝယ်၍ မရနိုင်ချေ၊ ကိုယ်တိုင် ပြုခြင်းသည် မြတ်သော သဘောတ္တိက ကုသိုလ်မျိုးဖြစ်သည်။

အလှူဒါနပြုရန် ရဟန်း ဘဝသည် တစ်မျိုးအားဖြင့် လွယ်ကူ၏၊ ပြုလိုသောဒါနကို သူတစ်ပါးအား တိုင်ပင် ခွင့် တောင်းနေရန် မရှိခြင်း၊ မိမိကိုယ်တိုင်က သူတစ်ပါးတို့အား တရားဟောပြနေရခြင်းကြောင့် ဒါနပြုပုံပြုနည်း၊ ရရှိခံစားနိုင် သော အကျိုးတရား၊ လှူဒါန်းနိုင်သောဌာန၊ လှူဒါန်းကောင်း သော ဝတ္ထု၊ အကျိုးကြီးပုံ၊ ငယ်ပုံ၊ စေတနာထားပုံမှစ၍ အစီအစဉ်အားလုံးကို နားလည်ပြီးများ ဖြစ်ကြလေသည်။

ဤစာရေးသူအရှင်သည် ချင်းတောင် ဖလမ်းမြို့တွင်နေစဉ် ခရီးသည်တို့ မပြတ် သွားလာလေ့ ရှိသော ကျောင်းအနီး လမ်းမကြီး၌ ရေချမ်းစင် တစ်ခု ကည့်ထား၏၊ ချင်းလူမျိုး၊ ဂေါ်ရခါး၊ လူးဆိုင် စသော ခရီးသည်တို့ ရေသောက်ကြ သည်ကို မြင်ရတိုင်း အလွန် နှစ်သက် ဝမ်းမြောက်မိ၏၊ ဤ ကုသိုလ်၏ နောင်ရမည့် အကျိုးဆက်ကိုလည်းကောင်း၊ ခရီး သည်တို့ ရေအတွက် ချမ်းသာကြသည်ကို လည်းကောင်း စဉ်းစားမိတိုင်း ပီတိသောမနဿ ဖြစ်ရပေသည်။

ထို့အတူ စေတီ၊ ပုထိုး၊ ဆင်းတုတော်တို့၌ ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်းကပ်ခြင်း၊ တံမြက်လှည်းခြင်း စေတိယင်္ဂဏ ဝတ်၊ ဗောဓိယင်္ဂဏဝတ်ပြုခြင်း စသည်ဖြင့် များစွာပြုလုပ်နိုင်ကြသည် ဖြစ်လေရာ နေ့စဉ်နှင့် အမျှ ဘဝသံသရာအတွက် အချိန်မရွေး ဆောင်ရွက်နိုင်၏၊ ထို့ကြောင့် ရဟန်းဘဝသည် ပါရမီအဖြည့်နိုင်ဆုံးဖြစ်သည်ဟု ဆိုခဲ့သတည်း။

နိဗ္ဗာန် မရမီ စပ်ကြား မရေမတွက်နိုင်သော ဘဝတို့သည် ရှည်လျားစွာဖြစ်ရဦးမည်မှာ မုချဖြစ်လေရာ လူဖြစ်စေ၊ နတ်ဖြစ်စေ မကောင်းသာလျှင် အဟိတ်တိရစ္ဆာန်ပင် ဖြစ်ရစေဦးတော့ ချမ်းချမ်းသာသာ ဖြစ်ချင်၏၊ အစာရေစာအတွက် မဆင်းရဲရခြင်း၊ အဝတ်အရုံ အိပ်ရာနေရာ ခြွေရံသင်းပင်း အလုပ်အကျွေးမှစ၍ ပြည့်စုံစေချင်၏၊ ချမ်းမြေ့သောအရပ် ချမ်းမြေ့သော ခေတ်ကာလ ချမ်းမြေ့သောအပေါင်းအဖော် ယဉ်ကျေးသော မိဘဆွေမျိုး မြတ်သောအမျိုး ဖြောင့်မှန်သော အယူဝါဒ မှီခိုဆိုက်သော ဆရာသမားကောင်းကို ရလို၏၊ ထိုထိုဒါနကုသိုလ်တို့သည် မိမိ အလိုရှိအပ်သော ချမ်းသာမျိုးစုံကို လှယ်လင့်တကူ ပေးစွမ်းနိုင်ကြလေသည်၊ မပြည့်စုံသော အရာကို သာ၍ ဖြည့်စွမ်းဖို့လို၏။

ဤအကြောင်းနှင့် စပ်လျဉ်း၍ ရှေးအခါက သီဟိုဠ်ကျွန်းတွင် ဒါနမှုကလေး တစ်ခုကို အကြောင်းပြု၍ ထင်ရှားကျော်ကြားခဲ့သော အဘယမထေရ်ကြီး ဝတ္ထုကို အားကျဖွယ်

ကောင်းလှသဖြင့် ပါရမီဖြည့် ရဟန်းတို့အတွက် နည်းယူရန် ဖော်ပြလိုက်ပါသည်။

## ၁။ အဘယမထေရ်ကြီး ဝတ္ထု

ရှေးအခါက လင်္ကာဒီပမည်သော သီဟိုဠ်ကျွန်း၌ နှလုံးမွေ့လျော်ဖွယ်ရှိသော ကျောင်းရပ်သည် ရှိ၏၊ ထိုအရပ်ကို ပုပ္ဖာဝါသီ ဟူ၍လည်းတွင်၏၊ ထိုကျောင်းရပ်၏ အနီး ဒေဝတာ မည်သောရွာ၌ ဒေဝ အမည် ရှိသော အမတ်သည် ထိုရွာကို အစိုးရလေ၏။

တစ်ရံရောအခါ ထိုအမတ်သည် တစ်ခုသော ပြုဖွယ်ကိစ္စကြောင့် တောရွာများသို့ လှည့်လည်၍ မိမိရွာသို့ပြန်လာခဲ့စဉ် အလွန်ထမင်းဆာလောင်မွတ်သိပ်လှသဖြင့် နောက်ပါတပည့်လက်သားတို့အားကျွန်ုပ်ထမင်းစားပါအံ့၊ ပါခဲ့သောထမင်းကို ပြင်ကြလေဟု ခိုင်းလေ၏၊အမှုလုပ်တို့ထမင်းပြင်နေကြစဉ် ခွေးတစ်ကောင်သည် ဆာလောင်မွတ်သိပ်ခြင်းဖြင့် နှိပ်စက်သောကြောင့် စုန်စုန်ခိုက်ခိုက်နှင့် မျှော်လျက် ဤထမင်းစားရာမှ စဉ်းငယ်ရပါမည်လောမသိ ဟူ၍ နှလုံးသွင်းကာ အမတ်၏ အနီးသို့ ချဉ်းကပ်လာလေ၏။

ထိုအခါ အမှုလုပ်ယောကျ်ား တစ်ယောက်သည် ထိုခွေးကို ပြေးစိမ့်သော်ငှာတုတ်လုံးကိုင်၍ ပြေးလာလေ၏၊ဒေဝအမတ်

မြင်သောအခါ ထိုခွေးငတ်ကို သနားသည်ဖြစ်၍ မပုတ်ခတ်ရန် တားမြစ်လျက် ဟင်းမျိုးစုံအရသာနှင့်ပြည့်စုံသောထမင်းခဲ တစ်ခုကို လုံး၍ ကျွေးလိုက်၏၊ ခွေးသည် ထမင်းခဲကို အားရစွာ စားလေ၏၊ ထိုခွေးစားသည်ကို မြင်ရသော် မိမိ စွန့်ကြဲအပ်သော အလှူဒါနၥ် သဒ္ဓါကြည်ညိုသောစိတ်ကို ဖြစ်ပေါ်လေသည်။

ထိုအမတ်သည် ဤမျှသော ဖြစ်သော ကုသိုလ်ကံကြောင့် ထိုဘဝမှ သေလွန်ခဲ့သည်ရှိသော် ထိုဒေဝတာ ရွာ၌ပင်လျှမ်း တစ်ဦးသောအမျိုး၌ဖြစ်လာလေ၏၊ ထိုသူငယ်သည် အရွယ်သို့ ရောက်လတ်သော် အိမ်ထောင် သားမွေးနေပြီး၍ တတိယ အရွယ်သို့ ရောက်သောအခါ ပုပ္ဖာဝါသီကျောင်းသို့ သွား၍ ရဟန်း သံဃာတော်တို့ထံ ခွင့်တောင်းကာ ရဟန်းပြုလေ၏၊ ရဟန်းပြုပြီးလျှင် ပရိယတ္တိစာပေကျမ်းဂန်တို့ကို ကျက်မြောက်အောင် ကြိုးစားသင်ယူ၍ ကျင့်ဝတ်တရားတို့၌ လေးစားစွာ ဆောင်ခြင်း ရှိသောကြောင့် မဟာအဘယမထေရ် ဟူ၍ ထင်ရှား ကျော်ကြားလေ၏။

စိတ်သဒ္ဓါ ကြည်လင် ညွတ်နူးခြင်းရှိက တိရစ္ဆာန်အားစွန့်ကြဲသော အကျိုးသည်ပင် ကြီးမြတ်သောအဖြစ်ကို ဤသို့ ဒေသနာ လာလေသည်။

(၁) အို သူကြွယ်တို့၊ ဤ လူ့ပြည်၌ အကြွင်းသူသည် သဒ္ဓါ ကြည်ညိုခြင်းကို ရှေ့ညွှန်ပြု၍ ပိုးရွ ခြပုန်း စသော

တိရစ္ဆာန်အားသော်လည်း ထိုသတ္တဝါတို့နှင့် ထိုက်လျောက်သော အလှူကို ပေးလှူ၏။

(၂) ထိုလှူသောသူအား အလှူ၏ အကျိုးကို နတ်ပြည် လူ့ပြည်၌ ဖြစ်သော ချမ်းသာကို ပေးဦး ခံစားဦး၍ ဘဝ၏ အဆုံး၌ နိဗ္ဗာန်ချမ်းသာကိုပေး၏။

တစ်ပါးသောအခါ သီဟိုဠ်ကျွန်း၌ ဗြာဟ္မဏ တိဿအမည်ရှိသော ခိုးသူကြီးသည် ပုန်ကန်တိုက်ခိုက်၍ မင်းပြုသော အခါ ဘေးဥပဒ္ဒဝေါကြီး ဖြစ်လေ၏၊ ထိုအခါ တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး မိုးမရွာသောကြောင့် များစွာသော ကန်ချောင်းမြစ်တို့သည် ခန်းခြောက်ကုန်၏၊ လူနှင့်တကွသော သတ္တဝါတို့သည် ငတ်မွတ်ခြင်းဘေး ကြီးစွာဆိုက်လေ၏၊ ထိုအခါ ပုပ္ဖာဝါသီကျောင်းရပ်၏ ဆွမ်းခံရွာ၌ နေကုန်သော လူတို့လည်း အသက်မွေးခြင်းငှာ မတတ်နိုင်သောကြောင့် တစ်ပါးသော အရပ်သို့သွားကြရန် ကြံစည်ပြီးလျှင် အဘယမဟာထေရ်ကြီးအား လျှောက်ထားလာကြကုန်၏။

အရှင်ဘုရား ငတ်မွတ်သော ဘေးအန္တရာယ်သည် ကြီးစွာ ဖြစ်ပါသည်၊ ဤအရပ်၌နေ၍ဖြင့် အသက်ရှည်ခြင်းငှာ မတတ်နိုင်ရာပါ၊ အရှင်ဘုရားတို့လည်း တပည့်တော်တို့နှင့်အတူ လိုက်တော်မူပါကုန်ဘုရား ဟူ၍ လျှောက်လေရာ ဒါယကာတို့ မြတ်စွာဘုရားသခင်၏ မွေတော် ဓာတ်တော်တို့ကို ဌာပနာရာ

ဖြစ်သော စေတီတော်ကြီးနှင့် ဗောဓိပင်ကို အသက်ရှိစေတော် မူစဉ် ဘုရားသခင်ကိုကဲ့သို့ မပြတ်ရှိခိုးကာ မြတ်နိုး ပူဇော်လျက် အမြဲဆည်းကပ်၍ ဝတ်ကြီးဝတ်ငယ်ပြုနေသော ငါသည် စွန့်၍ သွားအံ့သောငှာ မတတ်နိုင်ပါချေ၊ ဤပုပ္ပာဝါသီ ကျောင်းအရပ်၌လျှင် ငါသည် အသက်ထက်ဆုံး တိုင်အောင်စီ တံမြက်လှည်းခြင်း စသော ဝတ်ကိုပြု၍နေပါအံ့၊ ငါ့ကို လိုက်စိမ့်သောငှာ သင်တို့ အားမထုတ်ကြပါလင့်ဟူ၍ မထေရ်မြတ်က မိန့်တော်မူလေလျှင် လူဒါယကာတို့လည်း မထေရ်ကြီးကို ထားခဲ့၍ ရပ်တစ်ပါးသို့သွားကြကုန်၏။

အဘယမထေရ်မြတ်ကြီးသည် ထိုသို့ လူတို့သွားသောနေ့မှစ၍ ဆွမ်းမဘုဉ်းပေးရတော့ချေ၊ အစဦးဖြစ်သောနေ့၌ စေတီတော်နှင့် ဗောဓိရင်ပြင်ဝယ် ဝတ်ကြီးဝတ်ငယ်တို့ကို ပြုသဖြင့် သာလျှင် တစ်နေ့သောကာလကို လွန်စေခဲ့၏၊ ထိုနည်းအတူ နှစ်ရက်မြောက်သောနေ့၌ လည်းကောင်း၊ သုံးရက်မြောက်သောနေ့၌ လည်းကောင်း စေတီရင်ပြင် ဗောဓိရင်ပြင်၌ တံမြက်သုတ်သင်ခြင်း စသည်ဖြင့် ပြုမြဲသော ဝတ်တို့ကို ပြုမြဲပြု၍ ပြန်ခဲ့ပြီးလျှင် ဝိတက္ကမာဠခေါ် ကြံစည်ရာ မဏ္ဍပ်၌ နေတော်မူလေ၏။

ထိုသို့ နေတော်မူစဉ် ထိုမထေရ်ကြီး၏ ဂုဏ်ကျေးဇူးတော်အစွမ်းကြောင့် ဝိတက္ကမာဠ စောင်းတန်းဦး၌ရှိ သင်းဝင်ပင်၌ စောင့်နေသော ရုက္ခစိုးနတ်သည် ညှိုးငယ်သော ကိုယ်တော်

ရှိသော မထေရ်မြတ်ကို ရှုကြည့်၍ မိမိမယားဖြစ်သော နတ်သမီးကိုခေါ်၍ တိုင်ပင်လေ၏။

အိုချစ်မ အဘယမထေရ်ကြီးသည် စေတီတော်နှင့်ဗောဓိပင်ကို စွန့်၍ တစ်ပါးသောအရပ်သို့ မသွားပြီဟု ဝန်ခံခြင်းရှိ၍ ငတ်မွတ်သော ဘေးဖြစ်လျက်နှင့်ပင် တစ်ပါးသော အရပ်သို့ ကြွသွားဘဲ စေတီတော်ရင်ပြင် ဗောဓိရင်ပြင်တို့၌သာတံမြက်လှည်းခြင်း စသော ဝတ်ကြီးဝတ်ငယ်တို့ကိုပြု၍ နေရှာပါ၏ ထိုအရှင်မြတ်ကြီးအား ငါတို့မှတစ်ပါး ဆွမ်းခံရာအရပ်သည် မရှိတော့ပါ၊ မထေရ်မြတ်ကြီးသည် အာဟာရပြတ်၍ သေခြင်းကာလကို ပြုရလေအံ့၊ ထိုသို့ ဆွမ်းအာဟာရ ပြတ်၍ ပျံလွန်တော်မူခဲ့သော် ငါတို့မှာ မလျောက်ပတ်ချေ၊ ယနေ့မှစ၍ ထိုအရှင်မြတ်ကြီးအား ဆွမ်းလှူပါရစေ ဟူ၍ တိုင်ပင်လေ၏။

ထိုအခါ နတ်သမီးက နတ်သားကို ဤသို့ ပြန်၍ မေး၏။

အမောင်နတ်သား ဆွမ်းလှူ ပါရစေလို့ ပြောသည်ကား မှန်၏၊ ဤအရှင်မြတ်၌ ပြုခဲ့ဖူးသော ရှေးကောင်းမှုကံကား မည်သို့ရှိသည်ကို အကျွန်ုပ်သိပါရစေဦးဟူ၍ ဆိုသောကြောင့် မထေရ်မြတ်၏ ရှေးအခါတုန်းက ခွေးငတ် ဘစ်ကောင်အား တုန်တုန်ချည့်ချည့်နှင့် နေသည်ကိုမြင်၍ ကိုယ်ချင်းစာနာကာ ကျွေးခဲ့ဖူးသော ကုသိုလ် အကြောင်းကို ပြောပြလေ၏၊ ထို့နောက်ဆက်၍ နတ်သားက ပြောပြသည်မှာ (ဘဒ္ဒေ၊ အဘယ်နတ်သမီး။ ဒါနံ၊ အလှူ၏စေတနာကို။အပ္ပံ၊ အနည်း

ငယ်သာဟူ၍။ နဟိစိန္တနီယံ၊ မကြံစည် မခံအောက်မေ့အပ်။ ပရိတ္တဗီဇဇနံ၊ ငယ်စွာသော အစေ့ကြောင့်။ ဇာတော၊ ပေါက် ရောက်လတ်သော်။ ဝဋ္ဋော၊ ကြီးလှစွာသော ပညောင်ပင်ဖြစ် သည်။ ဇာတောဏ္ဍာ၊ ဖြစ်သကဲ့သို့တည်း။)

ဤသို့ နတ်သမီးနှင့် တိုင်ပင်ပြောဆို၍ ပြီးသျှင် နတ်သား၏ ကိုယ်ကိုစွန့်၍ လူ၏အသွင်ဖြင့် မဟေရ်မြတ်ကြီးထံ ချဉ်းကပ် လျက် သပိတ်တော်ကိုယူကာ နတ်ဆွမ်းကိုထည့်၍ ကပ်လှူ လေ၏။

'လျှောက်ထားပါသည် ဘုရား၊ အရှင် ဘုရားတို့သည် အသက်ထက်ရှည်သမျှ ကာလပတ်လုံး ဆွမ်းကို အမြဲလှူပါအံ့၊ မလျှော့သော ရဟန်းတရားကိုသာ မယုတ်အောင် အားထုတ် တော်မူပါ၊ ဤကရဇ္ဇရုက္ခ ဟူသော သင်းဝင်ပင် သည်ကား ကျွန်ုပ်၏ဗိမာန်နေရာပါတည်း၊ ဤသစ်ပင်ရင်းသို့သာ အရှင် ဘုရား အမြဲကြွတော်မူပါဘုရား ဟူ၍ နှစ်သက်ဝမ်းမြောက်စွာ လျှောက်ခဲ့ပြီးလျှင် မိမိနေရာ သင်းဝင်ပင်ဗိမာန်သို့ ပြန်သွား လေ၏။

အကာယမဟေရ်မြတ်ကြီးသည် ထိုနေ့မှစ၍ သင်းဝင်ပင်ရင်း သို့သာ နေ့စဉ်ကြွရောက်လေ၏။ ရုက္ခစိုးနတ်သည်လည်း အမြဲ လျှင် နတ်ဥဖြစ်သော ဆွမ်းကို လှူဒါန်းဆက်ကပ်လေ၏။

လူတို့သည် ငတ်မွတ်ခေါင်းပါးခြင်းဘေးဖြင့် အလွန်နှိပ်စက်လေသောကြောင့် လူသားကိုပင် အချင်းချင်းသတ်၍ စားကြသောသူတို့ ရှိကုန်၏၊ တစ်ရံရောအခါ ပုပ္ဖာဝါသီကျောင်းအရပ်သို့တိုင်အောင် လူသားစားသော သူတို့ ရောက်လာကြပြီးလျှင် နတ်လှူသောဆွမ်းကို စားသဖြင့် ဆူဖြိုးသော ကိုယ်ရှိသော အဘယ မထေရ်မြတ်ကြီးကို မြင်ကုန်သည် ရှိသော် ဤရဟန်းကြီးကိုသတ်၍ စားကြကုန်အံ့ဟု တိုင်ပင်ကြပြီးလျှင် စေတီတော်ရင်ပြင်၊ ဗောဓိရင်ပြင်မှ တံမြက်လှည်း၍ အမှတ်မထားပင် ပြန်ထွက်ကြလာသော မထေရ်မြတ်ကြီးကို ချောင်းမြောင်းလျက် နေကြ၏။

လူသားစား လူမိုက်တို့သည် ဆူညံစွာ အော်ဟစ်လျက် တုတ် ဓား လက်နက်များ ကိုင်ဆောင်ကာ မထေရ်မြတ်ကြီး ဝင်သွားသော ကျောင်းကို ဝန်းရံကြကုန်၏၊ အဘယ မထေရ်မြတ်ကြီးသည် ရှေးနှစ်ခုမြောက်ဘဝ ဒေါင်းအဖတ် ဖြစ်စဉ်က အလုပ်အကျွေး ဖြစ်သူတို့သည် ခွေးငယ်ကို ပုတ်ခတ်အံ့ဟု တုတ်လုံးကိုင်၍ လာကြစဉ် မပုတ်ခတ်ရန် ဆီး၍ တားမြစ်ဖူးသော ကောင်းမှုကံ၏ အကျိုးသက်ကြောင့် ကျောင်းရပ်၏ အလယ်၌ ကြီးစွာသော တောင်ကြီးတစ်လုံးသည် တစ်ခဏချင်း စုန့်စုန့်တက်၍ မထေရ်မြတ်ကို ထက်ဝန်းကျင်မှ အုပ်ထားသော အနေနှင့် ပေါ်ထွက်လာလေ၏။

တောင်ကြီးကာရံထားသောအခါ ခိုးသား လူဆိုးတို့လည်း ထိုမှ ဤမှ ကြည့်ရှု၍ မထေရ်မြတ်ကို မမြင်ရသော် ဤမထေရ်

ကြီးကား ရဟန္တာပုဂ္ဂိုလ်ကြီး ဖြစ်ပေလိမ့်မည်ဟူ၍ ကြံပြီးလျှင် ကြောက်လန့်သောကြောင့် ထွက်ပြေးကြလေကုန်၏။

ထိုသထေရ်မြတ်ကြီးကား သင်းဝင်ပင့်စောင့်နတ်က လှူအပ်သည့် သန့်စင်စွာသော နတ်ဆွမ်းကို ဘုဉ်းပေးတော်မူလျက် တစ်ဆယ့်နှစ်နှစ်ပတ်လုံး ပုထုဇဉ်အဖြစ်နှင့် ရဟန်း ကျင့်ဝတ်တို့ကို မချွတ်စေဘဲ စေတိယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်ကို ပြုလျက် နေတော်မူ၏၊ ထိုနောင် သမထဝိပဿနာကို ပွား၍ အရဟတ္တဖိုလ်သို့ ရောက်တော်မူပြီးနောက် ထိုပုပ္ဖာဂီရိမဟာဝိဟာရ ကျောင်း၌ပင် ချမ်းသာစွာ သီတင်းသုံး၍ ပရိနိဗ္ဗာန်ပြုတော်မူလေ၏။ ရုက္ခစိုးနတ်လည်း (၂၄) နှစ်ပတ်လုံး အဘယမထေရ်မြတ်ကြီးကို ဆွမ်းဖြင့် လုပ်ကျွေးခြင်း ကောင်းမှုကို ပွားရသေ၏။

## မြတ်စွာဘုရား ဒေသနာတော်

ဤအကြောင်းနှင့် လျော်စွာပင် ဘုရားရှင်သည် ဟောတော်မူခဲ့၏။

(က) အကြွင်းသူသည် ဒဏ်မပေးထိုက်သော သူအားရိုက်ခတ်ခြင်းစသော ဒဏ်ပေးခြင်းကို ပြုမိလေ၏၊ ထို ဒဏ်ပေးမိသောသူသည် ဖြစ်လေရာရာ ဘဝတိုင်းတို့၌ ရိုက်ခတ်ခြင်းအစရှိသော ဒဏ်ခံရခြင်းသို့ ရောက်၏။

(ခ) အကြွင်းသူတော်ကောင်း ပုဂ္ဂိုလ်သည် သူတစ်ပါးက ရိုက်ခတ်လာသော်လည်း အမျက်ထွက်ခြင်းကို မပြု၊ ရိုက်ခတ်

ခြင်းဒဏ်တို့ကိုလည်း မပေးချေ၊ ထိုသို့ သည်းခံလေ့ ရှိသော သူတော် သူမြတ်ကို လူနှင့် တကွသော နတ်တို့သည် စောင့်ရှောက်ကြကုန်၏။

## ၂။ ဝီရိယဇွဲသန်သော ရဟန်း

### ခုနစ်ပါးတွေ့

နိဗ္ဗာန်တည်းဟူသော ဘေးကင်းရာလမ်းသို့ သွားကြသော သူတော်ကောင်းတို့တွင် ကဿပ ဘုရားရှင် သာသနာတော်တွင်း နောက်ဖျား၌ ရဟန်းတော် ခုနစ်ပါး၏ ဝီရိယဇွဲသန်ပုံ အမိဋ္ဌာန်ဘည်ပုံကို အားကျ အတုယူဖွယ် ကောင်းလှပေသည်၊ အကြောင်းကား ဤသို့ဖြစ်၏။

ကဿပဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူသည့် အခါ၌ လွန်စွာထိတ်လန့်ဖွယ်ကောင်းသော တိတ်ကြီး နိမိတ်ကြီးများ ဖြစ်ပေါ်ခဲ့လေသည်။

ကောင်းကင်ယံမှ ဆူညံစွာ နတ်တို့ ငိုကြွေးခြင်း၊ ပြင်းထန်စွာ မြေလျှင်တုန်လှုပ်ခြင်း၊ အရပ်ရှစ်မျက်နှာမှ တော်လဲသံကြီး ကြိမ်းဟိန်းခြင်း၊ နတ်စက် မိုးကြိုးကျခြင်း၊ ဥက္ကာပျံသန်းခြင်း၊ ကြယ်ကြွေခြင်း၊ တိရစ္ဆာန် သားငှက် အပေါင်းတို့ တစ်ပြိုင်နက် ထိတ်လန့်ဖွယ်မြည်တွန်ကြခြင်း၊ သမုဒ္ဒရာ ပင်လယ်တို့၌ ကြီးစွာသော လှိုင်းတံပိုးထခြင်း စသည်တို့ ဖြစ်လေသည်။

ထို့နောက် မိစ္ဆာဒိဋ္ဌိ အယူဝါဒ လက်ကိုင် ရှိသူတို့သည် အချင်းချင်းဂိုဏ်းဖွဲ့၍ လှုံ့ဆော်ကြပြီးလျှင် ဘုရားရှင် သာသနာတော် ကွယ်ပရန် ယုတ်မာသော မသူတော်တရားတို့ဖြင့် လှုမ်းမိုးအောင် ဟောပြောကြကုန်၏။

စိတ်နုသော ပုထုဇဉ် ရဟန်းတို့ ပင်လျှင် မိစ္ဆာဒိဋ္ဌိဝါဒဂိုဏ်းသို့ သက်ဝင်ကာ ဝိနည်းတရားလက်လွှတ်၍ မသူတော်တရားတို့ဖြင့် လင်သလို နေထိုင်သွားလာလှည့်ပတ်ကြကုန်၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံယူတော်မူပြီးနောက် ရဟန္တာ ပုဂ္ဂိုလ်ကြီးများအဆင့်ဆင့်ပရိနိဗ္ဗာန်သို့ကူးသွားကြလေလျှင်ဗုဒ္ဓသာသနာတော်သည် တစ်နေ့တခြား ရေနည်းငါးသို့ ဖြစ်ရတော့သည်။

ထိုသို့ သာသနာတော်ကြီး ကယောက်ကယက်နှင့်အငှောင့်အယှက်တော များနေသောအခါ လဇ္ဇီ သူတော်ကောင်း ဖြစ်ကြသော ရဟန်းတော် ခုနစ်ပါးတို့သည် အညီအညွတ် စိတ်တူကိုယ်မျှ တိုင်ပင်ကြကုန်၏ ထိုခုနစ်ပါးတို့ အထဲတွင် အရှင်ဒဗ္ဗအလောင်း၊ အရှင်ကုမာရကဿပ အလောင်း၊ ပက္ကုသာတိမင်းကြီး အလောင်းတို့သည်း ပါဝင်ကြလေသည်။

ယခုအခါ ငါတို့အားထားရာ ဘုရားရှင်လည်း နိဗ္ဗာန်စံဝင်သွားပြီ၊ ထင်ရှားတဲ့ ရဟန္တာ အရှင်မြတ်ကြီးတို့လည်း နိဗ္ဗာန်သို့ကြွကြလေပြီ၊ မိစ္ဆာဒိဋ္ဌိတို့ကသာ အယူမှားတဲ့သူတို့တရားကို ထွန်းကားအောင် ကြံဆောင် ထကြွနေကြတော့တယ်၊ သာသနာ အတွင်းမှာလည်း အလဇ္ဇီ ရဟန်း၊ ဒုဿီလ

ရဟန်းတို့သာ များနေကြတော့တယ်၊ သည်အတိုင်းသာဖြင့် သာသနာတော်ကြီးဟာ တစ်နေ့တခြား ရေနည်းငါးလို ဖြစ်ရတော့မယ်. ယခုပင်လျှင် ဘုရားရှင် ပညတ်တော် သိက္ခာပုဒ်တော်၊ မွန်မြတ်တဲ့ တရားတွေဟာ ဆုတ်ယုတ်တိမ်မြုပ်လို့ တစ်စတစ်စ မှေးမှိန်နေပြီ၊ မိစ္ဆာဒိဋ္ဌိတွေ လွှမ်းမိုး၍ ဘုရားရှင်သာသနာတော်ကြီးတော့ မကြာမီ ဆုံးရှုံးပြီး ကွယ်ပျောက်ရတော့မည်မှာ မုချကဲ့သို့ ဖြစ်ချေပြီ။

ဒီအတိုင်းသာနေကြလျှင် တပည့်တော်တို့လည်း လူ့ဘဝလုံးလုံးကြီးရှုံး၍ အကျိုးမဲ့ပျက်စီးပြီး အပါယ်ရေသို့ ကျရပါလိမ့်မည်၊ ဒီတော့ သာသနာရောင် နည်းနည်းပြောင်၍ မမှောင်သေးခင်၊ ရဟန်းတို့ ကျင့်စဉ် ကျင့်လမ်း တရားများ မကွယ်ပျောက်သေးမီ မဂ်ဖိုလ်ရောက်ကြောင်း သံသရာဝဋ်မှ ထွက်မြောက်ကြောင်းလမ်းကို ကိုယ်လွတ်ရုန်းပြီး ဆောဆောလျင်လျင် ကြိုးကုတ်ကျင့်ဆောင်ကာ ထွက်လမ်းရှာကြစို့ရဲ့ဟူ၍ ညှိနှိုင်းတိုင်ပင်ကြလေ၏၊ ထို့နောက် အားလုံး စိတ်တူသဘောတူနှင့် ယူသင့်သော သင်္ကန်း၊ သပိတ်၊ ပရိက္ခရာများကို မိမိတို့နိုင်သမျှ ယူဆောင်၍ မည်သူ့ကိုမျှ အသိမပေးဘဲ တောနက်ရာ ဟိမဝန္တာသို့ ရှေးရှုထွက်သွားကြလေ၏။

ဤကဲ့သို့တိုင်ပင်၍ စွန့်စားခြင်းမျိုးကား မြင့်မြတ်သော ယောကျ်ားတို့၏ ရဲရင့်သော စိတ်ဓာတ်မျိုးပေတည်း၊ အများသော လူရှင်ရဟန်းတို့အား မိမိတို့ဘက်ပါရန် ဆွဲဆောင်

ဟောပြော၍ ရနိုင်မည် မဟုတ်သည်ကို သိသောကြောင့် သူတစ်ပါး၏မကယ်နိုင်သော်လည်း မိမိကိုယ်အတွက် မဆုံးရှုံးစေရန် ဤသို့ ကြံစည်စွန့်စားကြခြင်း ဖြစ်လေသည်၊ ပါရမီရှင်သူတော်စင်တို့၏ကျင့်ထုံးဖြစ်၍ နည်းယူဖွယ်တည်း။

အစဉ်သဖြင့် ထွက်လာကြရာ ဟိမဝန္တာ တောနက်ကြီးအတွင်းသို့ ရောက်ကြလေလျှင် အလွန်တရာ မြင့်မားသောတောင်ကြီးတစ်ခုကို တွေ့မြင်ကြလေ၏၊ ထိုတောင်ကြီးကား တက်ရန်ဆင်းရန် ခက်ခဲသော တောင်ကလပ်ကြီး ဖြစ်လေသည်။

ခေါင်းဆောင်ဖြစ်သောမထေရ်ကြီးက ငါ့ရှင်တို့ ဟိုရှေ့မှာ မြင်ရတဲ့ တောင်ကြီးကဖြင့် ဆန်းကြယ်၍ မြင့်မောက်သောတောင်ကြီးတစ်ခုပဲ၊ မိုးတိမ်ထဲမှာ ရောက်နေအောင်လည်း မြင့်တယ်၊ ငါတို့အားလုံး ဤတောင်ကြီးပေါ်သို့ တက်၍ ကိုယ်နှင့် အသက် မငဲ့ကွက်ဘဲ မကြောက်မရွံ့တမ်း အသက်ကိုရဲရဲစွန့်၍ ကြိုးပမ်း အားထုတ်ကြရလျှင် မလျော်ပေဘူးလားဟူ၍ မိန့်တော်မူလေလျှင် အရှင်ဘုရားမိန့်တော်မူတိုင်းသင့်မြတ်လျောက်ပတ် လှပါသည်၊ တပည့်တော်တို့မှာ ကိုယ်ရောအသက်ရော စွန့်ပြီးများ ဖြစ်ကြပါ၏၊ မတွန့် မဆုတ်လိုပါ။ စိတ်ဓာတ် ခိုင်ခိုင်နှင့် တရားရကြောင်းကိုသာ ပိုင်နိုင်အောင်ရဲရဲကြီး ကြိုးစားမှ အကျိုးရှိပါမည်၊ အရှင်မြတ်၏ အမိန့်အတိုင်း တက်ကြပါကုန်အံ့ ဟူ၍ နောက်ပါ ရဟန်း ခြောက်

ပါးတို့ကလည်း တညီဘည်း ဝမ်းမြောက် နှစ်သက်စွာ သဘောတူကြလေ၏။

ဤသို့ သဘော တူကြပြီးလျှင် အကြီး အမှူး ဖြစ်သော မထေရ်မြတ်က ခေါင်းဆောင်၍ ခြေဖြင့်သွားနိုင်ရာကို ခြေဖြင့် သွားကြပြီးလျှင် မဘက်နိုင်ရာ၌ သင်္ဘောကားတစ်ခု ရှာကြံကာ ထောင်၍တက်ကြ၏၊ အားလုံး ဘောင်ကြီးထိပ်သို့ ရောက်ကြ သောအခါ လှေကားကြီး ဒီအတိုင်းထား၍မလျော့ချ၊ တရား အားထုတ်ရာ၌စိတ်ပျော့ခြင်း၊ ဝီရိယပေါ့ခြင်းရှိမည်၊ သမာဓိ ပျက်သူက လှေကားမှဆင်း၍ မြို့နယ်ရွာနားသို့ ပြန်ချင်သော တွန့်စိတ်ဖြစ်နိုင်စရာ အကြောင်းရှိသည်ဟု သဘောရကြသဖြင့် အားလုံးသဘောတူ လှေကားကြီးကို တွန်းချလိုက်ကြပြီးလျှင် ဝမ်းသာအားရစွာ အောင်ပြီဟူ၍ စိတ်ထဲက ကြွေးကြော် လိုက်ကြ၏။

ထိုအခါ ငါတို့မှာ ပြန်လမ်းမရှိပြီ ဤဘောင်ပေါ်၌ ရုပ်နာမ်ခန္ဓာခြွေ၍ ကောင်းမြတ်ရာ တစ်ကြောင်းတည်းသော လမ်းကိုသာသွားကြ ကုန်စို့၊ စိတ်၌ဝန်လေးမည့်လှေကားလည်း ဖြုတ်လိုက်ပြီ၊ ဈာန်ရ၍ ကောင်းကင်ပျံနိုင်လျှင်ပျံ မပျံနိုင်လျှင် သေဖို့သာ လမ်းရှိတော့သည်ဟု ကိုယ်ကို လည်းကောင်း၊ အသက်ကိုလည်းကောင်း မငဲ့ကွက်ဘဲ တကယ့် ဝီရိယ ဇွဲဖြင့် အားခဲကြိုးစားကာ အသီးသီး သင့်လျော်ရာနေရာ ဌာနတို့၌ တစ်ပါးစီခွဲခြား၍ တရားအားထုတ်ကြလေ၏။

ကတိကဝတ်ကို ဤသို့ ထားကြသေး၏၊ သံသရာဝဋ်မှ ထကယ် ကျွတ်လွတ်ကြောင်းဖြစ်သော ထူကယ့် တရားထူးကို ရရှိအောင် အားထုတ်ကြသော ပုဂ္ဂိုလ်ချည်း ဖြစ်ကြသည်၊ တရားထူးမရသမျှ အသက်ရှင်ဖို့တော့ မျှော်လင့်စရာ မရှိဘူး၊ ယနေ့ကစ၍ ဆွမ်း အာဟာရကို မှီဝဲရလိမ့်မည်ဟု တွေးကြံဖွယ် မရှိ၊ တရားတော်မြှော်သာလျှင် အ[illegible]ားကိုးရာရှိလေသည်။

ထို့ကြောင့် တစ်ပါးနှင့်တစ်ပါး စကားမပြောကြစတမ်း၊ တစ်ပါး၏[illegible]နေရာသို့တစ်ပါးက လာ၍မကူကြစတမ်း အာဟာရ ပြတ်၍ ဝေဒနာခံခြင်းအားသည်ကို တွေ့သဖြင့် ဆင်းရဲရောက် နေစေကာမူ တစ်ဦးနှင့်တစ်ဦး မကူညီကြစတမ်း၊ အကယ်၍ တစ်ပါးပါးသောပုဂ္ဂိုလ်သည် ဈာန်မဂ်ဖိုလ် အသိဉာဏ်ကို၍ ကောင်းကင်ခမ်းမှ ပျံသန်းနိုင်သော်လည်း ယိုပုဂ္ဂိုလ်က ဆွမ်းခံမကျွေးစတမ်း၊ ရှေးဦးစွာ ရထူးရရှိသောပုဂ္ဂိုလ်သည် မိမိအလိုရှိရာ ချမ်းသာတရားသို့ ကြွရောက်နိုင်သည်၊ ကျန် ပုဂ္ဂိုလ်များကို ငဲ့ကွက်နေရန် မလို၊ ကျန်ပုဂ္ဂိုလ်တို့ကလည်း ငါ့ကိုယ်ငါသာလျှင် အားကိုးရာဖြစ်သည်ဟု တစ်သမတ်တည်း တရားထူးရအောင်သာ ကြိုးစားရမည် ဟူ၍ အားလုံး သဘောတူကတိကဝတ်ပြုကာ ရဟန်းတော် ခုနစ်ပါးတို့သည် ပြင်းထန်စွာ တရားအားထုတ်ကြကုန်၏၊ တစ်ပါးနှင့်တစ်ပါး မမြင်လောက်ရာသို့ ခိုဝင်နေကြ၏။

ကိုယ်စီကိုယ်င ကမ္မဋ္ဌာန်း အားထုတ်တော် မူကြသည်မှာ ငါတို့အသွေးအသားတို့ ခန်းခြောက်ကုန်ပလေ့စေ၊ အရိုးနှင့်

အရေမျှသာ ကြွင်းစေတော့၊ တရားထူး မရသမျှ ဖြင့် ဤနေရာကမထပြီဟု ဓိဋ္ဌာန်ပြီးလျှင် အဆုံးစွန်မသော ထိုင်ခြင်းဖြင့် စိတ်ကိုတင်းလျက် ကိလေသာရန်ကို တွန်းလှန်ဖြိုခွင်းရန် ခိုင်မြဲသော သမာဓိနှင့် တည်ငြိမ်စွာ ထိုင်တော်မူကြလေကုန်၏။

ငါတို့သည် အနမတဂ္ဂ သံသရာ၌ ဤခန္ဓာကိုယ်ကြီးမှာ ဗဟိဒ္ဓရန်သူတို့နှင့် အကြိမ်ကြိမ် တိုက်ခိုက်ဖူးခဲ့ကြရသော်လည်း အဲတွင်းရန်သူ အစစ်ဖြစ်သော ကိလေသာ သူပုန်တို့ကိုဖြင့် တိုက်ခိုက်ခြင်း ပြုချဉ်မှ ပြုကြရပေမည်၊ ယခု တစ်ခါဖြင့် မဆုတ်တမ်း ရဲရင့်စွာ တိုက်ဘော့အံ့၊ ကိလေသာရန်သူနှင့် တိုက်ခိုက်ရင်းပင် သေသော်လည်း မြတ်၏၊ အရှုံးပေး၍ ထွက်ပြေးတော့မည်ကား မဟုတ်ဟူ၍ အသီးသီး ဆုံးဖြတ်ကြပြီးလျှင် အလွန်ပြင်းထန်သော သမ္မပ္ပဓာန်လုံ့လဖြင့် သမာနှင့် ဝိပဿနာ ဘာဝနာကို ကြိုးစားအားထုတ်တော် မူကြကုန်၏။

ယောကျ်ားမြတ် ရဟန်းမဟာနည်းကြီးများ ဖြစ်တော်မူကြသော ထိုပုဂ္ဂိုလ် ခုနစ်ပါးတို့တွင် ငါးရက်မြောက်သော နေ့၌ ပါရမီဓာတ်ခံ ရင့်သန်ပြီးသော ရဟန်းတစ်ပါးသည် ဈာန်အဘိညာဉ်နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ထိုအခါ ကောင်းကင်ခရီးဖြင့် ဥတ္တရကုရုခေါ် မြောက်ကျွန်းသို့ ဆွမ်းခံတော်မူ၍ သီတင်းသုံးဖော်တို့နှင့် ကတိကဝတ်ပြုပြီး ရှိသော်လည်း ကြီးသော ကရုဏာဒိတ်ကြောင့် တပည့်တော်မှာ ရဟန်းကိစ္စကုန်၍ မြောက်ကျွန်းမှ

ဆွမ်းခံပြန်ခဲ့ပါပြီ၊ အရှင်ဘုရားများ ဆွမ်းအာဟာရ မှီဝဲကြပါဦး၊ နောက်မှ အားအင်ရှိရှိနှင့် ဆက်လက်တရားအားထုတ်တော်မူကြပါ ဟူ၍လျှောက်လေ၏၊ သို့ရာတွင် ကျန်ခြောက်ပါးတို့က ကတိကဝတ်ကို မဖျက်ကြဘဲ အရှင်ဘုရားသာ ပါရမီရှင်မို့ ကိစ္စပြီးသော်လည်း တပည့်တော်တို့မှာ မအောင်မြင်သေးပါ၊ ငဲ့တော်မမူပါလင့်၊ ချမ်းသာရာသို့သာ ကြွတော်မူပါဘုရား၊ တပည့်တော်တို့မှာ ကံအတိုင်း ရှိပါစေတော့ ဟူ၍ မလျှော့သောဇွဲဖြင့်ပင် ကပ်လှူသော ဆွမ်းကို မစားကြဘဲ တည်ကြည်ခိုင်မြဲစွာ အားထုတ်လျက် ရှိကြလေ၏။

အာဟာရပြတ်သဖြင့် အားအင်ကုန်ခန်း ညှိုးနွမ်း၍ နေကြသော်လည်း ဓမ္မပီတိအရသာကိုခံစားလျက် ထိုင်ခြင်းဣရိယာပုတ်ကိုပင် မပျက်စေကြလေကုန်။ ထိုနောက် ၆-ရက်ကျော်မြောက် ၇-ရက်သို့ရောက်ကြသောအခါ စိတ်ခိုင်သော်လည်း ကိုယ်ခန္ဓာမှာ မခိုင်နိုင်တော့ဘဲ ယိုင်လဲကာ နုံးခွေလျက် ရှိကြကုန်၏၊ သို့ရာတွင် တရားနှလုံးသွင်းခြင်းကိုကား သတိမလစ်စေကြချေ၊ ဤအဖြစ်မှာ သနားဖွယ်ထက် ကြည်ညိုဖွယ်ကောင်းလှသောကြောင့် အားကျစရာပင် ဖြစ်သည်။

ခုနစ်ရက်မြောက်သောနေ့တွင် ထမင်းအသက် ၇-ရက် ဆိုသည့်အတိုင်း လူ့ပြည်သားတို့ ဓမ္မတာအရ ကိုယ်ခန္ဓာ တည်တံ့ခြင်းငှာ မတတ်နိုင်တော့ချေ၊ တစ်ပါးသော ပုဂ္ဂိုလ်သည် ပါရမီအလျောက် အနာဂါမ်တည်လေ၏၊ အနာဂါမ် ရောက်ပြီးလျှင် မရှေးမနှောင်း စုတေ၍ သုဒ္ဓါဝါသဘုံ၌ ဗြဟ္မာကြီး ဖြစ်လေ၏။

ကျန်ပုဂ္ဂိုလ် ငါးပါးတို့ကား ပါရမီနုသေးသောကြောင့် တရားထူးကို မရကြသော်လည်း တရားအားထုတ်ရင်း စုတေကြပြီးလျှင် တာဝတိံသာနတ်ပြည်၌ တန်ခိုးကြီးသောနတ်များ ဖြစ်ကြလေကုန်၏၊ အားလုံး ၇-ရက်မြောက်သော နေ့၌ပင် စုတေကြလေ၏။

တရားအာရုံကိုနှလုံးသွင်းရင်း စုတေရလျှင် အောက်ဆုံးမှာ နတ်ပြည်၌ဖြစ်ရခြင်း ခိုင်လုံသော သာဓကကြီး ဖြစ်လေ၏၊ ထိုကြောင့် သူငါ စသော သူတော်ကောင်းတို့သည် စုတေခါနီးအခါများမှာ တရားအာရုံကို သက်မလွတ်စေဘဲ မတွေမဝေ စုတေနိုင်ကြရန် ကိုယ်စီကိုယ်င လက်ကိုင်တရားများကိုကြိုတင်၍ဆောက်တည်ထားသင့်လှပေသတည်း။

## ၃၊ ဘုရားလောင်းတို့ ရဟန်းပြုနည်း

ဗျာဒိတ်ရတော်မူပြီးသော ဘုရားအလောင်းတော်တို့သည် ဘုရားရှင်တို့သက်ထက်၌ ကြုံကြိုက်သောအခါ မြတ်စွာဘုရား သာသနာတော်ဝင်၍ ရဟန်းပြုကြပြီးလျှင် အခြားသာမန် သော ပုဂ္ဂိုလ်တို့ကဲ့သို့ အမှတ်မဲ့နေခြင်းမရှိကြချေ၊ စတုပါရိ သုဒ္ဓိသီလ၌ ကောင်းစွာတည်၍ မြတ်စွာဘုရားရှင်၏ စကား တော်ဖြစ်သော ပိဋကတ်သုံးပုံကို ကောင်းစွာ သင်ယူပြီးလျှင် တစ်ဆယ့်သုံးပါးသော ဓုတင်အကျင့်တို့ကို ကောင်းစွာ ကျင့် သုံးလျက် တောသို့ဝင်ကာ ပြုကျင့်အပ်သော ဝတ်ကြီး ဝတ် ငယ်ကို ဖြည့်ကျင့်ပြည့်စေလျက် ရဟန်းတရားကို အားထုတ်

လေ၏၊ ဝိပဿနာကိုပွားစေ၍ အနုလောမဉာဏ်သို့ထိအောင် တည်ကြကုန်၏၊ မဂ်ဖိုလ်အကျိုးငှာ အားထုတ်ခြင်းကိုတော့ မပြုကြကုန်။

ဤစကား အစဉ်ကား မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ဃဋီကာရသုတ် အဖွင့်၌ ဤသို့ ပြဆိုထားလေရာသည်၊ ယခုခေတ်တွင် အချို့သောရဟန်းတို့သည်လည်း ဘုရားလောင်းတို့ ရဟန်းပြုနည်း လမ်းစဉ်ကို လိုက်နာကျင့်တတ်ကြလေသည်။

## ကထာဝတ္ထု ဆယ်ပါး

ဘုရားရှင် လက်ထက်တော် အခါက နာမည်ကျော် အရှင် ပုဏ္ဏမန္တာနီပုတ္တ ထေရ်မြတ်ကြီးသည် ရဟန်းတပည့်ငါးရာတို့အား ကထာဝတ္ထု ဆယ်ပါးဖြင့် မကြာခဏ ဆိုဆုံးမတော် မူလေ့ရှိ၏၊ ထိုကြောင့် အရှင်ပုဏ္ဏမထေရ်၏ တပည့်တို့သည် သိမ်မွေ့နူးညံ့သော စကား ရှိကြကုန်၏၊ စကားပြောတိုင်း ကထာဝတ္ထု ဆယ်ပါးတွင်မှ လွတ်ကင်း၍ မပြောကြချေ၊ ကထာဝတ္ထု ဆယ်ပါးကား–

(၁) အပ္ပိစ္ဆကထာ–အလိုနည်းပါးကြောင်းနှင့် စပ်ဆိုင်သော စကား။

(၂) သန္တုဋ္ဌိကထာ–တင်းတိမ် ရောင့်ရဲမှုနှင့် စပ်ဆိုင်သော စကား။

(၃) ပဝိဝေက ကထာ–ဆိတ်ငြိမ်အေးချမ်းမှုနှင့် စပ်ဆိုင်သော စကား။

(၄) အသံသဠ္ဌကထာ–မရောမပြွမ်း မရှုပ် မထွေးမှုနှင့် စပ်ဆိုင်သော စကား။

(၅) ဝီရိယာရမ္ဘကထာ–ပဓာနအလုပ်ကို အားထုတ်မှုနှင့် စပ်ဆိုင်သော စကား။

(၆) သီလကထာ–အကျင့်သီလ ပြည့်စုံမှုနှင့် စပ်ဆိုင်သောစကား။

(၇) သမာဓိကထာ–သမာဓိဂုဏ် ပြည့်စုံမှုနှင့် စပ်ဆိုင်သော စကား။

(၈) ပညာကထာ–ပညာဂုဏ် ပြည့်စုံမှုနှင့် စပ်ဆိုင်သော စကား။

(၉) ဝိမုတ္တိကထာ-ကိလေသာဝဋ်၊ သံသရာဝဋ် တို့မှ ကျွတ်လွတ်ရေးဂုဏ် ပြည့်စုံမှုနှင့် စပ်ဆိုင်သော စကား။

(၁၀) ဝိမုတ္တိ ဉာဏဒဿန ကထာ–ဝဋ်ဆင်းရဲမှ ကျွတ်လွတ်ရေးကို မြင်နိုင်သော ဉာဏ်ပညာ ပြည့်စုံမှုနှင့် စပ်ဆိုင်သောစကားတို့ ဖြစ်လေသည်။

ဤကထာ ဆယ်ပါးကို ပြောဆိုသံ ကြားရသောအခါ စိတ်ကြည်လင်၍ နားချမ်းမြေ့လေသည်၊ သူတော်ကောင်း ရသေ့ရဟန်းတို့သည် နိဗ္ဗာန်သို့ ရှေးရှုတော်မူသော ပုဂ္ဂိုလ်တို့ ဖြစ်ကြသောကြောင့် ကဏ္ဏသုခဖြစ်သော စကားကိုသာ အစဉ် ပြောဆိုလေ့ ရှိကြမြဲတည်း။

## ကျမ်းပြီးနိဂုံး

ရဟန်းပြုသော ပုဂ္ဂိုလ်သည် စင်စစ် ငြိမ်းချမ်းစွာ နေလို၍ ဖြစ်ရာ ဤဘဝ၌ ငြိမ်းချမ်းရန်မှာ မေတ္တာသုတ် ပရိတ်တော် ကျင့်စဉ် တစ်ဆယ့်ငါးပါးအတိုင်း လိုက်နာလျှင် မုချချမ်းသာ ရမည်ဖြစ်၏၊ ထိုတစ်ဆယ့်ငါးပါးကား....

(၁) သန္တံ၊ ငြိမ်သက်စွာသောသော။ ယံ ပဒံ၊ အကြင်တရား အပေါင်းသည်။ အတ္ထိ၊ ရှိ၏။ တံ ပဒံ၊ ထိုတရား အပေါင်းသို့ အဘိသမေစ္စ၊ ရှေးရှုတပ်၍။ အတ္ထကုသလေန၊ အကျိုးစီးပွား၌ လိမ္မာသောသူသည်။ ကရဏီယံ၊ ကျင့်အပ်၏။ သက္ကော စ၊ တောင့်တခြင်း၊ ကြောင့်ကြခြင်းတို့၌ ငဲ့ကွက်ခြင်း မရှိသည် လည်း။ အဿ၊ ဖြစ်ရာ၏၊ ဥဇူ စ၊ ဖြောင့်မတ်သည်လည်း။ အဿ ဖြစ်ရာ၏။ သုဟုဇူ စ ကောင်းစွာဖြောင့်မတ်သည်လည်း။ အဿ၊ ဖြစ်ရာ၏။ သုဝစော စ၊ ပညာရှိတို့ ဆိုဆုံးမလွယ်သည် လည်း။ အဿ၊ ဖြစ်ရာ၏။ မုဒု စ၊ နူးညံ့သော ကိုယ်နှုတ်စိတ် ရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။ အနတိမာနီ စ၊ မာနမရှိသည် လည်း။ အဿ၊ ဖြစ်ရာ၏။

(၂) သန္တုဿကော စ၊ ရောင့်ရဲ လွယ်ကူသည်လည်း။ အဿ၊ ဖြစ်ရာ၏။ သုဘရော စ၊ မွေးမြူ လွယ်ကူသည်လည်း။ အဿ၊ ဖြစ်ရာ၏၊ အပ္ပကိစ္စော စ၊ နည်းသောကိစ္စရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။ သလ္လဟုက ဝုတ္တိ စ၊ ပေါ့သော အသက် မွေး ခြင်းရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။ သန္တိန္ဒြိယော စ၊ ငြိမ်သက်

သော ဣန္ဒြေရှိသည်လည်း၊ အသျှ၊ ဖြစ်ရာ၏၊ နိပကောစ၊ ရင့်ကျက်သော ပညာ ရှိသည်လည်း၊ အသျှ၊ ဖြစ်ရာ၏၊ အပ္ပဂဗ္ဘောစ၊ မကြမ်းတမ်းသည်လည်း၊ အသျှ ဖြစ်ရာ၏၊ ကုလေသု၊ ဒါယကာအမျိုးတို့၌၊ အနနုဂိဒ္ဓောစ၊ မမက်မော မတွယ်တာသည်လည်း၊ အသျှ၊ ဖြစ်ရာ၏၊

(၃) ယေ၊ အကြင် တစ်ဆယ့်ငါးပါးသော အကျင့်တို့ကို မကျင့်သည်ဖြစ်၍၊ ဝိညူ၊ ဘုရားအစရှိသော ပညာရှိသူတော်ကောင်းတို့သည်၊ ပရေ၊ သူတစ်ပါးတို့ကို၊ ဥပဝဒေယျုံ၊ ကဲ့ရဲ့ကုန်ရာ၏၊ တံ၊ ထိုပညာရှိတို့ ကဲ့ရဲ့အပ်သော အမှုကို၊ ကိဉ္စိ၊ တစ်စုံတစ်ခု၊ ခုဒ္ဒံ၊ အနည်းငယ်မျှသော်လည်း နစမာစရေ၊ မကျင့်ရာ၊ သဗ္ဗသတ္တာ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့သည်၊ သုခိနောဝါ၊ကိုယ်စိတ်ချမ်းသာခြင်းရှိကုန်သည် လည်းကောင်း၊ ခေမိနောဝါ၊ အတွင်းအပဘေးရန်မရှိကုန်သည်လည်းကောင်း၊ ဟောန္တု၊ ဖြစ်စေကုန်သတည်း၊ သုခိတတ္တာ၊ ချမ်းသာသော ကိုယ်စိတ်ရှိကုန်သည်၊ ဘဝန္တု၊ ဖြစ်ပါစေကုန်သတည်း။

ဤမေတ္တသုတ်သာဒေသနာတစ်ဆယ့်ငါးပါးသည် ချမ်းသာမှုကိုရှေးရှုတော်မူကြသော ရသေ့ရဟန်းတို့ အတွက် ချမ်းသာကြောင်းလမ်းစဉ် ကျင့်ဝတ်ပဋိပတ်တို့ဖြစ်ပေသည်၊ထိုဒေသနာအတိုင်း လက်တွေ့ ကျင့်သုံးလျှင် လက်တွေ့ ချမ်းသာ ခံစားရမည်တည်း၊ ထို့ကြောင့် အကြင်သို့သော သုခရိပ်ငြိမ်ကို ရှာမှီးလေ့ရှိကြသော သမဏ-တာပသတို့သည် မေတ္တသုတ်ဒေသနာ ကျင့်ဝတ်များဖြင့် ချမ်းသာစွာနေကြပါလော့....။

ထို့ပြင်မိမိ၏တစ်ဘဝ စာကုန်ဆုံး၍ နောင်တမလွန်ဘဝသို့ ပြောင်းသွားရခါနီးလတ်သော် ပူပန်မှု သံသယကို မည်သို့ ဖျောက်မည်နည်း....။

အဖြေကား.... မိမိကိုယ်ကို သီလဖြင့် မစွပ်စွဲနိုင်ဟူ၍ ဖြစ်သတည်း၊ စင်စစ်မှာ မိမိကိုယ်ကို မိမိစိတ်က သီလဖြင့်မစွပ်စွဲလျှင် နောင်ဘဝအတွက် ပူပန်မှုမရှိနိုင်ချေ။ ကောင်းမြတ်ချမ်းမြေ့ရာဘဝသို့ ရောက်နိုင်တော့သည်သာဖြစ်၏။

ဤအကြောင်းနှင့်စပ်၍ မကျန်းမာသဖြင့် သောင်စောင်း၌ လျောင်းနေတော အရှင်ဝက္ကလိမထေရ်အား မြတ်စွာဘုရားရှင်က အနီးသို့ကြွသွား၍ ဤသို့မေးတော်မူလေ၏။

ကစ္စိ ပန တွံ ဝက္ကလိ အတ္တာ သီလတော နဥပဝဒတိတိ_.

အသို့ရှိသနည်း ချစ်သားဝက္ကလိ၊ မိမိသီလဖြင့် မိမိကိုယ်ကို ပြန်၍ မစွပ်စွဲဘဲ ရှိသည်မဟုတ်လော....။

စွပ်စွဲစရာ မရှိပါဘုရား ဟူ၍ ဖြေဆိုလေလျှင် ယင်းသို့ တပြီးကား ဘာမှ စိုးရိမ်ဖွယ်ရာ မရှိကြောင်းနှင့် မိန့်တော်မူလေ၏။

ဤစကားကိုထောက်သော် သူတစ်ပါးက စွပ်စွဲခြင်းသည် လိုရင်းမဟုတ်၊ မိမိကိုယ်ကို အပြစ်ဖြင့် မစွပ်စွဲလျှင် ဖြူစင်တော့သည်သာဖြစ်သည်။ ငါ၌ ဘာမှသံသယရှိဖွယ်မလိုဟု စိတ်သန့်ရှင်းလျှင် ရဟန်းပြုရကျိုးနပ်၍ ကောင်းသော လားရာသုဂတိ ရှိတော့သည်သာဖြစ်၏၊ ထို့ကြောင့် မိမိပြုသော အပြစ်သည်

မိမိသာအသိဆုံးဖြစ်၍ မိမိစိတ်ဖြင့် ဖြူစင် အောင် နေရာသတည်း။

ဤမျှသော စကားအစဉ်ဖြင့် ရဟန်းဘ၀ ချမ်းသာဟူသော သမဏသုခကျမ်းကို ပြီးဆုံး၍ နိဂုံးချုပ်ပါသတည်း။

ဤစာအုပ်ကို ရေးသားရသည်မှာ တစ်နေရာတည်း ထိုင်၍ ရေးသားခွင့် မရပါ၊ တောဖိတန်း အရပ်ရပ် ခရီးထွက်၍ ချင်းတောင်၊ ဖလမ်းမြို့ ၀ါဆိုရာကျောင်းသို့ ပြန်ရောက်သော အခါမှသာ ကြိုးကြားအချိန်တွင် ရေးရပါသည်၊ ထို့ကြောင့် စတင် ရေးသော အချိန်မှသည် သုံးနှစ်ကာလကျော်ကာမှ ပြီးဆုံးရပါသည်။

မူလကရည်မှန်းခဲ့သည်မှာ အဆုံးကဏ္ဍတွင် သုတ် သီလက္ခန်သာခ္ဍဖလသုတ်မှ လိုရင်းကိုထုတ်၍ မျက်မှောက်ထင်ထင်တွေ့မြင်ရသော ရဟန်းပြုရခြင်း၏ အကျိုးတရား အကြောင်းများ ဆက်လက်ရေးသားထည့်ရန် ရည်ရွယ်ခဲ့၏၊ ရေးရန် အချိန်မရခြင်းနှင့် ကျယ်အံ့စိုးခြင်းတို့ကြောင့် ချန်ခဲ့ပါသည်။

သို့ရာတွင် သမဏသုခ၏ နည်းလမ်းအဖုံဖုံကိုမူ အတော်စုံလင်ပြီဖြစ်၍ ချမ်းမြေ့ကြောင်းသာဓကတို့ဖြင့် မှီငြမ်းပြုနိုင်လောက်ပါပြီ။

မိမိ ရေးသော စာအုပ်တို့တွင် ဤစာအုပ်သည် ပထမ စာစောင်ဖြစ်သော်သည်း ရေးမပြီးသောကြောင့် ချင်းရာဇ၀ဓိ၊

တောင်တန်းဗုဒ္ဓဘာသာသဝိခန်းစာ စသည်တို့က အရဓိ ထုတ်ဝေနိုင်ခဲ့ရပေသည်။

ဤကျမ်းစာဖြင့် ကျေးဇူးရှင် ဖြစ်တော်မူကြသော ရှေ့ဘိုးခရိုင် ဒီပဲရင်းတောင်လက် တောင်ပိုသွေးသောက်ဂိုဏ်းမှ မြေနီကုန်းရွာ ငယ်ကင်းကူလက်လှည့်နှင့် ဥပဇ္ဈာယ်ဖြစ်တော်မူသည့် ဆရာတော်ဘုရားကြီး ဦးဝိလာသအားလည်းကောင်း၊ မုံရွာမြို့ ရွှေသိမ်ဘော်ကျောင်းတိုက် ဆရာတော်ဘုရားကြီး ဦးကုမာရနှင့် စာချဆရာတော်ကျေးဇူးရှင်တို့အား လည်းကောင်း၊ မုံရွာမြို့လယ်တီတိုက်ကြီးမှ ပထမကျော် ဦးကောဝိဒ အစရှိသော ကျေးဇူးရှင် ဆရာတော်တို့အား လည်းကောင်း၊ စစ်ကိုင်းတောင်ရိုး မဟာသနယချောင် အောင်ချမ်းသာကျောင်းတိုက်မှ ဆရာတော်ဘုရားကြီး ဦ ဉာဏိန္ဒ အားလည်းကောင်း မိမိသာမဏေဘဝ၊ ရဟန်းငယ်ဘဝတို့က ရှိခဲ့ဖူးသော ကျေးဇူးတို့ကို အထူးတင်ဆပ်ပါ၏။

ထို့ပြင် သဒ္ဒါ၊ ဝိနည်း၊ အဘိဓမ္မာ၊ ညဝါကျမ်းတို့မှ ၏ အခြေပြုကျမ်းဂန်များနှင့်တကွ ပိဋကတ်သုံးပုံ၊ နိကာယ် ငါးရပ်လုံးပါ အဆင့်ဆင့်အားဖြင့် သင်ကြား ပို့ချပေးတော်မူကြပေသော မန္တလေးမြို့ အနောက်ပြင်ချမ်းသာကြီးမြောက်တိုက် ဆရာတော် ဦးလက္ခဏနှင့် ဒုတိယဆရာတော်ဦးမာဃိန္ဒတို့အား လည်းကောင်း၊ ထို့ပြင် မိုးကောင်းတိုက်၊ ခင်မကန်တိုက်၊ စကုတိုက်၊ ဆင်တဲတိုက်တို့မှ စာချဆရာတော် ဘုရားကြီးတို့အား

လည်းကောင်း၊ ပခုက္ကူမြို့မဟာဝိသုဘာရာမတိုက်မှ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဦးပညာနှင့် ဆရာတော်အသီးသီးတို့အားလည်းကောင်း၊ ပဋ္ဌာန်း ည၀ါ ကျမ်းကြီးကို ကျေးဇူးပြုတော်မူပေးသော အမရပူရမြို့ တူမောင်းတိုက် ဆရာတော်ဘုရားကြီး ဦးနန္ဒိယ၊ မင်္ဂလာတိုက်သစ် တိုက်ဟောင်း ဆရာတော်တို့အားလည်းကောင်း၊ ဂျပန်ခေတ်ကာလ တစ်လျှောက်လုံးတွင် ဆုံးမဩဝါဒ နည်းနာကောင်းတို့ဖြင့် သွန်သင် ဆုံးမဩဝါဒပေး၍ ကျေးဇူးပြုပေဖူးသော ရန်ကုန်မြို့ ကမာရွတ် ဝိနည်းပါးကျမ်းပြုန် ဆရာတော် ဘုရားကြီး ဦးအာဒိစ္စအားလည်းကောင်း တင်ရှိဖူးသောဂုဏ်ကျေးဇူးတို့ကိုအထူးချေဆပ်ရန်မှာ ဤသည့်စာတမ်း၊ပုလဲပန်းဖြင့်၊ကာယဝစီ၊ မနောချီကာ သုံးလီခသော စေတနာပြဋ္ဌာန်း၍ ရှင်လန်းနှစ်သက်စွာ ပူဇော်ကန်တော့လိုက်ပါသတည်း။

ဣဒံမေပုညံ သဗ္ဗညုတဉာဏဿ ပစ္စယောဟောတု။

ဤကုသိုလ်အဖို့ဘာဂကို ၁၃၁၄ ခု၊ တပို့တွဲလအတွင်းက ဘဝတစ်ပါးသို့ ပြောင်းသွားလေပြီးသော ရွှေဘိုခရိုင် ဒီပဲရင်း တောင်လက် မြေနီကုန်းရွာမှ အသက်(၇၈)နှစ်ရှိ ကျေးဇူးရှင် (မယ်တော်ကြီး ဒေါ်သေးတာ)အား အမျှ ပေးဝေပါ၏၊ ၁၃၁၄ ခု၊ နတ်တော်လပြည့်ကျော်(၉)ရက် ဗုဒ္ဓဟူးနေ့ ညဉ့် ဂနာရီခွဲအချိန်တွင် ချင်းတောင် မြောက်ပိုင်း ဖလမ်းမြို့ တိုင်းမင်းကြီး ဦးသိမ်းမောင်၏ ကောင်းမှု ဖြစ်သော သာသနာပြု

အောင်ချမ်းသာ ကျောင်းတိုက်၌ ရေးသား၍ အောင်မြင်ပါသတည်း။ ကချင်တောင်တန်းနှင့် နာဂတောင်တန်းတို့မှအပြန် ၁၃၁၅ခု၊ ပထမဝါဆိုလဆုတ် (၁၄)ရက် သောကြာနေ့တွင် သုတ်သင်ပြင်ဆင်၍ ပြီးသတည်း။

ဆရာတော် အရှင်ဦးဥတ္တမသာရ
ခန္တီနိတောင်တောရ၊ ဖလမ်းမြို့၊ ချင်းတောင်။

*

# ချမ်းသာအောင်နေနည်း

ရသေ့, ရဟန်းတို့သည် ချမ်းသာအောင်နေတတ်သောကြောင့် ချမ်းသာကြ၏၊ များစွာသော လူတို့သည် ရဟန်းအဖြစ်၌ ချမ်းသာကြောင်း သိသော်လည်း လူအဖြစ်ကို မစွန့်လွှတ်နိုင်ကြကုန်၊ အကြောင်းကား တွယ်တာမှု သံယောဇဉ်တို့ကြောင့် ဖြစ်သတည်း။

အချို့သောလူတို့၏ ဖြစ်နေပုံကို ကြည့်ရလျှင် တလုံလဲလဲ သံပူမြေထဲ၌ ခံနေရသောသူတို့ကဲ့သို့ ပူမှုဘေးရန် ဥပါဒါန်နှောင်ကြိုး အမျိုးမျိုးသော ရန်စွယ်အန္တရာယ် ပတ်ချာဝိုင်းလျက် မလှုပ်သာမရှားသာအောင် ခံနေကြရရှာ၏၊ ချမ်းသာပျော်မွေ့ဖွယ်ကို တစ်ကွက်မျှ ကြည့်၍ မမြင်နိုင်ချေ။

ယင်းသို့သောသူတို့ကား ကာမဂုဏ်နယ်၌ ဝဋ်ဇာတ်ကြီးသောကြောင့်တည်း၊ ထိုသို့သော ဝဋ်ဇာတ်ကို နိက္ခမဇာတ်ဝင်စေ၍ ဖြစ်ရာ၏။ ။